

http://www.dhammadownload.com



ခန္တီပရမံ တပေါ တိတိက္ခာ
နိဗ္ဗာနံ ပရမံ ဝဒန္တိ ဗုဒ္ဓါ။
န ဟိ ပဗ္ဗဇိတော ပရူပဃာတီ
န သမဏော ဟောတိ ပရံ ဝိဟေဌယန္တော။

သည်းခံကျင့်သုံး၊ မြင့်ဆုံးသိက္ခာ
နိဗ္ဗာန်မြတ်ဆုံး၊ ထွင့်ဘုန်းဆိုရှာ
သတ်ဖြတ်ညှဉ်းဆဲ၊ ပြုရဲသူမှာ
တောကြိုမှန်း၊ ရဟန်းမဟုတ်ပါ။

အေးမြသာခေါင် သာရညတောင်



# အေးမြသာခေါင်
# သာရညတောင်

တောမှီရဟန်း
တည်းဖြတ်၍
လုံလရှင်
(တောင်စွန်း)နှင့်
မောင်ခိုင်
(သိပ္ပံ/ရှည်ဝမြ)
စီစဉ်ပူဇော်သည်

( ပန်းမျိုးတို )

http://www.dhammadownload.com

မဏိဇောတ၊ ပြည်တန်မြနှင့်
သိင်္ဂရွှေညှာ၊ ရတနာလည်း
အဝါလျှံလက်၊ ရောင်ခြည်ထွက်မှု
စုံမက်ဝှဲခြီး၊ အဖိုးကြီး၏။ ။

[ရှင်မဟာရဋ္ဌသာရ]

http://www.dhammadownload.com

စာမူခွင့်ပြုချက်အမှတ် - ၂၉ /၉၃ /၄
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၂၉ /၉၃ /၄

•

၁၉၉၃၊ မေလ၊ ဒုတိယအကြိမ်
အုပ်ရေ - ၂၀၀၀

•

တန်ဖိုး - ၅၀-ကျပ်

•

အဖုံးပန်းချီ - စံတိုး

•

စာအုပ်ချုပ် - ကေရီ

•


ကွန်ပျူတာစာစီ - ရွှေမင်းသမီး

•

အဖုံး/အတွင်း/ပုံနှိပ်/ထုတ်ဝေ

ဦးစိန်လေး (မြဝတီ) (၀၈၇၈)၊ ဆန်းထွန်းစာပေ၊ ဂုဏ်ရည်သစ္စာ (၁၄)လမ်း။ မြောက်ဥက္ကလာပ၊ ရန်ကုန်မြို့က ထုတ်ဝေ၍ ဒေါ်ရင်မြ (၀၄၀၉) တိုးပုံနှိပ်တိုက်၊ အမှတ် ၂၅၃၊ ဗိုလ်မြတ်ထွန်းလမ်း၊ ဗိုလ်တထောင် မြို့နယ်က အတွင်း စာသားနှင့် မျက်နှာဖုံးကို ဦးမောင်လှိုင်(မြ-၀၃၈၅၄)၊ လှိုင်အော့(ဖ်)ဆက်၊ အမှတ်(၈၈) အထက်ပုဇွန်တောင်လမ်း၊ ရန်ကုန်မြို့က ပုံနှိပ် ပါသည်။

http://www.dhammadownload.com



အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက

ကျေးဇူးရှင် သာမညတောင် ဆရာတော်ကြီး

ဘဒ္ဒန္တဝိနယ

http://www.dhammadownload.com

မဏိဇောတ စာစဉ်(၂၂)

# [illegible]

တောမိုးရဟန်း - တည်းဖြတ်၍
လုံ့လရှင်(တောင်စွန်း) နှင့် မောင်ဒီပ(သိပ္ပံ/ချည်မြေ)
စီစဉ်ပူဇော်သည်

[သာမညဆရာတော်ကြီး၏ ထေရုပ္ပတ္တိ အကျဉ်း၊ သာမညတောင် သမိုင်း၊ သာမညတောင်ခရီးလမ်းညွှန်ကအစ သာမညဆရာတော်ကြီး ချီးမြှင့်သော ကြီးပွားချမ်းသာနည်းများ၊ ဆရာတော်ကြီး အမြဲရွတ်ဖတ်လေ့ရှိသော ပရိတ်ဂါထာ ဘာဝနာများနှင့် စွမ်းအင်များ၊ ကိုယ်တွေ့ ကြုံသူများ ပြောပြသော ဆရာတော်ကြီး၏ ဝိသေသများ၊ ဆရာတော်ကြီး ကျင့်သုံးခဲ့သော သိဒ္ဓိပေါက်နည်း၊ ထူးအောင်လုပ်နည်း၊ လိုတရ ပြည့်စုံနည်း ကျင့်စဉ်များ စသည်ဖြင့် ဆရာတော်ကြီးနှင့် ပတ်သက်သော အချက်အလက်များကို ပြည့်ပြည့်စုံစုံ ဖော်ပြထားပါသည်။]

မဏိဇောတစာပေ

ဖြန့်ချိရေး
မဏိဇောတစာပေ
၄၂၊ ဝတ်ကျောင်းလမ်း၊ ရေကျော်၊ ရန်ကုန်မြို့။

http://www.dhammadownload.com

NO.

DATE 9-2-93

ဆရာတော်ဘုရား၊

ဆရာတော် အမိန့်ရှိခဲ့သည့် အတိုင်း၊

ဆရာတော်၏ မိန့်ကြား ဖြေဆိုခဲ့သော အကြောင်း

အရာများ၊ ဆရာတော်၏ လက်ရေး မူကြမ်းများ၊

ဆရာတော်ထံ ပို့လိုက်သော ဝါကျများနှင့်

ကျောက်ဆည်ရှိ [illegible] တို့ကို ရေးခဲ့၍၊ တပည့်

တော်များ၊ ရှာဖွေ စုဆောင်း၍ ရရှိသော အကြောင်းအရာ

များ ပါဝင်သော —

“ [illegible] ”

စာအုပ်ကို တပည့်တော် - [illegible] ( [illegible] )

နှင့် [illegible] ( [illegible] ) တို့

စီစဉ် ပုံနှိပ်ပါသည် ဘုရား —

၎င်း စာအုပ် [illegible] အတွက်

စီစဉ်သူ တပည့်တော်တို့အား [illegible]

မှ [illegible] ကျေးဇူးတင်ပါသည်

ဆရာတော် [illegible] ဘုရား — —

[illegible]

ဦး [illegible]

[illegible]

ဘဒ္ဒန္တဝိနယ

အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက

[illegible] ကျောင်း၊

[illegible] ရှမ်းပြည်နယ်။

http://www.dhammadownload.com

# မာတိကာ


နိဒါန်း

ဘွဲ့တံဆိပ်တော် · ၁

ထေရုပ္ပတ္တိအကျဉ်း ၂

**သာမညတောင်သမိုင်းအကျဉ်း** ၅

သာမညတောင်၏ ရှေးကအမည်၊ မုတ္တမ မိဖုရားကြီးနှင့် ပတ်သက်ပုံ၊ အဘိသိက်ခံ အောင်မြေဖြစ်ခဲ့ပုံ၊ သာမညတောင်ဟု အမည်တွင်လာခြင်း၏ စိတ်ဝင်စားဖွယ်ရာ အကြောင်းများ...။

**သာမညသို့ ခရီးလမ်းညွှန်** ၁၅

ရန်ကုန်ကို ဗဟိုပြုပြီး သာမညသို့ သွားနိုင်သည့် ခရီးစဉ်များ၊ သာမညတောင်သို့ သွားမည့်သူအတွက် ဆောင်ရန် ရှောင်ရန်များ၊ သာမညတောင်သွား လမ်းတစ်လျှောက်၌ တွေ့မြင်ရသည့် လှပသော ရှုခင်းမြင်ကွင်းများ၊ သာမညဆရာတော်ကြီးကို ဖူးတွေ့ချိန်၊ ဖူးရမည့်နေရာ၊ သာမညတောင် ဝန်းကျင်မှ လေ့လာစရာများ စသည်...။

http://www.dhammadownload.com



'သစ်တစ်ပင်ကောင်း ငှက်တစ်သောင်းနား' ဆိုသကဲ့သို့ ပုဂ္ဂိုလ်ထူး၊ ပုဂ္ဂိုလ်မြတ် တစ်ယောက်ကြောင့် လူအများ အကျိုးကြီးမား ချမ်းသာရပုံ ပိဋကလာ သာဓက၊

မနက် (၂)နာရီမှ စပြီး ဒကာ–ဒကာမများအတွက် သာမည ဆရာတော်ကြီး အလုပ်လုပ်ပုံက အစ တစ်နေ့တာ လုပ်ငန်းစဉ်များ၊ ဆရာတော်ကြီး မိန့်ကြားသော သိဒ္ဓိပေါက်အောင်လုပ်နည်း၊ သာမည တောင်ရောက်ရင် ချမ်းသာစေရမယ်–ဟု ဆရာတော်ကြီး မိန့်ကြား ချက်နှင့် ဆရာတော်ကြီးပေးသော ကြီးပွားချမ်းသာ နည်းကောင်းများ၊

သာမညတောင်ပေါ် ဆရာတော်ကြီး မရောက်မီ အုန်းသီးတွင် ထူးခြားစွာပေါ်နှင့်သော ဝ,တစ်လုံးအကြောင်း၊ 'ကရဏီယအောက်၊ ဝ,လေးထောက်၊ ပုဂံရှင်ကြီး ထီးနှင့်ဖျောက်' ဆိုသည့် သိုက်စာ၏ အပြေများ၊

ဆရာတော်ကြီး သက်သတ်လွတ် စားခဲ့သည့် နှစ်ပေါင်း အရေ အတွက်၊ ဆရာတော်ကြီး ကိုယ်တိုင် ကျင့်သုံးခဲ့သော ထူးအောင် လုပ်နည်း။

http://www.dhammadownload.com

**ပရိတ် ဂါထာ ဘာဝနာများ** ၆၇

ရန်သူမျိုးငါးပါး ဝန်းရံနေသော လောကီချမ်းသာများထက် သာလွန်သော ချမ်းသာကို ရစေသော ဂါထာ၊ ဆရာတော်ကြီး အမြဲ သရဇ္ဈာယ်လေ့ရှိသော သစ္စာပြု ဂါထာနှင့် သစ္စာတန်ခိုး အကျိုးသတ္တိများ၊ 'နတ်လိုမှ ကြိုဟ်မသည်' ဆိုသည့်အတိုင်း နတ်များ ချစ်ခင်သော ဂါထာ၊ ဘာဝနာလေးဆယ်ပွားနည်း စသည်...။

**သာမညဆရာတော်ကြီး၏ လိုတရပုတီးစိပ်နည်း** ၇၉

ဆရာတော်ကြီး၏ အချို့ ဓာတ်ပုံများတွင် ပါသော 'လော-သု၊ သု-လော-ဝိ' အစရှိသော ဘုရားကိုးဆူဂါထာတော်၏ အကျယ် အဓိပ္ပာယ် ရှင်းချက်များ၊ ရှေး မန္တန်ပုရပိုက်များတွင် တခမ်းတနား ဖော်ပြခဲ့သော ဤဂါထာ၏ ဇစ်မြစ်၊

'သိဒ္ဓိပြီးလိုသူ' တို့ဒ. ဂက် ဂါထာ အသုံးပြုပုံ၊ ဤဂါထာတွင် ပါဝင်သော ဘုရားဂုဏ်တော်ကိုးပါးကို အရေးကြုံလျှင် သူ့နေရာနှင့်သူ အသုံးချပုံ ချနည်းများ၊

လူမှုရေး၊ စီးပွားရေး စသည်တို့၌ မနာလိုမှု၊ ဖက်ပြိုင်မှု၊ မကောင်းကြံမှု စသည်တို့နှင့် 'သိဒ္ဓိပေါက်သည်အထိ' အောင်မြင်စေ

http://www.dhammadownload.com

နိုင်သော ဂါထာနှင့် ဆရာတော်ကြီး အမြဲရွတ်ဆို မေတ္တာပို့လေ့ရှိသော ဂါထာ...။



ရာထူးတက်ချင် ပြောင်းချင်သူ၊ စီးပွားဥစ္စာ အဆင်ပြေလိုသူ၊ ငွေကြေးခန ပြည့်စုံလိုသူ၊ အန္တရာယ်မျိုးစုံကိုကာကွယ်လိုသူ၊ ကျန်းမာရေး ကောင်းလိုသူတို့နှင့် ဆရာတော်ကြီးအကြောင်း၊

'သိဒ္ဓိပေါက်နေပြီ၊ ထွက်ရပ်ပေါက်ဖြစ်နေပြီ' ဆိုတာနှင့် ပတ်သက်၍ ဆရာတော် ကြီး၏ မိန့်ကြားချက်၊

ဆရာတော်ကြီးပေးသော ကြီးပွားချမ်းသာနည်း၊ သတင်းအကြားနှင့် ဆရာတော်ကို ဖူးတွေ့ရလိုကြောင်း အဓိဋ္ဌာန်ပြုခဲ့သူ၏ အိပ်မက်ထဲနှင့် အပြင်မှာဖူးရပုံတို့၏ တိုက်ဆိုင် လွန်းသော ထူးခြားမှုများ၊

အကျဉ်းအကြပ် အခက်အခဲများတွေ့၍ 'ဆရာတော်ကို အဓိဋ္ဌာန်လိုက်ရာမှ ပြေလည်သွားပုံများ၊ ခရီးကြွလေ့မရှိသည့် ဆရာတော်ကြီး၏ ရန်ကုန်စီးပွားရေးတက္ကသိုလ် ခပေါင်းဆောင်သို့ ကြွခဲ့သည့် ခရီးစဉ်ဆန်း၊

မိုးကုတ် ရတနာမြေမှ ကျောက်တွင်းသမားများ ပြောပြသော ဆရာတော်ကြီး၏ ဝိသေသများ၊ အိမ်အရောင်းအဝယ်၊ ကုန်အရောင်း

http://www.dhammadownload.com

အဝယ်သမားများ ပြောပြသော ဆရာတော်ကြီး၏ ထူးခြားမှုများ၊ ၁၅-ရက်အတွင်း ဆန်တင်းပေါင်း (၃၅၀)ကျော် ကျွေးနိုင်သည် အထိ ဣဋ္ဌာသယ ဂမ္ဘီရ ဆန်အိုးကြီးများဟု ခေါ်နေကြသည့် အမြဲ ပြည့်နေသော ဆန်အိုးကြီးများ၏ ဇစ်မြစ် စသည်...။

**လက္ခဏာပုံရဲ့ဝိသေသများ** ၁၃၇

အချို့ ဓာတ်ပုံများတွင် ပူးတွဲပါရှိသော ဆရာတော်ကြီး၏ လက္ခဏာပုံနှင့် ကိုယ်တွေ့ကြုံသူ၏ အဖြစ်အပျက်များ...။

**သာမညတောင်မော်ကွန်းကျောက်စာ** ၁၄၀

သာမညဆရာတော်ကြီး သာမညတောင်သို့ ရောက်စက ယခုနှင့် မတူသော အခြေအနေများ၊ သာမညဆရာတော်ကြီး၏ ထေရုပ္ပတ္တိ အကျဉ်း....။

**ထူးမြတ်သာခေါင် သာမညတောင် တေးသီချင်းများ** ၁၄၆

သာမညတောင်သမိုင်း၊ သာမညတောင် ဆရာတော်ကြီး၏

http://www.dhammadownload.com

ထေရုပ္ပတ္တိနှင့် ဆရာတော်ကြီး၏ ကြည်ညိုဖွယ်ဂုဏ်ရည်များ၊ သာသနာပြုပုံများ၊ ဆရာတော်ကြီး ကိုယ်တိုင်ရေး သံဝေဂတေးထပ်များ . . .။

## ကြိုဆိုလျက်ပါ ၁၅၈

ဘားအံမြို့၏ သမိုင်းအကျဉ်း၊ ဘားအံမြို့၏ အသက်ဝင်သော အလှများနှင့်လေ့လာစရာများ၊ တောင်ကလေးတောင်နှင့်တောင်ကလေး ဆရာတော်လေးတို့၏ ထူးခြားမှုများ အညွှန်း၊ ဘားအံ ဝန်းကျင်မှ လေ့လာစရာဂူများနှင့်ရှေးဟောင်းရုပ်ထု၊ ယဉ်ကျေးမှုအမွေအနှစ်များ . .။

## အခွင့်ထူး–ဆွတ်ခူးနိုင်ပါစေ ၁၆၆

'ငါးရပ်ကယ်စုံညီ၊ ဒုလ္လဘိငယ်၊ ကြုံမှီခုခေတ်'ဟု ကျေးဇူးရှင် လယ်တီ ဆရာတော်ဘုရားကြီး မိန့်ဆိုခဲ့သော ခေတ်ထူး၊ အခါထူး၊ အခွင့်ထူးကြီးကို လက်မလွှတ်အောင် အားထုတ်ရန်နည်းလမ်းများ . . .။

★ ★ ★

http://www.dhammadownload.com

# ကျေးဇူးနိဒါန်း

သတင်းစာတွေထဲမှာ နေ့စဉ်လိုလို ပါနေတဲ့-ဘုရားဖူးယာဉ်မျိုးစုံတို့ရဲ့ ကြော်ငြာ၊ ရောက်ဖူးသူတွေရဲ့ တစ်ဆင့်သတင်း တွေကြောင့် သာမညတောင်နဲ့ သာမညဆရာတော် အကြောင်းကို တော်တော်များများ စိတ်ဝင်စားနေကြတာကို တွေ့ရပါတယ်။ စာရေးသူက မွန်ပြည်နယ် တောင်စွန်းမှာ နေခဲ့ဖူးတော့ သိလိုသူတွေရဲ့ မေးမြန်းမှုကို မကြာမကြာ ကြုံတွေ့ရလေ့ ရှိပါတယ်။ ဒီတော့မှ--သာမညတောင်အကြောင်း စာအုပ်တစ်အုပ် ပြုစုဖို့ လိုအပ်နေပြီဆိုတာ သတိထားလိုက်မိပါတယ်။

မှန်ပါတယ်။ သာမညတောင်နဲ့ ပတ်သက်လို့ သီချင်းတိတ်ခွေ၊ ဗွီဒီယိုခွေတို့ကအစ ဆရာတော်ကြီးရဲ့ ဟောတရားတိတ်ခွေ၊ဆရာတော်ကြီးဓာတ်ပုံ အမျိုးမျိုးစတာတွေရှိနေပြီး ဖြစ်ပါတယ်။စာအုပ်တစ်မျိုးတည်းသာ လိုအပ်လျက် ရှိနေပါတယ်။

ဒီလိုအပ်ချက်ကို စာရေးသူထက် ဦးစွာ သတိပြုမိသူကတော့ စာရေးသူရဲ့ တပည့်ဖြစ်သူ မောင်ဒီပပါ။ သူက စာရေးသူကို ဒီလိုအပ်ချက် ဖြည့်ဆည်းပေးဖို့ တိုက်တွန်း အကြံပြုပါတယ်။ တကယ်လို့ စာရေးသူ မလုပ်နိုင်ရင် တောင်ကလေးဦးဇင်း (ဦးပညာသာမိ-တောမို့ရဟန်း)လုပ်ဖို့ကောင်းတယ်ဆိုတဲ့အထိ အကြံပြုပါတယ်။

http://www.dhammadownload.com



သူပြောသလို တောမှိုရဟန်းလုပ်ရင် ဖြစ်နိုင်သလို ပိုလည်း သင့်တော်တာကြောင့် စာရေးသူက တောမှိုရဟန်းကို ထပ်ဆင့် အဘိယာစကက ပြုတော့ တောမှိုရဟန်းက "ဆရာတော်ကြီးကို ပူဇော် လိုကြောင်း၊ ဒါပေမယ့် အလုပ်ကိစ္စများနဲ့ ညှိသည်များကြောင့် ပြီးနိုင်မည် မထင်ကြောင်း၊ စိစစ်တည်းဖြတ်တာလောက် ကူညီနိုင်မည် ဖြစ်ကြောင်း"မိန့်ပြီး စာရေးသူနဲ့ မောင်ဒီပ နှစ်ယောက်ပေါင်းလုပ်ရင် ဖြစ်နိုင်မည်ထင်ကြောင်းပါ အကြံပြန်ပြုလိုက်ပါသေးတယ်။

တောမှိုရဟန်း အကြံပြုချက်အတိုင်း ဆရာတပည့် နှစ်ယောက် တိုင်ပင်ပြီး လုပ်ရတော့ မထူးပါဘူး ဒုံရင်း ဒုံရင်းပြန်ကျတာပါပဲ။ အမှန်တကယ်တော့--အဲဒီအချိန်မှာ မောင်ဒီပက တော်တော် စုဆောင်း ပြီး ဖြစ်နေပါပြီ။ ၈၀ ရာခိုင်နှုန်းလောက် ရေးပြီးဖြစ်နေပါပြီ။အနည်း ငယ်ပဲ ပိုဖျက်လိုစွက် လုပ်ရတော့တယ်။ အဲသလောက်ပဲ စာရေးသူ တာဝန် ရှိတော့အတော်ကို စိတ်သက်သာရာ ရသွားတာတော့အမှန်ပါ။

ဒါပေမယ့် ကျန်သေးတယ်။ မပြီးသေးဘူး။ ဒီစာအုပ်အတွက် အခြားလိုအပ်မည်ထင်တဲ့ အချက်အလက်တွေကို မေးမြန်း လျှောက် ထားဖို့ရှိသေးတယ်။ အဲဒီအချိန်မှာ--တောင်စွန်းက ရွှေဒဂါး ဒေါ်ကျင် ထွေးတို့ကို စာရေးသူ သတိရလိုက်မိတယ်။

**သာမညဆရာတော်ရဲ့ ဒုတိယ မိဘနဲ့ မိသားစု**

ရွှေဒဂါး ဒေါ်ကျင်ထွေးဆိုတာ ဆရာတော်ရဲ့ ဒုတိယ မိဘများ ဖြစ်တဲ့ မွန်ပြည်နယ် တောင်စွန်းက ဦးမောင် + ဒေါ်စိမ်းခင်တို့ရဲ့ သမီး ဖြစ်ပါတယ်။ ဆရာတော်ကြီးက သူ့ရဲ့ မိခင်ကြီး ဒေါ်စိမ်းခင်ဟာ ဒီဘဝမှာ ပဝတ္တိ မိခင်ဖြစ်လို့ ဒုတိယမိခင်လို့ ဆိုတာ မဟုတ်ဘူး၊

http://www.dhammadownload.com



သူရဟာန်းဘဝ သုံးဘဝ ကြုံခဲ့ရာမှာ အရင်တစ်ဘဝကလည်း မိခင် တော်ခဲ့သလို ဒီဘဝမှာပါ နှစ်ဘဝမြောက်မိခင် တော်ခဲ့တယ်။ဒုတိယ အကြိမ်မြောက် မိခင်ထပ်တော်ရလို့ ဒုတိယမိခင်လို့ ခေါ်ဆိုတယ် ဆိုတဲ့အကြောင်း လူဝင်စားသဘောမျိုး အမိန့်ရှိဖူးတယ်လို့ ပြောစမှတ် ရှိပါတယ်။

ဆရာတော်ဟာ---မိခင်ကြီး ဒေါ်စိမ့်းခင်ကို မိခင်အရင်းလို သံယောဇဉ်ရှိသလို ဒေါ်စိမ်းခင်ရဲ့ သားသမီးများ ဖြစ်ကြတဲ့ ဦးကြင်ဝမ်း၊ ဒေါ်ကျင်ထွေးနဲ့ ဦးဝမ်ကြည်တို့ကိုလည်း ညီရင်း ညီမရင်းများအဖြစ် သဘောထားပြီး ယခုတိုင် ဆုံးမ စောင့်ရှောက်လျက် ရှိပါတယ်။ ဒီအထဲမှာ ဒေါ်ကျင်ထွေးက တစ်ဦးတည်းသော ညီမငယ် ဖြစ်တဲ့ အတွက် ပိုပြီး မေတ္တာ၊ ကရုဏာ ထားခံရတဲ့ သဘော ရှိပါတယ်။

ဒီစာအုပ်ကိစ္စ အကျိုးအကြောင်းကို ဒေါ်ကျင်ထွေးကို ပြောပြ တော့ အတော်ကို ဝမ်းသာသွားတယ်။ ဒီကိစ္စ လုပ်ချင်နေတာကြာပြီ၊ ဘယ်သူနဲ့ လုပ်ရမှန်း မသိလို့၊ အခုတော့ မှတ်ဆိတ်ပျားစွဲအတော်ပဲ ဆိုပြီး ဆရာတော်ကြီးဆီသွားဖို့ လိုအပ်တာတွေ လျှောက်ထားဖို့ အစစ အရာရာ ကူညီဆောင်ရွက်ပေးပါတယ်။

စာရေးသူနဲ့ တပည့်ဖြစ်သူ မောင်ဇော်လွင်(ဘယာဆေး)၊ဒေါ်ကျင် ထွေးရဲ့ သမီးကြီး ဌေးဌေးလွင်နဲ့ အဖော် ငါးဦးတို့ဟာ ၁၆၊ ၁၂၊၉၂ ရက်နေ့မှာ တောင်စွန်းက ထွက်ခဲ့ကြပါတယ်။ ဘားအံရောက်တော့ တောင်စွန်းက ဆရာတော်ကြီး ရဲ့ တူမတွေ ရောက်များ လာမလား ဆိုပြီး အထင်နဲ့ လာကြိုတဲ့ ဆရာတော်ကြီးရဲ့ကားကို တွေ့လိုက်တော့ အားလုံး အံ့သြဝမ်းသာ ဖြစ်ကြရသလို သာမညတောင်ကိုလည်း သက်တောင့်သက်သာ အဆင်ပြေချောမွေ့စွာ ရောက်ခဲ့ကြ ပါတယ်။

http://www.dhammadownload.com



ကိုယ့်ကားနဲ့ကိုယ် ဆိုတော့ တောင်ကလေး ဦးပညာသာမိ (တောမိုရဟန်း)ဆီကိုတောင် ဝင်လိုက်ကြသေးတယ်။ အဲဒီမှာ စာရေးရင်း အနားယူနေတဲ့ စာရေးဆရာကြီး ဆရာမဲနှင့် စကားစမြည်ပြော၊ စာအုပ်အတွက် လိုအပ်တဲ့ အကြံဉာဏ်များ ယူပြီး ခရီးဆက်ခဲ့ကာ ညနေ (၄)နာရီလောက်မှာ သာမညတောင်ကို ရောက်ပါတယ်။

စာရေးသူတို့ သာမညတောင်ရောက်တော့ ဆရာတော်ကြီး တရားဟောပြီးစမို့ အနားယူရန် လုပ်နေဆဲ ဖြစ်ပါတယ်။ ဒါပေမယ့် တောင်စွန်းက ဒွေးဒွေးလွင်တို့ ဆိုတာ သိတာနဲ့ ချက်ချင်း ဖူးတွေ့ခွင့် ပေးပါတယ်။

ညီမဖြစ်သူ ဒေါ်ကျင်ထွေး ဆက်ကပ်လိုက်တဲ့ စာအုပ်ကိစ္စ အကျိုးအကြောင်း စာကို ဖတ်ကြည့်ပြီး **'ကောင်းပါတယ်၊ ရေးပေါ့'**လို့ ဆရာတော်က ခွင့်ပြုပါတယ်။ လိုချင်တဲ့ အချက်များရှိရင် ပြောပေါ့လို့ အခွင့်ပေး အမိန့်ရှိတဲ့အတွက် သိလိုရာများကိုလည်း အေးအေးဆေးဆေး လျှောက်ထားခွင့်၊ မှတ်သားခွင့် ရလိုက်တာဟာ အလွန်ကံကောင်း ထောက်မလွန်းလို့ပါ။

နောက်နေ့ နေ့လယ် တစ်နာရီလောက်မှာ ဆရာတော်ကြီးက စာရေးသူကို ခေါ်ခိုင်းလို့ ဒွေးဒွေးလွင် လာခေါ်ပါတယ်။ ဆရာတော်ကြီးဆီ ရောက်တော့ "ဘယ်တော့လောက် စာအုပ်ပြီးမလဲ၊ အမြန်ဆုံး ပြီးအောင် လုပ်ပါ"လို့ အမိန့်ရှိပြီး တိတ်ခွေ (၅)ခွေ၊ ဗွီဒီယိုခွေ တစ်ခွေတို့ကို ချီးမြှင့်ပါတယ်။ လိုအပ်တဲ့ အချက်အလက်များယူနိုင်ကြောင်းနဲ့ ကျောက်စာမှာလည်း ရှိကြောင်း မိန့်ပါတယ်။

ဆရာတော်ကြီးရဲ့ ကျေနပ်စွာ ခွင့်ပြုချက်ရတာနဲ့ အမှု စာအုပ်ကို အမြန်ဆုံး ပြီးစေလိုတဲ့ ဆရာတော်ကြီးရဲ့ ဆန္ဒကို ဖြည့်နိုင်ဖို့ရာဟာ

http://www.dhammadownload.com

သာမညတောင်

အလွန် ကြီးမားတဲ့ တာဝန်ကြီးတစ်ရပ်ပါ။ ဒါပေမယ့် တပည့်ဖြစ်သူ မောင်ဒီပနဲ့ ညှိနှိုင်းတိုင်ပင်ပြီး အမြန်ဆုံးဖြစ်အောင် ကြိုးစားခဲ့တဲ့ အတွက် အချိန်တိုတို အတွင်းမှာ ခုလို ထွက်ပေါ်လာနိုင်ခြင်း ဖြစ်ပါတယ်။

ဒါကြောင့် ဒီစာအုပ်အတွက် ကျေးဇူးစကားဆိုရမယ် ဆိုရင် တပည့်ဖြစ်သူ မောင်ဒီပရယ် ခွင့်ပြုချက်ရဖို့နဲ့ လိုအပ်တဲ့ အချက်အလက်များ လျှောက်ထားခွင့် ရအောင် ကူညီဆောင်ရွက်ပေးတဲ့ ရွှေဒဂုံး ဒေါ်ကျင်ထွေး၊ သမီးဖြစ်သူ မဌေးဌေးလွင်တို့ရယ် ဦးစွာ ဆိုရမှာ ဖြစ်ပါတယ်။ သူတို့ရဲ့ အထွေထွေ ကူညီဆောင်ရွက်ပေးမှုများကြောင့် ဒီစာအုပ်ကိစ္စ ပြီးမြောက်အောင်မြင်တာပါ။

နောက်ထပ် ကျေးဇူးစကား ဆိုရမယ့် သူတွေ ရှိပါသေးတယ်။ စိစစ်တည်းဖြတ်ပေးတဲ့ တောင်ကလေး ဦးပညာသာမိ(တောမိုရဟန်း) ကို ကျေးဇူး အထူးတင်ပါတယ်။

ထို့အတူ လိုအပ်သော အကူအညီနဲ့ အကြံဉာဏ်များ ပေးကြတဲ့ စာရေးဆရာ ကျော်နန္ဒအောင်၊ ကိုသန်းအုန်း၊ ကိုရဲထွန်းသိန်း(တိုး) အစရှိသော မဏိဇောတစာပေမိသားစု၊ လိုအပ်သော ဓာတ်ပုံများ ရိုက်ပေးသော ကိုလှိုင်မြင့် (ရွှေကြေးစည်)၊ အခြားလိုအပ်တာများကို ကူညီခဲ့ကြသူများ အားလုံးတို့ကိုလည်း အထူး ကျေးဇူးတင်ရှိကြောင်း ဖော်ပြအပ်ပါတယ်။

လုံ့လရှင်(တောင်စွန်း)

၂၁၊ ဒီဇင်ဘာလ၊ ၁၉၉၂

http://www.dhammadownload.com

သာမညဆရာတော်ကြီး၏ ရဟန်း(၇)ဝါ အရွယ်တော်ပုံ



http://www.dhammadownload.com



အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက

ဘွဲ့ တံဆိပ်တော်နှင့်

[illegible] ဆရာတော်

http://www.dhammadownload.com



သာမညတောင်ဆရာတော်နှင့် အလံ့တစ်ရာဆရာတော်

http://www.dhammadownload.com



သာသနာ့ရိပ်သာသို့ အဝင်မုခ်ဦး

http://www.dhammadownload.com

မြန်မာသက္ကရာဇ် ၁၂၇၄ ခုနှစ် ... ဝါခေါင် ... ... (...)ရက်

ခရစ်သက္ကရာဇ် ၁၉၁၂ ခုနှစ် ... ဩဂုတ် ... လ(၁၈)ရက် ... နေ့

မွေးချိန် ... မိုးသောက်ချိန် ၀၇ နာရီ ၀ မိနစ် ... ကျော်တွင်

ဂြိုဟ် ... ဆောင်ကျိုးတွင် ... နာရီ ... မိနစ် ... နှင့်

ပြဿဒ် လဂ်ကျိုးတွင် ... နာရီ ... မိနစ် ...

... မြို့တာဘာရှင်သတို့ ... ကို

မှာတာမိခင်ဖွားသန့်စင်သည့်အသက်(၁၂၀)ရှည်စေသော

| တုလဒသာ | | | |
|---|---|---|---|
| ၁၉၁၂ | ၆ | ၁၉ | [illegible] |
| ၃ | ၂ | ၂၉ | |
| ၁၉၁၅ | ၁၀ | ၁၉ | [illegible] |
| ၅ | | | |
| ၁၉၂၁ | ၁၀ | ၁၉ | [illegible] |
| ၁၀ | | | |
| ၁၉၃၁ | ၁၀ | ၁၉ | ☉ |
| ၆ | | | |
| ၁၉၃၇ | ၁၀ | ၁၉ | [illegible] |
| ၁၀ | | | |
| ၁၉၄၇ | ၁၀ | ၁၉ | [illegible] |
| ၈ | | | |
| ၁၉၅၅ | ၁၀ | ၁၉ | [illegible] |
| ၁၈ | | | |
| ၁၉၇၃ | ၁၀ | ၁၉ | [illegible] |
| ၁၆ | | | |
| ၁၉၈၉ | ၁၀ | ၁၉ | |
| | | | |
| | | | |
| | | | |
| | | | |

| တုလ-အန္တရဒသာ | | | |
|---|---|---|---|
| ၁၉၁၃ | ၁၀ | ၁၉ | [illegible] |
| ၂ | ၁ | ၁၉ | |
| ၁၉၁၅ | ၁၁ | ၂ | [illegible] |
| ၁ | ၆ | ၂၁ | |
| ၁၉၁၆ | ၆ | ၁၉ | [illegible] |
| ၂ | ၃ | ၆ | |
| ၁၉၁၈ | ၉ | ၂၀ | [illegible] |
| | ၁၁ | ၆ | |
| ၁၉၂၁ | ၈ | ၂၆ | [illegible] |
| ၂ | ၈ | ၀ | |
| ၁၉၂၄ | ၄ | ၂၆ | [illegible] |
| | ၆ | ၁၈ | |
| ၁၉၂၆ | ၂ | ၁၄ | [illegible] |
| ၂ | ၅ | ၀ | |
| ၁၉၂၈ | ၆ | ၁၄ | [illegible] |
| | ၃ | ၆ | |
| ၁၉၃၀ | ၅ | ၂၀ | [illegible] |
| ၂ | ၄ | ၂၄ | |
| ၁၉၃၄ | ၁၀ | ၁၄ | |

| အန္တရ-ပြိုဟ်အန္တရဒသာ | | | |
|---|---|---|---|
| ၁၉၁၃ | ၄ | ၁၉ | [illegible] |
| | ၁ | ၂၄ | |
| ၁၉၁၃ | ၁၀ | ၉ | [illegible] |
| | ၁ | ၁၈ | |
| ၁၉၁၈ | ၁၁ | ၂၇ | [illegible] |
| | ၄ | ၁၉ | |
| ၁၉၁၉ | ၄ | ၁၆ | ☉ |
| | ၁ | ၁၁ | |
| ၁၉၁၉ | ၅ | ၂၇ | ☽ |
| | ၂ | ၈ | |
| ၁၉၁၉ | ၈ | ၅ | [illegible] |
| | ၁ | ၁၈ | |
| ၁၉၁၉ | ၉ | ၂၃ | [illegible] |
| | ၄ | ၂ | |
| ၁၉၂၀ | ၁ | ၂၅ | [illegible] |
| | ၂ | ၁၉ | |
| ၁၉၂၀ | ၃ | ၁၄ | [illegible] |
| | ၄ | ၉ | |
| ၁၉၂၀ | ၈ | ၁၉ | |

ပြုသူ ———— စိစစ်သူ ————

http://www.dhammadownload.com







ရာသီစက်  ဘာဝစက်  နဝင်းစက်

| ☉ | ☽ | ♂ | ☿ | ♃ (R) | ♀ | ♄ | ☊ | ☋ (R) | ♅ | ♆ | ♇ | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 2 | 3 | 3 | 2 | 7 | 2 | 1 | 11 | 5 | 9 | 2 | 1 | 1 | 0 |
| 4 | 27 | 20 | 6 | 15 | 0 | 5 | 25 | 25 | 10 | 19 | 5 | 24 | 49 |
| 49 | 25 | 22 | 42 | 43 | 7 | 26 | 35 | 35 | 14 | 59 | 56 | 45 | 53 |

| ဂြိုဟ်စုံ | ဂြိုဟ်ပေါင်း | ဂြိုဟ်နှစ်ခု |
|---|---|---|
| 8 | 10 | 21 |
| 3 | 0 | 2 |
| 3 | 10 | 2 |

| 1 | 2 | 3 | 4 | 5 | 6 | 7 | 8 | 9 | 10 | 11 | 12 |
|---|---|---|---|---|---|---|---|---|---|---|---|
| တနုဘာဝ | ဓနဘာဝ | သဟဇဘာဝ | ဗန္ဓုဘာဝ | ပုတ္တဘာဝ | အရိဘာဝ | ဇာယာဘာဝ | မရဏဘာဝ | သုဘဘာဝ | ကမ္မဘာဝ | လာဘဘာဝ | ဗျယဘာဝ |
| 2 | 3 | 4 | 5 | 4 | 7 | 8 | 9 | 10 | 11 | 0 | 1 |
| 27 | 13 | 11 | 10 | 11 | 13 | 17 | 13 | 11 | 10 | 21 | 25 |
| 44 | 20 | 55 | 31 | 55 | 40 | 45 | 40 | 55 | 31 | 55 | 40 |

| | | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| [illegible] | [illegible] | 5 | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | 11 | [illegible] | 1 | 2 |
| [illegible] | [illegible] | [illegible] | 6 | [illegible] | [illegible] | [illegible] | [illegible] | [illegible] | 6 | [illegible] | [illegible] | [illegible] |
| [illegible] | [illegible] | 35 | [illegible] | 13 | [illegible] | [illegible] | [illegible] | [illegible] | 13 | 13 | [illegible] | [illegible] |

အယနံသာ 11-22-? ................ ရေးသူ ........................

http://www.dhammadownload.com




တောင်ခြေမှ တောင်ပေါ်သို့

ဧည့်သည်များ နားနေဆောင် အောင်မင်္ဂလာတိုက်ကျောင်း



http://www.dhammadownload.com






ဧည့်ပရိသတ်များ

http://www.dhammadownload.com



အလှူခံဌာနတွင် လှူဒါန်းနေသူများ

သက်သတ်လွတ် ဟင်းသီးဟင်းရွက်များ



http://www.dhammadownload.com

# ဘွဲ့တံဆိပ်တော်

၁၃၅၃ (၁၉၉၁-၉၂)ခုနှစ်၊ ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့က အသစ်တီထွင် ပြဋ္ဌာန်းဆက်ကပ်လှူဒါန်းသော သာသနာပြု ဘွဲ့တံဆိပ်တော်နှင့် ကမ္မဋ္ဌာန်းနည်းပြဘွဲ့၊ သာသနာနုဂ္ဂဟ ဘွဲ့တံဆိပ်ရ ဆရာတော်များနှင့် လူပုဂ္ဂိုလ်တို့၏ ထေရုပ္ပတ္တိနှင့် အတ္ထုပ္ပတ္တိ စာအုပ်နိဒါန်းတွင်--

"နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ (တပ်မတော်) အစိုးရလက်ထက်တွင် ဘက်စုံ ဖွံ့ဖြိုးရေး လုပ်ငန်းများကို စွမ်းစွမ်း တမံ ကြိုးစားဆောင်ရွက်လျက်ရှိရာ သာသနာရေးဘက်တွင်လည်း ဘုရားတန်ဆောင်း၊ ကျောင်းကန်စရပ် အစရှိသော တည်ဆောက် ပြုပြင်မွမ်းမံရေး လုပ်ငန်းများကို ဆောင်ရွက်ခဲ့သည့်အပြင် ယခင်က ဆက်ကပ်လှူဒါန်းမြဲ ဖြစ်သော "အဘိဓဇ မဟာရဋ္ဌဂုရု"နှင့် "အဂ္ဂမဟာ ပဏ္ဍိတ" ဘွဲ့တံဆိပ်တော်တို့ကိုလည်း နှစ်စဉ်မပြတ် ဆက်ကပ်လှူဒါန်း ခဲ့ပါသည်။

"ဤမျှဖြင့် အားရတင်းတိမ်ခြင်းမရှိဘဲ ဗုဒ္ဓသာသနာတော်မြတ် ကြီး ဆထက်တိုး၍ ထွန်းကား ပြန့်ပွားစေရန် ရည်သန်လျက် ၁၃၅၃-ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁-ရက် (၂၄-၁၀-၉၁)

http://www.dhammadownload.com



နေ့တွင် အမိန့်ကြော်ငြာစာအမှတ် (၄၂/၉၁)ဖြင့်--

(က) စာချဆရာတော် ဘွဲ့တံဆိပ် (၃)မျိုး။

(ခ) ကမ္မဋ္ဌာန်းနည်းပြဘွဲ့တံဆိပ် (၃)မျိုး။

(ဂ) ဓမ္မကထိက ဘွဲ့တံဆိပ် (၂)မျိုး။

(ဃ) သာသနာပြု ဘွဲ့တံဆိပ် (၄)မျိုး။

(င) အမျိုးသား သာသနာနုဂ္ဂဟ ဘွဲ့တံဆိပ် (၄)မျိုး။

(စ) အမျိုးသမီး သာသနာနုဂ္ဂဟ ဘွဲ့တံဆိပ် (၄)မျိုး။

စုစုပေါင်း ဘွဲ့တံဆိပ် အမျိုးအစား (၂၀)တို့ကို အသစ်တီထွင် ပြဋ္ဌာန်းခဲ့ပါသည်"ဟု ဖော်ပြ၍--

"ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်း ချီးမြှင့်သည့် အခမ်းအနားကို သာသနာနှစ် ၂၅၃၅၊ ကောဇာသက္ကရာဇ် ၁၃၅၃-ခုနှစ်၊ တပေါင်းလပြည့် (၁၈-၃-၉၂)နေ့နှင့်တပေါင်းလပြည့်ကျော် ၁ရက် (၁၉-၃-၉၂)နေ့တွင် ကမ္ဘာအေးကုန်းမြေ မဟာပါသာဏလိုဏ်ဂူတော်ကြီးနှင့် ဝိဇယမင်္ဂလာဓမ္မသဘင် အဆောက်အအုံကြီးတို့၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသည်"ဟု ပါရှိရာ ထိုအခမ်းအနား၌ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဘွဲ့တံဆိပ်ကို အလှူခံရရှိကော်မူသည့် ဆရာတော်ကြီး ၁၂-ပါးအနက် သာမညဆရာတော် တစ်ပါး အပါအဝင် ဖြစ်လေသည်။

## ထေရုပ္ပတ္တိအကျဉ်း

သာသနာရေးဦးစီးဌာန ပုံနှိပ်တိုက်၌ ရိုက်နှိပ်သော သာသနာပြု ဘွဲ့တံဆိပ်တော်နှင့် ကမ္မဋ္ဌာန်းနည်းပြဘွဲ့၊ သာသနာနုဂ္ဂဟ ဘွဲ့တံဆိပ်ရ

http://www.dhammadownload.com



ထေရုပ္ပတ္တိနှင့် အတ္တုပ္ပတ္တိ စာအုပ်ကြီးတွင် ပါရှိသော သာမညဆရာတော်၏ ထေရုပ္ပတ္တိမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

၁။ **ဘွဲ့တော်** - ဘဒ္ဒန္တ ဝိနယ။

၂။ **ကျောင်းတိုက်** - သာမညတောင်ပေါ် ကျောင်းတိုက်၊ ဘားအံမြို့နယ်၊ ကရင်ပြည်နယ်။

၃။ **အသက်၊ သိက္ခာ-ဂိုဏ်း** - သက်တော်(၈၀)၊ သိက္ခာတော်(၆၀)ဝါ၊ သုဓမ္မာဂိုဏ်း။

၄။ **မွေးသက္ကရာဇ်** - ၁၂၇၄-ခုနှစ်၊ ပထမဝါဆိုလဆန်း (၆)ရက်၊ ဗုဒ္ဓဟူးနေ့။

၅။ **ဇာတိရပ်ရွာနှင့် ခမည်းတော် မယ်တော်တို့၏ အမည်** - ကရင်ပြည်နယ်၊ ဘားအံမြို့နယ်၊ ကော့ကျိုက် အို့ရွာ၊ ဦးတောင်အို၊ ဒေါ်အုန်း။

၆။ **ရှင်သာမဏေပြုခြင်း** - ၁၂၈၅-ခုနှစ်တွင် မော်လမြိုင်မြို့ ကြံခင်းကျောင်း ဆရာတော် ဘဒ္ဒန္တ အာစာရကို ဥပဇ္ဈာယ်ပြု၍ မိဘနှစ်ပါးတို့၏ပစ္စယာနုဂ္ဂဟာဖြင့်ရှင်သာမဏေအဖြစ်သို့ရောက်သည်။

၇။ **ရဟန်းပြုခြင်း** - ၁၂၉၄-ခု၊ ကဆုန်လပြည့်ကျော် (၁၅)ရက်၊ သောကြာနေ့၊ နံနက် (၇)နာရီ အချိန်တွင် မော်လမြိုင်မြို့၊ ကြံခင်းကျောင်းဆရာတော် ဘဒ္ဒန္တ အာစာရကို ဥပဇ္ဈာယ်ပြု၍ မိဘနှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟာကို ခံယူကာ မော်လမြိုင်မြို့ ရတနာဘုံမြင့်ကျောင်း ခဏ္ဍသိမ်၌ ရဟန်းအဖြစ်သို့ ရောက်သည်။

၈။ **စာပေသင်ယူခြင်း** - ကော့ကျိုက်ပအို့ရွာကျောင်း၊ မော်လမြိုင် ရတနာဘုံမြင့်ကျောင်း၊ ကြံခင်းကျောင်း ဆရာတော် ဘဒ္ဒန္တ

http://www.dhammadownload.com



အာစာရ၊ မုတ္တမ ကျွဲခြံကျောင်း၊ ကတိုးရွာကွင်းကျောင်း၊ တိုက်ကုလား၊ တောင်ဇွန်း၊ သရက်ကုန်းကျောင်း ဆရာတော်ဘဒ္ဒန္တကြန္တာစာရ စသော ဆရာတော်တို့၏ ထံရင်းတို့၌ ပိဋကကျမ်းစာများကို သင်ယူခဲ့သည်။ ထို့ပြင် ပဋိပတ္တိ ကျင့်စဉ်များကိုလည်း လေ့လာသင်ယူခဲ့သည်။

၉။ **အောင်မြင်သောစာမေးပွဲများ** – ကျမ်းကြီးပေါက် သင်ယူတတ်မြောက်ခဲ့သည်။

၁၀။ **စာပေပို့ချခြင်း** – ကရင်ပြည်နယ်၊ ဘားအံမြို့နယ်၊ ဝါးဆူးကျောင်း သာမညတောင်ပေါ်ကျောင်းတို့၌ စာပေ ပို့ချခဲ့သည်။

၁၁။ **သာသနာရေးတာဝန်ဆောင်ရွက်ချက်များ** – ဘားအံမြို့နယ် သာမညတောင်ပေါ်ကျောင်းတွင် သီတင်းသုံးနေထိုင်ကြသော ရဟန်း သာမဏေ သီလရှင် (၃၀၀)ကျော်တို့အား ဝိပဿနာ ရှုမှတ် ကျင့်ကြံနည်းများကို သင်ပြခြင်း၊ အရှည်ကင်မတင် အကျင့်ကို ကျင့်ကြံခြင်း၊ နေ့စဉ်ရောက်ရှိလာသော ၁၀၀–မှ ၁၅၀–အထိ ဧည့်ပရိသတ်များကို တရားဓမ္မဟောကြား ညွှန်ပြခြင်း စသည့် တာဝန်များကို ဆောင်ရွက်သည်။

၁၂။ **ရေးသားပြုစုသော ကျမ်းဂန်များ** – မရှိ။

၁၃။ **ရဟန်းရှင်လူတို့၏ ကြည်ညိုလေးစားမှု** – မေတ္တာစာတ် ကြီးမားခြင်း၊ ခမာ ဇာဂရိယ စသော နာယကဂုဏ်၊ သိက္ခာကာမ၊ ဝိနယ ဂရုက၊ သံသာရ ဘီရုက စသော ဂုဏ်တို့နှင့်ပြည့်စုံခြင်းကြောင့် ရဟန်းရှင်လူအများပြည်သူတို့၏ ကြည်ညိုလေးစားမှုကို ခံယူရရှိတော်မူပါသည်–ဟူ၍ ဖြစ်ပါသည်။

http://www.dhammadownload.com

# သာမညတောင်သမိုင်းအကျဉ်း

ကရင်ပြည်နယ်၊ ဘားအံမြို့နဲ့ မိုင် (၂၀)မျှ အဝေးမှာရှိတဲ့ သာမညတောင်နဲ့ မြတ်စောညီနောင်စေတီတော် ၂–ဆူကို ၁၉၈၅–ခုနှစ်လောက်ကမှ စတင် လူသိများလာတာပါ။

အမှန်မှာတော့ သာမညတောင်ဆိုတာ တလင်းထဲက "စပါးပုံကြီး"နဲ့ တူလို့ ရှေးမွန်တွေက "ဒေးမဲ့စော့"လို့ ခေါ်တဲ့ တောင်ဖြစ်ပါတယ်။ ဒေးဆိုတာက တောင်လို့ အဓိပ္ပာယ်ရပြီး မဲ့စော့–ဆိုတာက စပါးစုလို့ ခေါ်ပါတယ်။

သမိုင်းအရကတော့ သထုံပျက်စဉ် မနူဟာရဲ့ မိဖုရားတစ်ပါးဖြစ်တဲ့ မုတ္တမ မိဖုရား လာရောက် ပုန်းအောင်းရာတောင် ဖြစ်ပါတယ်။ တောင်ထိပ်မှာ မိဖုရားရဲ့ ကောင်းမှုစေတီ ၂–ဆူ ရှိပါတယ်။

ဒေးမဲ့စော့ – စပါးပုံတောင်ကနေ သာမညတောင်လို့ ဘယ်လိုပြောင်းလဲသွားရတာလဲ။

ဒီအကြောင်းကို ပြည်သူများထံ ပထမဆုံး ပို့ဆောင်ပေးတဲ့ မဂ္ဂဇင်းကတော့ ရတနာမွန် ဘာသာရေးမဂ္ဂဇင်း ဖြစ်ပါတယ်။၁၉၈၇–ခုနှစ်ဇူလိုင်လထုတ်အတွဲ(၁၄)၊အမှတ် (၇)မှာဆောင်းပါးရှင် **မောင်မဲ**က **သာမညတောင်**ဆိုတဲ့ ခေါင်းစဉ်နဲ့ ခုလို သတင်းပေးခဲ့ပါတယ်။

http://www.dhammadownload.com



## သာမညတောင်

ဘားအံ–ကော့ကရိတ်သွား ကားလမ်း၊ ဘားအံမြို့မှ မိုင်–၂၀ အရောက် လက်ဝဲဘက် သုံးမိုင်အဝေးတွင် ပေ–၃၀၀ မျှ မြင့်၍ စပါးပုံကြီးနှင့် တူသဖြင့် ဒေသခံ ရှေးမွန်တို့အခေါ် “ဒေးမဲ့စော့” (စပါးစေ့တောင်) ယနေ့အခေါ် သာမညတောင်သည် မြေမှ ထည်းထည်းကြီး မို့မောက်၍ ပေါ်နေသည်။

ထိုတောင်ထိပ်၌ မုတ္တမ မိဖုရားကောင်းမှုဟောင်းကို ပြန်လည်ပြုပြင်ထားသော စေတီတော် ၂–ဆူရှိပြီး ၁၉၈၀–ခုနှစ်ကမှ စတင်၍ တောရ ဆောက်တည်နေသည့် ရဟန်းတော် ဦးဝိနယ သီတင်းသုံးနေထိုင်သဖြင့်လည်း လွန်ခဲ့သော ၂–နှစ်ခန့်ကပင် ဘားအံမှ လူများသည် ထိုတောင်သို့ တစ်စတစ်စ အရောက်အပေါက် များလာကြပြီး ယနေ့ဆိုလျှင် နေ့စဉ်နှင့်အမျှ လာနေကြသော ဘုရားဖူးပရိသတ်တို့ကို (သက်ပယ်ဟင်း) အသက်လွတ်ဟင်းနှင့် ထမင်းကျွေးနေသည်မှာ တစ်နေ့လျှင် မိုးဗြဲဒယ်ကြီးဖြင့် အကြိမ် ၂၀–မျှ ချက်ရသည်ဟု ဆိုလေသည်။

ထိုသတင်းကြောင့် ကျွန်တော်တို့ ရတနာ့ဗွန် အဖွဲ့သည် သာမညတောင်သို့ သွားချင်နေကြရာ ကြိုတင်၍ သိသင့်သည်များကို သိထားနိုင်ရန် ဘားအံမြို့မှ လူကြီးများအား မေးစမ်းကြည့်ကြသည်။

“မွန်တို့အခေါ် ‘ဒေးမဲ့စော့’ကနေပြီး ဘယ်ပုံဘယ်နည်းနဲ့ ‘သာမညတောင်’ ဖြစ်သွားတာလဲ”

“ဒီမေးခွန်းကို နောက်ခံသမိုင်းနဲ့ ပြောမှဖြစ်မယ်”

“ဟုတ်ကဲ့၊ ပိုကောင်းပါတယ်”

http://www.dhammadownload.com



"မုတ္တမ မိဖုရားဆိုတာကော သိရဲ့လား"

"မန္ဟာမင်းရဲ့ သထုံပျက်တော့ - ဒီဘက်နယ် ရောက်လာပြီးတော့ ကော့ဂွန်းဂူမှာ ပုန်းနေရင်း အုတ်ခွက်ဘုရားတွေ အများအပြား ဖုတ်လုပ်ပူဇော်သွားတဲ့ မိဖုရား မဟုတ်လား၊ ဒီအကြောင်းကို မိဖုရားကိုယ်တိုင် ကော့ဂွန်းဂူထဲက မတ်ရပ်တော် ကျောက်ဆင်းတုရဲ့ သင်္ကန်းစွန်းမှာ မင်စာရေးပြီး ထားခဲ့ပါသေးတယ်။"

"ဟုတ်ပြီ။ အဲဒီမိဖုရားပဲ။ နောက်တော့ သူက ကော့ဂွန်းဂူမှာ နေရတာ မလုံခြုံဘူးထင်ပြီး သူ့ပရိသတ်နဲ့အတူ သံလွင်မြစ် အရှေ့ဘက်ကမ်းက "ဒေးမဲ့စော့"တောင်ခြေကို ပြောင်းလာတယ်။ ဒီရောက်တော့ တောင်ထိပ်မှာ စေတီ ၂-ဆူတည်ပြီး မုတ္တမကို ပြန်ရောက်နိုင်အောင် အလံဘိသိက်ခံသူတယ်"

"အလံဘိသိက်ရယ်လို့ ခုမှပဲ ကြားဖူးပါတယ်"

"အလံဘိသိက်အကြောင်း စာကိုယ်လက်မှာရှိတယ်။ နားထောင်ချင်ရင် ကျုပ်ရွတ်ပြမယ်။"

"စုံစုံလင်လင်ကလေး ကျွန်တော်တို့ လိုချင်ပါတယ်"

"ခမ်းနားမင်းဘွယ်၊ ဆန်းတကျယ်လျှင်၊ တင့်တယ်စိုက်ထူ၊ လူလူလွှားလွှား၊ တန်ခွန်လျားမူ၊ မူထားမရပ်၊ ပေါ်လျှပ် မျောက်ရပ်၊ ရေးထုလုပ်လျက်၊ မြဲချုပ်မသွေ၊ **အရွှေတန်းခွန်**။ မြွေနဂါးကို၊ လျှင်လျှားသုန်သုန်၊ ဖမ်းနိုင်ဟုန်နှင့်၊ ဂဠုန်အထူ၊ **အဖြူတန်းခွန်**။ လွန်စွာသွေသား၊ စားတတ်သောက်ကြူး၊ စွယ်ပြူးပြူးနှင့်၊ ဘီလူးရုပ်ပါ၊ **အဝါတန်းခွန်**။ ဟန်ပန်တင့်လျော၊ ရောင်ကျောကျောနှင့်၊ မောရည်ွတ်ပျောင်း၊ ဥဒေါင်းပြက်ပြက်၊ **မည်းနက်တန်းခွန်**။ အားအန်ကြီးမြောက်၊ မုန်အာသောက်သား၊

http://www.dhammadownload.com



ဆင်ပေါက်တပဲ၊ နိုင်စိုးကဲသည်၊ သားရဲအချုပ်၊ ခြသေ့်ရုပ်ကို၊ပြုလုပ်မယိမ်း၊ **အစိမ်းတန်းခွန်**။

"ဖြီးတော့ – ကြဲလက္ခဏာ၊ စုံလင်စွာလျှင်၊ နာဂမာတင်၊ ဆင်ရုပ်ရှုအိ၊ မာန်ပိပိနှင့်၊ **အနီတန်းခွန်**။ ပြင်းဂုမ်မာန်စောင်၊ တန်ခိုးဆောင်သား၊ တစ်ထောင်တိတိ၊ ပါးပျဉ်းရှိသည့်၊ အတိမျိုးမှန်၊ အနန္တနဂါး၊ ရုပ်ရေးသားလျက်၊ လွှားလွှားကြော့ကြော့၊ **အဖြော့တန်းခွန်**။ မင်းပွဲမွန်တွင်၊ ဝေဘန်တင့်တင့်၊ စိုက်ထူလွှင့်က၊ ကြီးမြင့်တန်ခိုး၊ အကျိုးစီးပွား၊ များခြင်းမကွာ၊ ချမ်းသာကြီးထူ၊ ရန်သူအောင်မြင်၊ များဖျင်ခြံရုံ၊ ကျော်စောသံလည်း၊ နိုင်ငံကျေညာ၊ ရေသို့ဖြာသည်၊ မျက်နှာရှစ်ရပ် နစ်မွန်းတည်းတဲ့။

"မုတ္တမ မိဖုရားဟာ – ဒေးမဲ့စော့ – စပါးစေ့ တောင်ထိပ်အောင်မြေပတ်လည် စိုက်ထူထားအပ်တဲ့ ရွှေရောင်ခံ မျောက်ရုပ်အလံ၊ အဖြူရောင်ခံ ဂဠုန်ရုပ်အလံ၊ အဝါရောင်ခံ ဘီလူးရုပ်အလံ၊ အနက်ခံ ဒေါင်းရုပ်အလံ၊ အစိမ်းရောင်ခံ ခြသေ့်ရုပ်အလံ၊ အနီရောင်ခံ ဆင်ရုပ်အလံ၊ ဖြူဖြော့ခံ နဂါးရုပ်အလံဖြစ်တဲ့ ဘီသက္ကအလံ ၇–မျိုးတို့ အလယ်မှာ ဘီသိက်ခံတယ်လို့ အဆိုရှိတယ်"

"သက္ကရာဇ် အမှတ်အသားများ ရှိပါသလား"

"မန္တဟာမင်းရဲ့ သထုံပျက်တော့ ပုဂံသက္ကရာဇ်–၃၉၀လို့ ရာဇဝင်စာအုပ်တွေမှာ တွေ့ရပါတယ်။ စပါးစေ့တောင်ကို မုတ္တမ မိဖုရားရောက်လာတာလည်း အဲဒီသက္ကရာဇ် ၃၉၀–၄၀၀ တစ်ဝိုက်လောက်ဖြစ်မယ် ထင်တာပဲ။ ကာလက ကြာတော့ မုတ္တမ မိဖုရားကောင်းမှုစေတီတော် ၂–ဆူဟာလည်း သင်္ချိုင်းရတာရားကို မလွန်ဆန်နိုင်ဘဲ

http://www.dhammadownload.com



ယိုယွင်းပြိုပျက်ပြီး တောင်တစ်တောင်လုံးလည်း တောကြီးဖုံးနေခဲ့ပါတယ်။

"ကျွန်တော်တို့ လူမှန်းသိတဲ့ အရွယ်ရောက်တော့ စပါးစေ့တောင်နဲ့ ၄–၅ မိုင်အကွာမှာ ပအို့ဝ်ရွာကလေးတွေ၊ ကရင်ရွာကလေးတွေ ဟိုတစ်စု ဒီတစ်စု ရှိနေပါပြီ။ မီးသွေးဖုတ်ဖို့၊ သစ်ခုတ်ဖို့ရွာကလူတွေ တောင်ခြေဝင်တဲ့အခါ စေတီတော်ရှိရာကို တောစိုး တောင်စိုးတို့က ညွှန်ပြ သတိပေးတာ ခံရတတ်ပေမယ့် အကြောင်းကို နားမလည်ကြတာနဲ့ တောခြောက်တယ်၊ တောကြမ်းတယ်လို့ ယူဆကြပြီး "ဒီတောင်ဟာ အလွန်ကြမ်းတဲ့တောင်၊ သာမညတောင် မဟုတ်ဘူး"လို့ တစ်ဦးနဲ့တစ်ဦး ဝေါဟာရ ကူးလူးယှက်သန်းသွားရာက "သာမညတောင်"လို့ ခေါ်တွင်လာကြတာ ဖြစ်ပါတယ်"

ဘားအံမှ မြို့ခံလူကြီးများပြောသော သာမညတောင်အကြောင်းကို ကြားနာပြီးနောက် နောက်တစ်နေ့ဖြစ်သော ၈–၂–၈၅ ရက်နေ့ နံနက် ၇–နာရီတွင် ကျွန်တော်တို့သည် မုတ္တမ မိဖုရားကြီး၏ ကောင်းမှုတော် စေတီ၂–ဆူရှိရာ သာမညတောင်ခြေသို့ ဘတ်(စ်)ကားဖြင့် လိုက်ခဲ့ကြပါသည်။

ဘတ်(စ်)ကားသည် သာမညတောင်ခြေသို့ ချိုးဝင်သော လမ်းခွဲအရောက် ရွာပေါင်း ၁၀–ရွာကို ဖြတ်ကျော်ခဲ့ရပါသည်။ ထိုရွာများမှာ ၁။ ရေကျော်ရွာ ၂။ ခလောက်နို့ရွာ ၃။ ကော့ကသောင်ရွာ ၄။ နောင်လုံရွာ ၅။ ကျော့ရွာ ၆။ မြပေရွာ ၇။ အိန္ဒုရွာ ၈။လွန်းညရွာ ၉။ ခနိမ်းဒိုရွာ ၁၀။ ကော့ကဒါရွာတို့ ဖြစ်ပါသည်။

http://www.dhammadownload.com



ကားလမ်းမှာ အချို့နေရာများတွင် ရွာဘေးမှ ကပ်၍လည်းကောင်း၊ အချို့နေရာတွင် ရွာထဲသို့ ဝင်၍လည်းကောင်း၊ အချို့နေရာတွင် လယ်ကွင်းများကို ဖြတ်၍လည်းကောင်း ဖောက်ထားပေးသည်။ လယ်ကွင်းများကို ဖြတ်သွားသောအခါ လျှပ်စစ်ဓာတ်အားလွှတ်ထားသော ဓာတ်ကြိုးများနှင့် ဓာတ်တိုင်ကြီးများကို လယ်ကွက်များထဲ၌ ထိုးထိုးထောင်ထောင် တွေ့ရသည်။ ထိုဓာတ်တိုင်များအားလုံး၏ အောက်ခြေ၌လည်း လူတစ်ရပ်မျှ မြင့်အောင် ဝါးဖြင့်အလုံပိတ် ခြံခတ်ထားကာ "သေတတ်သည်။ မတက်ရ"ဟူသော စာတန်းများကို ချိတ်ဆွဲထားသည်။

ဒေသခံ နွားကျောင်းသားများသည် "အန္တရာယ်ရှိသည်" ဆိုသော ပါဠိဆင့်အက္ခရာ အရေးသားကို မဖတ်တတ်ကြသည့်အပြင် အဓိပ္ပာယ် မရှင်းကြသဖြင့် ဖတ်တတ်သူတိုင်း နားလည်နိုင်သော "သေတတ်သည်၊ မတက်ရ"ဟူသော စာကို ရေးကပ်ထားရသည်ဟု ဆိုသည်။

ထိုအရင်ကမူ မကြာခဏဆိုသလို နွားကျောင်းသားများသည် ဓာတ်တိုင်ပေါ်တက်၍ နွားအုပ်ကို ကြည့်ရာမှ ဓာတ်လိုက် သေဆုံးသူများ ရှိခဲ့ဖူးကြောင်း သိခဲ့ရသည်။

ကျွန်တော်တို့ စီးလာသော ဘတ်(စ်)ကားသည် ကော့ကဒါရွာကို လွန်လျှင် သာမညတောင်သွား မြေလမ်းပေါ်သို့ ချိုးဝင်လိုက်သည်။ ထိုလမ်းမှာ ၃-မိုင်ခန့် ရှည်၍ အများဒါယကာတို့က ခေါင်းနှင့်ရွက်ပြီး ဖို့ထားသော မြေလမ်းဖြစ်သည်။ တောင်ခြေတွင်ကား တည်းခိုရန်

http://www.dhammadownload.com



စရပ်နှင့် လူနေအိမ်ခြေ အတော်များများရှိနေပြီ ဖြစ်သည်။ ကိုယ်ပိုင်ကားများနှင့် စင်းလုံးငှားလာသော ကားများမှာ ကျွန်တော်တို့ အရင်ရောက်နှင့်နေသည်။

## ဆရာတော်ဦးဝိနယ

ဘားအံမြို့အနီး ကော့ဝါးဆူးရွာကျောင်း၌ သီတင်းသုံးနေတော်မူသော ပအို့ဝ်အမျိုးအနွယ် အရှင် ဦးဝိနယ မဟာထေရ်သည် အကြောင်းမဲ့ သာမညတောင်အနီးရှိ သာယာကုန်းရွာသို့ သွားလိုသော ဆန္ဒ မကြာခဏ ဖြစ်ပေါ်သဖြင့် ၁၃၄၂-ခု တပေါင်းလပြည့်ကျော် ၂-ရက်နေ့တွင် ဝါးဆူးရွာမှ သာယာကုန်းရွာသို့ တစ်ပါးတည်း ကြွလာခဲ့သည်။

ရောက်သောအခါ အဝေးမှမြင်ရသော သာမညတောင်က မိမိအား "တောင်ထိပ်သို့ ကြွခဲ့ပါဘုရား" ဟု ပင့်ခေါ်နေသကဲ့သို့ စိတ်တွင်ဖြစ်ပြန်ရာ ဦးဝိနယသည် သာယာကုန်းကျောင်းမှ ရဟန်းတော်တစ်ပါးကို အဖော်ပြု၍ တောကြမ်းလှသည်ဆိုသော သာမညတောင်သို့ ကြွတော်မူလာသည်။ တောင်ထိပ်တွင် ပြိုပျက်နေသော စေတီတော် ၂-ဆူကို ဖူးတွေ့ရသောအခါ ဦးဝိနယသည် စေတီတော်အနီးမှ မခွာရက်နိုင်အောင် ဖြစ်လာသော ကြည်ညိုစိတ်ကြောင့် အဖော်ရဟန်းအား ပြန်လွှတ်ပြီး မိမိတစ်ပါးတည်း စေတီတော်ကို ဝတ်ပြုရင်းအနီးရှိ ဂူထဲ၌ သီတင်းသုံး နေထိုင်တော် မူလိုက်သေးသည်။

ယနေ့ (၁၃၄၉-ခုနှစ်) ဆိုပါလျှင် ဆရာတော် ထိုတောင်တွင် သီတင်းသုံး နေသည်မှာ (၇)နှစ်ရှိပြီး သက်တော်မှာလည်း (၇၅)နှစ်ရှိပြီ

http://www.dhammadownload.com



ဖြစ်သည်။ ကျွန်တော်တို့ အရင်ရောက်နှင့်နေသော ကားကြီးကားငယ်တို့ဖြင့် လာကြသူများမှာ ထိုဆရာတော်အား ဖူးမြော်ရန် ဖြစ်လေသည်။ ကျွန်တော်တို့လည်း ထိုလူစု လူဝေးနှင့်ပင် တောင်ပေါ်သို့ တက်ခဲ့ကြပါသည်။

တောင်ထိပ်မှ စေတီတော် ၂-ဆူမှာ ထုံးဖွေးဖွေးဖြင့် သပ္ပာယ်လှသည်။ စေတီတော်၏ ခြေရင်း၌ ဆရာတော်၏ စံကျောင်းကလေးရှိသည်။ ကျောင်းဘေးတွင် သာလာယံစရပ်ကြီး ရှိသည်။ ထိုစရပ်ကြီးမှာ ဆွမ်းစားကျောင်းလည်း ဖြစ်သည်။ ပရိသတ်အား ထမင်းကျွေးရာဌာနလည်း ဖြစ်သည်။ တရားဟောရာ ခန်းမလည်း ဖြစ်သည်။ညအချိန် ပရိသတ်များ အိပ်စက်ရန် နေရာလည်း ဖြစ်သည်။ အဆောက်အအုံသစ်များလည်း ဆောက်လုပ်လျက်ရှိသည်။ ရေစက်နှင့် မီးစက်လည်း ရှိသည်။ သစ်ကြီး ဝါးကြီးများဖြင့် အေးချမ်းလှသည်။

အင်္ကျီဖြူ ဘောင်းဘီဖြူနှင့် လည်ပင်းတွင် စိတ်ပုတီးဆွဲထားသော ပအို့ဝ် ဂေါပက လူကြီးများက စောင့်ရှောက်နေသည်။ ဆရာတော်အား တစ်ဦးချင်း ဖူးခွင့်ရဖို့ အရေးမှာ ဂေါပက လူကြီးများ၏ ခွင့်ပြုချက်အပေါ်တွင် တည်ပါသည်။ နေ့ ၁-နာရီတွင်ကား လာသမျှ ပရိသတ်ကို ဆရာတော်က တရားဟောလေ့ရှိသဖြင့် ထိုအချိန်သာ အခမ်းအနားဖြင့် ဆရာတော်အား ဖူးမြင်နိုင်ကြပါသည်။ ကျွန်တော်တို့သည် စေတီတော် ၂-ဆူကို ဖူးမြော်ကြပြီးနောက် ဆရာတော်ကြီးအား ဖူးမြင်နိုင်ရန် နေ့ ၁-နာရီ တရားဟောအချိန်ကို သာလာယံစရပ်ကြီးတွင် စောင့်ကြပါသည်။ ကျွန်တော်တို့ ကဲ့သို့ပင် စောင့်နေကြသူများမှာ စရပ်ကြီး အပြည့် ဖြစ်သည်။ လူ ၄၀၀ မျှ ရှိလိမ့်မည်။

http://www.dhammadownload.com



တစ်နာရီထိုးသောအခါ စရပ်ကြီးသို့ ဆရာတော်ကြီး ကြွလာပါသည်။ ဂေါပက လူကြီးများက ထီးဖြူလေးလက် မိုး၍ ပင့်ဆောင်လာခြင်း ဖြစ်သည်။

ထိုနေ့က ဆရာတော်ကြီးသည် နာရီဝက်မျှ တရားချီးမြှင့်ပါသည်။ ချီးမြှင့်သော တရားမှာ နိဗ္ဗာန်ရောက်ကြောင်း လမ်းစဉ် မဂ္ဂင်ရှစ်ပါး တရား ဖြစ်သည်။ "နိဗ္ဗာန် သွားချင်ကြရင် ရောက်ချင်ကြရင် မျက်မှောက်ပြုချင်ကြရင် ရနိုင် ရောက်နိုင်ဖို့ မဂ္ဂင်ရှစ်ပါး တရားမှတစ်ပါး အခြားမရှိ"ဟု အစချီပြီး မဂ္ဂင်ရှစ်ပါးကို တစ်ပါးစီ ခွဲခြမ်းစိတ်ဖြာ၍ ဟောသွားပါသည်။

တရားပွဲသိမ်း၍ ဆရာတော်ကြီး စံကျောင်းသို့ ပြန်ကြွသွားသောအခါ ပရိသတ်များသည်လည်း အလျှိုအလျှို သာမည တောင်ပေါ်မှ ဆင်းကုန်ကြသည်။ ကျွန်တော်တို့လည်း ထိုလူစုနှင့် ရော၍ ဆင်းခဲ့ပါသည်။ လို့ ရေးသားခဲ့ပါတယ်။

http://www.dhammadownload.com



http://www.dhammadownload.com

# သာမညသို့ ခရီးလမ်းညွှန်

သာမညတောင် ဆရာတော်ကြီး သာမညတောင်မှာ စတင် သီတင်းသုံးလာခဲ့တာဟာ ၁၃၄၂-ခုနှစ်က ဆိုတော့ ယခု ၁၃၅၄- ခုနှစ်နဲ့ဆိုရင် နှစ်ပေါင်း (၁၂)နှစ်ရှိပြီ ဖြစ်ပါတယ်။ ဒီနှစ်တွေအတွင်း မှာပဲ သာမညတောင် ဆရာတော်ကြီးရဲ့ ကျော်စော သတင်းဟာ တစ်ပြည်လုံးကို ပြန့်နှံ့ခဲ့တာနဲ့ အမျှ အနယ်နယ်အရပ်ရပ်က လာ ရောက် ဖူးမြော်ကြသူများလည်း နေ့စဉ် ကျိတ်ကျိတ်တိုး စည်ကား လျက် ရှိပါတယ်။

## လမ်း (၂)သွယ်

ရန်ကုန်ကို ဗဟိုပြုပြီး သာမညတောင်ကို သွားမည်ဆိုပါက အဓိကအားဖြင့် လမ်း (၂)သွယ် ရှိပါတယ်။

ပထမလမ်းက ရန်ကုန်ကနေ ဘားအံတစ်ဘက်ကမ်းရှိ မြိုင် ကလေးကို ကားနဲ့ သွားတဲ့ ခရီးစဉ်ပါ။ ရန်ကုန်အဝေးပြေးဂိတ် ကနေ ကားစီး၊ မြိုင်ကလေးကိုရောက်၊ အဲဒီကမှ ဘားအံ တစ်ဘက် ကမ်းကို စက်လှေနဲ့ ကူးလိုက်ရင် ဘားအံဆိပ်ကမ်းမှာ သာမညတောင် သွား မော်တော်ကားများကို အဆင်သင့် တွေ့ရပါလိမ့်မယ်။

http://www.dhammadownload.com



ဒုတိယလမ်းက ရထားခရီးစဉ်ပါ။ ရန်ကုန်ကနေ ထွက်တဲ့ မုတ္တမရထားကိုစီး၊ မုတ္တမ (သို့မဟုတ်) မော်လမြိုင်ကနေ သင်္ဘောစီးရင် ဘားအံကို ရောက်ပါတယ်။

မော်လမြိုင်ကနေ ရွှေဂွန်းသွား သင်္ဘောနဲ့ ဘားအံမှာ ခရီးဆုံးတဲ့ သင်္ဘော တစ်နေ့ နှစ်စီး ထွက်ပါတယ်။

ရွှေဂွန်းသင်္ဘောက မော်လမြိုင်ကနေ မနက် (၇)နာရီ ထွက်ပါတယ်။ ဘားအံမှာတင် ခရီးဆုံးတဲ့ သင်္ဘောကတော့ နေ့လယ် (၁၂)နာရီ ထွက်ပါတယ်။ အဲဒီသင်္ဘောနှစ်စီး မီရာနဲ့လိုက်ပြီး ဘားအံကို ရောက်တော့ သာမညကို ပြေးဆွဲနေတဲ့ကားတွေနဲ့ လိုက်သွားရုံပါပဲ။

သာမညက ဘားအံကို အပြန် နောက်ဆုံး ကားဟာ ယေဘုယျအားဖြင့် ညနေ (၄) နာရီခွဲ (၅)နာရီအထိ ရှိတတ် ပါတယ်။

## သထုံခရီး

ရထားခရီးစဉ်မှာ မုတ္တမအထိ မလိုက်လိုသူတွေအတွက် သထုံမှာဆင်းပြီး သထုံကနေ မြိုင်ကလေးကို သွားတဲ့ကားနဲ့ လိုက်နိုင်ပါတယ်။ ဘားအံကို နေ့ချင်း ရောက်လိုသူတွေ၊ မော်လမြိုင်ထိသွားရတဲ့ ခရီးထောက်မှုကို အချိန်မပေးနိုင်သူတွေဟာ ရန်ကုန်ကနေ မုတ္တမရထားစီးပြီး သထုံမှာ ဆင်းပါ။ သထုံကနေ မြိုင်ကလေးကို ကားစီးပြီး တစ်ဘက်ကမ်းကို ကူးလိုက်ရင် ဘားအံကို ရောက်ပါတယ်။

လက်မှတ်၊ အချိန်၊ နေရာစတဲ့ မမျှော်မှန်းနိုင်တဲ့ အခက်အခဲတွေ တစ်နေရာမဟုတ် တစ်နေရာမှာ ရှိတတ်လို့ ခရီးစဉ် အစုံအလင် သိထားတာဟာ မမှားပါဘူး။

http://www.dhammadownload.com



## ဘုရားဖူးယာဉ်များ

ဒီခရီးစဉ်တွေအတိုင်း မသွားလိုဘူးဆိုလျှင် ပုဂ္ဂလိက ပြေးဆွဲပေးနေတဲ့ ဘုရားဖူးယာဉ်များနဲ့ သွားနိုင်ပါတယ်။ ဘုရားဖူးယာဉ်တွေဟာ မိမိတို့ သွားလိုတဲ့ ခရီးစဉ်ကို တိုက်ရိုက် သွားကြတာဖြစ်တဲ့အတွက် မရောက်ဖူးသူတွေ အတွက်နဲ့ တစ်နယ်တစ်ကျေးမှာ တည်းရေးခိုရေး အခက်အခဲရှိသူတွေအတွက် အကောင်းဆုံး ဖြစ်ပါတယ်။

မျက်စိလည်စရာ မေးမြန်းနေစရာ စတဲ့ ဒုက္ခ သုက္ခတွေ ဝေးစေတဲ့ ခရီးမျိုး ဖြစ်ပါတယ်။

ခု ဖော်ပြခဲ့တဲ့ ခရီးစဉ်အားလုံးဟာ ရန်ကုန်ကို ဗဟိုပြုပြီး သာမညတောင်ကို သွားနိုင်တဲ့ ခရီးစဉ်များ ဖြစ်ပါတယ်။

## သာမညတောင်သွားလမ်းတစ်လျှောက်

ကဲ--ဘားအံရောက်ပြီ။သာမညတောင်ကို သွားကြစို့ရဲ့--။

သာမညတောင်ဟာ ဘားအံမြို့နဲ့ မိုင် (၂၀)ကျော် ဝေးပါတယ်။ ဒါပေမယ့် အလွန်သာယာတဲ့ လမ်းဖြစ်တဲ့အတွက် သွားရတာ ပျော်စရာကောင်းလှပါတယ်။ လမ်းရဲ့ ဝဲယာ နှစ်ဘက်လုံးမှာ လယ်ကွင်းတွေ၊ ဥယျာဉ်ခြံကြီးတွေ ဝန်းရံထားပါတယ်။ တချို့နေရာတွေမှာဆိုရင် အင်းအိုင်ရေဖွေးဖွေးတွေကိုပါ တွေ့ရပါတယ်။

စိမ်းညို့မှိုင်းမောက်နေတဲ့ တောတောင်တွေရဲ့ အလယ်က ဖြူဖွေးတဲ့ ရေရဲ့အရောင်ဟာ ပိုကြွပြီး ပိုလှနေသလို အသက်ဝင်လွန်းလှကဲ့

http://www.dhammadownload.com



မြင်ကွင်းတစ်ခုပါ။ ဒါဟာ မိုးရာသီအချိန်။ နွေနဲ့ဆောင်းမှာလည်း တစ်မျိုးတစ်ဖုံ လှတဲ့ သုံးရာသီလှ နေရာဒေသပါ။

ဒီလမ်းရဲ့ အသက်ဖြစ်တဲ့ အလှကတော့ မို့မောက်မြင့်တက်နေတဲ့ တောင်ထွတ်တောင်စွယ်ကြီးများပါပဲ။ တောင်ကြီးတွေဟာ အချို့နေရာတွေမှာ တောင်တန်းရှည်ကြီးများ ဖြစ်ပြီး အချို့နေရာတွေမှာတော့ တောင်ထွတ်ကြီးတစ်ခုတည်း ထီးထီး မားမားနဲ့ ဝင့်ကြွားနေဟန်ပါပဲ။

ဆင်ပြောင်ကြီးတစ်ကောင်ပဲ ဝပ်နေသလိုလို၊ မိုးစွန်တိမ်ကြား ထဲကို အတင်းတိုးဝင်နေသလိုလို မြင်တွေ့ရတာကိုက ဒီလမ်း ဒီခရီးရဲ့ ရသတစ်မျိုးပါ။

အချို့တောင်ကြီးတွေဟာ အလွန်ကြီးမားလှတဲ့အတွက် ဒီတောင်ကြီးများကို ခုပဲ ရောက်တော့ မလိုလိုနဲ့ အမြင်နီးသလောက် တော်တော်နဲ့ မရောက်နိုင်ပါဘူး။ "မရောက်သေးဘူးလား၊ ဘယ်တော့များ ရောက်မှာပါလိမ့်" လို့ တွေးရတာကိုက အလွန်ပျော်စရာပါ။ ကလေးဘဝက "အမြင်နီးလျက် ဝေးသောအရာ၊ အမြင်ဝေးလျက် နီးသောအရာ" ဆိုတဲ့ စကားထာ ပဟေဠိကို သတိရစရာပါပဲ။ ဒီတောင်ကြီးတွေရဲ့ လှပတဲ့ မြင်ကွင်းကတော့ ရေးရင် ရေးသလောက် ရပါတယ်။ ရေးမကုန်တဲ့ အလှတွေပါ။

ပြီးတော့ မြို့ပြဒေသနဲ့ ခြားနားလှတဲ့ ရိုးသားတဲ့ ကျေးလက်သဘာဝ၊ အေးချမ်းတဲ့ တောသဘာဝတွေကိုလည်း လမ်းတစ်လျှောက်မှာ ရှိတဲ့ ရွာကလေးများမှာ အထင်အရှား တွေ့မြင်ရပါတယ်။

လူမှုရေး စီးပွားရေး စတာတွေနဲ့ မွန်းကျပ် ရှုပ်ထွေးစွာ နေရတဲ့ မြို့ပြက ခရီးသည်များကို ဒီကျေးလက်တောရွာ ကလေးတွေရဲ့

http://www.dhammadownload.com



လွတ်လပ်ခြင်း၊ အမြင်ရှင်းခြင်း၊ စိုပြည်သာယာခြင်းတွေကနေ စိတ်ချမ်းမြေ့မှု ဖြစ်စေမှာ အမှန်ပါပဲ။

## ရွာပေါင်း (၁၀)

သာမညတောင် မရောက်ခင်အထိ လမ်းတစ်လျှောက်မှာ ရွာပေါင်း (၁၀)ရွာကို ကျော်ဖြတ်သွားရပါတယ်။ ဒီ ရွာတွေကတော့ ရေကျော်၊ ခလောက်နို့၊ ကော့ကသောင်၊ နောင်လုံ၊ ကျော့ရွာ၊ မြပေခေါ် မြပြည်ရွာ၊ အိန္ဒုရွာ၊ လွန်းညရွာ၊ ခနိမ်းဒိုရွာ၊ ကော့ကဒါဆိုတဲ့ ရွာတွေကို ဖြတ်ရပါတယ်။

ဒီရွာအားလုံးဟာ ဥယျာဉ်ခြံများ၊ ရာဘာခြံများ၊ ဝါးခြံများနဲ့ အလွန်စိုပြည်အေးချမ်းတဲ့ ရွာများ ဖြစ်ပါတယ်။ ဒီအထဲမှာ အကြီးဆုံးရွာကတော့ အိန္ဒုပါ။ အိန္ဒုဟာ မြို့ပြငယ်တစ်ခု အသွင်ဆောင်နေပါပြီ။ ဈေး၊ ကျောင်း၊ ဆေးရုံတွေနဲ့ စည်ကားဖွံ့ဖြိုးတဲ့ ရွာပါ။ အိန္ဒုမှာပဲ ဇာသပြင်ရွာကြီးကို သွားတဲ့လမ်းနဲ့ ကော့ကရိတ်ကိုသွားတဲ့လမ်း ခွဲထွက်သွား ပါတယ်။ သာမညလမ်းဟာ ကော့ကရိတ်ကို သွားတဲ့လမ်းအတိုင်း လိုက်ရတဲ့ လမ်းပါ။

## သာမညသို့အဝင်

ကားလမ်းဟာ ဂငယ်ကွေ့လို ကွေ့သွားတဲ့အတွက် ခနိမ်းဒိုရွာထိပ်ကို ရောက်တယ်ဆိုရင်ပဲ သာမညတောင်ကို လှမ်းမြင်နေရပါပြီ။

သာမညကို သွားတဲ့လမ်းဟာ ကော့ကဒါရွာကို ရောက်တော့မှ ကော့ကရိတ်လမ်းကနေ လက်ဝဲဘက်ကို ခွဲထွက်သွားပါတယ်။ဒီလမ်းဟာ မြေနီလမ်းအဆင့်သာ ရှိသေးတဲ့လမ်းပါ။ ဒီလမ်းပေါ်ရောက်တာနဲ့

http://www.dhammadownload.com



သာမည ရေိယာထဲ ချဉ်းနင်းမိပြီ ဖြစ်ပါတယ်။ ဒါပေမယ့် သာမည တောင်ကို ရောက်ဖို့ကတော့ (၃)မိုင်လောက် လိုပါသေးတယ်။

### မုခ်ဦးနှင့် မုခ်ဦးဝကျောင်း

သာမညတောင်သွား မြေနီလမ်းအဝင်မှာ အရင်ဆုံး တွေ့ရမှာကတော့ "မြစောညီနောင်"ဆိုတဲ့ ခန့်ထည်တဲ့ မုခ်ဦးကြီးပါပဲ။ အဲဒီ မုခ်ဦးကြီးရဲ့ ဒီဘက် မလှမ်းမကမ်းမှာတော့ "မုခ်ဦးဝကျောင်း" ဆိုတဲ့ သစ်သားကျောင်းလေး တစ်ကျောင်း ရှိပါတယ်။

ဒီကျောင်းလေးရဲ့ ဘေးမှာတော့ ထုံးသင်္ကန်းဖွေးဖွေးနဲ့ ကိုးတောင်ပြည့် စေတီတော်တစ်ဆူ ရှိပါတယ်။ အုတ်ခုံပလ္လင်ခံထားတဲ့ စေတီတော်ဟာ သပ္ပာယ်လှ ပါတယ်။ စေတီတော်ရဲ့ ဝေယျာဝစ္စ အဝဝအတွက် အလှူခံနေတဲ့ အဖွဲ့လည်း ရှိပါတယ်။ စေတနာရှင်များ လှူဒါန်းနိုင်ဖို့အတွက် အဲဒီမှာ ခေတ္တ ကားရပ်ပေးပါတယ်။

### မြေနီလမ်းမှာ

သာမညလမ်းဟာ မြေနီလမ်း ဆိုပေမယ့် ကတ္တရာခင်းလမ်း သဖွယ် ကောင်းမွန်ခိုင်ခန့်တဲ့ လမ်းတစ်လမ်းပါ။ ကျောက်ခင်းပြီး ကတ္တရာခင်းဖို့လည်း စီစဉ်ဆောင်ရွက်လျက် ရှိပါတယ်။

### သာယာဝတီမြို့တဲ့

ဒီမြေနီလမ်း အစကနေ သာမညတောင်ခြေရောက်တဲ့ အထိကတော့ သာမညဆရာတော်ကြီး နာမည်ပေးထားတဲ့ သာယာဝတီမြို့ရဲ့ လူနေအိမ်တွေချည်းပါပဲ။ သာယာဝတီရွာ ရေိယာဟာ အကျယ်ကြီးပါ။ လေးဘက်ဝန်းကျင်က အိမ်တွေဟာ သာယာဝတီ ရေိယာချည်းပါပဲ။ ဒီရွာမှာ စာရင်းဝင်အိမ် (၁၆၀၀) ကျော်ရှိတယ်။ စာရင်းမဝင်သေးတာက

http://www.dhammadownload.com



အိမ်ခြေ (၂၀၀)ကျော်လောက် ရှိတယ်လို့ ဆိုပါတယ်။

ယခင်က တောကြီးမျက်မည်းကို ခုတ်ထွင်ရှင်းလင်းပြီး အိမ်ယာမြေအဖြစ် ပြုပြင်ထားတဲ့ရွာ ဖြစ်လေတော့ အဲဒီတစ်ဝိုက်မှာ သစ်ကြီးဝါးကြီးများ မရှိတော့သလောက်ပါပဲ။ တစ်အိမ်ရဲ့ နံရံကို တစ်အိမ် အမှီပြုနေရတဲ့ မြို့သားများ အတွက်တော့ ဒီရွာကလေးဟာ အလွန်ချစ်စရာ ကောင်းနေ ပါလိမ့်မယ်။ ဘာကြောင့်လဲဆိုတော့ သူ့ခြံနဲ့ သူ့ဝင်းနဲ့ တစ်အိမ်နဲ့တစ်အိမ်လည်း အတော် ကျယ်ကျယ်ပြန့်ပြန့် နေရာရထားလို့ပါပဲ။

အိမ်တွေဟာ တစ်နေရာတည်းမှာ စုပြုံမနေဘဲ သာမညရေိယာကြီး တစ်ခုလုံးကို ခြုံမိအောင် ဖြန့်ချထားလေသလား လို့တောင် ထင်ရပါတယ်။ ဒါကြောင့် သာယာဝတီ ဆိုတာ သာမညတောင်ရဲ့ အနောက်ဘက်၊ မြောက်ဘက်၊ တောင်ဘက်မှာလို့ တစ်နေရာတည်းကို လက်ညိုးညွှန်ပြလို့ မရအောင်ကို ပြန့်နှံ့နေတဲ့ရွာ ဖြစ်ပါတယ်။

မှိုင်းပုပ်ပုပ် အရောင်သမ်းနေတဲ့ အင်ဖက်တွေဟာ ဒီရွာရဲ့အဓိက ဆောက်လုပ်ရေး ပစ္စည်းတစ်ခု ဖြစ်ပါတယ်။ အမိုးအကာကို ဒီဖက်တွေကိုပဲ အသုံးပြုကြပါတယ်။ ဒါဟာ အိမ်တိုင်းလိုလိုပါပဲ။

ဒီရွာရဲ့ မစိပ်မကျဲ အိမ်ခြေစုစည်းထားပုံရယ်၊ အရောင်အားဖြင့် အိမ်တိုင်း တူညီတာတွေရယ်ဟာ သာမညတောင်ပေါ်ကနေ ကြည့်တော့မှ အလွန်လှနေတာကို တွေ့ရပါတယ်။ သူတို့ရဲ့ နောက်က တောင်ထွတ် တောင်စွယ်ကြီးများဟာ သူတို့ရွာကို အေးမြလုံခြုံအောင် ဆောင်းပေးထားတဲ့ ထီးကြီးများလို့ ထင်မှားရတဲ့အထိ ဝန်းကျင်အလှနဲ့ ပြည့်စုံလှပါတယ်။

http://www.dhammadownload.com



ဒီရွာက လူတွေ ခိုလှုံနေတဲ့ အဓိက အရိပ်အာဝါသကြီးကတော့ သာမညတောင် ဆရာတော်ဘုရားကြီးပါပဲ။ အခြား အနယ်နယ် အရပ်ရပ်က ဒကာဒကာမတွေဟာ ဆရာတော်ကြီးကို 'သာမညတောင် ဆရာတော်ဘုရား'လို့ ခေါ်ဝေါ် သုံးစွဲကြပေမယ့် သူတို့ကတော့ ဘ–ဘုရား (ဖ–ဖရား)လို့ ခေါ်ကြပါတယ်။

သူတို့ဟာ အဓိကအားဖြင့် ဆရာတော်ကြီးရဲ့ သာသနာပြု လုပ်ငန်းတွေမှာ သဒ္ဓါအပြည့်နဲ့ ကူညီလုပ်ကိုင်ပေးကြ ပါတယ်။ အသက်လွတ်စားပြီး ပိတ်ဖြူကိုဝတ်၊ လည်ပင်းမှာ ပုတီးဆွဲထားတဲ့ ခေါင်းတုံးနဲ့ သူတို့ရဲ့ အသွင်ဟာ တစ်မူထူးခြားနေပါတယ်။ ရိုးသားတဲ့၊ ဖြူစင်တဲ့၊ အူစင်းတဲ့ အသွင်ဆောင်နေတဲ့ သူတို့ တစ်တွေဟာ ချစ်စရာ ကောင်းလှပါတယ်။

## ဝတ်စားဆင်ယင်မှု

ဒီခေါင်းတုံးနဲ့ ပိတ်ဖြူဝတ်တာဟာ တစ်ရွာလုံးရှိ ယောကျ်ားအားလုံးပါ။ အမျိုးသမီးများကတော့ ရိုးရိုး ဝတ်စားဆင်ယင်ပါတယ်။ ဒါပေမယ့် ဆရာတော်ကြီးကို တက်ဖူးတဲ့အခါမျိုး၊ လှူဖွယ်တန်းဖွယ် သွားရောက်လှူဒါန်းတဲ့ အခါမျိုးမှာတော့ အမျိုးသမီးတွေဟာ ယောဂီ ဝတ်စုံ အညိုရောင် ဝတ်ကြရပါတယ်။

## စီးပွားရေး

သူတို့ရဲ့ အသက်မွေးဝမ်းကျောင်းဟာ ဆရာတော်ဘုရားကြီးနဲ့ ဆက်စပ်နေတော့ စိတ်ဝင်စားစရာ ကောင်းပါတယ်။ ဒီဇရိယာကြီး

http://www.dhammadownload.com



တစ်ခုလုံးဟာ ဘေးမဲ့ဒေသ ဖြစ်ပါတယ်။ သက်ပယ်ဒေသလို့လည်း ခေါ်ပါတယ်။ ဒီတော့ သက်ရှိသတ္တဝါဖြစ်တဲ့ နွားကျွဲ စတာတွေနဲ့ လုပ်ရကိုင်ရတဲ့ လယ်ယာလုပ်ငန်းတွေ သူတို့လုပ်လို့ မဖြစ်ပါဘူး။ လုပ်လည်း လုပ်လေ့လုပ်ထ မရှိပါဘူး။ ဒါကြောင့် သူတို့ရဲ့ အသက်မွေးဝမ်းကျောင်း လုပ်ငန်းဟာ တစ်နိုင်တစ်ပိုင် တောင်ယာလုပ်ငန်းများသာ အဓိက ဖြစ်ပါတယ်။ အချို့ကျတော့ ဈေးဆိုင်တည် ဈေးရောင်းကြပါတယ်။

## သာယာဝတီဈေး

တောင်ခြေရင်း အတက်မှာ သာယာဝတီဈေးရယ်လို့ ဈေးကလေး ရှိပါတယ်။ အဲဒီဈေးထဲမှာ အဝတ်အထည်နဲ့ အခြားလူသုံးကုန်များ၊ အလှကုန်များ၊ ငရုတ်၊ ဆီ၊ ဆန် စတဲ့ စားသောက်ကုန်များ၊ ပုတီးလည်ဆွဲ လက်စွပ်ကအစ အလှပြင်ဆိုင်များအထိ ရှိနေပါတယ်။ အင်္ဂလိပ် ဆေးဆိုင်လည်း နှစ်ဆိုင် ဈေးအပြင်ဘက် ရွာလမ်းမှာ တွေ့ရပါတယ်။ စားသောက်ဆိုင် လက်ဖက်ရည်ဆိုင်များတော့ အထူးပြောစရာ မလိုတော့ပါဘူး။ လူစည်ကားတဲ့ နေရာတိုင်း ဒီဆိုင်မျိုး ရှိစမြဲပါ။

ဒီလုပ်ငန်းစုတွေကို ကြည့်ရင် သူတို့တစ်တွေဟာ သမ္မာအာဇီဝနဲ့ အသက်မွေးကြသလို စီးပွားရေးအမြင်လည်း မသေး လှဘူးလို့ ဆိုနိုင်ပါတယ်။ ဘယ်လောက် စီးပွားရေးတွေပဲ လုပ်လုပ် သူတို့ရဲ့ နေ့စဉ် အစာအာဟာရကတော့ သက်ပယ်ဟင်း တွေပါပဲ။ သက်ပယ်

http://www.dhammadownload.com



ဟင်း၊ ထမင်း မစားနိုင်ဘူးဆိုရင် သာမညဧရိယာထဲမှာ နေခွင့် မရှိဘူးလို့ ဆရာတော် အမိန့်ရှိထားကြောင်း ကြားသိရပါတယ်။

ဒါဟာ သာမညဧရိယာထဲကို ရောက်တာနဲ့ တွေ့ရမယ့် မြင်ကွင်းပါ။ ဆရာတော်ဘုရားကြီးကိုလည်း ဖူးရ၊ ဒေသန္တရ ဗဟုသုတလည်း ရအောင်ပါ။

## တောင်ခြေရင်းမှာ

သာမညတောင်ခြေရင်းမှာ ကားဂိတ်၊ တည်းခိုဆောင်၊ ရေစက်၊ ရေချိုးခန်း၊ ဆေးခန်းတို့ ရှိပါတယ်။

တောင်ပေါ် စောင်းတန်းသို့ အတက်လမ်းရဲ့ ညာဘက်ဘေးမှာ– ဧည့်သည်များ တည်းခိုဆောင် အောင်မင်္ဂလာ တိုက်ကျောင်းကြီး ရှိပါတယ်။ ဒီကျောင်းကြီးမှာ ဝင်ရောက် အမောဖြေနား နေနိုင်ပါတယ်။ ကိုယ်လက်သန့်စင် ရေချိုးလိုသူများအတွက် ကျောင်းကြီးရဲ့ နောက်ဘက်မှာ ယောကျ်ား ရေချိုးခန်း၊ မိန်းမရေချိုးခန်းတွေ ရှိပါတယ်။ အဲဒီမှာ နားနားနေနေ နေပြီး၊ တောင်ပေါ်ကို တက်သူတွေလည်း ရှိပါတယ်။

## ဘာနဲ့တက်မလဲ

တောင်ပေါ်ကို ကားနဲ့တက်မယ်ဆိုရင် နားနေဆောင် အောင်မင်္ဂလာတိုက်ကြီးရှေ့မှာ ဂိတ်ထိုးထားတဲ့ ကားတွေဟာ တောင်ပေါ် တက်လိုသူတွေကို လိုက်ပို့ပေးပါတယ်။ တစ်ယောက်ကို ကားခ(၂၀) ပေးရပါတယ်။ အနည်းဆုံး လူ (၁၀)ယောက် ရှိမှ ပို့ပေးပါတယ်။

http://www.dhammadownload.com



## အလှူခံဌာန

အောင်မင်္ဂလာ တိုက်ကျောင်းကြီးရဲ့ ခေါင်းရင်းပိုင်း မျက်နှာသာမှာ အလှူခံဌာန ရှိပါတယ်။ ဆရာတော်ကြီးရဲ့ သာသနာပြုလုပ်ငန်းများအတွက် လှူသူများကို အလှူခံဖြတ်ပိုင်းများနဲ့ရော အသံချဲ့စက်နဲ့ပါ မှတ်တမ်းတင်ပေးပါတယ်။

## ပုံအမျိုးမျိုး

အဲဒီဌာနမှာပဲ ဆရာတော်ကြီးရဲ့ ဓာတ်ပုံမျိုးစုံနဲ့ စိပ်ပုတီးများကို ဝယ်ယူနိုင်ပါတယ်။ ဓာတ်ပုံတွေဟာ ဆရာတော်ကြီး (၇)ဝါ ရစဉ် အရွယ် ပုံကစလို့ ခုလက်ရှိပုံအထိ ရှိသလို---အကြီးအသေး အရွယ်မျိုးစုံလည်း ရှိပါတယ်။ (၂၅)ကျပ်တန်၊ (၃၅)ကျပ်တန်၊ (၅၀)ကျပ်တန်၊ (၁၀၀၀)တန်က အစ ၁၅၀၀/၃၀၀၀ ကျပ်တန်အထိ ရှိပါတယ်။

## တိတ်ခွေများ

ဓာတ်ပုံနည်းတူ တရားတိတ်ခွေများလည်း ရနိုင်ပါတယ်။ မွေးနေ့တရားတော်၊ မေတ္တာတရားတော် (၁) (၂)၊ ဘွဲ့အပ်နှင်းခြင်းတရားတော်များ အပါအဝင် 'ထူးမြတ်သာခေါင် သာမညတောင်' သီချင်းတိတ်ခွေတွေကို တစ်ခွေလျှင် (၁၅ဝိ/-)ကျပ်နဲ့ ရောင်းချပေးပါတယ်။

## ရေစက်ကြီး

တောင်ခြေ အောင်မင်္ဂလာတိုက်ကျောင်းကြီးနဲ့ မျက်နှာချင်းဆိုင်

http://www.dhammadownload.com



ကားလမ်းရဲ့ ဘယ်ဘက်မှာ ရှိပါတယ်။ ဒီရေစက်ကြီးဟာ ရွာထဲရှိ ရေကန်ကနေ ဦးစွာစုပ်ယူပြီး တောင်ပေါ်ကို သွယ်ထားတဲ့ ရေပိုက်လုံးကနေ ရေများ ပို့လွှတ်ပေးပါတယ်။ သာမည တောင်ပေါ်မှာ ဒီရေတွေကိုပဲ အသုံးပြုရပါတယ်။

## ဆရာတော်ကြီးအတွက်ရေ

တောင်ပေါ်ကို သွယ်တန်းထားတဲ့ ရေပိုက်လိုင်းဟာ စောင်းတန်းရဲ့ အလယ်ကနေ သွယ်ထားတာဖြစ်လို့ တောင်ပေါ် တက်သူဆင်းသူတွေ လက်ကိုင် အားပြုစရာအဖြစ် အသုံးပြုနိုင်တဲ့အတွက် တစ်ချက်ခုတ် နှစ်ချက်ပြတ် အစီအစဉ်ကောင်း ဖြစ်ပါတယ်။

ပိုက်လိုင်းဟာ လက်တစ်ကိုင် ကိုင်သာရုံလောက်သာ မနိမ့်မမြင့် ဆင်ထားတဲ့အတွက် ပိုက်လုံးကိုကျော်ပြီး အချို့ ပုဂ္ဂိုလ်တွေက ဟိုဘက်သည်ဘက် ကူးတတ်ကြပါတယ်။ ဘုန်းတန်ခိုး ကြီးတော်မူသော ဆရာတော်ကြီးသုံးမယ့် ရေများကို အဲသလို ကျော်မိကြရင် ဖြတ်ကျော်သူတွေ ငရဲကြီးကုန်မှာ စိုးတဲ့အတွက် ဆရာတော်ကြီးသုံးဖို့ ရေများကို ပိုက်လိုင်းက မပို့တော့ဘဲ သီးသန့်ရေတွင်းကနေ ရွာသူရွာသားများ ထမ်းပို့ လှူဒါန်းကြပါတယ်။ ဆရာတော်ကြီးဟာ ဒီရေကိုပဲ အသုံးပြု တယ်လို့ ဆိုပါတယ်။

## တောင်ပေါ်သို့

သာမညတောင်ဟာ မို့မောက်မတ်စောက်တဲ့ တောင်တစ်တောင်ပါ။ သိပ်အမြင့်ကြီး မဟုတ်လို့ တော်ပါသေးတယ်။ ဒါပေမယ့်

http://www.dhammadownload.com



စောင့်တန်းအတိုင်း တက်ချင်တက်။ မတက်ချင်ရင် ကားနဲ့ တက်နိုင်တဲ့ အတွက် အတက်အဆင်းမှာ အခက် အခဲတော့ မရှိလှပါဘူး။

စောင်းတန်းအတိုင်း တက်မည့်သူတွေအတွက် စောင်းတန်းမှာ တွေ့ရမြင်ရမှာတွေကို လမ်းညွှန်ပြချင်ပါသေးတယ်။

စောင်းတန်းဟာ အခန်းပေါင်း (၁၁၉)ခန်း တိတိရှိပါတယ်။ စောင်းတန်းအတက်မုခ်ဝ လှေကားထိပ်ကို ရှက်လှ ပန်းအိုးများနဲ့ အလှဆင်ပေးထားပါတယ်။ ပန်းအိုးဘေးမှာတော့ သာမညတောင်ကို လာသူတိုင်း လိုက်နာရမယ့် သတိပေးစာ ဆိုင်းဘုတ်လေးတစ်ခု ရေးထားပါတယ်။

'ဘုရားဖူးလာကြသော ဒကာ ဒကာမများ ကျေးဇူးပြု၍
၁။ သား/ငါး ဟင်းများ ယူဆောင်ခြင်း မပြုရ။
၂။ လက်နက်ခဲယမ်း ယူဆောင်ခြင်း မပြုရ။
၃။ မူးယစ်ဆေးဝါး သယ်ဆောင်ခြင်း၊ သောက်သုံးခြင်း လုံးဝ မပြုရ' ဟူ၍ပင် ဖြစ်ပါတယ်။

ဒီနေရာမှာ ကားများနဲ့ ပတ်သက်တာ ထူးခြားတာ တစ်ခု ရှိပါတယ်။ ဒီလမ်းဧရိယာ အတွင်းမှာ ဖြတ်သွားတဲ့ ရပ်ဝေးရပ်နီး ကား မှန်သမျှ သာမညတောင်ခြေ စောင်းတန်းမုခ်ဝတွင် ရှေ့တိုးနောက်ဆုတ် သုံးကြိမ် ဦးတိုက်ကြပါတယ်။ ဦးမတိုက်ဘဲ သွားလေ့မရှိကြပါဘူး။ ခုလို ဦးတိုက်သွားရင် လမ်းခရီးမှာ ဘာအနှောင့်အယှက် အန္တရာယ်မှ မကြုံနိုင်ဘူးလို့ ယုံကြည်ကြတဲ့အတွက် ဦးတိုက်ကြခြင်း ဖြစ်တယ်လို့ ဆိုပါတယ်။

http://www.dhammadownload.com



## စောင်းတန်းပေါ်မှာ

စောင်းတန်းအတက် အခန်းနံပါတ် ၁၀၃/၁၀၄ ရဲ့ ညာဘက်အေးမှာ ဘိုးဘိုးကြီးနတ်ကွန်း ရှိပါတယ်။ အုတ်တိုက် နတ်ကွန်းကတော့လက်စမသတ်သေးပါဘူး။ ဘိုးဘိုးကြီးရှေ့မှာတော့ ကန်တော့ပွဲတွေနဲ့ ဖယောင်းတိုင်မီးတွေနဲ့ ဖြစ်နေပါပြီ။

စောင်းတန်းဟာ မတ်စောက်လှတဲ့အတွက် ခေတ္တခဏ ထိုင်နိုင်အောင် ထိုင်ခုံများ ပြုလုပ်ပေးထားပါတယ်။ ထိုင်ခုံရှိတဲ့ အခန်းများကတော့ ၁၀၁၊ ၁၀၂၊ ၉၂/၉၃၊ ၈၁/၈၂၊ ၇၁/၇၂၊ ၆၅/၆၆၊ ၄၉/၅၀၊ ၄၀/၄၁ တို့ ဖြစ်ပါတယ်။

အမောပြေ ရေသောက်လိုသူများအတွက် အခန်း ၅၉/၆၀ ရဲ့ ညာဘက်အေးမှာ သောက်ရေအိုးစင် ပြုလုပ်ထားပါတယ်။ ဒီတော့ အနည်းငယ် မတ်စောက်ပေမယ့် မောမှာကို မစိုးရတော့ဘူးပေါ့။

စောင်းတန်းနံပါတ် ၄၀/၄၁ လောက်ကနေ တောင်ပေါ်ရောက်တဲ့အထိ စောင်းတန်းရဲ့ ဝဲယာမှာကတော့ စရပ် ကျောင်းတွေချည်းပါပဲ။ ဒီကျောင်းတွေမှာ သီလရှင်၊ ရသေ့၊ ရသေ့မတွေ နေထိုင်ကြသလို ၎င်းတို့နဲ့ ဆက်နွှယ်ပတ်သက်ရာ ဧည့်သည်များနဲ့လည်း စည်ကားနေလေ့ရှိပါတယ်။

အခန်း ၂၃/၂၄ ဘယ်ဘက်ကို သွားလိုက်ရင် အမျိုးသမီး ရေချိုးခန်းနဲ့ အိမ်သာများ ရှိပါတယ်။ အမျိုးသားများ အတွက်တော့ အခန်း ၁၃/၁၄ ရဲ့ ညာဘက် မနီးမဝေးမှာ ရှိပါတယ်။

အခန်း ၁၆/၁၈ တို့ရဲ့ ညာဘက်အေးကတော့ တောင်ပေါ် ကားရပ်နားရာ နေရာဖြစ်ပါတယ်။

http://www.dhammadownload.com



ထမင်းချက်ရုံ၊ စတုဒိသာရုံနဲ့ ဓမ္မာရုံများကတော့ စောင်းတန်းထိပ်မှာ တည်ရှိပါတယ်။ စတုဒိသာရုံက အသံချဲ့စက်နဲ့ အဆက်မပြတ် ထမင်းစားဖို့ ဖိတ်ခေါ်နေသံကို တောင်ပေါ် မရောက်သေးခင်မှာဘဲ ကြားရပါလိမ့်မယ်။ ကြိုက်တဲ့ အချိန်မှာ ကြိုက်သလို ဝင်စားနိုင်ပါတယ်။

## အထူးကျောင်း

တောင်ပေါ်ရောက်တာနဲ့ ပထမဆုံး ဦးတိုက်မိမှာကတော့ အထူးကျောင်းဆောင်ပါပဲ။ အထူးကျောင်းဟာ သာမည ဆရာတော်ကြီး အဖူးမြော်ခံရာကျောင်း ဖြစ်ပါတယ်။ ဒီကျောင်းရဲ့ ဝရံတာမှာ ဆရာတော်ကြီး အဖူးခံပါတယ်။ ဒကာ-ဒကာမတွေက ဝရံတာရဲ့ မျက်နှာသာမှာ ခင်းထားတဲ့ ဖျာများပေါ်ကနေ ဖူးကြရပါတယ်။ သာမညတောင်ကို ရောက်ပြီး ဆရာတော်ကို ဖူးချင်ရင် ဒီနေရာကနေ စောင့်မျှော် နေရာယူထားဖို့ လိုအပ်ပါတယ်။

ဆရာတော်ကြီးက အချိန်ပိုင်းနဲ့သာ အဖူးခံတာမို့ တစ်ချိန် တစ်ချိန်ဆိုရင် ပရိသတ်တွေ မနည်းလှပါဘူး။ ဒါပေမယ့် အသံချဲ့ စက်နှစ်ခု တပ်ဆင်ထားတဲ့အတွက် ဆရာတော်ကြီး အမိန့်ရှိတာကို မကြားမှာ မပူရပါဘူး။

## ဖူးတွေ့ချိန်

သာမညတောင်ကို ရောက်ရင် - ဖူးရမယ့် နေရာကို သိဖို့ အရေးကြီးသလို ဖူးတွေ့ချိန်ကိုလည်း သိထားဖို့ လိုအပ်ပါတယ်။

http://www.dhammadownload.com



ဆရာတော်ကြီးကို ဖူးတွေ့လိုသူ ပရိသတ်တွေ များပြားလှတဲ့ အတွက် ယေဘုယျအားဖြင့်တော့ ဖူးတွေ့ချိန်ကို တိတိကျကျ သတ်မှတ်ထားလို့ မရပါဘူး။ အချိန်ရရင် ရသလို ဖူးတွေ့ခံလေ့ ရှိပါတယ်။ တစ်နေ့ကို ၈–ခါမှ ၁၀–ခါ အထိ သီလတရား ချီးမြှင့်ရင်း ဖူးတွေ့ခံပါတယ်။

အကောင်းဆုံးကတော့ အထူးကျောင်းရဲ့ ရှေ့မှာရှိတဲ့ အလှူခံရာဌာန ဉပသကာအဖွဲ့ကို စုံစမ်းပြီး သူတို့ပြောတဲ့ အချိန်အတိုင်း စောင့်မျှော် ဖူးနိုင်ပါတယ်။

ဖူးတွေ့ခံချိန်မှာ ဆရာတော်ကြီးဟာ ဒကာဒကာမတွေ လျှောက်ထားတဲ့ အခက်အခဲ ပြဿနာပေါင်းစုံကို မေတ္တာ စသည့်နည်းများနဲ့ ဖြေရှင်းပေးပါတယ်။ ပစ္စည်းတွေကိုလည်း သိဒ္ဓိတင်ပေးပါတယ်။ အရေးကြီးတာက ရတောင့်ရခဲ ဖူးတွေ့ချိန်မှာ မိမိလျှောက်လိုရာကို ရဲရဲတင်းတင်း လျှောက်ထားဖို့ပါပဲ။

## မိန့်ကြားသည့်စကား

ဆရာတော်ကြီးက ဒကာ–ဒကာမများကို တွေ့တာနဲ့ "ထမင်းစားပြီးပြီလား။ ဘယ်ကလာလဲ။ ဘယ်တော့ပြန်မှာလဲ။ ဒီမှာ ညအိပ်သွားမယ် မဟုတ်လား" စသည်ဖြင့် မေးလေ့ရှိပါတယ်။ ထမင်းမစားရသေးရင် စားသွားဖို့၊ မစားရ မရှိစေဖို့ အမြဲမိန့်ပါတယ်။ ဖြစ်နိုင်ရင် အေးအေးဆေးဆေး နေနိုင်ကြောင်း ဖိတ်မန္တက ပြုပါတယ်။

## အလှူခံဌာန

ဒီအထူးကျောင်းရဲ့ ရှေ့မှာလည်း အလှူခံဌာန ရှိပါတယ်။

http://www.dhammadownload.com



ဒီဌာနမှာ အလှူငွေများ လှူနိုင်သလို ဓာတ်ပုံများ၊ တိတ်ခွေများ၊ ဗွီဒီယိုခွေများကို ဝယ်ယူနိုင်ပါတယ်။ တောင်ခြေက အလှူခံဌာနထက် ဓာတ်ပုံ စသည် ပိုစုံပါတယ်။ သာမညတောင်အကြောင်း သိကောင်းစရာနှင့်ဘွဲ့အပ်နှင်းအခမ်းအနားဗွီဒီယိုခွေများကို တစ်ခွေ(၇၀၀/–) ကျပ်နဲ့ ရောင်းချပေးလျက် ရှိပါတယ်။

## စံကျောင်း

စံကျောင်းဟာ အထူးကျောင်းရဲ့ နောက်ဘက်မှာ ရှိပါတယ်။ ဆရာတော်ကြီး သီတင်းသုံးတဲ့ ကျောင်းပါ။ ဒီကျောင်းမှာတော့ ပရိသတ် ဒကာဒကာမတွေကို သိပ်လက်ခံတွေ့ဆုံခြင်း မရှိလှပါဘူး။ ဒီကျောင်းဆောင်မှာ ဖူးတွေ့ခွင့် ရဖို့အတွက် အလွန်ခက်ခဲပါတယ်။ ရသူတွေ အတွက်တော့ ဒီကျောင်းဆောင်ပေါ်မှာ ဆရာတော်ကြီး လက်ခံ တွေ့ဆုံလေ့ မရှိတာက တစ်ကြောင်း၊ တွေ့ဆုံလိုလျှင် ဥပသကာ ဂေါပကအဖွဲ့ရဲ့ ခွင့်ပြုချက်လိုတာက တစ်ကြောင်းကြောင့် ဖြစ်ပါတယ်။

ဒီစံကျောင်းဆောင်ကို ၁၃၄၇–ခုနှစ်၊ သီတင်းကျွတ်မှာ ဆောက်လုပ်ပြီးကြောင်း ကျောင်းရဲ့ ခေါင်းရင်းဘက်မှာ စာရေးထိုးထားတာ တွေ့ရပါတယ်။ အဲဒီစာတမ်းရဲ့ အောက်မှာတော့ နေတံဆိပ်နဲ့ လတံဆိပ်၊ တံဆိပ်နှစ်ခု ပြုလုပ်ထားတာ တွေ့ရပါတယ်။ သာသနာ နေလိုလလို ထင်ရှား ပြန့်ပွားရမယ် ဆိုတဲ့ သင်္ကေတပါတဲ့။

## မြစောညီနောင် စေတီ ၂–ဆူ

အထူးကျောင်းနဲ့ စံကျောင်းခေါင်းရင်းဘက်မှာတော့ ဆွဲလည်းသံ

http://www.dhammadownload.com



တလွင်လွင်နဲ့ မြစောညီနောင် စေတီတော် (၂)ဆူကို ဖူးတွေ့နိုင်ပါတယ်။ ဒီကျောင်းနှစ်ကျောင်းရဲ့ အလယ်မှာ ဘုရားပေါ်တက်တဲ့လမ်းရှိပါတယ်။

စေတီတော်နှစ်ဆူဟာ ထုံးသင်္ကန်းများ သာမက အဝတ်သင်္ကန်းပါ ပူဇော်ထားတဲ့အတွက် သပ္ပာယ်လှပါတယ်။ ဒီနေရာဟာ သာမညတောင်ရဲ့ အမြင့်ဆုံးနေရာ ဖြစ်တဲ့အတွက် တောင်ပေါ်လေ အဆက်မပြတ် တိုက်နေပြီး၊ ဆည်းလည်းသံ လွင်လွင်ဟာ အဆက်မပြတ်ပေါ်ထွက်နေတဲ့အတွက် သဒ္ဒ ရသကို အပြည့်အဝခံစားရရှိတဲ့ နေရာပါ။

စေတီတော် မြောက်ဘက်ရှိ အာရုံခံတန်ဆောင်းထဲမှာ ဘုရားဖူးများ လိုက်နာရန်များကို အောက်ပါအတိုင်း ရေးဆွဲ ထားပါတယ်။

**သတိပေး နှိုးဆော်စာ**

၁။ အာရုံခံတန်ဆောင်း အတွင်း၌ ဘုရားဝတ်ပြုကြမည့် ပုဂ္ဂိုလ်များ အနှောင့်အယှက် မဖြစ်စေရန် ညအိပ်ခြင်း ခွင့်မပြုပါ။

၂။ ဘုရားဝတ်ပြုနေစဉ်အတွင်း ဆီမီးပူဇော်ထားသည့် ဖယောင်းတိုင်များကို ငြိမ်းသတ်နုတ်ယူခြင်း မပြုရန်။

၃။ အာရုံခံ တန်ဆောင်းအတွင်း၌ ညစ်ညမ်းစေသည့် ဆီမီးထွန်းခြင်း မပြုဘဲ ဘုရားရင်ပြင်၌သာ ဆီမီးပူဇော်ကြရန် တို့ ဖြစ်ပါတယ်။

**သာမညတောင် မော်ကွန်းကျောက်စာ**

စေတီတော်များရဲ့ အရှေ့ဘက်တည့်တည့်မှာတော့ သာမည

http://www.dhammadownload.com



တောင် မော်ကွန်းကျောက်စာတိုက် ရှိပါတယ်။ ဒီကျောက်စာဟာ သာမညတောင်နဲ့ ဆရာတော်ကြီးအကြောင်း မော်ကွန်းထိုးထားတဲ့ ကျောက်စာဖြစ်ပါတယ်။ သာမညတောင်မှာ ဆရာတော် ကျင့်ကြံ နေထိုင်ခဲ့တဲ့ ဖြစ်စဉ်များကအစ ဆရာတော်ရဲ့ ယေရုပ္ပတ္တိပါ ပြည့်ပြည့်စုံစုံ ဖော်ပြထားတဲ့ကျောက်စာ ဖြစ်ပါတယ်။ (ကျောက်စာကို စာအုပ် နောက်ပိုင်းမှာ အပြည့်အစုံ ဖော်ပြထားပါတယ်။)

## မြစိမ်းတောင်ပိုင် အဘွားနန်းကြာဟဲ

အရပ်စကားအရ သာမညတောင်ဝန်းကျင် တစ်ခုလုံးကို ရှေးက မြစိမ်းတောင်လို့ ခေါ်ကြပါတယ်တဲ့။ ဒီမြစိမ်းတောင်ကို အပိုင်စား စောင့်ရှောက်ပေးနေသူ သို့မဟုတ် ဒီမြစိမ်းတောင်ကို ပိုင်သူဟာ အဘွားနန်းကြာဟဲလို့ ဆိုပါတယ်။

အဘွားနန်းကြာဟဲကို သာမညတောင် ခုလို စည်စည်ကားကား ဖြစ်အောင် ဆရာတော်ကြီး မကြောင့်မကြ သာသနာပြုနိုင်အောင် အထူးစောင့်ရှောက်ပေးသူအဖြစ် ယုံကြည်ထားကြပါတယ်။ ဆရာတော် ကလည်း ဒီအတိုင်းပဲအမိန့်ရှိတယ်လို့ ဆိုပါတယ်။

## အတိတ်ဇာတ်ကြောင်း

အဘွားနန်းကြာဟဲနဲ့ ဆရာတော်ဟာ အရင်ဘဝက သားအမိ တော်စပ်ခဲ့ဖူးတယ်လို့လဲ ဆိုပါတယ်။ သာမညဆရာတော်ကို ဒီတောင် ပေါ် မရောက်ရောက်အောင် ပင့်သူမှာ အဘွားနန်းကြာဟဲပါတဲ့၊ ပြီးတော့ ဆရာတော်ကို ဒီတောင်ကနေ ဘယ်မှ မကြွရဘူးတဲ့။ ကြွဖို့

http://www.dhammadownload.com



လုံးဝ ခွင့်မပြုဘူးလို့ ဆိုပါတယ်။ ဒါကြောင့် ဆရာတော်ကြီးဟာ သာမညတောင်ကို ရောက်တဲ့နေ့ကာစလို့ (၁၀)နှစ်တိတိ အခြားဒေသကို မပြောနဲ့။ တောင်အောက်ကိုတောင် မဆင်းခဲ့ရပါဘူး။ (၁၁) နှစ်ထဲ ရောက်မှ တောင်ခြေမှာ ဆောက်လုပ်နေတာတွေကို ဆင်းကြည့်တယ် လို့ ဥပသကာများက ပြောပါတယ်။

ဘယ်လိုပင်ရှိစေ၊ လူတွေ အဆက်မပြတ် လာရောက်နေတာ တွေရယ်၊ လာသမျှကို ကျွေးမွေးနိုင်တာတွေရယ်ဟာ သာမညတောင် ဆရာတော်ကြီးရဲ့ ထူးခြားချက်တွေ ဖြစ်နေတာတော့ အမှန်ပါပဲ။ ဒီလိုဖြစ်မြောက်အောင် အဘွားနန်းကြာဟဲရဲ့ ကူညီစောင့်ရှောက်မှု မပါဘူးလို့ မပြောနိုင်ကြောင်း ဆိုကြပါတယ်။

ဒီကျေးဇူးဟွေကြောင့် အဘွားနန်းကြာဟဲရဲ့ နတ်နန်းကို တောင် ရဲ့ရာဟုဒေါင့်မှာ ဆောက်လုပ်ပေးထားပါတယ်။ စံကျောင်းဆောင် ဘေးကနေ မြောက်ဘက်ကို လျှောက်သွားလိုက်ရင် သိရိမင်္ဂလာအုတ် ကျောင်း ခေါင်းရင်းမှာ '**မြစိမ်းတောင်ပိုင်၊ အဘွားနန်းကြာဟဲ နတ် နန်းသို့**' လို့ ညွှန်ကြားတဲ့အတိုင်း အောက်ကို အနည်းငယ်ဆင်းလိုက်ရင် နတ်နန်းကို တွေ့ရပါလိမ့်မယ်။

အဘွားနန်းကြာဟဲ နတ်နန်းဆိုပေမယ့် အဘွားရဲ့ ရုပ်တု မရှိ ပါဘူး။ သပြေပန်းနဲ့ ကန်တော့ပွဲ ဖယောင်းတိုင်တို့ ထွန်းညှိထားထား တာသာ တွေ့ရပါတယ်။ လှူဒါန်းသူ၊ ဆုတောင်းသူတွေကို ဆုတောင်း ပေးနေတဲ့ ဥပသကာတစ်ယောက်လည်း ရှိပါတယ်။

အဲဒီနတ်စင်ရဲ့အောက် တောင်ဘက်မှာ သမင်ရုပ်တစ်ခု ရှိပါ တယ်။ သစ်သားနဲ့ ပြုလုပ်ထားပေမယ့် ဇာပဝါအဝတ်များ ဆင်ထားတဲ့ အတွက် အဝတ်နဲ့ လုပ်ထားသလားတောင် ထင်ရပါတယ်။

http://www.dhammadownload.com



ဆုတောင်းပေးသူ ဥပသကာက–

'အဘွားဆီမှာ လိုရာဆုတောင်းကြ။ ဆုတောင်းပြည့်တယ်။'

'သမင်တော်ကိုလဲ မျက်စိနာရင် မျက်စိ၊ ဗိုက်နာရင် ဗိုက်၊ ခေါင်းကိုက်ရင် ခေါင်းကို နှိပ်ပေးကြ၊ ရောဂါပျောက်တယ်။

အဘွားနန်းကြာဟဲဟာ နတ်သက်တစ်ထောင်ရှိကြောင်း၊ ပူဇော်ပသရင် လိုရာဆန္ဒပြည့်ကြောင်း၊ လပြည့်လကွယ်နေ့များမှာ ထွက်တတ်ကြောင်း၊ သမင်တော်ဟာ ဘုရားအလောင်းတော် ဖြစ်ကြောင်း၊ တန်ခိုးကြီးကြောင်း 'နတ်ကွန်းစောင့် ဥပသကာကြီးက လာရောက်သူများကို ရှင်းပြပေးလျက် ရှိပါတယ်။

## ဓမ္မာရုံကြီး

သာမညတောင် ရောက်ရင် ဓမ္မာရုံကြီးထဲကို ဝင်ရစမြဲပါ။ အကြောင်းက ဓမ္မာရုံကြီးဟာ ဆရာတော်ကြီးရဲ့ သီလပေး တရားဟောရာလည်းဖြစ်၊ ဧည့်သည်တွေ ညအိပ်ရာလည်း ဖြစ်တာကြောင့် အခြားနေရာတွေကို မရောက်ရင်သာရှိမယ်။ ဓမ္မာရုံကြီးကိုတော့ ရောက်ကြတာချည်းပါ။

ဓမ္မာရုံကြီးထဲမှာ ဆရာတော်တရားဟောတဲ့ ပလ္လင်နဲ့ ပလ္လင်ရဲ့ တောင်ဘက်မှာ ဆရာတော်ရဲ့ ပုံတူရုပ်တု ရှိပါတယ်။ ဒီရုပ်တုဟာ ဆရာတော်ရဲ့ သက်တော်ဘယ်လောက် အရွယ်ပုံကို ထုထားတယ်ဆိုတာ ဖော်ပြမထားပါဘူး။ အနည်းဆုံး ရုပ်တုသက် (၁၀)နှစ်နီးပါးလောက်တော့ ရှိမယ်ထင်ပါတယ်။

ဘားအံမြို့ မြင်းလှည်းဂိတ်အနီးက အငြိမ်းစားပန်းချီပန်းပု မင်းအောင်(ခ)အောင်စိန်ရဲ့ လက်ရာဖြစ်ကြောင်းကိုတော့ ဖော်ပြထားပါတယ်။

http://www.dhammadownload.com



အဲဒီရုပ်တုရဲ့ ဘေးနံရံမှာတော့ ဆရာတော်ရဲ့ ခမည်းတော် + မယ်တော်တို့ရဲ့ ကြီးမားတဲ့ ပုံတူပန်းချီကားကြီး ရှိပါတယ်။

ပလ္လင်ရဲ့ မြောက်ပိုင်းမှာ ထီးဖြူနှစ်လက်ပုံ နောက်ခံထားပြီး ရေးဆွဲထားတဲ့ ဆရာတော့်ပုံတူ ပန်းချီကား ရှိပါတယ်။ ပန်းချီဆရာ သန်းဝင်းရေးဆွဲတာ ဖြစ်ပြီး (၂၀-၅-၉၁) နေ့ ရက်စွဲ ထိုးထားပါတယ်။ ပန်းချီပုံရဲ့ အောက်မှာ လက်ဝဲရံ လက်ျာရံဆိုတဲ့ အညွှန်းစာနဲ့ ဓာတ်ပုံ နှစ်ပုံ ရှိပါတယ်။ လက်ျာရံဆိုတဲ့ အောက်မှာ သားတော်ကြီး ဦးအောင်မြင့်လို့ ရေးထားပြီး၊ လက်ဝဲရံဆိုတဲ့ အောက်မှာ သားတော်ငယ် ဦးညွန့်တင်လို့ ရေးထားပါတယ်။

ပလ္လင်ရဲ့ မျက်နှာသာရှေ့မှာ သမင်ရုပ်(၂)ရုပ် ရှိပါတယ်။မြောက်ဘက်က သမင်ဖြူ၊ တောင်ဘက်က သမင်ညို ဖြစ်ပါတယ်။ အဲဒီ သမင်လည်ပင်းမှာ ခေါင်းလောင်းတစ်လုံးစီ ဆွဲထားပြီး သမင်ရုပ်(၂)ရုပ်လုံးရဲ့ နားရွက်ဘေးမှာ ကြယ်ပွင့်လိုလို၊ ခရေပွင့်လိုလို အပွင့်အခက်လေးငါးပေါက် ပါတယ်။ ထူးခြားတဲ့ သင်္ကေတတစ်ခု ဖြစ်ပါတယ်။

အဘွားနန်းကြာဟဲ နတ်နန်းမှာ တစ်ကောင်၊ မှောရုံကြီးထဲမှာ နှစ်ကောင်၊ ဆရာတော့်အနားမှာ တစ်ကောင် အားဖြင့် သာမညတောင်မှာ သမင်ရုပ် (၄)ကောင် ရှိပါတယ်။ သမင်ရုပ်တုတွေနဲ့ ဆရာတော်နဲ့ သို့မဟုတ် သာမညတောင်နဲ့ဟာ ဘယ်လိုဆက်စပ်မှုတွေရှိတယ် ဆိုတာကိုတော့ ဆရာတော်ကလွဲလို့ ဘယ်သူမှ သိနိုင်ကြလိမ့်မယ် မဟုတ်ပါဘူး။ ထူးခြားတဲ့ ဆက်စပ်မှုတော့ ရှိတော့ ရှိပါလိမ့်မယ်။

နောက်တစ်ခုကတော့ လ်ပ်ကျောက်တစ်ကောင်ပါ။ သမင်ရဲ့ ရှေ့တည့်တည့်က အဲဒီလိပ်ကျောက် ရုပ်တုရဲ့ ဝန်းကျင်မှာ ပေါက်

http://www.dhammadownload.com



ပေါက်ဆုပ်နဲ့ ကြဲဖြန့်ထား ပါတယ်။ သူလည်း သာမညတောင်ရဲ့ သင်္ကေတတွေထဲမှာ တစ်ခုအပါအဝင်ပဲပေါ့။

### ဓမ္မာရုံကြီးထဲက စာများ

ဓမ္မာရုံကြီးထဲမှာ လိုက်နာဆောင်ရွက်စရာ၊ ဗဟုသုတပွားစရာ စာများ ချိတ်ဆွဲထားပါတယ်။ ဗဟုသုတ ဖြစ်ရအောင် ဇေ့စုံစွာလေ့လာနိုင်အောင် ဖော်ပြချင်ပါတယ်။

ဓမ္မာရုံကြီးရဲ့ တောင်နံရံဘက်မှာ ဆရာတော်ကြီးရဲ့ ပစ္စယာနုဂ္ဂဟ ဒါယကာများစာရင်းနဲ့ သာမညတောင် ဝတ္ထုကမြေ ရရှိရေးအတွက် အားထုတ်ကြိုးပမ်းခဲ့ကြသူတွေရဲ့ အမည်အပါအဝင် မြေဧရိယာ အကျယ်အဝန်းကို ဆရာတော်က အောက်ပါအတိုင်း မှတ်တမ်းတင်ထားပါတယ်။

၁၃၄၂-ခုနှစ်မှ အစပြု၍ သာမညတောင်၌ သိတင်းသုံးနေထိုင်တော်မူသည်။ သက်တော် (၇၀) ဝါတော် (၅၀) ဆရာတော်၏ ပစ္စယာနုဂ္ဂဟ ဓမ္မဒါယကာများမှာ-

၁။ ဦးအုန်းမောင် + ဒေါ်သိန်းတင်၊ ကျုံဒိုး
၂။ ဦးဝင်းကိုင်၊ ဒေါ်ယဉ်မေ၊ ဓိးတောရပ်၊ ဘားအံမြို့
၃။ ဦးသောင်းစိန် + ဒေါ်အေးမြင့်၊ သရက်တော၊ ဘားအံမြို့
၄။ ဦးဘတင် + ဒေါ်အေးကြည်၊ သစ္စာလမ်း၊ ဘားအံမြို့
၅။ ဒေါ်ညွန့်ကြည် + ဒေါ်ချိုချိုဆက်၊ ဘားအံမြို့
၆။ ဦးဘသင် (ရဲမင်းကြီး)၊ ဘားအံမြို့
၇။ ဦးစောဘိုးနီ (ဒေသကော်မတီ)၊ ဘားအံမြို့
၈။ ဦးစောလွန်းရှိန် (မြို့နယ်ကောင်စီ)၊ ဘားအံမြို့
၉။ ဦးသာဒင် (အထွေထွေ)

http://www.dhammadownload.com



သာမညတောင် ဝတ္တကမြေ ရရှိရေး အတွက် ဆောင်ရွက်သော ဒါယကာများမှာ–

၁။ ဦးကြီးရွှေ၊ ဝင်းစိန်အုပ်စု

၂။ ဦးခွေးဖြူ၊ နောင်ရွှေမြောက်ပိုင်း

၃။ ဦးချစ်မောင် နောင်ရွှေတောင်ပိုင်း

သာမညတောင် ဝတ္တကမြေ အကျယ်အဝန်းမှာ (၆.၄၀) ဖြစ်ပါသည်။

## ညအိပ်ခရီးသည်များ လိုက်နာရန်

နောက်စာတမ်း တစ်ခုကတော့ ညအိပ်ခရီးသည်များအတွက် အလွန်အရေးကြီးတဲ့ သတ်မှတ်ချက်များ ဖြစ်ပါတယ်။ ညအိပ်ရင် ဧည့်စာရင်းပေးဖို့ သတ်မှတ်ထားတဲ့ နေရာနဲ့ အချိန်တွေမှာ နေထိုင်စားသောက်ဖို့ ကျောင်းကန်ဘုရားနဲ့ မသင့်လျော်တာတွေကို မလုပ်ကြဖို့ အောက်ပါအတိုင်း သတိပေးထားပါတယ်။

### ညအိပ် ဘုရားဖူးလာသူများ သတိ

၁။ ရောက်ရှိကြောင်း ဧည့်စာရင်း ပေးရမည်။

၂။ သတ်မှတ်ထားသော နေရာ၊အချိန်တွင် နေထိုင်စားသောက်ရမည်။

၃။ ကခြင်း၊ သီခြင်း၊ ငြင်းခုံခြင်းများ မပြုလုပ်ရ။

**မှတ်ချက်။ ။ ဧည့်သည်များ သုံးရက်ထက် ပို၍ လက်မခံပါ။**

**ဆရာတော်**

သာမညတောင်ကို သွားရင် ညအိပ်ညနေ သွားကြတာများတာမို့ ဒီအချက်များကို သိထားဖို့လိုသလို လိုက်နာကြဖို့လည်း လိုအပ်ပါတယ်။

http://www.dhammadownload.com



## အမြဲနေများအတွက် စည်းမျဉ်း

သာမညတောင်မှာ ၁၃၅၄–ခုနှစ် ဝါဆို စာရင်းအရ ရဟန်းတော် (၁၆၅) ပါး၊ သာမဏေ (၁၂၂) ပါး၊ ရသေ့ (၂) ရသေ့မ (၅၈)၊ ဥပါသကာ (၉) ၊ ကျောင်းသား (၁၈)၊ ဝေယျာဝစ္စ (၂၇) ယောက်တို့ နေထိုင်ကြပါတယ်။ ဒီစာရင်းအရ ယေဘုယျအားဖြင့် သာမညတောင်မှာ အမြဲနေပရိသတ် (၂၀၀) မှ (၃၀၀) အတွင်းမှာ ရှိတယ်လို့ ဆိုနိုင်ပါလိမ့်မယ်။

ဒီပရိသတ်တွေကို ဆရာတော်ကြီး ဘယ်လို ဆုံးမဩဝါဒတွေ ပေးထားတယ်။ ဘယ်လိုစည်းကမ်း သတ်မှတ်ချက်တွေ ရှိတယ်ဆိုတာ ဓမ္မာရုံကြီးထဲက သံဃာတော်များ သီတင်းသုံးတဲ့အခန်းဝမှာ မှန်ဘောင်သွင်းပြီး ချိတ်ဆွဲထားပါတယ်။

ကျေးဇူးတော်ရှင် သာမညတောင် ဆရာတော်ဘုရားကြီး ဩဝါဒမိန့်ခွန်းတော်–

နေ့စွဲ၊ ၁၃၅၀ ပြည့်နှစ်၊ ပထမဝါဆိုလပြည့်။

ဘားအံမြို့နယ်၊ သာယာကုန်းကျေးရွာအုပ်စု၊ သာမညတောင် ကျောင်းတိုက်၊ ခဏ္ဍာသိမ်တော်အတွင်း၌ ဂိမ္ဟန္တ ဥတုအုတ်၏ အဋ္ဌမမြောက် နောက်ဆုံးပက္ခပန္နရသီ ဥပုသ်နေ့တွင် ပြုလုပ်သော သံဃဥပုသ်၌ ကျောင်းတိုက်အတွင်း သီတင်းသုံးသော သံဃာတော်များအား သံဃာ ညီညွတ်ရေး သံဃသာမဂ္ဂဖြစ်စိမ့်သောငှာ အောက်ပါအတိုင်း သီတင်းသုံး နေထိုင်ကြပါဟု ဩဝါဒပေးတော်မူပါသည်။

ကျောင်းတိုက်အတွင်း သီတင်းသုံးသော သံဃာတော်များ အားလုံးသည်

http://www.dhammadownload.com



၁။ ညဥ့်+နံနက်တိုင်း တစ်နေရာတည်း (ဓမ္မသာလာဓမ္မာရုံကြီး တွင်) ဘုရားဝတ်ပြုရမည်။

၂။ နံနက်ဆွမ်း+နေ့ဆွမ်းကို (ဘတ္တဂ္ဂသာလာ) ဆွမ်းစားကျောင်း ဓမ္မာရုံတွင် အတူတကွ ညီတူညီမျှ ဘုဉ်းပေးရမည်။

၃။ ဝိနည်းသိက္ခာပုဒ်တော်နှင့် လျော်ညီစွာ အများဒါယကာ၏ ကြည်ညိုဖွယ်ကောင်းသော ကိုယ်နှုတ်အမူအရာနှင့် ပြည့်စုံ ရမည်။

ဤအချက်ကြီး (၃) ချက်မှ တစ်ခုကိုဖြစ်စေ၊ နှစ်ခုကိုဖြစ်စေ၊ သုံးခုကိုဖြစ်စေ၊ ကျူးလွန်သော ပုဂ္ဂိုလ်သည် ဤသာမညတောင် ကျောင်းအရာမ်၏အတွင်းမှ တခြားတစ်မြို့သို့ ထွက်ခွာသွားရမည်ဟု ဩဝါဒ ပေးတော်မူသည်။

ဤဩဝါဒကို သံဃာတော်များ အားလုံးက ဆိတ်ဆိတ် နေခြင်းဖြင့် နှစ်သက်သဘောတူ လက်ခံတော်မူကြသည်လို့ သတ်မှတ် ထားပါတယ်။

## တရားစာများ

နောက်ဆိုင်းဘုတ် (၂) ခု ရှိပါသေးတယ်။ ဒီဆိုင်းဘုတ်တွေ ကတော့ တရားသဘောဆိုင်ရာတွေ၊ မြတ်သော အလှူတစ်ခုဖြစ်ရန် လိုအပ်သော အင်္ဂါရပ်များကို ဗဟုသုတလည်းပွားစေ ဘာဝနာကုသိုလ် လည်းရစေတဲ့ စာတွေပါ။

ဓမ္မာရုံကြီး အဝင်ဝမှာ အလှူမြတ်အင်္ဂါ (၅)ပါး ရေးပြီး ချိတ်ထားပါတယ်။ အဲဒါတွေကတော့-

http://www.dhammadownload.com



၁။ ယုံယုံကြည်ကြည်ဖြင့် ပေးလှူခြင်း။

၂။ လှူဖွယ်ပစ္စည်းနှင့် အလှူခံပုဂ္ဂိုလ်တို့ကို ရိုရိုသေသေ လှူဒါန်းခြင်း။

၃။ သင့်လျော်သော အချိန်ကာလ၌ သင့်လျော်သောပစ္စည်း လှူဒါန်းခြင်း။

၄။ လှူဖွယ်ပစ္စည်းများ၌ ငြိကပ်တွယ်တာ တပ်မက်ခြင်းမရှိဘဲ လှူဒါန်းခြင်း။

၅။ မိမိ၏ အလှူဒါနကို ချီးမြှောက်မှု၊ သူတစ်ပါး၏ အလှူဒါနကို နှိမ့်ချခြင်း မရှိစေဘဲ ကောင်းကျိုးကိုရည်မှန်းကာ စေတနာ ထက်သန်စွာဖြင့် လှူဒါန်းခြင်းဆိုတာတွေပါပဲ။

အလှူဒါနပြုဖို့လာတဲ့ ခရီးသည်တွေအတွက် အဖိုးမဖြတ်နိုင်တဲ့ ဗဟုသုတတစ်ခုပါ။

## သံဝေဂတရား

နောက်တစ်ခုကတော့ သံဝေဂတရားများ ဖြစ်ပါတယ်။ တရားဓမ္မရဲ့ တန်ဖိုးကို ဖော်ပြထားတဲ့ ဆောင်ပုဒ်များ ဖြစ်ပါတယ်။ ဖတ်ကြည့်ရအောင်--

ဗုဒ္ဓံ၊ ဓမ္မံ၊ သံဃံ

၁။ **ကိုးကွယ်ရမှာက** ဘုရား တရား သံဃာ

**မိတ်ဆွေစစ်က** ကံ ဉာဏ် ဝီရိယ

**နေ့စဉ်အလုပ်က** ဒါန သီလ ဘာဝနာ

**အမြဲနှလုံးသွင်းရမှာက** အနိစ္စ ဒုက္ခ အနတ္တ

http://www.dhammadownload.com



၂။ အမြင့်ဆုံးက မာန
အရှည်ဆုံးက သံသရာ
အပူဆုံးက သောက
အအေးဆုံးက မေတ္တာ

၃။ တရားခင်မင်၊ ကျင့်သုံးလျှင်၊ စင်စစ်တိုးတက် ကြီးပွားမည်။
တရားကိုမုန်း၊ မကျင့်သုံး၊ ဆုံးရှုံးဆုတ်ယုတ် ပျက်စီးမည်။

၄။ လောကမှာ လူသုံးမျိုးရှိသည်။
ပြောမှသိသောသူ၊ မပြောဘဲသိသောသူ
ပြောတောင်မသိသောသူ။

၅။ စိတ်ကောင်းထားမှ၊ ချမ်းသာရ၊
စိတ်ကောင်းမထားက ဆင်းရဲကြ။

၆။ တွေ့ဆုံခဏ၊ မြင်ကြရ၊
မာနထောင်မှု၊ သတိပြု
မသေခင်ဟုတ်၊ သေလျှင်ပုပ်၊ အနှစ်မပါ ငါးခန္ဓာ

x x x

ဒါလောက်ဆိုရင် သာမညတောင်အကြောင်း သိကောင်းစရာ၊ သာမညတောင်မှ လေ့လာစရာများအကြောင်း စေ့စုံသလောက် ရှိသွားပါပြီ။

အရေးကြီးတာက 'ယူတတ်မှရသည်'ဆိုတဲ့ မြန်မာစကားပုံလို ရအောင်ယူတတ်ဖို့ လိုအပ်ပါတယ်။ ကုသိုလ်လုပ်ရင်း အကုသိုလ်ဖြစ်တတ်တဲ့၊ အကုသိုလ်လုပ်ရင်း ကုသိုလ်ဖြစ်တတ်တဲ့ ဓမ္မနိယာမ

http://www.dhammadownload.com



တွေ ရှိပါတယ်။ လမ်းလျှောက်ရင်း လမ်းမပျောက်ဘဲ လမ်းဆုံးကို ရောက်ဖို့ကတော့ မိမိရဲ့ ဆင်ခြင်သတိရှိမှု အပေါ်မှာ မူတည်တယ် ဆိုတာတော့ နားလည်ထားကြရပါလိမ့်မယ်။

## သာမည တောင်ဝန်းကျင်

သာမညတောင်ဝန်းကျင်မှာ လေ့လာစရာတွေ ရှိပါတယ်။ အချိန်ပေးနိုင်သူတွေကတော့ သွားရောက်လေ့လာကြပါတယ်။ ဒါကြောင့် လေ့လာစရာများကို ဖော်ပြပါဦးမယ်။

သာမညတောင်ရဲ့ တောင်ဘက်မှာ အောင်သိဒ္ဓိကုန်း၊ တောင်ညိုတောင်၊ တောင်ပြုံးပြုံးရွှင်ရွှင်ဆိုတဲ့ တောင်တွေ ရှိပါတယ်။ အရှေ့တောင်ဘက်မှာတော့ တောင်ကုလား၊ တောင်ပိုင်းတောင်တို့ ရှိပါတယ်။ ဒီတောင်တွေ အားလုံးမှာရှိတဲ့ ကျောင်းများဟာ သာမညဆရာတော်ကြီးရဲ့ ဩဝါဒခံ ကျောင်းများ ဖြစ်ပါတယ်။

## အောင်သိဒ္ဓိကုန်း

သာမညတောင်ရဲ့ တောင်ဘက် ခြေရင်းမှာ ရှိပါတယ်။ သာယာကုန်းရွာကို သွားတဲ့ ကားလမ်းရဲ့ဘေးမှာပါ။ ကိုးတောင်ပြည့် အောင်သိဒ္ဓိ စေတီတစ်ဆူ ရှိပါတယ်။ စေတီတော်ရဲ့ တောင်ဘက်မှာ ဘုန်းကြီးကျောင်း ရှိပါတယ်။ ကျောင်းထိုင်ဘုန်းကြီးဟာ ဦးဝါရိန္ဒပါတဲ့။

ဘုန်းကြီး ဦးဝါရိန္ဒဟာ သာမညဆရာတော်ကြီးကို ပထမဆုံး သာမညတောင်သွားရာလမ်းကို ညွှန်ပြခဲ့သူလို့ ဆိုပါတယ်။ သာမညတောင်မှာ ဆရာတော်ကြီးနဲ့ အလဲအတူ စိုက်ခဲ့သူလို့လဲ သိရပါတယ်။

http://www.dhammadownload.com



သာမညဆရာတော်ဘုရားကြီးက ဘုန်းကြီး ဦးဝါရိန်အတွက် အုတ်တိုက်ကျောင်း ဆောက်ပေးဖို့ စီစဉ်လျက်ရှိပါတယ်။ လောလောဆယ် ဝါးကျောင်းပဲ ရှိပါသေးတယ်။

## တောင်ညိုတောင်

အောင်သိဒ္ဓိကုန်းကနေ အောက်ကို ဆင့်တဲ့လမ်းအတိုင်း သွားပြီး ရွာထဲလမ်းကနေ ဖြတ်သွားရပါတယ်။ ဒါမှမဟုတ် သာမညတောင်ခြေ သာယာဝတီဈေးအနီး အနောက်ဘက် ရွာလမ်းမကြီးအတိုင်းသွားရင်လည်း တောင်ညိုတောင်ကို ရောက်ပါတယ်။

တောင်ညိုတောင်ဟာ မြင့်မားမတ်စောက်ခြင်း မရှိဘဲ ကုန်းကမူသာသာ တောင်တစ်တောင်ပါ။ တောင်ညိုဘုရားလို့ခေါ်တဲ့ စေတီတစ်ဆူ ရှိပါတယ်။ ဘုန်းကြီးကျောင်းကတော့ နှစ်ထပ်အုတ်တိုက်ပါ။ ဒီတိုက်ရဲ့ အနောက်ဘက်မှာ အဆောင်တစ်ဆောင်နဲ့ တောင်ဘက်မှာ ကားဂိုဒေါင် ရှိပါတယ်။

တောင်ညို ဆရာတော်ဟာ သက်တော် (၄၂) မျှ ရှိပါသေးတယ်။ ရေဆွမ်းဆရာတော်လို့ အသိများကြပါတယ်။ ဘွဲ့တော်က ဦးထေရိကတဲ့။ ရန်ကုန်သင်္ဃန်းကျွန်း ဇာတိသားလို့ ဆိုပါတယ်။ တစ်ပတ်ကို ရေဆွမ်း (၃)ရက် အဓိဋ္ဌာန် ပါတယ်။ ဒါကြောင့်လည်း ရေဆွမ်းဆရာတော်လို့ ခေါ်ကြခြင်း ဖြစ်ပါတယ်။

## တောင်ပြုံးပြုံးရွှင်ရွှင်

တောင်ပြုံးပြုံးရွှင်ရွှင်တောင်ဆိုတာ တောင်ညိုတောင်ရဲ့ တောင်ဘက်က တောင်ပါ။ တောင်ညိုလို ပြေပြေသာသာတောင်ပါပဲ။ မူလ

http://www.dhammadownload.com



က တောင်ပြုံးတောင်လို့ခေါ်ခဲ့ပေမယ့် အထက်အညာက တောင်ပြုံးနဲ့ တူနေတဲ့အတွက် တောင်ပြုံးမြုံးရှင်ရှင်လို့ ပြောင်းခေါ်ကြောင်း သိရပါတယ်။ ဘယ်မှာမှ မရှိသေးတဲ့ နာမည်ဆန်းလေးပါပဲ။

ထုံးသင်္ကန်းနဲ့ အဝတ်သင်္ကန်းများပါ ကပ်လှူထားတဲ့ စေတီတော်တစ်ဆူရှိပါတယ်။ စေတီရဲ့ ဘွဲ့တော်က အောင်စကြာဝဠာစေတီပါတဲ့။ ဘေးပတ်လည်မှာ စေတီရံ ကိုးဆူရှိပါတယ်။ စေတီရဲ့ တောင်ဘက်မှာ ကြီးမားတဲ့ ပြတိုက်ကြီးတစ်ခု ဆောက်လုပ်နေပါတယ်။ ကိုရင် ရဟန်းများ သီလရှင်များကိုယ်တိုင် ပါဝင်ဆောက်လုပ်နေတာ တွေ့ရပါတယ်။ နှစ်ကျိပ်ရှစ်ဆူ ပြတိုက်လုပ်မယ်လို့ ဆိုပါတယ်။

ဘုန်းကြီးကျောင်းကတော့ စေတီတောင်ပေါ်တက်တဲ့ လမ်းရဲ့ ဘေးမှာပါ။ ဘုန်းကြီး ဦးနန္ဒာဘာသလို့ ခေါ်ကြောင်း သိရပါတယ်။ ကရင်၊ ပအို့ဝ်၊ ကုလား စတဲ့ ဘာသာစကားပေါင်းများစွာ တတ်တယ်လို့ ဆိုပါတယ်။

## တောင်ဝိုင်းတောင်

တောင်ပြုံးပြုံးရှင်ရှင်ရဲ့ အရှေ့ဘက်တည့်တည့်မှာ ရှိပါတယ်။ တောင်ညိုနဲ့ တောင်ပြုံးပြုံးရှင်ရှင်ကြားမှာ တောင်ဝိုင်း တောင်သွားတဲ့ ကားလမ်း ရှိပါတယ်။

## ရွှေတောင်

တောင်ညိုတောင်ရဲ့ အနောက်ဘက်တည့်တည့်မှာ ရှိပါတယ်။ ဒီတောင်ကို သွားဖို့ သွားလမ်းလေးတစ်ခု ဖောက်ထားတာ ရှိပါတယ်။

http://www.dhammadownload.com



တောင်ခြေမှာ လူနေအိမ်အချို့နဲ့ တောင်ပေါ်မှာ ဘုန်းကြီးကျောင်း ရှိပါတယ်။ တောင်ဝိုင်းတောင်ထက် ငယ်ပါတယ်။

## ကျိုက်ထီးရိုးတောင်ခေါ် တောင်ကလပ်

သာမညတောင်ရဲ့ အရှေ့တောင်ဘက်မှာ ရှိပါတယ်။ သာယာ ကုန်းသွားတဲ့ ကားလမ်းအတိုင်း သွားရပါတယ်။ ကျိုက်ထီးရိုးပုံစံ စေတီလေးတစ်ဆူရှိလို့ ကျိုက်ထီးရိုးတောင်လို့လည်း ခေါ်ကြပါတယ်။

ဒါတွေကတော့ သာမညတောင် ဝန်းကျင်မှ ကြည့်စရာ၊ ရှုစရာ တွေပါ။ တစ်တောင်နဲ့တစ်တောင် သိပ်အလှမ်းမဝေးလှပါဘူး။ အချိန် သုံးနာရီလောက် ပေးနိုင်ရင် ဒီနေရာအားလုံးကို သွားရောက်လေ့လာလို့ ရပါတယ်။

**လိုတရပြည့်စုံနည်း**

ရတနာသုံးပါးကို သွားတဲ့အခါ၊ စားတဲ့အခါ၊ မမေ့နဲ့။
စီးပွားရှာလည်း မမေ့နဲ့၊ အကုန်လုံး ပြည့်စုံနိုင်တဲ့ ရတနာသုံးပါး။

http://www.dhammadownload.com

# သာမညတောင်ဆရာတော်၏ တစ်နေ့တာ–လောကတ္ထစရိယာ

ပဏ္ဍိတာနံ အတ္ထော ဟိ ရာဇည သမဏဗြာဟ္မဏာနံ သီလဝန္တာနံ ကလျာဏဓမ္မာနံ ဇီဝိတေန။ ယထာ ယထာ ခေါ ရာဇည သမဏဗြာဟ္မဏာ သီလဝန္တော ကလျာဏဓမ္မာ စိရံ ဒီဃမဒ္ဓါနံ တိဋ္ဌန္တိ၊ တထာ တထာ ဗဟုံ ပုညံ ပသဝန္တိ၊ ဗဟုဇနဟိတာယ စ ပဋိပဇ္ဇန္တိ ဗဟုဇနသုခါယ လောကာနုကမ္ပာယ အတ္ထာယ ဟိတာယ သုခါယ ဒေဝမနုဿာနံ။

(သုတ်မဟာဝါ ပါဠိတော်–ပါယာသိသုတ်)

'မြို့စား––သီလနှင့်ပြည့်စုံ ကောင်းခြင်းဂုဏ်ထင်ရှားတဲ့ ပညာရှိ သမဏဗြာဟ္မဏပုဂ္ဂိုလ်တို့ အသက်ရှည်နေခြင်းဟာ အကျိုးစီးပွား အတွက်သာ ဖြစ်တယ်။ ဒီလိုပုဂ္ဂိုလ်တို့ အသက်ရှည်တည်ရှိနေတဲ့ အတွက် သတ္တဝါတို့ ကုသိုလ်ကောင်းမှု အများကြီး တိုးပွားတယ်။ ဒီလိုပုဂ္ဂိုလ်များဟာ လူအများရဲ့ ကြီးပွားရေး၊ ချမ်းသာရေး၊ လောကကို အမြဲမပြတ် သနားစောင့်ရှောက်ရေးနဲ့ နတ်လူအပေါင်းရဲ့ ကြီးပွား ချမ်းသာရေးတို့အတွက် ကျင့်ဆောင်ကြတာ ဖြစ်တယ်'လို့ အမိန့်ရှိပါတယ်။

http://www.dhammadownload.com



ဒီတရားတော်ဟာ မြတ်စွာဘုရားရှင်လက်ထက်တုန်းက အဆန်းတကြယ် တရားဟောပြရမှာ တေဒင်္ဂရတဲ့ အရှင်ကုမာရကဿပမထေရ်မြတ်က ပါယာသိမြို့စားကို ဟောကြားတဲ့ တရားပါ။

ပါယာသိမြို့စားက လောကမှာ အကျင့်သီလ ပြည့်စုံကြတဲ့ပုဂ္ဂိုလ်တွေဟာ ကံနဲ့အကျိုးကို တကယ် ယုံကြည်ကြရိုးမှန်ရင် ဘာဖြစ်လို့ အသက်အရွယ်အိုမင်းတဲ့အထိ လူ့လောကကြီးထဲမှာ ဆက်နေနေရတာလဲ။ လူ့ဘုံလောကကို စွန့်ခွာကြပါတော့လားလို့ သူ့အယူမှားကို မစွန့်လိုတဲ့ အတွက် ဆင်ခြေတက်လာလို့ ဒီတရားတော်ကို ဟောပြ ရခြင်းပါ။ သာမညတောင်ကို ရောက်တဲ့အခါ ဆရာတော်ကြီး လုပ်ကိုင်ဆောင်ရွက်နေတာကို တွေ့မြင်ရတဲ့အခါ ပါယာသိသုတ်ထဲက အရှင်ကုမာရကဿပ မထေရ်မြတ်ရဲ့ အဲဒီ ဟောကြားချက်များကို ချက်ချင်း ပြေးသတိရလိုက်မိပါတယ်။

ဆရာတော်ကြီးက အစုဆို သက်တော် (၈၁) နှစ် ရှိပါပြီ။ ဒါပေမယ့် ဆရာတော်ကြီးရဲ့ နိစ္စပတ်လောကဝတ္တစရိယာဟာ အချိန်မပြတ်တရစပ်လို့ ဆိုရမလောက်ပါပဲ။ သာမညတောင်ကို လာကြတဲ့ပရိသတ်များဟာ အရပ်ဒေသအသီးသီးက လာကြသလို ရည်ရွယ်ချက် အလိုဆန္ဒတွေလည်း မတူ ကွဲပြားကြမှာ သေချာပါတယ်။ ဆရာတော်ကြီးဟာ မနက် ၂–နာရီကစ၍ အိပ်ရာထပြီးတော့ ၂ နာရီကျော်ကျော်မှာ ပရိသတ်များကို ပထမအကြိမ် တရားဟော ပါတယ်။ အဲဒါက ဘားအံက မနက်စောထွက်မည့် မော်လမြိုင်သင်္ဘောကိုမီဖို့အတွက်၄–နာရီလောက်ဆို သာမညတောင်က ပြန်ကြရမယ့် ပရိသတ်တွေ ဆရာတော်ကြီးကို ဖူးမြော်ကန်တော့ခွင့် တရားနာယူခွင့်ရဖို့အတွက် ဖြစ်ပါတယ်။

http://www.dhammadownload.com



နာရီဝက်ကျော်ကျော် တရားဟောပြီး လှူဖွယ်ဝတ္ထုတွေကို အကပ်ခံ ရေစက်ချပေးပါတယ်။ ပရိသတ်ထဲက တချို့တလေက မိမိတို့ အလိုရှိတာကို လျှောက်ထားတဲ့ အခါမှာလည်း ဆရာတော်ကြီးက သူတို့ ကျေနပ်ဝမ်းသာနိုင်ဖို့ ပြန်လည်ဖြေကြားတာလည်း ရှိပါတယ်။ တချို့က မိမိတို့ကိုယ်တိုင် နေ့စဉ်သုံးစွဲတဲ့ ပစ္စည်းတွေ၊ ဘချို့ကလည်း သာမညတောင်ရောက်မှ ဝယ်ယူထားကြတဲ့ ဆရာတော်ကြီးရဲ့ ဓာတ်ပုံတို့ တိတ်ခွေတို့ကို ဆရာတော်ကြီးရဲ့လက်နဲ့ ထိတွေ့သုံးသပ်ပေးဖို့ ဆက်ကပ်ကြတာလည်း ရှိတယ်။ ဒါကိုလည်း ဆရာတော်ကြီးက သူတို့တစ်တွေ ကျေနပ်အောင် လိုက်လျောပေးပါတယ်။ ပရိသတ်ရဲ့ သဘောကတော့ ဒါကို သိဒ္ဓိတင်တယ်လို့ ပြောကြပါတယ်။ ဆရာတော်ကြီးကတော့ 'သိဒ္ဓိဆိုတာ ပြီးစီးပြည့်စုံတာကို ခေါ်တာ၊ ပြီးစီးအောင် ပြည့်စုံအောင် ဆိုတာ လုပ်သင့်လုပ်ထိုက်တာတွေကို လုပ်ရတယ်။ ဆရာတော် တောင်ပေါ်မှာ အခုပြည့်စုံနေတာဟာလည်း လုပ်သင့်လုပ်ထိုက်တာကို လုပ်လို့ပဲ၊ လာလာသမျှ ပရိသတ်တွေကို တစ်နေ့တစ်နေ့ ဆန်ရှစ်အိတ်ချက်လောက် နေ့စဉ် ကျွေးထားနိုင်တယ် ဆိုတာလည်း ကျွေးနေလို့ ကျွေးနိုင်တာ၊ မကျွေးရင် ကျွေးစရာကလည်း ဘယ်ကမှ ရောက်မလာဘူး၊ လှူနိုင်တယ်ဆိုတာ လှူနေဖို့ပဲ၊ ဒါန၊ သီလ၊ ဘာဝနာမပါဘဲ အလိုလို မပြီးနိုင်ဘူး' ဆိုတဲ့ အကြောင်းများ ပြောဆို ဆုံးမပါတယ်။ '---ဆရာတော်ကြီးရဲ့ ခြေကို မိမိတို့ဆံပင်များနဲ့ ဖြန့်ခင်းပူဇော်လိုသူတွေကိုတော့ ဆရာတော်က မေတ္တာရပ်ခံ တားမြစ်ပါတယ်။ ဒါကိုတော့ လုံးဝ မလိုက်လျောပါဘူး။

http://www.dhammadownload.com



အဲဒီလို တရားဟော ဒကာမများ စိတ်ချမ်းသာ ကျေနပ်အောင် ဆောင်ရွက်ပေးရတာဟာ တစ်ချိန် တစ်ချိန်မှာ တစ်နာရီကျော်လောက် ကြာပါလိမ့်မယ်။ ၃-နာရီခွဲလောက်ရောက်မှ ဆရာတော် တစ်ကြိမ် ပြန်အနားယူပါတယ်။ ဆရာတော်ကြီး တရားပွဲသိမ်းတာနဲ့ ထမင်းကျွေး ကျောင်းဆောင်ကြီးဆီက ဝေယျာဝစ္စဆောင်ရွက်သူတွေက ဆွမ်းထမင်း အသင့်ပြင်ပြီးကြောင်း အားလုံးစားသောက်ပြီးမှ တောင်အောက်ဆင်းကြပါဆိုတဲ့ ဖိတ်ခေါ်သံ ထွက်ပေါ်လာပါတော့တယ်။

## တစ်နေ့ ၄-ကြိမ်

ဆရာတော်ကြီး အဲဒီလိုတရားဟောတဲ့ အကြိမ်ဟာ အနည်းဆုံးနေ့မှာ နံနက် ၂-နာရီ တစ်ကြိမ်၊ ၆-နာရီတစ်ကြိမ်နဲ့ နေ့ ၁-နာရီ တစ်ကြိမ်၊ ညနေ ၄ နာရီတစ်ကြိမ် တစ်နေ့ လေးကြိမ် ရှိပါတယ်။ ပရိသတ်များတဲ့အခါတွေမှာ ရင်ပြင်ပေါ်မှာ ရောက်နှင့်နေတဲ့ ပရိသတ်က ပြည့်နေပြီး နောက်ရောက်လာတဲ့ ပရိသတ်တွေအတွက် ရင်ပြင်တော်မှာ နေရာပြည့်ကျပ်နေတော့မယ် ဆိုရင်လည်း ဆရာတော်အနားလုပ်ကျွေးနေတဲ့ ဦးပဉ္စင်းနဲ့ ကပ္ပိယတို့က ဆရာတော်ကို လျှောက်ထားလိုက်ရင် ဆရာတော်ကြီး ဆင်းလာပြီး တရားဟောပေးရတာပါပဲ။

ဘာလို့လဲဆိုတော့ အရင်ရောက်နှင့်တဲ့ ပရိသတ်ကြီးကလည်း ဆရာတော်ကြီးကို မဖူးတွေ့ကြရရင် ရင်ပြင်တော်ပေါ်က နေရာဖယ်ပေးမှာ မဟုတ်၊ နောက်ရောက်လာတဲ့ ပရိသတ်ကြီးကလည်း ရင်ပြင်တော်ပေါ် အမြန်ရောက်ချင်ကြတာကို ဆရာတော်ကြီးက လိုက်လျောဆောင်ရွက်ပေးတဲ့ သဘောပါပဲ။ ပရိသတ်သိပ်များတဲ့

http://www.dhammadownload.com



ရက်တွေမှာဆိုရင် ဆရာတော်ဘုရား တရားဟောရတာဟာ တစ်နေ့တည်း ရှစ်ကြိမ်လောက်ထိတောင် ရှိတယ်လို့ ဆိုပါတယ်။

ဆရာတော်ကြီးဟာ ပရိသတ်ကို တရားဟောရုံတွင် မကသေးပါဘူး။ အနီးပတ်ဝန်းကျင်မှာ ရှိကြတဲ့ ဆရာတော်ကြီးရဲ့ စီမံအုပ်ချုပ်မှုကို ခံယူပြီး လုပ်ဆောင်ရွက်နေတဲ့ သာသနိက အဆောက်အဦတွေ၊ နေရာဒေသတွေကိုလည်း ကားနဲ့ လှည့်လည်ကြည့်ရှုပြီး ဩဝါဒပေး၍ဖြစ်စေ၊ လိုအပ်တာ ညွှန်ကြားလို့ဖြစ်စေ စောင့်ရှောက် စီမံပေးပါတယ်။ ဒါက ဆရာတော်ကြီးရဲ့ တစ်နေ့တာ လောကတ္ထစရိယ ဉာတတ္ထစရိယ များသာ ဖြစ်ပါတယ်။

'မပျင်းနဲ့၊ ခုလည်းမပျင်းနဲ့ နောင်လည်းမပျင်းနဲ့' ဆိုတဲ့ ဆောင်ပုဒ်ကို လက်ကိုင်ထားတဲ့ ဆရာတော်ကြီးဟာ မိမိကိုယ်ပိုင်အချိန်မှာ တခြားဘယ်လို အသုံးချ ဆောင်ရွက်နေတယ်ဆိုတာကတော့ **ပစ္စတ္တံ ဝေဒိတဗ္ဗော ဝိညူဟိ**ဆိုတဲ့ တရားဂုဏ်တော် အတိုင်းပဲ ကိုယ်တိုင်သာ သိရှိနိုင်မယ့်ကိစ္စ ဖြစ်ပါတယ်။

## သာမညတောင်ရောက်ရင် ချမ်းသာရမယ်

ဒါဟာ သာမညတောင်ရဲ့ ကြွေးကြော်သံတစ်ခုလို့ အများပြောစမှတ်ရှိနေတဲ့ စကားတစ်ရပ် ဖြစ်ပါတယ်။

ဘာတွေချမ်းသာမလဲ၊ ဘယ်လိုချမ်းသာမလဲ။

သာမညတောင်ဟာ မြေပြင်ကနေ တောင်ထိပ်အထိ စောင်းတန်းအတိုင်း တက်သွားရင် အရွယ်အလတ်များအတွက် ၁၀–မိနစ်ခန့် တက်ရပါတယ်။ အသက်အရွယ် ကြီးရင့်သူများကတော့ မိနစ်

http://www.dhammadownload.com



၂၀–လောက် တက်ရပါတယ်။ (ခုတော့ တောင်ထိပ်အထိ ကားနဲ့ တက်လို့လည်း ရပါပြီ။) တောင်ထိပ်ကို ရောက်တယ် ဆိုရင်ပဲ ကြည်ညိုဖွယ်ရာစေတီ နှစ်ဆူနဲ့ အရိပ်အာဝါသ အေးမြလှတဲ့ ရင်ပြင်တော်တို့မှာ အေးဆေး ချမ်းသာစွာ အနားယူနိုင်ပါပြီ။ သားငါးအနံ့တို့ လုံးဝကင်းစင်တဲ့ ပတ်ဝန်းကျင်မှာ ဆိုးဝါးတဲ့ အနံ့အသက် လုံးဝ မရှိသလို ခြင်နဲ့ ယင်တို့ကိုလည်း လုံးဝ မတွေ့ရပါဘူး။ ခဏနားနေတုန်းမှာပဲ ထမင်းစားဆောင်ဘက်က "ဘုရားဖူး ဆွေမျိုးများခင်ဗျား ထမင်းစားဖို့ အသင့်ပြင်ဆင်ပြီး ရှိနေပါပြီ။ အမောပြေပြီးရင် ထမင်းစားကြွကြပါ" ဆိုတဲ့ ဖိတ်ခေါ်သံကလည်း အဆက်မပြတ် ထွက်ပေါ်နေပါတယ်။

အေးမြသန့်စင်တဲ့ ပတ်ဝန်းကျင်ကြောင့် ကာယသုခ အပြည့်အဝ ရနိုင်သလို တည်းခိုစားသောက်ရေးမှာ စိတ်ပါလက်ပါ ဖော်ဖော်ရွေရွေ ဖိတ်ခေါ်ဆောင်ရွက်ပေးကြတဲ့ သာမညတောင် ဝေယျာဝစ္စအဖွဲ့ဝင်တွေကြောင့်လည်း စိတ္တသုခချက်ချင်း ရကြပါတယ်။

ဆရာတော်ကြီးကို ဖူးတွေ့ကန်တော့ပြီး တရားနာကြ၊ လျှောက်ထားကြပြီဆိုရင်တော့ ဆရာတော်ကြီးရဲ့ ကြည်လင်အေးမြတဲ့မျက်နှာ၊ သာယာအေးငြိမ်းပြီး ကရုဏာဓာတ် ပြည့်ဝတဲ့ အသံနဲ့ ပရိသတ် ကျေနပ်ချမ်းသာလောက်အောင် စိတ်ရှည်လက်ရှည် လိုက်လျောဆောင်ရွက်ပေးတာတွေကြောင့် ကိုယ်ရောစိတ်ပါ ချမ်းသာအေးမြပြီး ရောက်လာသမျှ ပရိသတ်အားလုံး မေတ္တာဓာတ် ကူးစက်ပျံ့နှံ့သွားသလား အောက်မေ့ရပါလိမ့်မယ်။

http://www.dhammadownload.com



သာမညကအပြန်မှာ အမျိုးမျိုး အဖုံဖုံ ချမ်းသာကြပုံတွေကတော့ သာမညတောင်ကို တစ်ကြိမ်ရောက်ပြီးသူတိုင်း အကြိမ်ကြိမ်ရောက်လိုကြသူတွေ ရောက်လာကြသူများရဲ့ ကိုယ်တွေ့တွေ မြောက်မြားစွာ ရှိပါတယ်။

ဒါကြောင့်လည်း ဆရာတော်ကြီးက "သာမညကို လာရင် အန္တရာယ်မရှိစေရဘူး၊ အနှောင့်အယှက် မတွေ့စေရဘူး" စသည်ဖြင့် မိန့်ကြားထားခြင်း ဖြစ်ပါတယ်။ အန္တရာယ် ဆိုတာ အမျိုးအစားများစွာ ရှိပါတယ်။ ဒီများလှတဲ့ အန္တရာယ်တွေကို ရည်ရွယ်ပြီး မိန့်ကြားတာ ဖြစ်တဲ့အတွက် အန္တရာယ် မရှိရင် ချမ်းသာမယ်။ လိုအင်ဆန္ဒ ပြည့်ဝမယ်ဆိုတာ အထူးပြောစရာ မလိုတော့ပါဘူး။ ရောက်အောင်သာ သွားကြည့်ပါ။ ဒိဋ္ဌဓမ္မ ဟုတ်မဟုတ် ကိုယ်တိုင် သုံးသပ်ဆုံးဖြတ်နိုင်ပါလိမ့်မယ်။

## စကားထဲက တရား

### ချမ်းသာချင်ရင် မေတ္တာပွားကြ

သာမညဆရာတော်ကြီးရဲ့ လက်သုံး ဆောင်ပုဒ်တစ်ခုကတော့

မပျင်းနဲ့၊ ခုလည်းမပျင်းနဲ့၊ နောင်လည်းမပျင်းနဲ့–တဲ့

တချို့ဒကာ ဒကာမတွေက ဆရာတော်ကြီးထံမှာ ကြီးပွားတိုးတက်ရေးအတွက် ဂါထာမန္တန်ကောင်းရှိရင် ပေးဖို့ လျှောက်ထားဟန် တူပါတယ်။ ဒါနဲ့ ဆရာတော်ကြီးက အထက်ပါ ဆောင်ပုဒ်ကိုပဲ ဦးခံပြီးတော့ –

ဦး မပျင်းနဲ့၊ ခုလည်းမပျင်းနဲ့၊ နောင်လည်း မပျင်းနဲ့၊ ဖွံ့–သွားဟာ–လို့ အမြဲမပြတ်ရွတ်လို့ အမိန့်ရှိပါသတဲ့။ ဒါကို ဆရာတော်

http://www.dhammadownload.com



ဘုရားကြီး အမြဲပေးလေ့ ရှိတဲ့ မန္တန်ဆိုပြီး ကျောက်စာထဲမှာတောင် ထည့်ရေးထားပါတယ်။

အမှန်ကတော့ မေတ္တာကမ္မဋ္ဌာန်းနဲ့ လမ်းဆုံးအောင် လျှောက်လို သူတိုင်းအတွက် မေတ္တာသုတ်မှာ မေတ္တာရှေ့ပြေး အဖြစ် လိုက်နာရမယ့် အချက်တွေ ထဲက ပထမဆုံး အချက်ကို အများနားလည်လွယ်အောင် မြန်မာဘာသာနဲ့ ဆရာတော်ကြီးက ဆောင်ပုဒ်အဖြစ် ကိုယ်တိုင်လည်း လိုက်နာ၊ သူတစ်ပါးတို့ကိုလည်း ဆုံးမတာ ဖြစ်ပါတယ်။

မေတ္တာရဲ့ ရှေ့ပြေးလိုက်နာစရာတွေထဲမှာ ပထမဆုံး အချက်က **"သက္ကောစ"** တဲ့။

သက္ကောစဆိုတာ မိမိအကျိုး သူတစ်ပါးအကျိုးအတွက် မပျင်း မရိ မငြင်းဆန်ဘဲ လုပ်နိုင်စွမ်းရှိသူ ဖြစ်ရမယ်လို့ ညွှန်ပြပါတယ်။ ဘယ်သူမဆို အထွတ်အထိပ် ရောက်လိုတယ်ဆိုရင် လုပ်သင့် လုပ် ထိုက်တဲ့ ကိစ္စကို ဆင်ခြေဆင်လက်တွေ ပေးမနေဘဲ မပျင်းမရိ မငြင်းမဆန် ကြိုးစားလုပ်ကိုင်နိုင်စွမ်း ရှိရမှာ ဖြစ်ပါတယ်။ အလုပ်ရွေး အချိန်ရွေးနဲ့ ဖင့်နွှေးပျင်းရိနေမယ် ဆိုရင်တော့ ပျင်းရိတဲ့လူ ရှုံးကြွေး ထူရုံပဲ ရှိမှာပဲ။ ဘယ်တော့မှ အောင်မြင်ကြီးပွားမှာ မဟုတ်ပါဘူး။

ဆရာတော်ကြီးဟာ မေတ္တာလမ်းနဲ့ စတင်ပြီး အမြင့်ဆုံး ပန်း တိုင်ထိ ရည်မှန်းထားတဲ့ ပုဂ္ဂိုလ်ဖြစ်တဲ့ အတိုင်း မပျင်းမရိ အချိန်ပြည့် ကြိုးစားခဲ့လို့ အခုလက်ရှိ သာမညတောင်မှာ တွေ့မြင်နေရတဲ့အောင် မြင်မှုကို အချိန်ကာလဆယ်စုနှစ် တစ်ခုစာလောက်မှာ အံ့သြလောက် အောင် ရရှိခဲ့တာပါပဲ။ ဒါကြောင့်လည်း ဆရာတော်ကြီးထံ အောင်မြင်

http://www.dhammadownload.com



နေရးအတွက် အဆောင်တောင်း တောင်းကြသူတွေကို အထက်ပါ ဆောင်ပုဒ်ကို ပေးလေ့ရှိပါသတဲ့။

အမှန်ကတော့ မပျင်းနဲ့၊ ခုလည်းမပျင်းနဲ့ နောင်လည်း မပျင်းနဲ့ ဆိုတာ အောင်မြင်ကြီးပွားလိုသူတိုင်း အတွက် အရေးပါတဲ့ လမ်းညွှန်သြဝါဒ တစ်ခု ဖြစ်ပါတယ်။ ဒါပေမယ့် လူတွေကတော့ လမ်းညွှန်ချက်အဖြစ် ခံယူပြီး လိုက်နာရကောင်းမှန်း မသိဘဲ တကယ်ပဲ ဒီစာပိုဒ်ကို ဦးခုံရွတ်နေရုံနဲ့ ကြီးပွားတိုးတက်မယ်ထင်ပြီး နှုတ်က တဖွဖွ ရွတ်ရုံရွတ်နေကြသူတွေလည်း မနည်းဘဲ ရှိကြမှာပါ။ (ကိုယ့်အသံ ကိုယ်မကြား ကိုယ့်စကား အဓိပ္ပာယ် ကိုယ်မသိကြတဲ့ စောင်းသမားနားထိုင်းတွေကလည်း အများသားကလား)။ အလုပ်မလုပ်ဘဲ အချောင်ကြီးပွားလိုသူတွေ အတွက် ဆရာတော်ကြီးရဲ့ ဆုံးမချက်ကတော့ ထိထိမိမိကလေးပါပဲ။

## ချမ်းသာချင်သလား – မေတ္တာပွား

ဆရာတော်ကြီး တရားဟောတဲ့ အခါတိုင်းမှာလိုလို – ကြီးပွားချမ်းသာချင်ရင် မေတ္တာဘာဝနာ များများပွားကြလို့ ဟောကြားဆုံးမလေ့ ရှိပါတယ်။ မေတ္တသုတ်မှာ မေတ္တာဘာဝနာပွားများသူများမှာ မေတ္တာရှေ့ပြေး အဖြစ် လိုက်နာစရာ ကျင့်စဉ် ၁၅–မျိုးကို မြတ်စွာဘုရား ဟောကြားထားပါတယ်။

၁။ **သက္ကောစ** = ဆိုတာ အထက်မှာ ပြောခဲ့တဲ့ အတိုင်း မပျင်းမရိ လုပ်ကိုင်နိုင်စွမ်း ရှိသူ ဖြစ်ရမယ်လို့ ဆိုလိုတာပါ။

http://www.dhammadownload.com



၂။ **ဥဇုစ** = ကိုယ်ရောနှုတ်ပါ ဖြောင့်မတ်သူလည်း ဖြစ်ရမယ်။ သထာဝါဒီ တထာကာရီ၊ ယထာကာရီ တထာဝါဒီ–ဆိုတဲ့ အတိုင်း အပြောနဲ့အလုပ် ကိုက်ညီသူ ဖြစ်ရမယ်။ သူတစ်ပါးကို လိမ်လည် လှည့်ဖျားသူမျိုး မဖြစ်ရပါဘူး။

အပြောနဲ့အလုပ် ကိုက်ညီရေးဟာ ကြီးပွားတိုးတက်ရေးမှာရော သူ့ဂုဏ်သိက္ခာအတွက်ပါ အလွန် အရေးပါလှပါတယ်။ ပါးစပ်က ကြီးပွားလိုကြောင်း ပြောနေပြီး ကြီးပွားရေး အလုပ်မျိုးကို မလုပ်ဘဲ ဆင်းရဲကြောင်း အလုပ်တွေ လုပ်နေပြန်ရင်လည်း အပြောနဲ့အလုပ် မကိုက်ညီပြန်ပါဘူး။ ဒီလိုဆိုရင်လည်း မေတ္တာရဲ့ အခြေခံ ကျင့်စဉ် ချွတ်ယွင်းသူလို့ ဆိုရမှာပါပဲ။

၃။ **သုဥဇုစ** = စိတ်ထားဖြောင့်မှန်သူလည်း ဖြစ်ရပါတယ်။

သတ္တဝါတွေအပေါ်မှာ မေတ္တာစိတ် ပွားများတဲ့အခါ အမှန် တကယ်ပဲ သတ္တဝါတွေအပေါ်မှာ ကျရောက်ကြုံတွေ့ရမယ့် ဒုက္ခကို မလိုလားတဲ့ စိတ်ဓာတ်၊ ချမ်းသာကြီးပွားမှုကို လိုလားတဲ့ စိတ်ဓာတ်ကို ဖြောင့်ဖြောင့်မတ်မတ် ထားရှိရမှာ ဖြစ်ပါတယ်။

ကိုယ်ချမ်းသာရေး အတွက်ကိုသာ ကြည့်ပြီး စီးပွားတိုးဖို့ လာဘ်လာဘဖြိုးဖို့လောက်အတွက်သာ မေတ္တာသုတ်ကို ရွတ်ဆိုတာတို့၊ သက်သတ်လွတ်စားပြတာတို့ မဟုတ်ဘဲ သတ္တဝါတွေ သေကြေပျက်စီး မှာကို မလိုလားတဲ့အတွက် ရှောင်ကြဉ်တာမျိုး ဖြစ်ရမယ်လို့ ဆိုလို ပါတယ်။

မေတ္တာပို့သရာမှာလည်း ပါးစပ်ကသာ "သတ္တဝါတွေ ကျန်းမာ ချမ်းသာကြပါစေ"လို့ဆိုပြီး တကယ်တမ်း ဒုက္ခရောက်နေတဲ့ သတ္တဝါ

http://www.dhammadownload.com



တို့ကို တွေ့ကြုံတဲ့အခါမှာတော့ အဲဒီသတ္တဝါ ဒုက္ခက လွတ်ရာ လွတ်ကြောင်း ဘာမှ ကူညီဆောင်ရွက်ပေးခြင်း မရှိဘူးဆိုရင် ဒီပုဂ္ဂိုလ်မျိုးရဲ့ ပါးစပ်ကရွတ်တဲ့ မေတ္တာပို့ဟာ အမှန်တကယ် ဖြောင့်မတ်တဲ့ မေတ္တာလို့ မဆိုနိုင်ပါဘူး။ အဲဒီလို မဖြစ်အောင် ဖြောင့်မတ်တဲ့ စိတ်ဓာတ်ရှိရမှာပါ။

၄။ **သုဝစော** = ဆိုဆုံးမလွယ်သူ၊ (ဝါ) မိဘ၊ ဆရာသမား၊ မိတ်ကောင်းဆွေကောင်းတို့ရဲ့ ဆုံးမစကားကို မငြင်းမဆန် အလွယ်တကူ လက်ခံ နာယူလွယ်သူလည်း ဖြစ်ရပါတယ်။ လောကမှာ ဆိုဆုံးမတာကို အလွယ်တကူ ကျိုးကျိုးနွံနွံ လိုက်နာကြသူများသာ ကြီးပွားချမ်းသာပြီး လိုရာကိစ္စ ပြီးစီးနိုင်ကြပါတယ်။

၅။ **မုဒု** = ကိုယ်နှုတ်နှလုံး သုံးပါးလုံး နူးညံ့ပျော့ပြောင်းသူ ဖြစ်ရပါတယ်။ ဆတ်ဆတ်ထိမခံ ကြွတ်ဆတ်ဆတ် မာကျောကျော ပြောဆိုပြုမူတတ်သူ မဖြစ်စေဘဲ အချိန်အခါ ကာလဒေသအလိုက် အသက်ဂုဏ် ကြီးငယ်အလိုက် နိမ့်ချမှုရှိလေ့ထတ်သူလည်း ဖြစ်ရမယ်လို့ ဆိုပါတယ်။

၆။ **အနတိမာနီ** = မာန်မာနထောင်လွှား မြင့်မောက်မှု မရှိသူ၊ အောက်ခြေမလွတ်သူလည်း ဖြစ်ရပါမယ်။ ကြီးမားတိုးတက်မှု အတွက် အကြီးမားဆုံး အတားအဆီးဟာ ကိုယ့်ကိုကိုယ် ရှိတာထက် ပိုတွက်ပြီး အောက်ခြေလွတ်ခြင်းပါပဲ။ တကယ်ကြီးပွား အောင်မြင်ချင်ရင် ဒီစိတ်ဓာတ်မျိုး ကင်းစင်ရမယ်လို့ ဆိုလိုပါတယ်။

၇။ **သန္တုဿကောစ** = ရောင့်ရဲ တင်းတိမ် တတ်သူလည်း ဖြစ်ရမယ်။ မိမိရဲ့ ကိုယ်စွမ်း၊ ဉာဏ်စွမ်း၊ လုံ့လစွမ်း ရှိသလောက်

http://www.dhammadownload.com



ကြိုးစားအားထုတ်လို့ ရတာနဲ့ ကျေနပ်နိုင်သူမျိုး ဖြစ်ရမယ်။ ရေခဲရေ ရောင်းပြီး ကုမ္ပဏီပိုင်ရှင်ကြီးလောက် ဝင်ငွေကောင်းချင်သူမျိုး မဖြစ်ရဘူး။ ကုမ္ပဏီပိုင်ရှင်လောက် ဝင်ငွေကောင်းချင်ရင် သူလို ဖြစ်အောင် ကြိုးစားသူမျိုးသာ ဖြစ်ရပါမယ်။ ဆရာတော်ကြီး ပောာ ပောာနေတဲ့ "မအောင့်နိုင်ကြလို့ ဒုက္ခရောက်ကြတာ" ဆိုတဲ့ စကားပောာ မရောင့်ရဲလို့ ဆင်းရဲနေကြတာကို ဆိုလိုတာပါပဲ။ ဒါကြောင့် စွမ်းနိုင်သလောက် လုပ်ကိုင်ပြီး လုပ်နိုင်သမျှထက်ပိုပြီး လိုချင်တဲ့စိတ်ကို ချိုးနှိမ်အောင့်အီးနိုင်စွမ်း ရှိရမယ်။ ရောင့်ရဲနိုင်စွမ်း ရှိရမယ်။

၈။ **သုဘရောစ** = မွေးမြူပေါင်းသင်း လွယ်သူ ဖြစ်ရမယ်ဆိုတာ – အပူပေးတော့ အအေးကို တောင့်တ၊ အချဉ်ရတော့ အချိုလို၊ သူတစ်ပါးဆိတ်ဆိတ် ငြိမ်ငြိမ်နေတော့ ကိုယ်ကသိချင်းအော်ဆို၊ သူများဆိုသံကြားတော့ ကိုယ်ကနားညည်း ဆိုတဲ့ လူမျိုး မဖြစ်စေရဘူး။ အလိုက်သိသူ သူတစ်ပါးအတွက် အနစ်နာခံသူ ကိုယ့်တစ်ကိုယ်ရေ ဆန္ဒကို ချိုးနှိမ်စွမ်း ရှိသူမျိုး ဖြစ်ရပါမယ်။

၉။ **အပ္ပကိစ္စောစ** = ကိစ္စနည်းပါးသူ ဖြစ်ရမယ်ဆိုတာ ကြီးပွားရာ ကြီးပွားကြောင်း အလုပ်တွေ များများ မလုပ်ရဘူးလို့ ဆိုလိုတာ မဟုတ်ပါဘူး။ ကိစ္စတစ်ခု အပေါ်မှာ စူးစူးစိုက်စိုက် တည်တည်ငြိမ်ငြိမ်နဲ့ လုပ်ကိုင်ရမယ်လို့ ဆိုလိုတာပါ။ ထွန်ယက်စိုက်ပျိုးချိန်ရောက်မှ အိမ်ပြင်၊ အရောင်းအဝယ်ကောင်းမှ ဘုရားဖူး၊ ခရီးထွက်၊ ဘုရားဝတ်ပြုချိန်မှာ စကားပြော၊ ကြီးပွားရေး စီးပွားရေး တိုင်ပင်ဆွေးနွေးကြတော့မှ ပုတီးစိပ်၊ အိပ်ချိန်မှာ လျှောက်လည်၊ အလုပ်လုပ်ချိန်ကြတော့ အိပ်ငိုက်ဆိုတာမျိုး မဖြစ်စေဘဲ သူ့အချိန်နဲ့သူ

http://www.dhammadownload.com



တစ်ချိန်မှာ အလုပ်တစ်ခုကို ရှူးရှူးစိုက်စိုက် လုပ်ကိုင်တတ်သူ ဖြစ်မှ ကြီးပွားအောင်မြင်မယ်လို့ ဟောလိုရင်း ဖြစ်ပါတယ်။

၁၀။ **သလ္လဟုက ဝုတ္တိစ** = အသက်မွေးမှု ပေါ့ပါးသူ ဖြစ်ရမယ်တဲ့။ အလုပ်ကြီး အကိုင်ကြီး မလုပ်နဲ့လို့ ဆိုလိုတာ မဟုတ်ပါ။ မနိုင်ဝန် မထမ်း၊ မကျွမ်းရာကို မလုပ်ဖို့နဲ့ ဟန်တစ်ခါပြင် ရွှေစင်ဆယ်တင်း ဆိုသလို တစ်ခါ ခရီးသွားရမှာလေးတောင် ပြင်ဆင်မပြီး ဝန်စည်စလွယ်မပြီးလောက်အောင် ကိန်းကြီးခန်းကြီး မနိုင်ရာဘူးလို့ ဆိုလိုပါတယ်။ မနိုင်ရာလုပ်၊ မတန်ရာပြော တစ်ခွန်းကြောအပြောသန် အများအော့ကြောလန်သူ မဖြစ်အောင် တန်ရာပြော တန်ရာလုပ် နိုင်သမျှဝန်ကိုသာ ဆောင်ရွက်လုပ်ကိုင်တတ်သူ ဖြစ်ရမှာပါ။

၁၁။ **သန္တိန္ဒြိယောစ** = ဣန္ဒြေအေးမြ ငြိမ်သက်သူ ဖြစ်ရမယ်တဲ့။

အထက်မှာ ကိုယ်နှုတ်နှလုံး သုံးပါးလုံး နူးညံ့ရမယ်လို့ အကျဉ်းဆိုခဲ့ပါတယ်။ မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်စိတ်ဆိုတဲ့ ဣန္ဒြေခြောက်ပါးလုံး အေးမြငြိမ်သက်ရမယ်ဆိုတာ အသစ်အဆန်း မြင်သမျှ ကြားသမျှ မြင်ချင်ကြားချင် ဝတ်စားပျော်ပါးချင်တဲ့ လောဘပူ၊ ဒေါသကပူတွေ ကင်းဝေးရအောင် တန်ရုံ ဝတ်စား၊ တန်ရုံပျော်ပါးရပါမယ်။ တန်ဆေး လွန်ဘေး ဆိုတဲ့ စကားအတိုင်း လွန်ပြီး ဘေးမဖြစ်အောင် ဣန္ဒြေခြောက်ပါးလုံး သတိနဲ့ထိန်းချုပ် ဉာဏ်နဲ့အုပ် သမာဓိနဲ့ အေးအောင်လုပ်ရမယ်လို့ ဆိုလိုပါတယ်။

၁၂။ **နိပကောစ** = ဉာဏ်ပညာ ရင့်ကျက်သူ ဖြစ်ရမယ်။ ဆိုလိုတာက ပညာဆိုတာ ဘွဲ့ဒီဂရီတွေကို ဆိုလိုတာ မဟုတ်ပါဘူး။

http://www.dhammadownload.com



မိမိ စားဝတ်နေရေးအတွက် သူတစ်ပါးပြောမှ သိတတ်၊ ခိုင်းမှ လုပ်တတ်သူမျိုး မဟုတ်ဘဲ ကိုယ်ပိုင်အသိ ကိုယ်ပိုင်စွမ်းရည်နဲ့ လုပ်ကိုင်တတ်သူ ကာလဒေသကို ချင့်ချိန်နားလည်ပြီး လောကရေး ဓမ္မရေးမှာ ရင့်ကျက်တဲ့ အသိဉာဏ်ရှိသူ ဖြစ်ရမယ်လို့ ဆိုလိုပါတယ်။

၁၃။ **အပ္ပဂဗ္ဘော စ** = ကိုယ်နှုတ်စိတ် တောင့်တင်းခက်ထန်ခြင်း ကင်းသူ ဖြစ်ရမယ်။ အသွားအလာ ကြမ်းတမ်း အပြောအဆိုကြမ်းတဲ့ ကိုယ်ကြမ်း နှုတ်ကြမ်း စိတ်ထားကြမ်းသူမျိုး မဖြစ်ဖို့ပါ။ သူတစ်ပါးကို တိုးလို့ဝှေ့လို့ ဘယ်သူ့ကိုမှ ဂရုမထား ကိုယ်လိုရာ ကိုယ်ရောက်အောင် သွားလာတတ်သူ ဘယ်သူ ထိခိုက်ထိခိုက် ကိုယ်ကြိုက်သလို ကိုယ်ပြော ဘယ်သူ့အတွက်မှ ထည့်တွက် ငဲ့ကွက်ခြင်း မရှိသူမျိုး မဖြစ်စေဘဲ သူကျိုးကိုယ်ကျိုး သူ့စိတ်ချမ်းသာမှု ကိုယ့်စိတ်ချမ်းသာမှုအတွက် မျှတငဲ့ကွက်ပြီး ပြုမူပြောဆို ကြံစည်တတ်သူမျိုး ဖြစ်ရမယ်လို့ ဆိုလိုပါတယ်။

၁၄။ **ကုလေသွနနုဂိဒ္ဓေါ စ** = အမျိုးစွဲကြီးသူ မဖြစ်ရဘူးတဲ့။ ဆိုလိုတာကတော့ ရဟန်းဖြစ်ရင်လည်း ဒကာ ဒကာမ ငဲ့ကွက် တွယ်တာပြီး တရားအပျက်မခံဖို့ ပညာရှာ ထွက်သင့်လျက်နဲ့ ဆွေမျိုး ရပ်ရွာ မခွဲခွာရက်လို့ ပညာပျက်ရတာမျိုး မဖြစ်စေဖို့နဲ့ လူဖြစ်ရင်လည်း ကြီးပွားချမ်းသာဖို့ အလုပ်အကိုင် အခွင့်အလမ်း ကြုံပါလျက်နဲ့ အိုးမကွာ အိမ်မကွာ ရပ်ရွာကို မခွဲခွာနိုင်သူ မဖြစ်စေဘဲ အသက်အရွယ် အလိုက် အခွင့်အခါကို အသုံးချ စွန့်စားနိုင်သူမျိုး ဖြစ်ရပါတယ်။

၁၅။ **န စ ခုဒ္ဒ မာစရေ ကိဉ္စိ၊ ယေန ဝိညူ ပရေ ဥပဝဒေယျုံ**–
ပညာရှိတို့ ကဲ့ရဲ့စရာ အသေးအမွှား ချွတ်ယွင်းချက်များကိုပင် မပြု

http://www.dhammadownload.com



လုပ်ရဘူးတဲ့။ ဆွဲဂုဏ် မျိုးဂုဏ် မိမိဂုဏ် အမျိုးဘာသာ သာသနာတို့ရဲ့ ဂုဏ်ကို ထောက်ထားပြီး သူများတကာ ကဲ့ရဲ့စရာ ကိစ္စမျိုးလေးတွေနဲ့ ဓာတ်မရှုပ်ကြဖို့ပါ။ အရေပြားမှာ ဆုးခြစ်မိတာဟာ သေလောက်တဲ့ဒဏ်ရာ မဟုတ်ပေမယ့် ပကတိအရေကောင်း စတ်ပြတ်ရတဲ့ အတွက် ဒဏ်ရာအမာရွတ်တော့ ထင်ကျန်ရစ်တတ်စမြဲပါ။ ဒါကြောင့် မကောင်းမှုမှာ အသေးအမွှား ကလေးပဲရယ်လို့ မလေးမစား အလေးမထား မလုပ်သင့်ပါဘူး။ နတ်သုဒ္ဓါတစ်ခွဲရှိလျက်နဲ့ မစင်တစ်ပဲကြောင့် ပျက်ရတယ်ဆိုတဲ့ အဖြစ်မျိုး မရောက်စေဖို့ အရေးကြီးပါတယ်။

ဒီအချက် (၁၅)ချက်ဟာ မေတ္တာရဲ့ ရှေ့ပြေးဖြစ်တဲ့ အောင်မြင်ရေး ကျင့်စဉ်တွေ ဖြစ်ပါတယ်။ ဒီအချက်တွေနဲ့ စွမ်းနိုင်သမျှ ကိုက်ညီအောင် ကျင့်သုံးနေထိုင်ရင် မေတ္တာတရားလည်း ပြည့်ပြည့်စုံစုံ ကျယ်ကျယ်ပြန့်ပြန့် ထားရှိနိုင်လာပါပြီ။ အဲဒီလို မေတ္တာမျိုး ထားရှိနိုင်သူများမှာ မပြီးနိုင်တဲ့ ကိစ္စ၊ မပြည့်စုံနိုင်တဲ့ အချက်ရယ်လို့ မရှိနိုင်ပါဘူး။ ဘုရားရှင်ရဲ့ ဒီမေတ္တာ ဒေသနာတော်ကို ခြုံငုံပြီး ဆရာတော်ကြီးက ကြီးပွားချင်ရင် မေတ္တာ နာနာပွားကြလို့ တိုက်တွန်းဆုံးမတာပါ။ နာနာပွားဆိုတာ သူများမြင်ကောင်း ကြားကောင်း ရုံလောက် မဟုတ်ဘဲ တကယ်စိတ်စေတနာ ထက်ထက်သန်သန် ပွားရမယ်။ ကျင့်ကြံအားထုတ်ရမယ်လို့ ဆိုလိုရင်း ဖြစ်ပါတယ်။

## "ဝ–ရှိမှ ဝိ ဖြစ်သည်"

"ကရဏီယ အောက်၊ ဝလေးထောက်၊ ပုဂံရှင်ကြီး ထီးနှင့်ဖျောက်"ဆိုပြီး ထွက်ရပ်ပေါက် သိုက်စာဆိုတဲ့ ဆိုရိုးတစ်ခု ရှိပါတယ်။

http://www.dhammadownload.com



ကရဏီယအောက်ဆိုတဲ့ အပိုဒ်မှာ ကရဏီယ ဆိုတာကတော့ မေတ္တသုတ်ရဲ့ အစဖြစ်တဲ့ ကရဏီယ မတ္ထကုသလေန ဆိုတဲ့ ဂါထာကို ဆိုလိုတာ ထင်ရှားပါတယ်။

"အောက်"ဆိုတဲ့ စကားကို အဓိပ္ပာယ် ကောက်ဖို့ရာကတော့ စာပေကျမ်းဂန် အတော်အတန် ကျွမ်းကျင်မှ ဖြစ်မှာပါ။

အောက်+အထက် ခွဲခြားမှုနဲ့ ပတ်သက်လို့ စာပေမှာ နည်းနှစ်နည်း ရှိပါတယ်။ တကယ် အထက်နဲ့အောက် ရှိတဲ့နေရာမှာ မြင့်ရာကို "အထက်" နိမ့်ရာကို "အောက်"လို့ ယူရတာလည်း ရှိပါတယ်။ သစ်ပင်တက်ရာ ရောက်ခဲ့ပြီးတာကို အောက် မရောက်သေးတာကို အထက်လို့ ယူရသလို စာမှာ ဆိုခဲ့ပြီးတာကို အောက်၊ မဆိုရသေးတာကို အထက်လို့ ဒီလို အဓိပ္ပာယ် ကောက်ရတာမျိုးလည်း ရှိပါတယ်။ ဒီနည်းနဲ့ ကရဏီယရဲ့ အရင်က ဆိုခဲ့ပြီးတာကို အောက်လို့မှတ်ယူပြီး ဝ–အက္ခရာလေးလုံးကို လိုက်ရှာကြည့်မယ်ဆိုရင်တော့–

ယဿာနုဘာဝတော –မှာပါတဲ့ – ဝ

နေဝ ဒဿန္တိ–ထဲက – ဝ

ယမှိစေဝ–က – ဝ

ရတ္တိံဒိဝ – က – ဝ–ဆိုပြီး ဝလေးလုံး ရပါတယ်။ ဒီ "ဝ"လေးလုံးပါတဲ့ စာပိုဒ်တွေမှာ ညွှန်ပြတဲ့အဓိပ္ပာယ်တွေကတော့–

**ယဿာနုဘာဝတော** က – မေတ္တာတရားရဲ့ အာနုဘော်ကြောင့်လို့ အဓိပ္ပာယ်ရပါတယ်။

**နေဝဒဿန္တိ** – နက်များက ကြောက်စရာ ထိတ်လန့်စရာ အဆင်း၊ အသံ၊ အနံ့ စတဲ့ အာရုံတွေကို မပြသ မခြောက်လှန့်နိုင်ဘူး။

http://www.dhammadownload.com



**ယမိုစေဝ** – မေတ္တာတရားကိုသာ စွဲစွဲမြဲမြဲ မပြတ်မလပ် အားထုတ်ရမယ်လို့ ဆိုလိုတယ်။

**ရတ္တိံ ဒိဝ**–စတဲ့ စာပိုဒ်က နေ့ရောညဉ့်ပါ မပျင်းမရိ အားထုတ်ရမယ်ဆိုတဲ့ အဓိပ္ပာယ်ကို ညွှန်ပြပါတယ်။ သိုက်စာတို့ တဘောင်တို့ကို အဓိပ္ပာယ်ဖော်သူတွေကတော့ ဘယ်လို အဓိပ္ပာယ် ကောက်ကြမယ် မသိဘူး။ မေတ္တာသုတ်ရဲ့ အဲဒီဥယျောဇဉ်ဂါထာမှာ လာတဲ့အတိုင်း ဆိုရင် –

မေတ္တာဘာဝနာ အာနုဘော်ကြောင့် နတ်များက ကြောက်လန့်စရာ အာရုံများနဲ့ ခြောက်လှန့်ခြင်း မပြုလုပ်နိုင်ဘူး။ မေတ္တာဘာဝနာကို နေ့ညဉ့်မပြတ် မပျင်းမရိ အားထုတ်ခဲ့ရင် မေတ္တာရဲ့ အကျိုးအာနိသင်များ မလွဲမသွေ ရနိုင်မယ်လို့ အဓိပ္ပာယ်ရပါတယ်။

မေတ္တာရဲ့ အကျိုးအာနိသင်ဆိုတာ မေတ္တာသုတ်မှာ ညွှန်ပြတဲ့ မေတ္တာဘာဝနာ လမ်းစဉ်ကို အပြည့်အစုံ ပွားများ ကျင့်ကြံခဲ့ရင် မေတ္တာသုတ်နောက်ဆုံးမှာ ဘုရားရှင် ဟောကြားတော်မူတဲ့ "ဒိဋ္ဌိဉ္စ အနုပဂ္ဂမ္မ" စသည်နဲ့ အညီ ဥပါဒါန်တို့ ချုပ်ငြိမ်းပြီး ဒုက္ခဓာတ်သိမ်းရာ နိဗ္ဗာန်ထိ မျက်မှောက် ပြုနိုင်တဲ့ အကျိုးအာနိသင်ကို ရရှိနိုင်တာမို့ လောကီအကျိုးစီးပွားလောက်ကတော့ဖြင့် ဘာမှ အထူးပြောစရာတောင် မလိုတော့ပါဘူး။

## ဝ–တစ်လုံး အုန်းသီး

ဆရာတော်ကြီးကို "ဒီသာမည တောင်ပေါ်ရောက်စက ဘာများ ထူးထူးခြားခြား တွေ့လဲဘုရားလို့ မေးလျှောက်တဲ့အခါ ဆရာတော်

http://www.dhammadownload.com



ကြီးက "ထူးထူးခြားခြား အုန်းသီးမှာ ဝ–တစ်လုံးပေါ်နေတာကို ထင်ထင်ရှားရှား တွေ့ရကြောင်း (အဲဒီဝ လုံးပေါ်နေတဲ့ အုန်းသီးကို လာတဲ့လူတွေကိုလည်း တွေ့မြင်နိုင်အောင် ပြထားလို့ ခုထိလည်း တွေ့မြင်ရပါတယ်) ဒါနဲ့ သူလည်း ဝ–မရှိရင် ဝိမလုပ်နဲ့လို့ ဆိုကြတယ်။ အခု ဒီတောင်မှာ ဝ–ရှိနေပြီ။ ဝ–ရှိရင် ဝိလုပ်လို့ ရရမှာပေါ့။ ကိုယ်ဘွဲ့ကလည်း ဝိနယဆိုတော့ ဝိပါတာပဲ၊ ဒီနေရာဟာ မိမိအတွက် အောင်မြေပဲ ဖြစ်ရမယ်လို့ စဉ်းစားပြီး အောင်အောင်မြင်မြင် သာသနာ မပြုနိုင်သမျှ ဒီတောင်က မဆင်းတော့ဘူးလို့ အခိုင်အမာ သန္နိဋ္ဌာန်ချ ဆုံးဖြတ်လိုက်တာပါပဲတဲ့။

ဒီ–ဝ–တစ်လုံးဟာ "ကရဏီယအောက်၊ ဝလေးထောက်" ဆိုတဲ့ စကားထဲက ဝနဲ့တူများ တူနေမလားစတဲ့ တွေးလုံးတွေ ချဲ့ကြည့်မယ်ဆိုရင်တော့ တွေးမဆုံး ရေးမဆုံး ဖြစ်သွားမှာပါ။ ဘာပဲဖြစ်ဖြစ် ဆရာတော်ကြီးဟာ မေတ္တာဘာဝနာကို မနေရ ပွားများမကဘူး။ ရောက်လာကြသူတွေကို သတ္တဝါအချင်းချင်း မေတ္တာထားကြဖို့ ဝစီကံနဲ့ ဆုံးမ မေတ္တာစာတတ် အပြည့်ပါတဲ့ ဝစီကံ ဆုံးမစကားတို့ကို ပြောကြားတဲ့အပြင် ကာယကံမြောက် မေတ္တာဖြစ်ရေးအတွက် သူ့အသက်သတ်ဖြတ်ခြင်း ကင်းကြရအောင် "ဘေးမဲ့သက်ပယ် သာမညနယ်လို့" သတ်မှတ်ပြီး အသားလွတ်စားသုံး ကျင့်ကြံခဲ့ပါတယ်။

## သက်သတ်လွတ် စားခဲ့သည်မှာ

အမှန်ကတော့ အသားလွတ် စားသုံးခဲ့တာဟာ သာမည

http://www.dhammadownload.com



တောင်ပေါ်ကိုရောက်မှ မဟုတ်ပါဘူး။ ဝါတော် ၃၈–ဝါကတည်းက စပြီး ကျင့်သုံးခဲ့တာလို့ ဆရာတော်ကြီးက အမိန့်ရှိပါတယ်။ ဒီလို အသားလွတ် စားသုံးပြီး မေတ္တာတရားကို ကံသုံးပါးလုံး မြောက်အောင် ကြိုးစား အားထုတ်ခဲ့တဲ့အတွက် ဘာတွေထူးခြားပြီး ပြည့်စုံသလဲ ဆိုတာကတော့ အထူးပြောစရာ မလိုတော့ပါဘူး။

လွန်ခဲ့တဲ့ ဆယ့်သုံးနှစ်လောက်က တောကြီးမျက်မည်းထဲက သာမညတောင် ဆရာတော်ကြီး တစ်ထပ်စာဆွမ်း ရဖို့ကိုပင် နံနက် စောစောက ဆွမ်းခံထွက်ရင် ၉–နာရီလောက်မှ တောင်ပေါ် ပြန် ရောက်ရတဲ့ သာမညတောင်ဟာ ဒီနေ့ဆိုရင်ဖြင့် တစ်တောင်လုံး သာမက ပတ်ဝန်းကျင် တောင်များ ကျောင်းများနဲ့ တောင်ခြေက ကျေးရွာလမ်းမတွေအထိ လျှပ်စစ်မီးတွေ ထိန်ထိန်လင်းပြီး နေ့စဉ် မပြတ် အနယ်နယ် အရပ်ရပ်က လာကြတဲ့ ပရိသတ်တွေအတွက် တည်းခိုစရာ ဒ[illegible]ကိုက် အဆောက်အဦတွေ၊ တောင်ပေါ်အရောက် ချိုးရေ သုံးရေ လုံလောက်ရုံသာမက တစ်နေ့တစ်နေ့ ဆန်ဆယ်အိတ် လောက်အထိ နေ့စဉ်မပြတ် အသင့်ချက်ပြုတ်ကျွေးမွေး ဒါန ပြုနေ နိုင်တာတွေကို ကြည့်ရုံနဲ့ သိသာပါတယ်။

## ထူးအောင်လုပ်မှ ထူးသည်

ဆရာတော်ကြီးက 'ထူးခြားမှုဆိုတာ ထူးအောင်လုပ်မှ ထူး တာတဲ့'။ ထူးအောင်လုပ်ဆိုတာလဲ နည်းနာနိဿယထူးတွေကို ဆို လိုတာ မဟုတ်ပါဘူး။ ဆရာတော်ကြီးမှာ နည်းထူးရယ်လို့ ဘာမှ မတွေ့ရဘူး။ ဘုရားရှင် ဟောတော်မူတဲ့ မေတ္တာသုတ်လာ နည်းအတိုင်း

http://www.dhammadownload.com



ပါပဲ။ ထူးတာကတော့ ရည်မှန်းချက် မပြီးဆုံးသမျှ ဒီတောင်က ဘယ်ကိုမှ မရွှေ့ဆိုတဲ့ အဓိဋ္ဌာန်ကို အခိုင်အမာပြုပြီး မပျင်းမရိ ကြိုးစားအားထုတ်တဲ့ ဖွဲ့ လုံ့လပါပဲ။ ဒီလို သာမန်ထက် သာလွန် ထူးကဲတဲ့ ဖွဲ့လုံ့လကြောင့်သာ ဒီလို ထူးကဲတဲ့ အကျိုးတွေကို ရရှိ ခဲ့တာပါပဲတဲ့။

ဒီနေ့ သာမညတောင်ကို လာကြသူတွေထဲမှာ အများစုတို့ဟာ ထူးအောင်မလုပ်ဘဲ ထူးချင်ကြသူတွေကတော့ အားလုံးနီးပါး ဆိုရ မလောက်များ ရှိကြလေမလား ဆင်ရပါတယ်။

ဆရာတော်ကြီး တရားဟောတဲ့အခါ မျက်နှာကြည်ကြည် အသံအေးအေးနဲ့ ရိုးရိုး တရားလေးတွေကိုပဲ အေးအေးဆေးဆေး ဟောပြဆုံးမပါတယ်။ ဒါပေမယ့် ရေအေးနဲ့ရေပူတို့ ရောမိကြတဲ့အခါ ရေအေးက ဘာမှ မဖြစ်ပေမယ့် ရေပူကတော့ အခိုးအငွေ့ ထွက်စမြဲ ပါပဲ။ ဆရာတော်က ရိုးရိုးအေးအေး ဟောပြပြီး ဘာမှ အထူးအထွေ မဖြစ်ပေမယ့် လူတွေကတော့ သူတို့လိုသလို တွေးတောကြံဆပြီး လောဘပူ ဒေါသပူ မောဟပူတို့ရဲ့ အခိုးအငွေ့တွေ တလူလူ သောကပူ ထနေရတဲ့ လှုပ်လှုပ်ရွရွ အမူအရာတွေကို တွေ့နေရပါတယ်။ အခိုးအငွေ့တွေ ထွက်သွားပြီးရင် နောက်ထပ် အပူခိုးတွေ မဝင်အောင် ကြိုးပွားချင်ရင် မေတ္တာများများပွားဆိုတဲ့ ဆရာတော်ကြီးရဲ့ ဩဝါဒကို ဦးထိပ်ရွက်ဖို့ လိုအပ်ပါလိမ့်မယ်။

http://www.dhammadownload.com

# ပရိတ် ဂါထာ ဘာဝနာများ

ကျင့်ကြံပွားများ ရွတ်ဖတ်လိုသူတို့အတွက် သာမညတောင် ဆရာတော်ကြီး အမြဲပွားများလေ့ရှိသော ဂါထာ ဘာဝနာတို့ကို ဖော်ပြပါဦးမယ်။

## သတိရနေစေဖို့

ဆရာတော်ကြီးဟာ ကိလေသာ အစေးခါတ် ပြတ်ကုန်ပြီးဖြစ်တဲ့ အသေက္ခ ပုဂ္ဂိုလ် ရဟန္တာမြတ်တို့ရဲ့ဂုဏ်ကို ပူဇော်သောအားဖြင့် ပဋိသခ်ါယ အစချီသော ဂါထာကို အမြဲရွတ်ပွားလေ့ ရှိပါတယ်။

ဒီဂါထာဟာ သံသရာရဟတ် အဆက်ပြတ်သော ပုဂ္ဂိုလ်မြတ်တို့ရဲ့ အေးငြိမ်းပုံ၊ ချမ်းသာပုံ ချမ်းသာစစ်ကို ညွှန်ပြတဲ့ ဂါထာ ဖြစ်ပါတယ်။

ဆရာတော်ကြီးဟာ ဒီဂါထာကို ကိုယ်တိုင် ရွတ်ဖတ် ပူဇော် သလို လာရောက်ဖူးမြော်သူ ဒကာ ဒကာမများကိုလဲ ချီးမြှင့်ပါတယ်။ ...န်သူမျိုး ငါးပါးနဲ့ဆက်ဆံ ဝန်းရံနေတဲ့ လောကီစည်းစိမ် ချမ်းသာ ...ဘးလောက်တွင် ရပ်မနေကြနဲ့။ ချမ်းသာစစ်ရအောင် ယူကြဆိုတဲ့ ...တ္တာဖြင့် ချီးမြှင့်ခြင်း ဖြစ်ပါတယ်။

http://www.dhammadownload.com



ပဋိသင်္ခါယ ပနေ့တ မဒ္ဒုဝံ
အဓိဂန္တွာ ပဒမစ္စုတံ ဗုဓာ
သုသမုစ္ဆိန္န သိနေဟ ဗန္ဓနာ
သမမေသန္တိ စိရာယ သုဗ္ဗတာ။

## အဓိပ္ပာယ်မှာ

သံသရာစက်ရဟတ်၊ အဆက်ပြတ်ကိန်းကား၊ တိဟိတ်ပဋိဘာန်ပင်ကိုယ်ဉာဏ်ရှိသူတို့သည် ကြာမြင့်စွာသော ကာလပတ်လုံး သီလဖြူစင် မူတင်ကိုဖြည့်၊ သမာဓိကြောင့် ကောင်းသောအကျင့် ရှိကုန်သည်ဖြစ်၍ စိတ်စေတသိက် ပေါင်းကြိတ်တည်တွင် ဤဖြစ်ပုံ အစီအစဉ်ကို ဖြစ်ချည်ပျက်ချည် အမြဲမတည်ပါတကား–ဟူ၍ ဝိပဿနာဉာဏ်ပညာဖြင့် ထင်စွာသိမှု ကြည့်ရှုဆင်ခြင် ကြကုန်သည်ရှိသော် စုတေရွေ့လျော သေရခြင်းသဘော မရှိသော နိဗ္ဗာန်ကိုကြည့်မယ့်သွေ့ခြောက် ဖြတ်တောက်အပ်ပြီး တဏှာတည်း ဟူသော အစေးအဖွဲ့ရှိကြကုန်သည်ဖြစ်၍ သင်္ခါရခပ်သိမ်းတို့၏ ပြတ်ငြိမ်းရာမှန် အေးနိဗ္ဗာန်သို့ ဧကန်ထွက်မြောက် ရကုန်လိမ့်သတည်း ဟူ၍ ဖြစ်ပါတယ်။

## သစ္စာပြုဂါထာ

ခီဏံ ပုရာဏံ နဝနတ္ထိ သမ္ဘဝံ
ဝိရတ္တစိတ္တာ ယတိကေ ဘဝသ္မိံ
တေ ခီဏဗီဇာ အဝိရုဠ္ဟိဆန္ဒာ
နိဗ္ဗန္တိ ဓီရာ ယထာယံ ပဒီပေါ
ဣဒမ္ပိ သံဃေ ရတနံ ပဏီတံ
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။

http://www.dhammadownload.com



(ယေသံ ခီဏာသဝါနံ – အကြင်ရဟန္တာ အရှင်မြတ်တို့အား။ ပုရာဏံ – ရှေးကံဟောင်းစု၊ ကုသိုလ် အကုသိုလ်သည်။ ခီဏံ– သတ္တိ ကင်းချေ၊ ကုန်ပျောက်ခဲ့ရပေသည်။ နဝံ – အသစ်ဖြစ်သော ကံသည်လည်း။ နတ္ထိ သမ္ဘဝံ – ထင်ရှား ဖြစ်ပေါ်လာခြင်း အလျှင်း မရှိတော့ပေ။ အာယတိကေ ဘဝသ္မိံ – နောင်ဖြစ်ရမည့် ဘဝသစ်၌။ ဝိရတ္တစိတ္တာ– တွယ်တာမက်မောခြင်း ကင်းသောစိတ် ရှိတော်မူကြကုန်၏။ တေခီဏာသဝါ – ထိုရဟန္တာ အရှင်မြတ်တို့သည်။ ခီဏဗီဇာ – ကုန်ပြီးသော ပဋိသန္ဓေ မျိုးစေ့ ရှိတော် မူကြကုန်၏ ။အဝိရုဠိဆန္ဒာ – ဘဝဆက်တည်၊ စည်ပင်ရေးဝယ် တွယ်တာသော ဆန္ဒရှိ တော် မမူကြကုန်။ အယံ ပဒီပေါ – ဤဆီမီးသည်။ နိဗ္ဗာတိယထာ– ငြိမ်းလေဘိသကဲ့သို့။ ဓီရာ – ပညာရှိအစစ် ဖြစ်တော်မူကြကုန် သော။ တေခီဏာသဝါ – ထိုရဟန္တာ အရှင်မြတ်တို့သည်။ နိဗ္ဗန္တိ – သံသရာ စက်ရဟတ်၊ အဆက်ဖြတ်၍၊ ဓာတ်စုံရုပ်သိမ်း၊ ချုပ်ငြိမ်း တော်မူကြလေကုန်၏။ သံဃေ–ရဟန္တာ သံဃာတော်၌။ ဣဒမ္ပိရတနံ– ဤရတနာ၏အဖြစ် နှစ်သက်ဖွယ် ဂုဏ်ရည်သည်လည်း။ ပဏီတံ– ထူးမြတ်လှပါပေ၏။ ဧတေန သစ္စေန – ဤသစ္စာစကားကြောင့်။ သုဝတ္ထိဟောတု – သတ္တဝါတွေ ချမ်းသာကြပါစေသတည်း။

ဆရာတော်ကြီးရဲ့ မေတ္တာ၊ စေတနာ အဟုန်နဲ့ သစ္စာဂါထာ တော်၏ တန်ခိုးတော်ကြောင့် ချမ်းသာရာ ရကြသူတွေ များစွာ ရှိ တယ်လို့ ဆိုပါတယ်။ သစ္စာဖြင့် အောင်မြင်နိုင်ကြပါစေ။

သစ္စာစွမ်းအင်

အမှန်အတိုင်း ပြောဆိုသော စကားကို သစ္စာလို့ ခေါ်ပါတယ်။

http://www.dhammadownload.com



စာသုံးပေသုံး အနေနဲ့ကတော့ ဝစီသစ္စာပေါ့။ ပရိတ်ဂါထာတော်တွေမှာ 'ဧတေန သစ္စဝဇ္ဇေန'လို့ ဆိုတာ ဒီဝစီသစ္စာပါပဲ။ ဒီလိုအမှန်ကို အမှန်အတိုင်း ပြောဆိုရင် အဆိပ်ပြေတယ်။ မီးကွင်းစေတယ်။ ရောဂါဘယ ပျောက်တယ်။ မိုးရွာစေနိုင်တယ်။ ကောင်းကင်၌ တည်စေနိုင်တယ်လို့ ကျမ်းဂန်များမှာ ဆိုပါတယ်။

မိဘနှစ်ပါးနှင့် နတ်သမီးတို့ရဲ့ သစ္စာစကားကြောင့် အဆိပ်ပြေကာ မြားဒဏ်ရာ အနာပင် မထင်ဘဲ ပကတိ ကျန်းမာသွားသော သုဝဏ္ဏသာမ၊ ထို့အတူ မိဘနှစ်ပါးနဲ့ ရသေ့တို့ရဲ့ သစ္စာစကားကြောင့် အဆိပ်ပြေသွားသော ကဏှာဒီပါယနဇာတ်တို့ဟာ သစ္စာတန်ခိုး အရာမှာ အထင်အရှားဆုံး သာကေတွေပါပဲ။

သစ္စာဟာ အလွန်အံ့ဩဖို့ ကောင်းပါတယ်။ မဟာကပ္ပိနမင်းကြီးဟာ သစ္စာစကားနဲ့ပင် ရေပြင်ကို မြေပြင်ပမာ ဖြတ်သွားနိုင်ခဲ့ပါတယ်။ ကောင်းကင်တွင် မြေပေါ်မှာလို သစ္စာစကားနဲ့ထိုင်ပြနိုင်သူကိုတော့ ကဏ္ဍုဝါဟနဇာတ်မှာ တွေ့ရပါတယ်။ ဒါဟာ ဇာတ်တော်လာ သာကေတွေပါ။

ဗုဒ္ဓဘာသာဝင်တိုင်း ရင်းနှီးကျွမ်းဝင်ပြီးတဲ့ ပရိတ်ကြီး (၁၁)သုတ်ထဲမှာလဲ သစ္စာအကျိုးများကို တွေ့ရပါတယ်။ သစ္စာကြောင့် မီးကွင်းသွားသည့် ငုံးမင်း၏ အံ့ဖွယ်အဖြစ်ကို ဟောပြထားတဲ့ ခန္ဓသုတ်၊ သစ္စာကြောင့်ပဲ ကိုယ်ဝန် လွယ်ကူစွာ ဖွားနိုင်ခဲ့သည့် အံ့ဖွယ်အဖြစ်ကို ဟောပြထားတဲ့ အင်္ဂုလိမာလသုတ်တို့ ရှိပါတယ်။

သစ္စာရဲ့တန်ခိုး အကျိုးသတ္တိဟာ ဒါလောက်အထိ ကြီးမားလှပါတယ်။ဒါကို လက်တွေ့ကျကျ သိမြင်ထားတဲ့ သာမညဆရာတော်ကြီး

http://www.dhammadownload.com



ဟာ ရတနသုတ်လာ အထက်မှာ ဖော်ပြခဲ့တဲ့သစ္စာပြုဂါထာ တစ်ပုဒ်ကို အမြဲရွတ်ဆိုနှလုံးသွင်း ပွားများပြီး သာသနာ ပြုခဲ့တယ်လို့ ဆိုပါတယ်။

ဆရာတော်ကြီး သစ္စာပြုတဲ့ အချက်ဟာ စင်စစ်ကေန် မှန်သော အချက် ဖြစ်တဲ့အတွက် အဲဒီအချက်နဲ့ သစ္စာပြုခြင်းမှာ အန္တရာယ်ကင်း ချမ်းသာခြင်း အကျိုးကို မပြီးစေဘဲ မရှိနိုင်ပါဘူး။ ပြီးကို ပြီးနိုင်ကြောင်း ဂါထာက **'ဧတေန သစ္စဝဇ္ဇေန သုဝတ္ထိ ဟောတု'**ဆိုတဲ့ အပိုဒ်က အာမခံချက် ပေးထားပါတယ်။

အမှန်ပါပဲ။ သာမည ဆရာတော်ကြီးဟာ ဒကာ ဒကာမများ အပေါ် အလွန်မေတ္တာထားတဲ့ ဆရာတော် ဖြစ်တဲ့အတွက် ဒီဂါထာကို လက်ဆောင်ပေးပြီး အမြဲရွတ်ဖို့ တိုက်တွန်းလေ့ ရှိပါတယ်။

ဆရာတော်ကြီးရဲ့ တိုက်တွန်းချက်အရ ရွတ်ဖတ်ခဲ့သူတွေထဲက အရောင်းအဝယ်ဖြစ်ပြီး ကြီးပွားလာသူတွေ၊ အလုပ်အကိုင် အောင်မြင်ခဲ့သူတွေ၊ ရာထူးဌာနန္တရ တိုးပွားသူတွေ၊ အမှုအခင်းနိုင်သူတွေ၊ ရထားလမ်းချော်ရာမှာ ပါခဲ့လျက် အန္တရာယ်မရောက် သက်မပျောက်သူတွေ၊ မှောက်တော့မည်ကားနဲ့ အကြောင်းအမျိုးမျိုးကြောင့် မလိုက်ဖြစ်ဘဲ အန္တရာယ်မှ လွတ်ခဲ့သူတွေ အများအပြားပါပဲ။ အဲဒီပုဂ္ဂိုလ်တွေဟာ သစ္စာတန်ခိုး အကျိုးသတ္တိကို ကိုယ်တိုင် ကိုယ်ကျ ခံစားခဲ့ရသူတွေပါ။ အဖြစ်အပျက် အပြည့်အစုံကို ဖော်ပြနေရင် ရှည်လျားမှာစိုးတဲ့အတွက် လိုရင်း အချုပ်လောက်သာ ဖော်ပြခွင့်သာပါတော့တယ်။

## နတ်မင်းကြီးလေးပါး ဂါထာ

ဓတရဋ္ဌ၊ ဝိရုဠှက ဝိရူပက္ခ [1]၊ ကုဝေရ–ဆိုတာ အရပ်လေးမျက်နှာ

http://www.dhammadownload.com



စောင့် နတ်မင်းကြီး လေးယောက်ပါ။ လောကပါလ – လောကစောင့် နတ်မင်းကြီးများလို့လဲ ခေါ်ပါတယ်။

မြတ်စွာဘုရားရှင်ဟာ ကြီးပွားတိုးတက်ရေး တရားများမှာ နတ်များကို ပူဇော်ပသခြင်းကိုလဲ အင်္ဂါတစ်ပါးအဖြစ် ဟောကြားထားခဲ့ပါတယ်။ ဒီတော့ကာ နတ်များကို ပူဇော်ပသခြင်းကို လောကကြီးပွားရေး တစ်ရပ်အဖြစ် ဘုရားရှင် အလိုရှိတာကတော့ ထင်ရှားလှပါတယ်။

နတ်များကို မေတ္တာပို့ရန် မေတ္တသုတ်မှာ ဘုရားရှင် ဟောတော်မူခဲ့ပါတယ်။ သူတော်ကောင်း အလုပ်ကို လုပ်တယ်ဆိုပေမယ့်လူတိုင်းက ကြိုက်နှစ်သက်နိုင်ကြတာ မဟုတ်ပါဘူး။ အချို့ပုဂ္ဂိုလ်တွေဟာ သူတော်ကောင်း အလုပ်ကို လက်ခံနိုင်ခြင်း မရှိကြသလို အနှောင့်အယှက် ပြုတဲ့အထိ မရှုမစိမ့် ဖြစ်တတ်ကြပါတယ်။

ဒီသဘောကို မေတ္တသုတ် အဋ္ဌကထာမှာ အထင်အရှား တွေ့ရပါတယ်။ တရားအားထုတ်တဲ့ ရဟန်းတော်တွေ တရား အားမထုတ်နိုင်အောင် အဆင်း အသံ အမျိုးမျိုးနဲ့ နတ်တွေ ခြိမ်းခြောက်လို့ မနေဝံ့တော့တဲ့အတွက် ကမ္မဋ္ဌာန်းသဘောလဲ သက်ရောက်စေ၊ အရံအတားလဲဖြစ်စေ ဆိုတဲ့ သဘောနဲ့ ဘုရားရှင်က မေတ္တသုတ်ကို ဟောတော်မူခဲ့ခြင်း ဖြစ်ပါတယ်။

ဒါကိုကြည့်ရင် အရညဝါသီ တောမှီရဟန်းတွေအတွက် မေတ္တာဟာ အဓိက နေရာကပါတဲ့ အရာတစ်ခုဆိုတာ အထူးပြောနေစရာ မလိုတော့ပါဘူး။ တောင်စောင့်နတ်၊ တောစောင့်နတ် စသည်တို့ရဲ့ ချစ်ကြည်မှု ရှိမှသာ လိုရာအလုပ်ကို ချမ်းချမ်းသာသာနဲ့ အားထုတ်နိုင်မှာ ဖြစ်ပါတယ်။

http://www.dhammadownload.com



သာမည ဆရာတော်ကြီး သာမညတောင်ကို ရောက်တဲ့အချိန်က သာမညတောင်ဟာ တောကြီးတယ်၊ တောကြမ်းတယ်လို့ အလွန် နာမည်ကြီးပြီး ဘယ်သူမှ မသွားရဲတဲ့တောင်ပါ။ ဒီလိုတောင်မျိုးမှာ နေထိုင်ကျင့်ကြံရတဲ့ ဆရာတော်ကြီးဟာ မေတ္တာကို အမြဲထုံနေမှာ ယုံမှားစရာ မရှိပါဘူး။ ဆရာတော်ကြီးဟာ သာမညတောင်မှာ တွေ့ကြုံခဲ့ရတဲ့ အခက်အခဲ အနှောင့်အယှက် မှန်သမျှကို မေတ္တာနဲ့ ဖြေရှင်းခဲ့ရတယ်လို့ ဆိုပါတယ်။ မေတ္တာရဲ့ အကျိုးကျေးဇူးကို ကိုယ်တိုင်သိလို့ပဲ ဆရာတော်ကြီးဟာ တရားဟောတိုင်း **"ကြီးပွား ချင်ရင် မေတ္တာပွားကြ မေတ္တာပို့ကြ"**လို့ အမြဲတိုက်တွန်းလေ့ ရှိပါ တယ်။

မြန်မာနိုင်ငံ ပရိယတ် သာသနာမှာ ထင်ရှား ကျော်စောတဲ့ ဆရာတော်ကြီး တစ်ပါးဟာ သာသနာပြုရာမှာ သူတော်ကောင်း နတ်များ အကူအညီ ရအောင် ဆိုပြီး သက်သတ်လွတ် စားခဲ့ဖူး ပါတယ်။

ခုလဲ ဒီလိုပါပဲ။ သာမည ဆရာတော်ကြီးဟာ သက်သတ်လွတ် စား၊ မေတ္တာဘာဝနာ အထူးဆောက်တည်ရင်း နတ်ဒေဝါများကို အကူအညီ အစောင့်အရှောက် ပြုစေဖို့ မေတ္တာရပ်ခံတဲ့ အနေနဲ့ နတ်မင်းကြီး လေးပါး ဂါထာကို အမြဲရွတ်ဆိုခဲ့ပါတယ်။ ဒီလိုကျင့်စဉ် များကြောင့် ခလုတ်မထိ ဆူးမငြိဘဲ ချမ်းချမ်းသာသာ သာသနာ ပြုနိုင်ခြင်း ဖြစ်ပါတယ်။

ရွတ်ဖတ်လိုသူတို့ အတွက် ဂါထာကို အနက်ပါ ဖော်ပြလိုက် ပါတယ်။

http://www.dhammadownload.com



ပုရတ္ထိမေန ဓတရဋ္ဌော၊ ဒက္ခိဏေန ဝိရူဠှကော။
ပစ္ဆိမေန ဝိရူပက္ခော၊ ကုဝေရော ဥတ္တရံ ဒိသံ။
စတ္တာရော တေ မဟာရာဇာ၊ လောကပါလာ ယသဿိနော
တေပိ အမှေ နုရက္ခန္တု၊ အရောဂေန သုခေန စ။

ပုရတ္ထိမေန - အရှေ့အရပ်၌။ ဓတရဋ္ဌော - ဓတရဋ္ဌ မည်ရကျော်ဟီး နတ်မင်းကြီးသည်။ အတ္ထိ - ရှိ၏။ ဒက္ခိဏေန - တောင်အရပ်၌။ ဝိရူဠှကော = ဝိရူဠှက မည်ရကျော်ဟီး နတ်မင်းကြီးသည်။ အတ္ထိ - ရှိ၏။ ပစ္ဆိမေန - အနောက်အရပ်၌။ ဝိရူပက္ခော - ဝိရူပက္ခ မည်ရကျော်ဟီး နတ်မင်းကြီးသည်။ အတ္ထိ - ရှိ၏။ ဥတ္တရံဒိသံ - မြောက်အရပ်၌။ ကုဝေရော - ကုဝေရဟု မည်ရကျော်ဟီး နတ်မင်းကြီးသည်။ အတ္ထိ - ရှိ၏။

စတ္တာရော - လေးယောက်ကုန်သော။ တေ မဟာရာဇာ - ထိုနတ်မင်းကြီးတို့သည်။ လောကပါလာ - လောကကို အစဉ်စောင့်ရှောက်တတ်ကုန်၏။ ယသဿိနော - များသော အခြံအရံ ရှိကြကုန်၏။ တေပိ-ထိုလောကပါလ မည်ရကျော်ဟီး - နတ်မင်းကြီးလေးယောက်တို့သည်လည်း။ အမှေ - ငါတို့ကို။ အရောဂေန - အနာရောဂါ ကင်းရှင်း၊ ကျန်းမာစေခြင်းဖြင့်လည်းကောင်း။ သုခေနစ- ကိုယ်စိတ်နှစ်ဖြာ ကြည်သာရွှင်လန်း ချမ်းသာစေခြင်းဖြင့် လည်းကောင်း။ အနုရက္ခန္တု - အစဉ်စောင့်ရှောက် ကြပါစေကုန်သတည်း။

## ဘာဝနာလေးဆယ်

ဆရာတော်ကြီးဟာ မဟာနိဒ္ဒေသပါဠိတော်မှာ အရှင်သာရိ

http://www.dhammadownload.com



ပုတ္တရာ ဟောတော်မူတဲ့ လေးဆယ့်နှစ်ပါးသော ဒွါစတ္တာလီသာကာရအားဖြင့် သုညတရှုနည်းကို အလေ့အလာ ထုံခဲ့တယ်လို့လည်း ဆိုပါတယ်။

**ရူပံ၊** ရူပက္ခန္ဓာကို။ **အနိစ္စတော၊** မမြဲ ဟူ၍လည်းကောင်း။

**ဒုက္ခတော၊** ဆင်းရဲ အတိ ဟူ၍လည်းကောင်း။

**ရောဂတော၊** ရောဂါမျိုးတို့၏ ဖြစ်ရာ ဟူ၍လည်းကောင်း။

**ဂဏ္ဍတော၊** ဆင်းရဲဒုက္ခတို့သည် ထိုးကျင့် ကိုက်ခဲအပ်၊ ကိလေသာဟူသော သွေးပြည်တို့၏ ယိုစီးရာ ဥပါဒ်–ဋ္ဌီ–ဘင်တို့ဖြင့် ယောင်ခြင်း၊ မှည့်ခြင်း၊ ပေါက်ကွဲခြင်း ရှိသော အိုင်းအမာကြီး ဟူ၍လည်းကောင်း။

**သလ္လတော၊** တဏှာဒိဋ္ဌိတို့ဖြင့် စိတ်၌ စူးဝင်တတ်သောငြောင့် ဟူ၍လည်းကောင်း။

**အဃတော၊** စီးပွားချမ်းသာ မရှိ အကုသိုလ်တို့၏ ဖြစ်ရာ သူတော်ကောင်းတို့ ကဲ့ရဲ့အပ်သော ဝတ္ထုဟူ၍လည်းကောင်း။

**အာဗာဓတော၊** ရောဂါဖြစ်ကြောင်း ကျက်သရေမရှိသည်ကို ဖြစ်စေတတ်သည် ဟူ၍လည်းကောင်း။

**ပရတော၊** အလိုကိုမလိုက် မဆင့်ဆို မစီရင်နိုင်ဟူ၍ လည်းကောင်း။

**ပလောကတော၊** အိုခြင်း၊ နာခြင်း၊ သေခြင်းတို့ဖြင့် ပျက်စီးတတ်၏ ဟူ၍လည်းကောင်း။

**ဤတိတော၊** များစွာသော ပျက်စီးခြင်းကို ဆောင်တတ်၏ ဟူ၍လည်းကောင်း။

**ဥပဒ္ဒဝတော၊** သုံးဆယ့်နှစ်ပါးသော ကမ္မကရဏတို့၏ ဖြစ်ရာ ဟူ၍လည်းကောင်း။

http://www.dhammadownload.com



**ဘယတော**၊ ကြောက်မက်ဖွယ် ဘေးမျိုးတို့၏ ဖြစ်ရာတည်း ဟူ၍ လည်းကောင်း။

**ဥပသဂ္ဂတော**၊ မကောင်းသော တိတ်နိမိတ် ဟူ၍လည်းကောင်း။

**စလတော**၊ အိုခြင်း၊ နာခြင်း၊ သေခြင်း တို့ဖြင့် လှုပ်ရှားအပ်၏ ဟူ၍ လည်းကောင်း။

**ပဘင်္ဂုတော**၊ မိမိလုံ့လ၊ သူတစ်ပါးလုံ့လတို့ဖြင့် လည်းကောင်း၊ သဘော ဖြင့်ပင် လည်းကောင်း၊ ပျက်စီးတတ်၏ ဟူ၍ လည်းကောင်း။

**အဓုဝတော**၊ အလုံးစုံသော အခိုက်အတန့်တို့၌ ကျတတ် မခိုင်ခန့်တတ် ဟူ၍လည်းကောင်း။

**အတာဏတော**၊ ဘေးရန်ကင်းအောင် မစောင့်ရှောက်နိုင် ဟူ၍ လည်း ကောင်း။

**အလေဏတော**၊ ဘေးရန်လွတ်အောင် မပုန်းအောင်းနိုင်၊ ပုန်းအောင်းရာ မဟုတ် ဟူ၍လည်းကောင်း။

**အသရဏတော**၊ မှီခိုသော သူတို့၏ အိုခြင်း၊ နာခြင်း၊ စသော ဘေး တို့ကို မဖျက်ဆီးနိုင် ဟူ၍လည်းကောင်း။

**အသရဏီဘူတတော**၊ ကိုးကွယ်ရာဟု မယူအပ် ဟူ၍လည်းကောင်း။

**ရိတ္တတော**၊ ဒိဋ္ဌိတို့ ကြံဆအပ်သော မြဲမြံခိုင်ခန့် တင့်တယ်ချမ်းသာသော အတ္တဟူသော အနှစ်မှ အလျှင်းကင်း၏ ဟူ၍လည်းကောင်း။

**တုစ္ဆတော**၊ မမြဲသောကြောင့် ယုတ်ညံ့သော ဆင်းရဲတို့ဖြင့် ခြံရံသော ကြောင့်' နည်းသောချမ်းသာရှိ၏ ဟူ၍ လည်းကောင်း။

**သုညတော**၊ အစိုးရခြင်း၊ အလိုလိုက်ခြင်း၊ ကိစ္စကို ပြီးစေနိုင်ခြင်း၊ သိတတ်ခံစားတတ်ခြင်း အစရှိသော ဂုဏ်ရှိသော အတ္တ၏

http://www.dhammadownload.com



တည်ရာမဟုတ်၊ အတ္တအားဖြင့် သုဉ်း၏ ဟူ၍ လည်းကောင်း။
**အနတ္တတော၊** အတ္တဟူသော အနှစ်မဟုတ် ဟူ၍လည်းကောင်း။
**အာဒီနဝတော၊** မမြဲခြင်း၊ ဆင်းရဲခြင်း၊ ဖောက်ပြန်ခြင်း အပြစ်ရှိ၏ ဟူ၍လည်းကောင်း၊ဝါ၊ ဆင်းရဲသူ ဟူ၍လည်းကောင်း။
**ဝိပရိဏာမ ဓမ္မတော၊** အိုခြင်း သေခြင်း နှစ်ပါးတို့ဖြင့် ဖောက်ပြန်တတ်သော သဘော ဟူ၍လည်းကောင်း။
**အသာရကတော၊** ခိုင်ခန့်သော အနှစ်မဟုတ်၊အကာ ဟူ၍လည်းကောင်း။
**အဃမူလတော၊** မကောင်းမှု အကုသိုလ်တို့၏ ဖြစ်ကြောင်း ဟူ၍ လည်းကောင်း။
**ဝဓကတော၊** အကျွမ်းဝင်သော သူကို သတ်တတ်၏ ဟူ၍ လည်းကောင်း။
**ဝိဘဝတော၊** ပျက်စီးကြောင်း ဝိဘဝဒိဋ္ဌိ ဘဝ၌ တဏှာတို့၏ဖြစ်ရာ ဟူ၍လည်းကောင်း။
**သာသဝတော၊** အာသဝေါတရားတို့၏ အာရုံဟူ၍လည်းကောင်း။
**သင်္ခတတော၊** အကြောင်းဟိတ် ကျေးဇူးပြုသော ပစ္စည်းတို့သည် ဖြစ်စေအပ်၊ ထောက်ပံ့အပ်၏ ဟူ၍လည်းကောင်း။
**မာရာမိသတော၊** သေမင်းကိလေသာဟူသော မာရ်တို့၏ ဥစ္စာပစ္စည်း ဟူ၍လည်းကောင်း။
**ဇာတိဓမ္မတော၊** ဖြစ်တတ်သော သဘော ဟူ၍လည်းကောင်း။
**ဇရာဓမ္မတော၊** အိုတတ်သော သဘော ဟူ၍လည်းကောင်း။
**ဗျာဓိဓမ္မတော၊** နာတတ်သောသဘော ဟူ၍လည်းကောင်း။
**မရဏဓမ္မတော၊** သေတတ်သောသဘော ဟူ၍လည်းကောင်း။

http://www.dhammadownload.com



သောကပရိဒေဝဒုက္ခ ဒေါမနဿုပါယာသမေ့တော၊ စိုးရိမ်ခြင်း၊ ငိုကြွေးမြည်တမ်းခြင်း၊ ဆင်းရဲခြင်း၊ နှလုံးမသာယာခြင်း၊ အလွန်ပင်ပန်းခြင်း သဘော ဟူ၍လည်းကောင်း။

သမုဒယတော၊ အကြင်တို့ကြောင့် ဖြစ်တတ်သော သဘော ဟူ၍ လည်းကောင်း။

အတ္ထင်္ဂမတော၊ ဖြစ်၍ပျက်တတ်၊ ချုပ်တတ်သော သဘော ဟူ၍ လည်းကောင်း။

အာဒီနဝတော၊ အထိးကျန်တတ်သော သဘော ဟူ၍လည်းကောင်း။

နိဿရဏတော၊ကိုးကွယ်ရာမရှိ ဟူ၍လည်းကောင်း။ပဿတိ–ရှု၏။

ဤရှုပက္ခန္ဓာ နည်းအတိုင်း ခန္ဓာငါးပါး စသည်တို့၌လည်း ရှုအပ်၏။ ဤအရာ၌ အနိစ္စ၊ ဒုက္ခနှင့် စပ်သော များစွာသော ပုဒ်တို့ဖြင့်လည်း အနတ္တကို တရားစစ်သူကြီး ဖြစ်တော်မူသော အရှင်သာရိပုတ္တရာ ပြတော်မူသည်။ ထို့ကြောင့် အနိစ္စနှင့် ဒုက္ခကို အနတ္တ ထင်ရှားအောင်သာ ဟောတော်မူသည်။ မြတ်စွာဘုရား အလိုတော်ရင်း မှုကား အနတ္တကိုသာ မဂ်ဖိုလ်ရကြောင်း ဖြစ်၍ သိစေတော်မူလိုသည် ဟူ၍လည်း သန္နိဋ္ဌာန် ကျကျ ယုံယုံကြည်ကြည် မှတ်သား၍ အနတ္တကို ထင်ရှားအောင် နာမ်ရုပ်တို့ကို လက္ခဏာ–ရသ–ပစ္စုပဋ္ဌာန်–ပဒဋ္ဌာန်တို့ဖြင့် ကောင်းမွန်စွာ သင်ကြားမှတ်သားကြပါလေဟုလည်း ဆရာတော်ကြီးက ဆုံးမတော်မူလေ့ရှိပါတယ်။

http://www.dhammadownload.com



## လိုတရ ပုတီးစိပ်နည်း

- ဧလောသု
- သုဧလောပု
- ပုဧလောသုဗိ
- ဗိသုဧလောပုသ
- သပုဧလောသုဗိသံ
- သံဗိသုဧလောပုသဘု
- ဘုသပုဧလောသုဗိသံအံ
- အံသံဗိသုဧလောပုသဘုဗ
- ဗဘုသပုဧလောသုဗိသံအံ

အချို့ဖြန့်ဝေသော သာမညဆရာတော်ကြီးရဲ့ ဓာတ်ပုံတွေမှာ ဒီဂါထာကို **ဘုရားကိုးဆူ ဂါထာတော်ဆိုတဲ့** အမည်နဲ့တွေ့ရပါလိမ့်မယ်။ ဒီနေရာမှာတော့ 'လိုတရ ပုတီးစိပ်နည်း'လို့ သုံးပါမယ်။ သုံးစရာ အကြောင်းတွေ ရှိနေလို့ပါ။ ရှင်းပြပါမယ်။

### မသိလို့တဲ့

ဒီဂါထာရဲ့ အဓိပ္ပာယ်ကို မသိလို့ဆိုပြီး လာမေးလို့ ရှင်းပြရတာ (၁၀၀)ကျော်ပါပြီ။ ဒီဂါထာဟာ ဗျည်း ၃၃–လုံး ဘုရားရှိခိုးလို အက္ခရာ လုံးကောက်တွေကို စုစည်းဖွဲ့ထားတဲ့ ဂါထာဖြစ်တဲ့အတွက် အမှန်တကယ်လည်း အသိခက်တဲ့ ဂါထာပါ။ ဒါပေမယ့် သိသွားတဲ့ အခါကျရင်–––တို့သိပြီးသားကို ဖွဲ့ထားတာပါလားလို့ နားလည်သွားပါလိမ့်မယ်။

http://www.dhammadownload.com



## ဘုရားဂုဏ်တော်ကိုးပါး

အမှန်တကယ်တော့ ဒီဂါထာဟာ အရဟံ အစ ဘဂဝါ အဆုံး ရှိတဲ့ ဘုရားဂုဏ်တော် ကိုးပါးကို ဖွဲ့ထားတဲ့ ဂါထာဖြစ်ပါတယ်။ ဒီဂါထာရဲ့ အက္ခရာတွေဟာ ဘုရားဂုဏ်တော် ကိုးပါးရဲ့ အက္ခရာတွေ ဖြစ်တယ်။

## လျှို့ဝှက်သောဖွဲ့နည်း

ဘုရားဂုဏ်တော် ကိုးပါးထဲက အလယ်တည့်တည့် ဂုဏ်တော်ကို ရှာလိုက်ရင် လောကဝိဒူဂုဏ်တော်ကို တွေ့ရပါမယ်။ ဒီလောကဝိဒူ ဂုဏ်တော်ကို အစပဓာနထားပြီး ကျန်ဂုဏ်တော်တွေကို အထက်တက် အောက်ဆင်း (အနုလုံ+ပဋိလုံသဘော) သွင်းလိုက်ရင် --- ဒီဂါထာ တော်ကြီး ဖြစ်လာတာပါပဲ။ ဖွဲ့ကြည့်ကြရအောင်။

လော သု

လောကဝိဒူဂုဏ်တော်က **လော** အက္ခရာကို ကောက်ပြီး တည်ထားလိုက်ပါ။ အထက်တက်ရမယ်။ ဒီဂုဏ်တော်ရဲ့ အထက်က သုဂတဂုဏ်တော် မဟုတ်လား။ ဒီတော့ သု အက္ခရာကို ကောက်ပြီး လောရဲ့နောက်မှာ ဆက်လိုက်။ **လော သု** ဖြစ်သွားပြီ မဟုတ်လား။ ဒီဂါထာရဲ့ ပထမဆုံးအပိုဒ် ဖြစ်သွားရောပေါ့။ ဒီတော့--လောသု- ဆိုတာ လောကဝိဒူနှင့် သုဂတ ဂုဏ်တော်တို့ ဖြစ်ကြောင်း အာရုံ ပြုနိုင်ပါပြီ။

သု လော ပု

နောက်တစ်ခါ နောက်အက္ခရာကို အစပြန် ကောက်ရတယ်။

http://www.dhammadownload.com



ပြီးတော့--အောက်မှာရှိတဲ့ ဂုဏ်တော်ကို အသစ်ထည့်ဖွဲ့ရတယ်။ လော-သုမှာ နောက်က သုကို အစပြန်ကောက်လိုက်တော့ သု လော-လို့ ဖြစ်သွားတယ်။ လောကဝိဒူရဲ့ အောက်မှာက အနုတ္တရော ပုရိသဒမ္မသာရထိဂုဏ်တော် ဆိုတော့ အဲဒီက ပု-အက္ခရာကို ယူပြီး ထည့်လိုက်ရင် --- သုလောပု ဖြစ်သွားတယ်။ ဒီတော့ သုလောပု ဆိုတာ သုဂတဂုဏ်တော် လောကဝိဒူဂုဏ်တော်၊ အနုတ္တရောပုရိသ ဒမ္မသာရထိဂုဏ်တော် သုံးပါးကို ဆိုလိုကြောင်း နားလည်နိုင်ပါပြီ။

## ပု လော သု ဝိ

သုလောပုမှာ ပုကို အစပြန်ကောက်လိုက်တဲ့အခါ ပုလောသု ဖြစ်လာတယ်။ ပြီးမှ သုအထက်မှာရှိတဲ့ ဝိဇ္ဇာစရဏ သမ္ပန္နဂုဏ်တော်က ဝိ-ထည့်လိုက်ရင် ပုလောသုဝိ ဖြစ်လာပါတယ်။

## ဒီလိုပဲသွားပါ

နောက် အက္ခရာတွေလည်း ဒီနည်းနဲ့ ဖွဲ့ထားတာ ဖြစ်ပါတယ်။ နမူနာ လုပ်ပြတာကို နားလည်ရင် နောက်နောက် ဂုဏ်တော်တွေ ကိုလည်း လုပ်နိုင်လောက်ပါပြီ။

## ဘယ်လိုလဲ

ဆရာတော်ကြီးရဲ့ ခါတ်ပုံတွေမှာပါတဲ့ ဂါထာမှာ အချို့အက္ခရာ တွေ အနည်းငယ် လွဲနေတာ တွေ့ရပါတယ်။ ပုံနှိပ်အမှား ဖြစ်မယ် ထင်ပါတယ်။ 'အက္ခရာတစ်လုံး ဘုရားတစ်ဆူ' သဒ္ဒါမှန်မှ အနက်မှန်

http://www.dhammadownload.com



ပါတယ်။ အနက်မှန်မှ အကျင့်မှန်ပြီး လိုရာအကျိုးနဲ့ ပြည့်စုံနိုင်မှာ ဖြစ်ပါတယ်။ အက္ခရာ မှန်ဖို့ဆိုတာ ဒီလောက်အထိ အရေးကြီးပါတယ်။

အထက်မှာ ဖော်ပြခဲ့တဲ့ ဂါထာကို ပြန်ကြည့်ပါ။ ဒီဂါထာဟာ ဆရာတော်ကြီးရဲ့ ဓာတ်ပုံထဲမှာ ပါတဲ့အတိုင်း လုံးဝမပြင်ဘဲ ကူးထည့်ထားတဲ့ ဂါထာပါ။

ဒီဂါထာတော်ဟာ ဘုရားဂုဏ်တော် ကိုးပါးကို ဖွဲ့ထားတဲ့ဂါထာ ဖြစ်ကြောင်း ရှင်းပြခဲ့ပြီး ဖြစ်ပါတယ်။ ဒါကြောင့် အက္ခရာတွေဟာ ဂုဏ်တော်တွေရဲ့ အက္ခရာများ ဖြစ်ရပါမယ်။

၄

အနုတ္တရော ပုရိသ ဒမ္မသာရထိ ဂုဏ်တော်က ပု–အက္ခရာကို ဂါထာမှာ ပူ–လို့ ဖော်ပြထားပါတယ်။ အမှန်က ပု–ဖြစ်ရပါမယ်။

ဘု–အက္ခရာ

ဒီဂါထာမှာ ဘုအက္ခရာပါတဲ့ အပိုဒ်တွေကို တွေ့ရပါလိမ့်မယ်။ ဘု–အက္ခရာဟာ ဗုဒ္ဓေါ–ဂုဏ်တော်ရဲ့ အက္ခရာ ဖြစ်ပါတယ်။ ဒါကြောင့် ဘု–လို့ သုံးထားတာ မှားနေပါတယ်။ ဗုလို့သုံးမှ မှန်ပါမယ်။

ဗ–အက္ခရာ

ဗ–အက္ခရာလို့ သုံးထားတာလည်း မှားနေပါတယ်။ ဗ–အက္ခရာရဲ့ ဂုဏ်တော်က ဘဂဝါ–ဂုဏ်တော်ပါ။ ဒီတော့ ဘ–အက္ခရာနဲ့သုံးမှ မှန်ပါလိမ့်မယ်။

http://www.dhammadownload.com



## အ–အက္ခရာ

အ–အက္ခရာရဲ့ ဂုဏ်တော်က အရဟံဂုဏ်တော်ပါ။ ဒီဂုဏ်တော်ကို အံ–လို့ သုံးခြင်းဟာ အဓိပ္ပာယ် ဖော်မရအောင်ကို လွဲပါတယ်။ အရဟံ–က အစအက္ခရာကို ယူတဲ့အတွက် အ–သာ ဖြစ်ရပါမယ်။ အံ–ဆိုဟာကတော့ အဓိပ္ပာယ် မရှိပါဘူး။

ဒါဟာ စာရေးသူတို့ စိစစ်တွေ့ရှိချက်ကို တင်ပြတာပါ။ ပုံနှိပ်မှားရင်းမှား၊ မမှားရင် ဆရာတော်ကြီးက ဘူ့အဓိပ္ပာယ်နဲ့ သူရှိလို့ လုပ်ထားတာ ဖြစ်ပါလိမ့်မယ်။ ကြိုက်သလို ယူနိုင်ပါတယ်။ စာရေးသူတို့ စိစစ်ချက်တိုင်းဆိုရင် ဒီဂါထာဟာ အောက်ပါအတိုင်း ဖြစ်လာ ပါမယ်။

* လော သု
* သု လော ပု
* ပု လော သု ဝိ
* ဝိ သု လော ပု သ
* သ ပု လော သု ဝိ သံ
* သံ ဝိ သု လော ပု သ ဇ
* ဇ သ ပု လော သု ဝိ သံ အ
* အ သံ ဝိ သု လော ပု, သ ဇ ဘ
* ဘ ဇ သ ပု လော သု ဝိ သံ အ။

ဒီဂါထာကို အကျယ်အနေနဲ့ အပြည့်အစုံ ရွတ်ချင်ရင် အောက်ပါအတိုင်း ရွတ်ပါ။

၁။ * လောကဝိဒူ၊ သုဂတော။

http://www.dhammadownload.com



၂။ * သုဂတော၊ လောကဝိဒူ၊ အနုတ္တရောပုရိသဒမ္မသာရထိ။

၃။ * အနုတ္တရောပုရိသဒမ္မသာရထိ၊ လောကဝိဒူ၊ သုဂတော၊ ဝိဇ္ဇာစရဏသမ္ပန္နော။

၄။ * ဝိဇ္ဇာစရဏသမ္ပန္နော၊ သုဂတော၊ လောကဝိဒူ၊ အနုတ္တရောပုရိသဒမ္မသာရထိ၊ သတ္ထာဒေဝမနုဿာနံ။

၅။ * သတ္ထာဒေဝမနုဿာနံ၊ အနုတ္တရောပုရိသဒမ္မသာရထိ၊ လောကဝိဒူ၊ သုဂတော၊ ဝိဇ္ဇာစရဏသမ္ပန္နော၊ သမ္မာသမ္ဗုဒ္ဓေါ။

၆။ * သမ္မာသမ္ဗုဒ္ဓေါ၊ ဝိဇ္ဇာစရဏသမ္ပန္နော၊ သုဂတော၊ လောကဝိဒူ၊ အနုတ္တရောပုရိသဒမ္မသာရထိ၊ သတ္ထာဒေဝမနုဿာနံ၊ ဗုဒ္ဓေါ။

၇။ * ဗုဒ္ဓေါ၊ သတ္ထာဒေဝမနုဿာနံ၊ အနုတ္တရောပုရိသဒမ္မသာရထိ၊ လောကဝိဒူ၊ သုဂတော၊ ဝိဇ္ဇာစရဏသမ္ပန္နော၊ သမ္မာသမ္ဗုဒ္ဓေါ၊ ဗုဒ္ဓေါ။

၈။ * အရဟံ၊ သမ္မာသမ္ဗုဒ္ဓေါ၊ ဝိဇ္ဇာစရဏသမ္ပန္နော၊ သုဂတော၊ လောကဝိဒူ၊ အနုတ္တရောပုရိသဒမ္မသာရထိ၊ သတ္ထာဒေဝမနုဿာနံ၊ ဗုဒ္ဓေါ၊ ဘဂဝါ။

၉။ * ဘဂဝါ၊ ဗုဒ္ဓေါ၊ သတ္ထာဒေဝမနုဿာနံ၊ အနုတ္တရောပုရိသဒမ္မသာရထိ၊ လောကဝိဒူ၊ သုဂတော၊ ဝိဇ္ဇာစရဏသမ္ပန္နော၊ သမ္မာသမ္ဗုဒ္ဓေါ၊ အရဟံ။

ဘုန်းတော်အနန္တ၊ ကံတော်အနန္တ၊ ဉာဏ်တော်အနန္တ၊ တန်ခိုးတော် အနန္တနဲ့ ပြည့်စုံတော်မူတဲ့ ဘုရားရှင်ရဲ့ ဂုဏ်တော် ကိုးပါးကို ဖွဲ့ထားတဲ့ ဂါထာဆိုတော့ ဂါထာရဲ့ အစွမ်းသတ္တိဟာလည်း အနန္တပါပဲလို့ ဆိုရပါမယ်။

http://www.dhammadownload.com



ဘုရားရှင်ကို စိတ်နဲ့ ကြည်ညိုရုံနဲ့ အကျိုးထူးတွေ ရနိုင်တယ်။ အမြတ်ဆုံး ဘုရားရှင်ကို ပူဇော်ရင် အမြတ်ဆုံး အကျိုးထူးတွေ ခံစားရမယ်။ဘုရားဂုဏ်တော်ကိုပွားများပူဇော်အောက်မေ့တဲ့ ဗုဒ္ဓါနုဿတိ ကုသိုလ်ဟာ စိတ်အလိုရှိတဲ့အတိုင်း လိုတရ ဖြစ်စေနိုင်တယ်လို့-- ဘုရားဟောတွေလည်း အထင်အရှား ရှိတယ်မဟုတ်လား။

ဒါက ဘုရားဟော အမြင်နဲ့ ပြောတာပါ။ လောကီအမြင်နဲ့ ဆိုရင်လည်း ဒီဂါထာကို "ဂုဏ်တော့်သည်းခြေ"လို့ ရှေးဟောင်းမန္တန် ပုရပိုက်တွေမှာ ဆိုပါတယ်။ ခုမှမဟုတ်ဘဲ ရှေးရှေးကတည်းက သုံးစွဲလာခဲ့တဲ့ ဂါထာတော် ဖြစ်ပါတယ်။

အဲဒီ မန္တန်ပုရပိုက်တွေ ထဲမှာ "ဒီဂါထာကိုရွတ်ရင် စည်းစိမ်ဥစ္စာ မှန်သမျှ လိုတရ ဖြစ်စေမယ်။ အန္တရာယ် မှန်သမျှ ကင်းပျောက်စေ တယ်။ ခရီးသွားတဲ့အခါ ရွတ်ရင် အန္တရာယ်ကင်းတယ်။ အလုံးစုံ သိဒ္ဓိပြီးသော ဂါထာလို့ တခမ်းတနား ဖော်ပြထားပါတယ်။

ဒီဂါထာရဲ့ အစွမ်းသတ္တိနဲ့ အကျိုးထူးကတော့ အဝေးကြီး သွားကြည့်နေစရာ မလိုပါဘူး။ သာမည ဆရာတော်ကြီးကိုပဲ ကြည့် ပါ။ သာမည ဆရာတော်ကြီးဟာ ဒီဂါထာကို အမြဲနှလုံးသွင်း ရွတ် ဆိုလေ့ ရှိပါတယ်။ ပုတီးစိပ် ပွားများပါတယ်။ ဒီနေ့ သာမညတောင်ကို လာရောက်သူတွေ ကျိတ်ကျိတ်တိုးနေတာဟာ လက်တွေ့ပါပဲ။

ဒီဂါထာကြောင့် အကျိုးထူး ခံစားရတဲ့ သူတွေလည်း များစွာ ရှိပါတယ်။ ဒါကြောင့် ဒီဂါထာကို 'လိုတရ ပုတီးစိပ်နည်း'လို့ ဆိုရခြင်း ဖြစ်ပါတယ်။

http://www.dhammadownload.com



## ဂါထာအသုံးပြုပုံ

၁။ ည+နံနက် တစ်နေ့ကိုးခေါက် ပုံမှန်ရွတ်ပါ။

၂။ ရှေ့က သီရိ–ဆိုတဲ့ အက္ခရာထည့်ပြီး ဒီဂါထာကို နှစ်ခေါက်စိပ်ရင် (၁၀၈)လုံး ပုတီးပတ်ရတယ်။ တတ်နိုင်သလောက် ပုတီးစိပ် ပွားများပါ။

၃။ ဒီဂါထာကို ရွတ်ဆိုပွားစဉ် ဘုရားဂုဏ်တော် ကိုးပါးရဲ့ အဓိပ္ပာယ်ကို ဂုဏ်တော် အလိုက် အာရုံပြု နှလုံးသွင်းပါ။

အလုံးစုံ သိဒ္ဓိ ပြီးပါလိမ့်မယ်။

## အရေးကြီး ဂုဏ်တော်ကိုးတတ်စေ

"ဗုဒ္ဓါနုဿတိ၊ ဓမ္မာနုဿတိ၊ သံဃာနုဿတိ၊ ကာယဂတာသတိ၊ ကရုဏာဘာဝနာ မေတ္တာဘာဝနာ ဆိုတဲ့ ဒီခြောက်မျိုးကို ကိုးစားပွားများကြလျှင် – တခြား အစောင့်အရှောက် အရံအတားမလို မန္တန်ဆေးဝါးမလိုဘဲ အလုံးစုံ စောင့်ရှောက်ကာကွယ်ခြင်းကိစ္စ ပြီးစီးတယ်" လို့ ဓမ္မပဒပကိဏ္ဏကဝဂ် ထင်းလှည်းသမားသား ဝတ္ထုမှာ မြတ်စွာဘုရားရှင် ဟောကြားတော်မူခဲ့ပါတယ်။

ဒီခြောက်ပါးထဲမှာ ဗုဒ္ဓါနုဿတိကို ဗုဒ္ဓဘာသာဝင် တော်တော်များများဟာ ပုံစံအမျိုးမျိုးနဲ့ ပွားများကြတတ်ကြပါတယ်။ ပုံစံအမျိုးမျိုးနဲ့ဆိုတာ တချို့က ကမ္မဋ္ဌာန်းထိုင်သလို ထိုင်ပြီး စိတ်ထဲက အာရုံပြု ပွားများကြတယ်၊ တချို့က ပုတီးစိတ် ပွားများကြတယ်၊ တချို့နှုတ်က အသံထွက်ရွတ်ပြီး ပွားများကြပါတယ်။ ဒီလိုပွားကြရာမှာ

http://www.dhammadownload.com



နိစ္စပဟ် ဝတ်တစ်ခုအနေနဲ့ ပွားများကြသလို လတ်တလော ကြုံတွေ့ရတဲ့ မိမိကိုယ်ရေး အခက်အခဲတစ်ခုကြောင့်လည်း ပွားများနိုင်ပါတယ်။ ပွားများတဲ့ အလျောက် အခက်အခဲကို ကျော်လွှားနိုင်ပြီး အံ့သြလောက်အောင် အကျိုးများကြရပါတယ်။

ဘယ်လိုပဲ ပွားများပွားများ နှုတ်တက်ရထားတဲ့အတိုင်း ပွားများခြင်းထက် ဂုဏ်တော်တို့ရဲ့ အဓိပ္ပာယ်ကို သိရှိပြီး ပွားများတာဟာ အကျိုးပိုများပါတယ်။ အထူးသဖြင့် ကိုယ်ရေးကြုံတဲ့အခါ ကိုးစားပွားများဖို့ အတွက်တော့ ဂုဏ်တော် တစ်ခု တစ်ခုစီတို့ရဲ့ အဓိပ္ပာယ်ကို သိရှိထားရပါလိမ့်မယ်။ ဒီလို သိရှိထားမှသာ ကိုယ်ကြုံတွေ့ရတဲ့ ကိစ္စနဲ့ ကိုက်ညီမည့် ဂုဏ်တော်ကို ရွေးချယ်ပွားများတတ်ပါမယ်။ ဒါကြောင့် ဘယ်လိုကိစ္စမျိုးနဲ့ ကြုံရင် ဘယ်ဂုဏ်တော်ကို ပွားများရတယ်ဆိုတာ သူ့နေရာနဲ့သူ သိထားဖို့ လိုအပ်ပါတယ်။

### ၁။ အရဟံဂုဏ်တော်

အရဟံဂုဏ်တော်က

၁။ ကိလေသာရန်အပေါင်းရှာယ်ကို ပယ်သတ်။

၂။ ဝါသနာအငွေ့အသက်နှင့် တကွ ကိလေသာတို့ ဝေးကွာ။

၃။ သံသရာစက် အကန့်ကို ချိုးဖြတ်ဖျက်ဆီး။

၄။ မကောင်းမှု ဒုစရိုက်ကို အကြွင်းမဲ့ပယ်ဖြတ်။
(ဆိတ်ကွယ်ရာ၌ပင် မကောင်းမှုကို မပြုတတ် ဆိုတာ မကောင်းမှုကို အကြွင်းမဲ့ ပယ်ဖြတ်ခြင်းပင် ဖြစ်လို့ သဘောပေါက်လွယ်အောင် ဒီလိုပဲ နှလုံးသွင်းပါ)

http://www.dhammadownload.com



၅၊ ပူဇော်ပွဲယ် အထူးထူးကို ခံတော်မူထိုက်၏လို့ အဓိပ္ပာယ် ရပါတယ်။

## ကိုယ်ရေးနဲ့ သုံးစွဲပုံ

၁။ တစ်စုံတစ်ခု ရန်အန္တရာယ်နှင့် ကြုံတွေ့ပြီး လွတ်မြောက်လိုတဲ့အခါ ။

၂။ တရားတပေါင်တွေ့တဲ့အခါ၊ မိမိက အမှန်အတိုင်း အနိုင်ရလိုတဲ့အခါ။

၃။ စုန်းပယောဂဘေး၊အစာပင်း အဆိပ်မိတဲ့ဘေး ကြုံတွေ့ပြီး လွတ်မြောက်လိုတဲ့ အခါနဲ့ မကြုံမတွေ့ဖို့ အတွက်။

၄။ အနာရောဂါဆိုးများ၊အထူးသဖြင့် အပြင်က မြင်နိုင်စွမ်း မရှိတဲ့ အူအသည်းတို့မှာ ဖြစ်တဲ့ အနာများ၊ သွေးဝမ်းဒူလာ ရောဂါများမှ ကင်းလွတ်လိုတဲ့အခါ။

၅။ အနှောင်အဖွဲ့ဘေးမှ ကင်းဝေးလိုတဲ့အခါ (သံသရာစက် အကန့်ကို ချိုးဖြတ်ဖျက်ဆီးတော်မူတယ်ဆိုတာ သံသရာ အနှောင်အဖွဲ့မှ ကင်းဝေးတော်မူတာ ဖြစ်တယ်လို့ သဘောပေါက်ပါ)

၆။ လာဘ်လာဘ ပစ္စည်းဥစ္စာများ တိုးပွားလို၊ ရရှိလိုတဲ့ အခါမှာ

ကိုးစားပွားများရမည်လို့ ပညာရှိများ သတ်မှတ်သုံးစွဲကြတယ်။ မိမိ ကြုံတွေ့ရတဲ့ ကိုယ်ရေးပြဿနာနဲ့ ဂုဏ်တော် အဓိပ္ပာယ်ကို ဆက်စပ်ပြီး မှတ်သားပွားများပါ။

http://www.dhammadownload.com



### ပွားများနည်း

ဥပမာ-ဘေးအန္တရာယ်မှ လွတ်မြောက်လိုတဲ့ အခါမှာ "မြတ်စွာဘုရားရှင်သည် ကိလေသာရန် အန္တရာယ်ကို ပယ်တော်မူတတ်သောကြောင့် "အရဟံ" မည်တော်မူပါပေ၏လို့ ရှုးရှူးစိုက်စိုက် ရိုသေလေးစားပြီး ယုံကြည်မှု သဒ္ဓါတရား အပြည့်အဝထား ပွားများရပါမယ်။

အဲဒီလို မိမိသတ်မှတ် ဓိဋ္ဌာန်ထားတဲ့ အချိန်စေ့အောင်၊ဒါမှမဟုတ် ပုတီးပတ်အရေအတွက်နဲ့ အဓိဋ္ဌာန်ရင်လည်း အပတ်ရေပြည့်အောင် အာရုံပြု ပွားများပြီးတဲ့အခါ "မှန်ကန်သော သစ္စာတရားကြောင့် တပည့်တော်၌ ကြုံတွေ့ရတဲ့ ဘေးအန္တရာယ်တို့မှ လွတ်မြောက်ချမ်းသာရပါလို၏"လို့ ဆုတောင်းပြီး ရိုသေစွာ ဦးချကန်တော့ပါ။

ပစ္စည်းဥစ္စာရလိုတဲ့ အခါဆိုရင်လည်း မြတ်စွာဘုရားရှင် ပူဇော်ဖွယ် အထူးထူးကို ခံယူတော်မူထိုက်သောကြောင့် "အရဟံ" မည်တော်မူပါပေ၏လို့ အာရုံပြု ပွားများပြီး အထက်ပါအတိုင်း သစ္စာပြု ဆုတောင်းပါ။ ကျန်သုံးစွဲ ကိုးစားနည်းများကိုလည်း ဒီနည်းကို မှီပြီး ပွားများတတ်ပါစေ။

### ၂။ သမ္မာသမ္ဗုဒ္ဓေါ

သမ္မာ = ကောင်းမွန်မှန်ကန်စွာ

သံ = ဆရာ မကူ ကိုယ်တော်တိုင်

ဗုဒ္ဓေါ = အမှန်တရားကို သိတော်မူတတ်၏လို့ အဓိပ္ပာယ်ရပါတယ်။

http://www.dhammadownload.com



### သုံးစွဲပုံ

သမ္မာသမ္ဗုဒ္ဓ – ဂုဏ်တော်ကို

၁။ တစ်စုံတစ်ခု အထူးကို သိမြင်လိုတဲ့အခါ။

၂။ ပစ္စည်းဥစ္စာ ပျောက်ဆုံးသည်ကို ပြန်ရလိုတဲ့အခါ။

၃။ ပညာရပ်တစ်ခုကို လေ့လာတတ်မြောက်လိုတဲ့အခါ။

၄။ ကိုယ်ပိုင်ဉာဏ်အားကိုးပြီး အမေးပုစ္ဆာတို့ကို အမှန်အကန် ဖြေဆိုနိုင်လိုတဲ့အခါ (စာမေးပွဲမှာ အမှန်အတိုင်း ဖြေဆိုနိုင်လိုတဲ့အခါ)တို့မှာ အာရုံပြု ပွားများရပါတယ်။ (ပွားများနည်းကတော့ အထက်မှာ ပြခဲ့တဲ့အတိုင်းပါပဲ။ နောက်နောင် ဂုဏ်တော်တွေလည်း သိနိုင်လောက်ပါပြီ။)

## ၃။ ဝိဇ္ဇာစရဏသမ္ပန္န

ဝိဇ္ဇာစရဏသမ္ပန္န ဆိုတာ အသိဉာဏ်ဝိဇ္ဇာ အကျင့်စရဏတို့နှင့် ပြည့်စုံတော်မူ၏လို့ အဓိပ္ပာယ်ရပါတယ်။

### သုံးစွဲပုံ

ဝိဇ္ဇာစရဏသမ္ပန္နဂုဏ်တော်ကို

၁။ သူတစ်ပါးတို့ထက် ဉာဏ်ပညာ အကျင့်သီလ ပေါ်လွင်ထင်ရှားစေလိုတဲ့အခါ သို့မဟုတ် မိမိဉာဏ်ပညာ အကျင့်အာစာရကောင်းများ ထူးခြားပေါ်လွင်စေလိုတဲ့အခါ။

၂။ စာမေးပွဲ အထူးအောင်မြင်လိုတဲ့အခါမှာ ပွားများရပါတယ်။

### ဂုဏ်တော်နှစ်ပါးအထူး

ပညာရပ်ကို လေ့လာကျက်မှတ်ဆဲ ကာလမှာ ဝိဇ္ဇာစရဏသမ္ပန္န

http://www.dhammadownload.com



ဂုဏ်တော်ကို ပွားများပြီး စာမေးပွဲခန်းမှာ ပုစ္ဆာကို အမှန်အကန် ကိုယ်ပိုင်ဉာဏ်နဲ့ ဆုံးဖြတ်နိုင်ဖို့အတွက် သမ္မာသမ္ဗုဒ္ဓဂုဏ်တော်ကို ပွားများသင့်ပါတယ်။

### ၄။ သုဂတော

သုဂတော - ဂုဏ်တော်က

၁။ ကောင်းမွန်မှန်ကန်တဲ့ နိဗ္ဗာန်သို့ ကြွသွားတော်မူတတ်, ကောင်းမွန် တင့်တယ်တဲ့ လမ်းခရီးကို ကြွသွားတော်မူတတ်။

၂။ ကောင်းမွန်မှန်ကန်တဲ့ နိဗ္ဗာန်ခရီးလမ်းညွှန် တရားတော်ကို ဟောကြားတော် မူတတ်၏လို့ အဓိပ္ပာယ် ရပါတယ်။

### သုံးစွဲပုံ

သုဂတ ဂုဏ်တော်ကို

၁။ အလုပ်အကိုင် အပေါက်အလမ်း မတည့်ဘဲ ထင်တိုင်း မပေါက် အဆင်မပြေဖြစ်တဲ့အခါ။

၂။ အကြံအစည်များ ချွတ်ယွင်းလွဲမှားတဲ့အခါ။

၃။ သူတစ်ပါးကို လမ်းမှန်ရောက်အောင် ညွှန်ပြလိုတဲ့အခါ။

၄။ မိမိ ဆုံးမစကားများ ဩဇာ သက်ရောက်စေလိုတဲ့ အခါ တို့မှာ ပွားများပါ။

### ၅။ လောကဝိဒူ

လောကဝိဒူ = ဆိုတာ သတ္တဝါတို့ နေထိုင်ရာ ဩကာသ

http://www.dhammadownload.com



လောက၊ဖြစ်တတ်ပျက်တတ်တဲ့ သင်္ခါရလောကနဲ့ လောကနေ သတ္တဝါ အမျိုးမျိုး အစားစား ထိုသတ္တဝါတို့ရဲ့ အလိုဆန္ဒ စရိုက်လက္ခဏာ ထိုထိုဘုံလောကသို့ ရရောက်ကြောင်း ထိုထိုဘုံလောကမှ ထွက်မြောက် ကြောင်း တရားတို့ကို သိတော်မူတတ်၏လို့ အဓိပ္ပာယ်ရပါတယ်။

## သုံးစွဲပုံ

လောကဝိဒူဂုဏ်တော်ကို သုဂတဂုဏ်တော်မှာလိုပဲ သုံးစွဲကြတဲ့ အပြင် သူတစ်ပါးတို့ရဲ့ အလို အဇ္ဈာသယ စိတ်နေ သဘောထား ဘယ်လိုရှိနေတယ် ဆိုတာ သိလိုတဲ့ အခါမှာ အထူးသဖြင့် ရွတ်ပွား ပါတယ်။ အပေါင်းမှား လူယုံသတ်မဖြစ်ဖို့အတွက် အပေါင်းအသင်း မမှားဖို့နဲ့ မိတ်ကောင်းဆွေကောင်းများနဲ့ ပေါင်းဆုံမိဖို့အတွက် လူ့ စရိုက် လူ့သဘောကို ခန့်မှန်းဆုံးဖြတ်တတ်ဖို့ လောကဝိဒူကို ပွား များသင့်ပါတယ်။

## ၆။ အနုတ္တရ

(အနုတ္တရောပုရိသဒမ္မသာရထိ – ဆိုတဲ့ ဂုဏ်တော်ကို တစ်ပေါင်း တည်း ဂုဏ်တစ်ခုအဖြစ် ယူတဲ့နည်းနဲ့ အနုတ္တရောနဲ့ ပုရိသဒမ္မသာရထိ ကို ဂုဏ်တစ်ခုစီ ခွဲခြားယူတဲ့နည်းလို့ အဋ္ဌကထာဆရာက နှစ်နည်း ဖွင့်ပြပါတယ်။ တစ်ခုစီရဲ့ အဓိပ္ပာယ်ကို သိပြီးလျှင် နှစ်ခုပေါင်း အဓိပ္ပာယ်ကိုလည်း နားလည်နိုင်တဲ့အတွက် တစ်ခုစီနည်းကိုပဲ ခွဲခြား ဖော်ပြပါမယ်။)

အနုတ္တရ – ဆိုတာ သီလ၊ သမာဓိ၊ ပညာဂုဏ်တို့ အတုမရှိ သူတစ်ပါးတို့ထက် သာလွန်မြင့်မြတ်တော်မူ၏လို့ အဓိပ္ပာယ်ရပါတယ်။

http://www.dhammadownload.com



### သုံးစွဲပုံ

အနုတ္တရ - ဂဏ်တော်ကို သူများထက် အရာရာမှာ သာလွန်လိုတဲ့အခါ၊ အပြိုင်အဆိုင် တွေ့တဲ့အခါ မိမိက သာလွန်လိုတဲ့အခါမှာ ပွားများရပါတယ်။

### ၇။ ပုရိသဒမ္မသာရထိ

ပုရိသဒမ္မသာရထိ - ဆိုတာ ဆုံးမသင့် ဆုံးမထိုက်သူတို့ကို ဆုံးမတော်မူတတ်၏လို့ အဓိပ္ပာယ်ရပါတယ်။

### သုံးစွဲပုံ

ပုရိသဒမ္မသာရထိ ဂုဏ်တော်ကို

၁။ သားသမီး တပည့်တပန်း လက်အောက် ငယ်သားတို့ ကျိုးနွံလိုက်နာအောင် ဆုံးမလိုတဲ့အခါ။

၂။ ဘယ်လိုလူကို ဘယ်လိုမဲ့မြင်ရမည်ဟု သိရှိနိုင်လိုတဲ့ အခါတို့မှာ ပွားများကြပါတယ်။

### ၈။ သတ္ထာဒေဝမနုဿာနံ

သတ္ထာဒေဝမနုဿာန ဆိုတာ နတ်လူအပေါင်းတို့ရဲ့ နည်းညွှန် လမ်းပြဆရာ ဖြစ်တော်မူ၏လို့ အဓိပ္ပာယ်ရပါတယ်။

### သုံးစွဲပုံ

ဒီဂုဏ်တော်ကို လူအများကို မိမိအလိုသို့ လိုက်စေလိုတဲ့ အခါ ရွတ်ဖတ်ပွားများပါတယ်။

http://www.dhammadownload.com



## ၉။ ဗုဒ္ဓေါ

ဗုဒ္ဓ ဆိုတာ ကိုယ်တော်တိုင် အမှန်တရားအားလုံးကို သိတော်မူ, သူတစ်ပါးတို့ကိုလည်း သိအောင်ဟောပြတော်မူတတ်၏လို့ အဓိပ္ပာယ်ရပါတယ်။

### သုံးစွဲပုံ

၁။ မိမိသိလိုသည်ကို အမှန်အတိုင်း သိရှိနိုင်ဖို့။

၂။ မိမိသဘောအမှန်ကို သူတစ်ပါးတို့ သိစေဖို့။

၃။ မိမိသင်ကြားပြသချက်များကို တပည့်များနားလည်သဘောပေါက်လွယ်စေဖို့အတွက် ဗုဒ္ဓဂုဏ်တော်ကို ပွားများရပါတယ်။

## ၁၀။ ဘဂဝါ

ဘဂဝါဂုဏ်တော်က --- အစိုးရခြင်း၊ လောကုတ္တရာတရား အရသာ သုံးဆောင်ခံစားရခြင်း၊ ဂုဏ်သတင်း အခြံအရံများခြင်း၊ ဘုန်းကျက်သရေ မြည့်စုံခြင်း၊ အလိုရှိရာ ပြည့်စုံခြင်း၊ ခွန်အားလုံ့လ ပြည့်စုံခြင်းဆိုတဲ့ ဘုန်းတော် ၆ပါးနှင့် ပြည့်စုံတော်မူ၏လို့ အဓိပ္ပာယ်ရပါတယ်။

### သုံးစွဲပုံ

ဘဂဝါဂုဏ်တော်ကို ဂုဏ်ကျက်သရေ ရှိစေဖို့၊ လိုရာကိစ္စ ပြည့်ဝအောင်မြင်ဖို့ ပြီးစီးထမြောက်ဖို့နဲ့

ဂုဏ်တော်အချုပ်ဖြစ်တဲ့ ဘဂဝါဂုဏ်တော်ကြီးကို ကိစ္စလုံးစုံ ပြီးပြည့်စုံဖို့ သုံးစွဲပွားများ နိုင်ပါတယ်။

http://www.dhammadownload.com

# ဒီပံ ဆီမီးဖယောင်းတိုင်ထွန်းပုံ

ပန်းကန်ပြားငယ် သန့်သန့်သော်လည်းကောင်း၊ တခုခု တွင် ဒီပံဖယောင်းတိုင်ကို သေချာစိုက်ပါ၊ ပြီးလျှင် နံ့သာ ရေတစက်ထည့်ပြီး ဘုရားရှေ့တော်တွင် မီးထွန်းညှိပြီး ဆီမီးပူဇော်ပါ။ (ဘုရားရှိခိုး၊ သီလယူ၊ မေတ္တာ ဘာဝနာ ပွားများပါ) မေတ္တာပို့ အမျှဝေခြင်းတို့ကို စိတ်တည်ငြိမ်စွာ ဖြင့် ပြုလုပ်ပါ။

စိန္တာမဏိဂါထာတော်ကို အကြိမ်များစွာ ရွတ်ဖတ်ပါ၊ မိမိဆန္ဒ၊ မိမိကိစ္စအောင်မြင်စေရန် ဆုမွန်ပြုပါ၊ မေတ္တာအထူး ပို့ပါ၊ ဒီပံဖယောင်းတိုင် မကုန်မချင်း မေတ္တာပို့ခြင်း၊ ဆု တောင်းခြင်း၊ ဂုဏ်တော်ရွတ်ခြင်း၊ ပုတီးစိပ်ခြင်း၊ တရားထိုင် ခြင်း၊ အမျှဝေ သာဓုခေါ်ခြင်းတို့ကို ပြုလုပ်ရမည်။

မှတ်ချက်

၁။ ဒီပံဆီမီးထွန်းပြီးသည်နှင့် ကိစ္စအဝဝ အောင်မြင်ပြီးစီး သွားမည်။

၂။ ချိန်းသောနေ့ကို ပြန်လာပါ။

၃။ ဆီမီးပူဇော်လျှင် မီးကိုအထူးဂရုစိုက်ပါ။

ဆန္ဒပြည့်ပါစေ

အောင်သန်းအောင်။

http://www.dhammadownload.com

# စိန္တာမဏိဂါထာတော်

၁။ စိန္တာမဏိ ရတနာသနိ၊ ဗုဒ္ဓံ ဗုဒ္ဓ ရတနာသနံ။
ကာရံ ကာရတိ သရဏံ၊ ခိပ္ပမေဝ သမိဇ္ဈတု။

၂။ စိန္တာမဏိ ရတနာသနိ၊ ဓမ္မံ ဓမ္မ ရတနာသနံ။
ကာရံ ကာရတိ သရဏံ၊ ခိပ္ပမေဝ သမိဇ္ဈတု။

၃။ စိန္တာမဏိ ရတနာသနိ၊ သံဃံ သံဃ ရတနာသနံ။
ကာရံ ကာရတိ သရဏံ၊ ခိပ္ပမေဝ သမိဇ္ဈတု။

ဤဂါထာတော်ကား စိတ်လိုဘိုင်း ပြီးစီး အောင်မြင်သောကြောင့် မနောရမဗ္ဗိယဟု ခေါ်သည်။ သာလွန် မင်းတရားကြီး၏ ဆရာတော် သာသနာပိုင် သံဃရာဇ ဖြစ်တော်မူသော ဘောင်ဖီလာဆရာတော်ကြီးသည် နေထွက်. မှန်းတည့် နေဝင်ချိန်ဘုံ၌ အမြဲရွတ်ဖတ်တော်မူသော ဂါထာဖြစ်သည် အသုံးသဖြင့် ဘုရားကိုအာရုံပြု၍ ရွတ်ပါ အကြံအစီဟူသမျှ ပြီးမြောက် အောင်မြင်မည်။ စီးပွားကျက်သရေ တိုးတက် ဖွံ့ဖြိုးပါမည်။

http://www.dhammadownload.com



ဂုဏ်တော်တို့ရဲ့ အဓိပ္ပာယ်ကို လေးလေးနက်နက် သဘောပေါက်အောင် အထပ်ထပ် လေ့လာပါ။ ဆိုလိုရင်း အဓိပ္ပာယ်ကို နားလည်သဘောပေါက်ထားရင် မိမိကြုံတွေ့ရတဲ့ ကိုယ်ရေးကိစ္စနဲ့ ကိုက်ညီအောင် သုံးစွဲတတ်ပါတယ်။

ဘုရားရှင် ဂုဏ်တော်တွေဟာ အခြား ပုဂ္ဂိုလ်တွေ စီရင်ရေးသားထားတဲ့ ဂါထာမန္တန်များနဲ့ ဘယ်လိုမှ မနှိုင်းယှဉ် နိုင်ပါဘူး။ ဒါကြောင့်လည်း မြတ်စွာဘုရားရှင်က ဂုဏ်တော်ကို ပွားများကဲ့ ဗုဒ္ဓါနုဿတိ တရားဟာ တခြားဘယ်လို အစီအရင်တာ ဆေးဝါးမန္တန်မှ မလို၊ အလုံးစုံကာကွယ်ပြီးစီးနိုင်တယ်လို့ ဟောကြားခဲ့တာ ဖြစ်ပါတယ်။

လေးစားယုံကြည်မှု သဒ္ဓါတရား အပြည့်အဝနဲ့ပွားများ သုံးစွဲတတ်ကြပါစေ၊

ပွားများသူတိုင်း ကိုယ်တိုင် ပွားကြည့်၊ ကိုယ်သိကျိုးရ ခံစားနိုင်ကြပါလိမ့်မယ်။

## အောင်ခြင်းရှစ်ပါး ဂါထာ

သာမညဆရာတော်ကြီး ပွားထုံလေ့ရှိတဲ့ ပရိတ်ဂါထာ ဘာဝနာတွေထဲမှာ အောင်ခြင်းရှစ်ပါး ဂါထာလည်း အပါအဝင် ဖြစ်ပါတယ်။ အောင်ခြင်းရှစ်ပါး ဂါထာကို ရွတ်ဖတ်သရဇ္ဈာယ်လို့ရှိရင် အကုန်လုံး အောင်မြင်နိုင်တယ်၊ ဒါကြောင့် သူ့ကို သိဒ္ဓိရှင်လို့ ခေါ်တယ်လို့ မေတ္တာတရားတော်မှာ ဆရာတော်ကြီး ထည့်သွင်းဟောထားပါတယ်။

အောင်ခြင်းရှစ်ပါးဆိုတာ––ဗုဒ္ဓဘာသာဝင်တိုင်း သိနားလည်ကြပြီးသားပါ။ ဒီအောင်ခြင်းရှစ်ပါး ဇစ်မြစ်အခြေအနေကို နှိုက်ကြည့်ရင်–

http://www.dhammadownload.com



-လှုမှုရေး ထိုးနက်ချက်တွေ၊ မလိုတမာ ဣဿာမစ္ဆရိယတွေ ပါနေတာကို တွေ့ရပါတယ်။ မာရ်နတ်ကိုပဲကြည့်၊ သုံးလောကရဲ့ ညွတ်ရုံးဦးခိုက်မည့် အဖြစ်ကို မလိုလားလို့ အနှောင့်အယှက်ပြုတာ ထင်ရှားတယ်။ နာဠာဂိရိဆင်ရဲ့ ရန်မူခြင်းရဲ့ နောက်ကွယ်မှာ အရှင်ဒေဝဒတ်ရဲ့ မလိုတမာ ဣဿာမစ္ဆေရ ပါနေတယ်ဆိုတာ အထင်အရှား ဖြစ်သလို စိဉ္စမာဏရဲ့ နောက်ကွယ်မှာရော--တိတ္ထိတွေရဲ့ လှုမှုရေး ထိုးနက်ချက်ကို ပြက်ပြက်ထင်ထင် မြင်သာလှတာပဲ။

အာဠာဝကဘီလူး၊ သစ္စကပရိဗိုဇ်၊ နန္ဒောပနန္ဒနဂါးမင်း၊ ဗကဗြဟ္မာတို့ကျတော့ ငါသာအတတ်၊ ငါအမြတ်လို့--ငါတစ်ခင်းနေကြသူတွေ။ နယ်နယ်ရရ--မဟုတ်သော သည်လို ပုဂ္ဂိုလ်မျိုးတွေကို သဗ္ဗညုဘုရားရှင်မို့သာ အောင်ပွဲဆင်နိုင်တာပါ။ သာမန်ပုဂ္ဂိုလ်ဆိုရင် စိတ်မကူးဝံ့စရာ အဖြစ်တွေပါ။

ခုလို--လှုမှုရေး အပုပ်ချမှုတွေ၊ အောင်မြင်မှုကို မလိုလားမှုတွေ၊ ဣဿာမစ္ဆေရတွေနဲ့ မလိုတမာ အကြံပက်စက်မှုတွေ၊ ဘက်ပြိုင်မှုတွေကို သဗ္ဗညုတဘုရားရှင်သော်မှ တွေ့ရသေးတာ၊ သာမန်ပုဂ္ဂိုလ်တွေအတွက် ဆိုဖွယ်ရာ မရှိတော့ပါဘူး။

ဘုရားရှင်ဟာ--အဲသလို ရန်မျိုးတွေကို အောင်မြင်တော်မူခဲ့ပါတယ်။ ဘုရားရှင် အောင်မြင်ခြင်းကို ပူဇော် သစ္စာပြုခြင်းဖြင့် မိမိတို့လည်း ဘုရားရှင်နည်းတူ အောင်မြင်သော အကျိုးများကို ထပ်တူ ခံစားရရှိကြမှာ ဖြစ်ပါတယ်။ ဒါကြောင့် ဆရာတော်ကြီးက ဘုရားရှင် အောင်မြင်ခဲ့တဲ့ အောင်ခြင်းရှစ်ပါးကို ဖွဲ့ဆိုထားတဲ့ ဒီ

http://www.dhammadownload.com



ဂါထာကို ရွတ်ဆိုရင်--အကုန်လုံး အောင်မြင်နိုင်တယ်လို့ မိန့်တော်မူခြင်း ဖြစ်ပါတယ်။ ရွတ်ဖတ်လိုသူတို့အတွက် ဂါထာကို သုံးစွဲနည်းနဲ့ပါ ဖော်ပြပေးလိုက်ပါတယ်။

မာရံ ယက္ခံ ဂဇံ စောရံ၊
စိဋ္ဌမာဏဋ္ဌ သစ္စကံ၊
နာဂံ ဗကံ ဇိနော ဇိနိ၊
ဟောတု မေ ဇယ မင်္ဂလံ။

### အနက်

-ဇိနော၊ အောင်သူတကာတို့၏ အထွတ်၊ တမွတ်ဉသျှောင်ဘုန်းခေါင်ဘုန်းဖျား၊ ငါတို့၏ မြတ်စွာဘုရားသည်။

-မာရဋ္ဌ၊ ဂိရိ မေခလာ၊ ဆင်မဟာကို၊ လျှင်စွာတက်စီး၊ ပလ္လင်နီးဝယ်၊ လေကြီးမိုးကြား ပြာပုမ်းနှင့်၊ မှောင်ကြီးတစ်တန်၊ ဓားလှံမကြွင်း ပစ်ခတ်ခွင်းလျက်၊ အချင်းသဲဒွတ်၊ ပလ္လင်မြတ်မှ၊ ချမြန်ထလော့ စိမ်းမြည်ိုလွှင်၊ ဗောဓိပင်နှင့်၊ ပလ္လင်တော်ကား၊ ထင်အရှားပင်၊ သင်ကာမဆိုင်၊ ငါသာပိုင်ဟု၊ စွဲကိုင်ယက်နက်၊ ရဲစစ်မက်ဖြင့်၊ အောင်ထက်ဝိုင်းရံ၊ သောသောညံအောင်၊ အသံဟစ်ကြွေး၊ မယဉ်ကျေးသည့် ရန်ဘေး တစ်သင်း၊ မာရ်နတ်မင်းကို လည်းကောင်း။

,- ယက္ခဋ္ဌ၊ ဓားမိုး လှံမိုး၊ မီးကြီးမိုးကို၊ ရွာဖြိုးသွန်းချ ယမ်းမီးကျသို့၊ ကောခပြင်းထန်၊ ငါ့ဗိမာန်မှ၊ အမြန်ထွက်သွာနှင်ရက်အားသည်၊ တရားကင်းကွာ၊ ကြမ်းကြုတ်စွာသား၊ အာဠဝကဘေဇထန်ပြင်း၊ ဘီလူးမင်းကို လည်းကောင်း။

http://www.dhammadownload.com



– ဂဇဥ္စ၊ အစွယ်ထက်ချွန်၊ အရက်မွှန်လျက် အလွန်ဆိုးညစ်၊ အမုန်ယစ်၍၊ ရှင်ချစ်သေဠ်နင်း၊ သုံးလူမင်းကို၊ အတင်းအကြပ် ဒိညာဉ်ပြတ်အောင်၊ ထိုးသတ်အံ့ငှာ၊ ရှေးရှုလာသည့်၊ နာဠာဂိရိ၊ တောင်ရှိနီးနီး၊ ဆင်ပြောင်ကြီးကို လည်းကောင်း။

–စောရဥ္စ၊ ခရီးဝေးကွာ၊ ယူဇနာကို၊ လျင်စွာပြေးစွမ်း၊ တောမြင် ဘန်းက၊ လူဖမ်း လက်ဖြတ်၊ သေအောင်သတ်၍၊ နန်းရပ်ကကျော်၊ မွေးမယ်တော်ကို၊ မြင်သော်စိုက်စိုက်၊ ဓားဖြင့်လိုက်၍၊ မကိုင်ရွံ့ထွတ်တင်၊ ဘုရားရှင်ကို၊ အသင်ရှောင်ဝေး၊ ဘယ့်ကြောင့်ပြေးဟု၊ ဓားရေးပြကာ၊ သတ်မည်လာသား၊ လွန်စွာဆိုးဘိ၊ အင်္ဂုလိမာ၊ သူခိုးကျော်ကို လည်းကောင်း။

–စိဉ္စမာဏဥ္စ၊ အလွန်ကောက်ကျစ်၊ တိတ္ထိညစ်တို့၊ အပြစ်ရှာကြံ၊ ကောင်းဉာဏ်ဖြင့်၊ စီမံဆုံးဖြတ်၊ စေလွှတ်လတ်၍၊ ပရိသတ်ထဲ၊ အရှက်ကွဲအောင်၊ စွပ်စွဲတတ်စွာ၊ စိဉ္စမာဟု၊ သညာဖော်ထုတ်၊ ပုန်းမယုတ်ကို လည်းကောင်း။

–သစ္စကံ၊ မစင်မဖြူ၊ မိစ္ဆာယူဖြင့်၊ မည်သူ့ကိုမျှ၊ မာန်မချဘဲ၊ ဝါဒချင်းပြိုင်၊ သူကပိုင်အောင်၊ အနိုင်လွှမ်းမိုး၊ အယူဆိုးသည့်၊တိတ္ထိ မျိုးမိုက်၊ သစ္စကပရိဗိုဇ်ကို လည်းကောင်း။

–နာဂဥ္စ၊ ဒေါသလွှမ်းမိုး၊ မျက်စောင်းထိုးက၊ အရိုးကြေမွ၊ ပြာကျသို့၊ တေဇထန်ပြင်း၊ နန္ဒောပနန္ဒနဂါးမင်းကို လည်းကောင်း။

–ဗကဥ္စ၊ ဉာဏ်မြင်ကင်းကွာ၊ နိစ္စသာဟု၊ မိစ္ဆာလွှမ်းမိုး၊ အယူဆိုးသည့်၊ တန်ခိုးအရောင်၊ ထိန်ပြောင်ညီးညီး၊ ဗကဗြဟ္မာကြီးကို လည်းကောင်း။

http://www.dhammadownload.com



–အဇိနီ၊ ဒိဋ္ဌိကိုချ၊ ဒေါသကိုပယ်၊ မာန်စွယ်ကိုချိုး၊ သဒ္ဓါဖြိုးလျက်၊ ရှိခိုးတုပ်ကွ၊ ပြားပြားကျအောင်၊ ဆုံးမသွန်သင်၊ အောင်ပွဲတော်ဆင်ခဲ့လေပြီ။

–တေန သစ္စ ဝဇ္ဇေန၊ အောင်ခြင်းရှစ်ချက်၊ ဂုဏ်တော်နက်ကို၊ နှုတ်မြွက်ဖော်ကြား၊ ဤသစ္စာစကားကြောင့်။ မေ၊ မအောင်သေးခင်အောင်ကြွေးတင်၍၊ အောင်မြင်ရန်မျှော်၊ တပည့်တော်၏။(ဝေါတုမှာကား၊ မအောင်သေးခင်၊ အောင်ကြွေးတင်၍၊ အောင်မြင်ရန်မျှော်တောင်း၊ သင်တရားနာပရိသတ်အပေါင်း၊ သူတော်ကောင်းတို့၏)။ ဇယမင်္ဂလံ၊ အောင်ရန်အတိတ်၊ အောင်နိမိတ်နှင့်၊ အောင်ဘိသိက်သွင်း၊ အောင်ဟိတ်ကျင်းလျက်၊ အောင်ခြင်းစဉ်ကာ၊ မင်္ဂလာသည်။ ဟောတု၊ တက်သစ်နေဝန်း၊ ထွန်းသစ်လစန်း၊ ပွင့်သစ်ပန်းသို့၊ ဆန်းအဖုံဖုံ၊ စခန်းစုံအောင်၊ အဖွမ်းကုန်မသွေ၊ ဖြစ်ပေါ်ပါစေသတည်း။

## ဂါထာအညွှန်း

– ဤဂါထာကို တစ်နေ့ရှစ်ခေါက် ရွတ်ဆိုပါ။
– ရန်အပေါင်းကို အောင်မြင်သော ဂါထာဖြစ်သည်။
– အောင်ခြင်းတစ်ပါးစီ၏ ဇာတ်ကြောင်းကို သိအောင်လေ့လာ တားပါ။

၁။ မိမိ၏ ရာထူးတိုးတက်မှု (ဝါ) တရားသဖြင့် ကြိုးစားနေသော လုပ်ငန်းတွင် မလိုတမာ အဘိဇ္ဈာနှင့် နှောင့်ယှက်သူများ ပေါ်ပေါက်လာလျှင်–

http://www.dhammadownload.com



၂။ အခြေအနေအရ၊ တာဝန်အရ သူတစ်ပါး၏ လုပ်ငန်းကို ခေတ္တ လုပ်ကိုင်ရသော အခါတွင် မူလပိုင်ရှင် အလုပ်ရှင်က ငြူစူ တိုက်ခိုက်မှုမျိုး ပေါ်ပေါက်လာလျှင်–

၃။ မိမိ၏ ရန်သူကိုယ်တိုင် မဟုတ်ဘဲ လူငှားပြီး အရိုက်ခိုင်းခြင်း၊ အသတ်ခိုင်းခြင်း စသော တစ်ပါးသူကို တိုက်တွန်းပြီး မိမိအား ရန်ပြုလာလျှင်–

၄။ သူခိုးဓားပြအန္တရာယ် ကြုံလာလျှင်–

၅။ မိမိ၏ ဂုဏ်သတင်း၊ ကျော်စောနေချိန်တွင် မလိုသူများက မိန်းမတစ်ယောက်ကို ငွေပေး၍ အပုပ်ချစေလာလျှင်–

၆။ မိမိထက် ရာထူး၊ ပညာ၊ ဂုဏ် စသည့် နိမ့်ကျသူများက ပခုံးချင်း ယှဉ်ပြိုင်လာလျှင်–

၇။ ချမ်းသာသူများ၊ ရာထူးကြီးသူများက မိမိကို အထင်မှား၍ နှိမ့်ချ အပြစ်ရှာသဖြင့် လုပ်ငန်းခွင်တွင် စိတ်ဓာတ်ကျဆင်းလျှင်–

၈။ အဆင့်အတန်းအရ မောဟပိတ်ဖုံးပြီး တစ်ယူသန်ဖြစ်နေသော ပုဂ္ဂိုလ်ကြီးများကို အမြင်မှန်ရအောင် ဆွေးနွေးတင်ပြမှုမျိုး ကြုံလာလျှင်–

မြတ်စွာဘုရား၏ ဘုန်းတော်အနန္တ၊ ကံတော်အနန္တ၊ ဉာဏ်တော်အနန္တ၊ တန်ခိုးတော်အနန္တတို့ကို အာရုံပြုပါ။ ရန်သူကို မေတ္တာပို့လွှတ်ပါ။ ရန်သူကို မေတ္တာပွားရင်း မေတ္တာစိတ်မဖြစ်ဘဲ ဒေါသအမျက် ထွက်လာတတ်ပါတယ်။ ထိုအခါပိဋကတ်ကျမ်းလာ အမျက်ဖြေနည်းများကို သုံးပါ။

http://www.dhammadownload.com



နေခြည်တောက်က အမှောင်ပျောက် ဆိုသကဲ့သို့ ဘေးအန္တရာယ်များ ကင်းပျောက်သွားပါလိမ့်မယ်။

## မေတ္တာပို့ဂါထာ

ဆရာတော်ကြီးဟာ

ဒီနေ့ ရောက်လာကြတဲ့ ဒကာ–ဒကာမတွေ ဘေးတွေ ရန်တွေ ကင်းအောင်၊ စီးပွားလမ်းရှာလို့ လွယ်အောင်၊ သွားလေရာ လာဘ် လာဘ ပေါများအောင် မေတ္တာပို့ပေးလိုက်မယ်––တစ်ပြည်လုံး အေးချမ်းပါစေ––ဟု ဆိုပြီး အောက်ပါ မေတ္တာပို့ဂါထာကို အမြဲရွတ်ပြီး မေတ္တာပို့ပေးတော်မူလေ့ရှိပါတယ်။

ဒုက္ခပ္ပတ္တာစ နိဒ္ဒုက္ခာ
ဘယပ္ပတ္တာစ နိဗ္ဘယာ
သောကပ္ပတ္တာစ နိသောကာ
ဟောန္တု သဗ္ဗေပိ ပါဏိနော။

ဒုက္ခပ္ပတ္တာ–ကိုယ်စိတ်နှစ်ဖြာ ပင်ပန်းဆင်းရဲခြင်းသို့ ရောက်ကြကုန်သော။ သဗ္ဗေပိ–ခပ်သိမ်းဥဿုံ၊ အလုံးစုံလည်း ဖြစ်ကုန်သော။ ပါဏိနောစ–သတ္တဝါတို့သည်လည်း။ နိဒ္ဒုက္ခာ–ဆင်းရဲကင်းပ ချမ်းသာအေးမြကြကုန်သည်။ ဟောန္တု–ဖြစ်ကြပါစေ ကုန်သတည်း။ ဘယပ္ပတ္တာ–ကြောက်ဖွယ်လန့်ဖွယ် အသွယ်သွယ်သော အန္တရာယ် ဟုသမျှ ဘေးဒုက္ခသို့ ရောက်ကြကုန်သော။ သဗ္ဗေပိ–ခပ်သိမ်းဥဿုံ အလုံးစုံလည်း ဖြစ်ကုန်သော။ ပါဏိနောစ–သတ္တဝါတို့သည်လည်း။ နိဗ္ဘယာ–ဘေးရန်ကင်းပ ချမ်းသာအေးမြကြကုန်သည်။ ဟောန္တု ဖြစ်ကြပါစေကုန်သတည်း။

http://www.dhammadownload.com



သောကပဗ္ဗတ္တာ–စိုးရိမ်ပူဆွေး ငိုကြွေးခြင်းသို့ ရောက်ကြကုန်သော။ ဝါ–ဉာတိဗျသန–ဆွေမျိုး ပျက်စီးခြင်း။ သီလဗျသန–သီလချွတ်ယွင်းခြင်း။ ဘောဂဗျသန–ပစ္စည်းဥစ္စာ ပျက်စီးခြင်း။ ဒိဋ္ဌိဗျသန–မှားသောအယူ ယူမိခြင်း။ ရောဂဗျသန–ရောဂါဝေဒနာ ဖိစီးနှိပ်စက်ခြင်းဟု ဆိုအပ်သော ဗျသနတရား ငါးပါးသို့ ရောက်ကြကုန်သော။ သဗ္ဗေပိ–ခပ်သိမ်းဥဿုံ အလုံးစုံလည်း ဖြစ်ကုန်သော။ ပါဏိနော စ–သတ္တဝါတို့သည်လည်း။ နိဿောကာ–စိုးရိမ်ပူဆွေး ငိုကြွေးခြင်း မရှိကြကုန်သည်။ ဟောန္တု–ဖြစ်ကြပါစေကုန်သတည်း။

**သိဒ္ဓိပေါက်အောင်လုပ်နည်း**

သိဒ္ဓိပေါက်အောင် ဘာလုပ်ရမလဲ

၁။ အဓိဋ္ဌာန်ဝင်ရတယ်

၂။ သစ္စာခံရတယ်

၃။ မေတ္တာတရား ပွားများ အားထုတ်ရမယ်

အဲဒါမှ သိဒ္ဓိပြောက်တယ်။

http://www.dhammadownload.com

# သာမညဆရာတော်ကြီး၏ ဝိသေသများ

ဝိသေသဆိုတာ ထူးခြားချက်လို့ အဓိပ္ပာယ်ရပါတယ်။ သာမည ဆရာတော်ကြီးကို ထူးခြားတဲ့ဆရာတော်ကြီးအဖြစ် ဒကာ–ဒကာမ တွေ ကြည်ညို ဆည်းကပ်နေကြခြင်း ဖြစ်ပါတယ်။

ဆရာတော်ကြီးဟာ ဘာတွေ ထူးခြားသလဲ ဆိုတဲ့ နေရာမှာတော့ တစ်ဦးနဲ့တစ်ဦး ရှုမြင်ပုံချင်း မတူတတ်ကြပါဘူး။ ဒါလည်း သဘာဝ ကျပါတယ်။ ဆရာတော်ကြီးဆီကို ရည်ရွယ်ချက်၊ လိုအပ်ချက် အမျိုးမျိုး နဲ့ လူမျိုးစုံ လာနေကြတဲ့အတွက် ရှုမြင်ပုံချင်း တူကြမှာတော့ မဟုတ် ပါဘူး။

ရာထူး ဌာနန္တရ တက်ချင်၊ ပြောင်းချင်တဲ့သူက ရာထူးနဲ့ ပတ်သက်လို့၊ စီးပွားဉစ္စာ အဆင်ပြေလိုသူက စီးပွားရေးနဲ့ ပတ်သက်လို့၊ ငွေကြေးမနေ ပြည့်စုံလိုသူက ငွေကြေးနဲ့ ပတ်သက်လို့၊ ကျဆဲကျလတဲ့ အန္တရာယ်ကို ကာကွယ်လိုသူက အန္တရာယ်နဲ့ ပတ်သက်လို့၊ ကျန်းမာ ရေး ကောင်းလိုသူက ကျန်းမာရေးနဲ့ ပတ်သက်လို့ စတဲ့ ရှုပ်ထွေး ပွေလီလှတဲ့ လူ့ကိစ္စ အဝဝတွေ ရှေ့တန်းတင်ပြီး လာကြတာကိုတော့

http://www.dhammadownload.com



ငြင်းနိုင်ကြမယ် မဟုတ်ပါဘူး။ 'သောက်လေ သောက်လေ ငတ်မပြေ နိုင်တဲ့ လူ့ဘဝ လိုအပ်ချက်တွေဟာ ဖြည့်ဆည်းလို့တော့ ကုန်နိုင်မယ် မဟုတ်ပါဘူး။ တစ်ခုမဟုတ် တစ်ခုကတော့ လိုအပ်ချက်တွေ ရှိ နေဦးမှာပါပဲ။ အဲသလို ရှိနေသမျှလည်း ဆရာတော်ကြီးဆီ ချဉ်းကပ် နေကြဦးမှာပါပဲ။

ဒီတော့ ဆရာတော်ကြီးဆီ သွားလို့ ကိုယ့်လိုအင်ဆန္ဒ ပြည့်ဝရင် ဒီပြည့်တဲ့ ဆန္ဒနဲ့ သဒ္ဓါတပ်ပြီး ဆရာတော်ကြီးကို ထူးခြားတဲ့ ဆရာတော်အဖြစ် သတ်မှတ် ကြည်ညိုခြင်းပဲ ဖြစ်ပါတယ်။ ဒါကြောင့် ဆရာတော်ကြီးရဲ့ ဝိသေသဟာ ဘယ်ဟာပါ–လို့ တပ်အပ် ပြောနိုင်ဖို့ ကတော့ ခဲယဉ်းပါတယ်။

ဘာပဲဖြစ်ဖြစ် ဆရာတော်ကြီးကို ထူးခြားတဲ့ ဆရာတော်အဖြစ် ကြည်ညို ဆည်းကပ်နေကြတာကိုက ဆရာတော်ကြီးရဲ့ ထူးခြားတဲ့ ဝိသေသ တစ်ခုပါ။

အချို့က ဆရာတော်ကြီးကို 'သိဒ္ဓိပေါက်နေပြီလို့ ယုံကြည်လျက် ရှိပါတယ်။ ဒါကတော့ ဆရာတော်ကြီးသာ သိနိုင်တဲ့ ကိစ္စရပ်ပါ။ ဘေးကနေ ဆုံးဖြတ်လို့ ရစကောင်းတဲ့ အရာ မဟုတ်ပါဘူး။

'လောကမှာ' အဲပြောမတတ်ရင် ဆဲသလိုမျိုး ဖြစ်တတ်ပါတယ်။ ပညာရှိ သူတော်ကောင်းတွေနဲ့ ပတ်သက်ရင် ပိုဂရုစိုက်ရပါတယ်။ ဥပမာ ကိုယ်က ဆရာတော်ကြီးကို 'ဝိဇ္ဇာပုဂ္ဂိုလ်ကြီး'လို့ ကြည်ညိုစွာ ပြောဆိုလိုက်မယ်။ ဆရာတော်ကြီးက ကိုယ်ပြောတာထက် အဆင့်မြင့် ပုဂ္ဂိုလ် ဖြစ်နေမယ်ဆိုရင်–––ဘယ့်နှယ်လုပ်မလဲ။ ချီးကျူးရာ ရောက် ပါတော့မလား။ ကြည်ညိုရာရော ရောက်ပါတော့မလား။

http://www.dhammadownload.com



ကိုယ့်ကိုယ်ကို နာမည်ဖော်တယ်။ ဂုဏ်ဖော်တယ် ဆိုတာဟာ သူတော်ကောင်းရဲ့ စရိုက်လက္ခဏာ မဟုတ်ပါဘူး။ သူတော်ကောင်းတွေဟာ ကိုယ့်ကိုယ်ကို ဘယ်တော့မှ 'ငါ ဘာကြီးပါ'လို့ ပြောဆိုလေ့ မရှိကြပါဘူး။ ဒါကြောင့်---ဒီပုဂ္ဂိုလ် ဘာဆိုတာ အပြင်ကနေ ဆုံးဖြတ်လို့ လုံးဝ မရနိုင်ပါဘူး။ သိရ အလွန်ခက်တဲ့ အရာမျိုးပါ။ ကိုယ့်အသိအမြင်မှာ သူတော်ကောင်း ဖြစ်နေပေမယ့် ကွယ်ရာမှာ သူတော်ကောင်း မဟုတ်တာမျိုး၊ သူတော်ကောင်း အဖြစ် ဘယ်လိုမှ ထင်စရာ မရှိသူက သီလ သမာဓိနဲ့ ပြည့်စုံပြီး သူတော်ကောင်း ဖြစ်နေတာမျိုးတွေ လောကမှာ ရှိတတ်ပါတယ်။

ဒီသိဒ္ဓိပေါက်နေပြီ၊ ထွက်ရပ်ပေါက် ပုဂ္ဂိုလ်ကြီး ဖြစ်နေပြီ ဆိုတာနဲ့ ပတ်သက်လို့ ဆရာတော်ကြီး မိန့်ကြားထားတာ ရှိပါတယ်။

"ဆရာတော်ဘုရား၊ အခုလို တောကြီး တောင်ကြီးထဲမှာ လူပရိသတ် စည်ကားလာအောင် လုပ်နိုင်တာ၊ တန်ဖိုးကြီးမားတဲ့ အဆောက်အဦကြီးတွေကို မြန်မြန် ဆောက်လုပ်ပြီးတာ၊ လူပရိသတ် ဘယ်လောက်များများ ဘယ်လောက်ပဲ စားစား မကုန်နိုင်အောင် လှူဒါန်း ကျွေးမွေးနိုင်တာတွေဟာ အင်မတန် အံ့ဩဖို့ ကောင်းပါတယ် ဘုရား။ ဒီလို လုပ်နိုင်တာဟာ ထွက်ရပ်ပေါက် ပုဂ္ဂိုလ်မို့ လုပ်နိုင်တာလို့ တချို့က ပြောနေကြပါတယ်။

ဆရာတော်ကြီးရဲ့ ဆန်သေတ္တာကြီးဟာ ဣစ္ဆာသယ လိုတိုင်းရအောင် ဂမ္ဘီရပညာနဲ့ စီမံထားတယ်လို့လည်း ပြောကြပါတယ်။ မှန်ပါသလား ဘုရား၊ ထွက်ရပ်ပေါက်ပုဂ္ဂိုလ်၊ ထွက်ရပ်ပေါက်ပညာ

http://www.dhammadownload.com



ဆိုတာတွေဟာ လောကမှာ အမှန်တကယ် ရှိနိုင်ပါ သလား”လို့ အမျိုးသားကြီး တစ်ဦးက လျှောက်တဲ့အခါ ဆရာတော်ကြီးက–

“ရှင်အဒ္ဓဂေါဏ၊ ရှင်ကုဏ္ဍဓာနစရိယတို့ဟာ အင်္ဂရတ်နည်းနဲ့ ထွက်ရပ်ပေါက်သွားတဲ့ ပုဂ္ဂိုလ်တွေပဲ။ ဘိုးဘိုးအောင်ဟာ ‘အင်း’နဲ့ ထွက်ရပ်ပေါက်ခဲ့တယ်။ ‘ဆေး’နဲ့ ထွက်ရပ်ပေါက်သူ၊ ‘မန္တန်’နဲ့ ထွက်ရပ်ပေါက်သူတွေလည်း ရှိခဲ့ဖူးတယ်။ လောကီ ထွက်ရပ်ပေါက် ဂမ္ဘီရပညာတွေမှာ ‘အင်း’ဟာ အချုပ်ပဲ။ ဆေးပျောက်ရင်လည်း ‘အင်း’နဲ့ ပြန်ရှာရတယ်။ ဓာတ်လုံး ပျောက်ရင်လည်း ‘အင်း’နဲ့ ရှာရင်ရတယ်။

ဘုန်းကြီး ကတော့ . . . . . လောကုတ္တရာ နည်းနဲ့ နိဗ္ဗာန် ရအောင် ကျင့်မယ်လို့ ရည်မှန်းပြီး တောထွက်ခဲ့တာ ၁၃–နှစ် ရှိခဲ့ပြီ၊ ဒီတောင်ပေါ်ကနေ ဘယ်ကိုမှ မသွားတော့ဘူးလို့ သန္နိဋ္ဌာန် ချထား လိုက်တယ်။ ဒီနေရာမှာ သာသနာတော် ဖွံ့ဖြိုး စည်ပင်လာအောင် သာသနာပြုဖို့ အတိတ်ဘဝ ကုသိုလ်ဆက်လည်း ပါလာလို့ပေါ့။ ကဲ–ဒါလောက်ဆို ပြည့်စုံပြီပေါ့နော်။

ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါးနဲ့ မိဘ ဆရာသမားတွေ ကို မမေ့ကြနဲ့”လို့ ရှင်းပြ အဖြေပေးပါတယ်။

ဒီအကြောင်းကို ကိုယ်တိုင် ကြုံတွေ့ ကြားသိခဲ့ရတဲ့ အောင်ဇ (L.J.B)ဆိုသူက ၁၉၉၂–ခုနှစ်၊ အောက်တိုဘာလထုတ် နက္ခတ္တရောင်ခြည် မဂ္ဂဇင်းမှာ ရေးသား ဖော်ပြခဲ့လို့ သိရခြင်း ဖြစ်ပါတယ်။

သိဒ္ဓိပေါက်ပြီ ထွက်ရပ် ပုဂ္ဂိုလ်ကြီး ဖြစ်နေပြီ ဆိုတာနဲ့ ပတ်သက်လို့ ဆရာတော်ကြီး စကားထဲမှာ ပါပြီး ဖြစ်ပါတယ်။ ဒါ

http://www.dhammadownload.com



ကြောင့် ဆရာတော်ကြီး မိန့်ကြားတဲ့အတိုင်း မှတ်သား ကြည်ညိုရမှာ ဖြစ်ပါတယ်။

အကောင်းဆုံးကတော့ ဘုရားရှင် ဟောတော်မူတဲ့အတိုင်း ပေါင်းကြည့်ပါ။ ကြည်ညိုဆည်းကပ်ကြည့်ပါ။ အနီးကပ် လေ့လာပါ။ အဲသလို လေ့လာလို့ တွေ့ရတဲ့ အချက်များဟာ သူတော်ကောင်း ဟုတ်,မဟုတ် စိစစ်ချက်ရဲ့ အဖြေများ ဖြစ်လာပါလိမ့်မယ်။ ဒါ အသေချာဆုံးသော အဖြေရှာနည်း ဖြစ်တယ်။

ဒါဟာကြည်ညိုမှု လွဲမှာစိုးလို့ စကားမစပ် အကြံပေးတာပါ။

ကဲ---ဒကာဒကာမတွေဟာ ကြီးပွားချင်တယ်။ ချမ်းသာ ချင်တယ်။ အန္တရာယ်ကင်းချင်ကြတယ်။ လိုအင်ဆန္ဒ ပြည့်ဝလိုကြ တယ်။ ဒီအတွက် လာကြတယ် ဆိုတာလည်း ဆရာတော်ကြီး သိပါတယ်။ လိုအင်ဆန္ဒ မှန်သမျှ ပြည့်ဝဖို့အတွက် ဘာလုပ်ရမလဲ။ ကြီးပွားဖို့အတွက် ဘယ်လိုနည်းတွေ ရှိသလဲ။ ဆရာတော်ကြီးပေးတဲ့ နည်းက အရိုးဆုံး၊ အစင်းဆုံး၊ အလွယ်ကူဆုံး နည်းပါ။

## သာမညကို လာသူတိုင်း ချမ်းသာစေရမယ်

သာမညကို လာတဲ့ ဒကာဒကာမတိုင်း ချမ်းသာ စိတ်ချမ်းသာ ရာကို ဆရာတော် ပေးမယ်။ အားလုံး ချမ်းသာတော့မယ်။

သာမညကို ဘာဖြစ်လို့ လာကြတာလဲ။ မပြောကြဘူး။ ချမ်းသာ ချင်လို့ လာကြတယ်။ ဟုတ်လား။

'တင်ပါ့ဘုရား'

http://www.dhammadownload.com



အကျယ်ကြီး ပြောနေကြတယ်။

ချမ်းသာစေရမယ်။ ဘယ်ချမ်းသာနဲ့မှ မတူဘူး။ အဲသလို ချမ်းသာမျိုးကို ပေးမှာ။ ဆရာတော် ပေးမယ့် ချမ်းသာက ဒကာဒကာမ တွေ အားလုံး ချမ်းသာစေမယ့် ရတနာစစ် ရတနာမှန်ကို ပေးမှာ။

ဒါပေမယ့် ဒကာဒကာမတွေ လိုချင်တဲ့ ချမ်းသာမျိုး၊ စိန်ရွှေငွေ၊ ကျောက်သံပတ္တမြား၊ လှေ၊ ယာဉ်၊ ကျွဲ၊ နွား---ဒါတွေကိုတော့ မဟုတ်ဘူး။ ဒါတွေဟာ ရန်သူမျိုးငါးပါး ဖျက်ဆီးနိုင်တဲ့ ချမ်းသာတွေ၊ ဒုက္ခနဲ့ မဝေးသေးဘူး။

ဆရာတော်ပေးမယ့် ချမ်းသာ အစစ်ကတော့ ဘုရား ရတနာ၊ တရားရတနာ၊ သံဃာရတနာ။ ယူပြီးတော့ ပြန်ကြတော့။ မုချ ချမ်းသာလိမ့်မယ်။

ဒါဟာ---၁၉၇၂-ခုနှစ်၊ နိဝင်ဘာလထုတ် ဘားအံမြို့နယ် မဂ္ဂဇင်းက ဆောင်းပါးမှ ကောက်နုတ် ဖော်ပြခြင်း ဖြစ်ပါတယ်။

ဒီဆောင်းပါးဟာ ဆောင်းပါးရှင်နဲ့ ဆရာတော်ကြီး(တို့) တွေ့ဆုံစဉ်က ပြောခဲ့ ဆိုခဲ့တာတွေကို ပြန်လည် မှတ်တမ်းတင်ထားတဲ့ ဆောင်းပါးပါ။

## ရတနာသုံးပါးသာ ဆည်းကပ်ပါ

ရတနာသုံးပါးဆိုတာ ဘုရားရတနာ၊ တရားရတနာ၊ သံဃာ ရတနာ၊ ရတနာသုံးပါး ရှိပါတယ်။ ရတနာသုံးပါး ဆိုတာ ဂင်္ဂါဝါဠု သဲစုမက ပွင့်တော်မူတဲ့ ပစ္စေကဗုဒ္ဓါ ရဟန္တာ ရှင်တော်မြတ်တို့ကို

http://www.dhammadownload.com



ဖူးလို့ရှိရင် မကောင်းသော ဘေးရန် အန္တရာယ် အခါခပ်သိမ်း ကာကွယ် စောင့်ရှောက်ဖို့ ရရှိစေနိုင်တယ်။

လောကီ စီးပွားရေး၊ လောကုတ္တရာ စီးပွားရေး နှစ်ဌာန အောင်မြင်နိုင်ပါတယ်။ သွားလေရာ လာဘ်လာဘ ပေါများ ခြွေရံ ပရိသတ်များ တိုးတက်မှု ရှိတယ်။ အဲဒါကြောင့် ရတနာသုံးပါးထက် ထူးတဲ့ တရား မရှိတော့ဘူး။ အဲဒီ သုံးပါးပဲ ရှိတယ်။

**ဒီရတနာ သုံးပါးကို သွားတဲ့အခါ၊ စားတဲ့အခါ မမေ့နဲ့၊ စီးပွား ရှာလည်း မမေ့နဲ့၊ အကုန်လုံး ပြည့်စုံနိုင်တဲ့ ရတနာသုံးပါး။** ဒီထက် ဒကာဒကာမတွေ စီးပွားလမ်းရှာဖို့ ဖြောင့်အောင် ဘာလုပ်မလဲ။ အဝေးကဖြစ်ဖြစ်၊ အနီးကဖြစ်ဖြစ်၊ မေတ္တာတရား ရှေ့ထား မေတ္တာ ပို့သပေးပါ။ မေတ္တာထက် ကြီးတဲ့တရားများ ရှိသေးလား။ မရှိတော့ဘူး။ အဲဒါကြောင့် မေတ္တာ သတ္တော အနန္တောလို့ ခေါ်တယ်။

ဒါ---ဆရာတော်ကြီးပေးတဲ့ ချမ်းသာရေး နည်းလမ်းကောင်း ပါ။ ဒီနည်းတွေနဲ့ပဲ ဒကာဒကာမတွေကို ချမ်းသာစေခြင်း ဖြစ်ပါတယ်။ လိုရာဆန္ဒ ပြည့်ဝစေခဲ့ခြင်း ဖြစ်ပါတယ်။

ဆရာတော်ကြီးရဲ့ စကားထဲက 'မေတ္တာ'ဆိုတဲ့ စကားကို သတိပြုရပါမယ်။ သူတော်ကောင်းတွေရဲ့ မေတ္တာကို ခံယူ ရရှိတဲ့ လူတိုင်းဟာ ကြီးပွားရစမြဲပါ။ ချမ်းသာရစမြဲပါ။ ဘေးအန္တရာယ် အနှောင့်အယှက် တစ်စုံတစ်ရာ မရှိတဲ့ အတွက်ပဲ ဖြစ်ပါတယ်။

သာမည ဆရာတော်ကြီးဟာ မေတ္တာစိတ် အလွန်ကြီးမားတဲ့ ဆရာတော်ကြီးပါ။ ဒကာဒကာမတွေ အပူတွေကို သယ်ပိုးပြီး လာ တယ်ဆိုတာ သိတယ်။ အပူငြိမ်းအေးလိုသူတွေ အေးပါစေ၊ ချမ်းသာ

http://www.dhammadownload.com



လိုသူတွေ ချမ်းသာပါစေ။ ကြီးပွား လိုသူတွေ ကြီးပွားပါစေဆိုတဲ့ မေတ္တာစိတ်က ဒကာဒကာမများ အပေါ် အလိုလို စူးနစ် ညွတ်နူးပြီး သွားပါ။ ဒကာဒကာမတွေ သိလိုရာ ဖြေပေးတယ်။ ဖြစ်ချင်ရာ လုပ်ပေးတယ် ဆိုတာကိုက မေတ္တာစိတ် မဟုတ်လား။

မေတ္တာစိတ်တွေ မပြတ်လွှတ်ထားတဲ့ ဆရာတော်ကြီးရဲ့ မေတ္တာကို ခံယူရရှိတဲ့အတွက် ဘေးအန္တရာယ် ကင်းဝေးသူတွေ၊ ကြီးပွားချမ်းသာသူတွေ၊ လိုရာဆန္ဒပြည့်သူတွေ အများအပြားပါ။

ကဲ–ဆရာတော်ကြီးရဲ့ ဝိသေသအချို့နဲ့ ပတ်သက်ရာ ပတ်သက်ကြောင်းလေးတွေကို ကြည့်သိုကြည့်ရအောင်။

## အိပ်မက်ထဲ ကြွလာသည့် ဆရာတော်

ပထမဦးဆုံး ၁၉၉၂–ခုနှစ်၊ နိုဝင်ဘာလထုတ် ဘားအံမြို့နယ် မဂ္ဂဇင်းထဲက––ဆောင်းပါးရှင် တစ်ဦးရဲ့ ဆောင်းပါးကို ဖော်ပြပါမယ်။ ဆောင်းပါးရှင်ဟာ––ဆရာတော်ကြီးနဲ့ ပတ်သက်လို့ သူကိုယ်တိုင် ကြုံခဲ့ရတာတွေကို အောက်ပါအတိုင်း ဖော်ပြထား ပါတယ်။

ဘားအံမြို့မှ ထွက်လျှင် ဘားအံ–ကော့ကရိတ် ကားလမ်း အတိုင်း ဆယ့်ရှစ်မိုင်မျှ ဝေးမည် ထင်ပါသည်။

ကား.လမ်းမှ မြောက်ဘက်ကို နှစ်မိုင်ခွဲမျှ ဆက်သွားလျှင် ယနေ့ သာမညတောင်နှင့် မြတ်စောညီနောင် စေတီကို ဖူးတွေ့ရ ပေမည်။ ကျောင်းကန်၊ ဘုရား၊ စေတီပုထိုး၊ လူနေအိမ်များ စည်ကားလျက် ရှိနေပြီး နေ့စဉ် ဘုရားဖူးလာသူများ စည်ကားလျက်

http://www.dhammadownload.com



ရှိပါသည်။ လာသမျှ ဘုရားဖူးများကို နေ့စဉ် စေတနာဒီသာ ကျွေးမွေး ခြင်းဖြင့် နေ့ရော ညပါ စည်ကားလျက်ရှိခြင်းပင် ဖြစ်ပါသည်။

တောညိုအုံ့မှိုင်း မြူခြေများဆိုင်းသည့် အခါများတွင် သာမည တောင်သည် ကောင်းကင်ယံတွင် ပျံတက်သလို ထင်ရ၏။ နေထွက် နေဝင်သော အခါများတွင်လည်း စေတီညိုနောင်သည် လေတွင် ဝဲပျံနေသလို ထင်မှတ်ရပါသည်။

## လွန်ခဲ့သည့် (၁၀)နှစ်ကျော်က

လွန်ခဲ့သည့် (၁၀)နှစ် ကျော် ကျော်ကပင် ဆိုရပေမည်။ ဘားအံ အရှေ့ပိုင်း နယ်မြေများ၊ အထူးသဖြင့် ဂျိုင်းကျေးရွာကို အခြေပြုသော နယ်မြေတွင် တရားဥပဒေစိုးမိုးရေးနှင့် နယ်မြေအေးချမ်းသာယာရေး၊ သောင်းကျန်းသူများ အမြစ်ပြတ် ချေမှုန်းရေးအတွက် သွားကြသော အခါက ဖြစ်သည်။

ဘားအံဂျိုင်းကားလမ်းဘေးရှိ ကျေးရွာများတွင် အသွားအလာ များခဲ့ပြီး ဝဲကရင်ကျေးရွာအုပ်စု၊ သာယာကုန်းကျေးရွာအုပ်စုနှင့် ကော့ကဒါကျေးရွာအုပ်စုသည် အလယ်ဗဟိုလောက်တွင် ရှိနေကြသော ကျေးရွာများ ဖြစ်၍ ဂျိုင်းကျေးရွာကလွဲလျှင် ထိုရွာတို့တွင် အမြဲ တည်းခိုခဲ့ကြသည်။

ခရီးတစ်ထောက် အားလပ်သော ရက်များတွင် ရွာသားများနှင့် ဟင်းလျာများ အတွက် အမဲလိုက်ရင်း တောထူထူ သမင်၊ ဒရယ်၊ ယုန်နှင့် ဖြူများ အလွန်ပေါသောဒေသ ဖြစ်၍ သာယာကုန်း ရွာသားများ

http://www.dhammadownload.com



ပေါင်းပြီး တောလိုက်ကြရာ သမင်အုပ်တစ်အုပ် ပျော်ရွှင်စွာ စမ်းရေ သောက်နေကြသည်ကို တွေ့ရှိရ၍ များစွာ အံ့ဩခဲ့ရသည်။

တစ်တောလုံး တောခြောက်သံနှင့် သေနတ်သံတို့ ဆူညံနေသည့်ကြားတွင် သည်သမင်အုပ်သည် အေးဆေးဝပ်ငြိမ်စွာဖြင့် မည်သူ့ကိုမျှ ဂရုမစိုက် မကြောက်ဘဲ ရေသောက်နေကြသည်။ အလွန် အံ့ဩစရာကောင်း၏။ ချိုကားကားနှင့် အထီးကြီးတစ်ကောင်ကို ချိန်သားတည့်တည့်ထားပြီး ခလုတ်ဖြုတ်ချလိုက်သည်။

သေနတ်သံ ထွက်မလာ။ သမင်များကလည်း ဣန္ဒြေမပျက်။ ကုန်းမြင့်ကနေ ချိန်သားရထားသောကြောင့် ပစ်ကွင်းက အလွန်ကောင်း နေသည်။ သေနတ်ကို ထပ်ချိန်လိုက်သည်။ အထီးကြီးကို ထပ်ပစ်သည်။ ကျည်ထွက်မလာ။ အလွန် ဒေါသထွက်လာသည်နှင့် မိုးပေါ်ကို ထောင်ပြီး ပစ်ရာ "ဒိုင်း --- ဒိုင်း" သေနတ်သံ နှစ်ချက် တစ်ဆက် တည်း ဆက်ထွက်သည်။

အလွန်အံ့ဩမိသလို ကြောက်စိတ်ပါ နည်းနည်းဝင်လာသည်။ သမင်များ လန့်၍ ပြေးကုန်တော့မှ တောများ ခြောက်နေပြီလား။ အပြန်လမ်း မှတ်မိသေးသလား။ တောခြောက်သံလည်း မကြားရတော့ ပို၍ ပို၍ ဝေးသောတစ်နေရာသို့ ရောက်နေပြီထင်၏။

သာယာကုန်းရွာသို့ လာရာလမ်း၏ အနောက်ဘက်တွင် ရှိနေမည် ထင်မှတ်ရ၏။ အခု ရောက်နေသော နေရာနှင့် သာယာကုန်း ရွာကြားတွင် တောင်ကုန်းများ အလွန်ပေါ်နေ၏။ တောင်ကုန်းသုံးလုံးကို ကျော်ဖြတ်ပြီးမှ သာယာကုန်း ရွာကို ပြန်ရောက်နိုင်မည်။

http://www.dhammadownload.com



ထုံးမဖြူ တဖြူ စေတီနှစ်ဆူ ထန်းပင်တစ်ပင်ကိုတော့ အပြန်လမ်းအတွက် အမှတ်အသား တစ်ခုအဖြစ် သိမှတ်ထားရ၏။ နေဝင်လာတော့မည်။ ထမင်းလည်း ဆာလှပြီ။ ဘယ်တောကစပြီး ဘယ်လမ်းကို ထွက်ရမည်ဆိုသည်ကိုလည်း အတိအကျ မပြောတတ်တော့။ အားနည်းလာသလိုလို ရှိလာသည်။

သို့နှင့် ခြေဦးတည်ရာ အတင်းတိုးထွက်လာရာ နာရီဝက်ခန့်လောက်တွင် စောစောက ဘုရားနှစ်ဆူရှိသော တောင်က အမှောင်ထဲတွင် ပျောက်သွားတော့သည်။

မိုးတွင်းဖြစ်၍ တစ်ချက်တစ်ချက် လျှပ်စီးလက်လိုက်တိုင်း ပြန်ရမည့် သာယာကုန်းရွာဘက်ဆီသို့ ဦးတည် လျှောက်ခဲ့ရသည်။ အမှတ်မထင် တွေ့လိုက်ရသည့် အဖြစ်အပျက် တစ်ခုကြောင့် တစ်ကိုယ်လုံး ချောက်ချားသွားပြီး လက်ထဲက ကိုင်ထားသည့် သေနတ်ပါ မြေကြီးပေါ် ပြုတ်ကျသွားသောကြောင့် ကပျာကယာ ကုန်းကောက်လိုက်ရသည်။

ထိုနေရာကို အတန်ကြာအောင် သေသေချာချာ စိုက်ကြည့်လိုက်တော့မှ လေးချောင်းထောက် ဝါးတဲကျောင်း သေးသေးလေး တစ်ကျောင်းထဲတွင် သူတော်စင်တစ်ပါး ကမ္မဋ္ဌာန်းတရား အားထုတ်နေသည်ကို အထူးအဆန်းသဖွယ် ဖူးတွေ့ရသည်။ အလိုလို ဖူးတွေ့လိုသော စိတ်များလည်း တဖွားဖွား ကိန်းအောင်းလာသည်။ ထိုဝါးတဲနှင့် (၁၀)ကိုက်လောက် အကွာတွင် ထိုင်ချလိုက်ပြီး ထိုပုဂ္ဂိုလ်ကို ဖူးမြော်ဦးချလိုက်တော့သည်။

ဆယ်မိနစ်ခန့် အကြာတွင် သောက်ရေကျည်တောက် နှစ်ခုကို ထမ်းလာသော ခေါင်းတုံးနှင့် ဝတ်ဖြူဝတ် သူတော်စင် နှစ်ယောက်

http://www.dhammadownload.com



အနားတွင် ဖြတ်လျှောက်လာကြသည်နှ သာယာကုန်းရွာ ပြန်ရောက်ရေး အကူအညီတောင်းကြည့်ရာ သူတို့က သောက်ရေကျည်တောက်ကို ဝါးကျောင်း အနီးတွင် ချထားပြီး လိုက်ပို့ကြတော့သည်။

ရွာရောက်တော့ (၁၀)နာရီထိုးနေပြီ။ လိုက်ပို့သူများကလည်း တည်းခိုသည့် အိမ်အနီးမှာ ဟိုလိုလို သည်လိုလိုနှင့် အိမ်ရှေ့အရောက်တွင် ပျောက်သွားကြသည်။ ထိုည တစ်ညလုံး အိပ်၍မပျော်ခဲ့။ ဘေးလူများကို တစ်လုံးတစ်ပါဒမျှ အသိပေး မပြောကြားခဲ့မိသည်ကို ယနေ့တိုင်အောင် တွေး၍ပင် မရဘဲ ရှိနေခဲ့ပါသည်။

ထို့နောက် မေ့မေ့ပျောက်ပျောက်နှင့်နေလာခဲ့ရာမှ ဆရာကောင်းများနှင့် တွေ့ပြီး တရားဘာဝနာကို နေ့ရောညပါ လေ့ကျင့်အားထုတ်နေသော အချိန်တွင် သာယာကုန်း ပတ်ဝန်းကျင်တောင်ပေါ်၌ ထူးထူးခြားခြား ဆရာတော်တစ်ပါးက တောင်တော်ကို သာမညတောင် အမည်တွင်စေပြီး ထိုတောင်ပေါ်ရှိ စေတီများကို ပြုပြင်ဖို့ သာသနာပြုဖို့ တရားဘာဝနာ ပွားများသူများ တရားအားထုတ်နိုင်ဖို့ နေ့စဉ် တရားဟောပြောလျက် ရှိနေပြီဖြစ်ကြောင်း သတင်းတစ်ခုကို သဲ့သဲ့ ကြားလိုက်ရသည်။

အဆိုပါ ဆရာတော်သည် သက်သတ်လွတ်ဆွမ်း အဓိဋ္ဌာန်ဆွမ်းနှင့် နေ့စဉ် ဖူးမျှော်သူများ စည်ကားလျက်ရှိနေကြောင်း ကြားလိုက်ရပါသည်။ ဖူးတွေ့လိုသော ဆန္ဒ အာသီသ စေတနာတို့သည် ရင်ဝယ် တဖွားဖွား တိုးလာတော့သည်။

http://www.dhammadownload.com



တစ်ညတွင် ဘာဝနာအလုပ်ကိစ္စ ပြုပြီးနောက် ဆရာတော်အား ဖူးတွေ့လိုရပါကြောင်း အဓိဋ္ဌာန်ပြုရာ နောက်တစ်နေ့ နံနက် တစ်နာရီလောက်တွင် အိပ်မက်လို အမှန်တကယ်လို ဘုရားစင်ရှေ့မှာ လိုလို ဆရာတော်ကို ထင်ထင်ရှားရှား ဖူးတွေ့ရတော့သည်။ မှတ်မိ အောင်လည်း တအားဖူး တွေ့ထားလိုက်သည်။ ထိုနေ့ နံနက်ကား စနေနေ့ ဖြစ်၍ ရုံးပိတ်သည်။

အဖြစ်အပျက်ကား အလွန်မြန်ဆန်ပြီး အထူးအဆန်းတစ်ခု လို ဖြစ်နေသောကြောင့် အိမ်မှ ဇနီးသည်နှင့်အတူ အဓိဋ္ဌာန်ပြု ဆုတောင်းလျက် မော်တော်ဆိုင်ကယ်ဖြင့် သာယာကုန်းမှ တစ်ဆင့် သာမညတောင်သို့ မောင်းနှင်ခဲ့သည်။ ထိုစဉ်က ကားလမ်းကား မော်တော်ဆိုင်ကယ်အတွက် သွားရခက်တုန်း ရှိသေးသည်။ ဂဝံ ကျောက်တုံးများစတင်ခင်းသော အချိန်၊ တောင်ခြေမှ တောင်ပေါ်သို့ လှေကားထစ်အကြမ်းကို တက်နိုင်ရုံလေး လုပ်ထားသောအချိန် ဖြစ် သည်။ မောရပန်းရမှန်း မသိ။ တက်လိုက်ရာ ခဏလေး တောင် ထိပ်သို့ ရောက်သွားတော့သည်။

အားလုံးအထဲတွင် အထူးဆန်းဆုံးနှင့် အံ့သြစရာ အကောင်းဆုံး အဖြစ် နှစ်ခုကို ထပ်မံ တွေ့ရပြန်သောကြောင့် ပိုမို၍ ချီးကျူးမကုန် ဖြစ်ရပြန်ပါသည်။

ညက အိပ်မက်လိုလို ဖူးတွေ့ရသော ဆရာတော်က သည်ပုံ အတိုင်း ဖြစ်နေသောကြောင့်ပင်။ အိပ်မက်ထဲတွင် ဆရာတော်နှင့် အတူပါလာသော သမင်တစ်ကောင်မှာလည်း ရုပ်တုအဖြစ် ဆရာတော် အနီးတွင် ရှိနေခြင်းလည်း တစ်ခု အပါအဝင် ဖြစ်သည်။

http://www.dhammadownload.com



မဖော်ပြနိုင်သော မဖော်ပြတတ်သော အဖြစ်ဆန်းများသည် ထိုတောင်နှင့် ထိုဆရာတော်ထံတွင် အမှန် ရှိနေသည်ကိုတော့ မှန်းဆရနိုင်ပါပြီ။ အမှန်စင်စစ် မွန်မြတ်သည့် သူတော်စင် တစ်ပါးကို ဖူးတွေ့ရပြီမို့လည်း အားရကျေနပ်မိသည်သာ မက မိမိ အဓိဋ္ဌာန် ကိုလည်း ပိုမို ယုံကြည်ကိုးစားမှု ရှိလာပါသည်။

ယခင်က တောအရိုင်းရိုင်း တောင်အထပ်ထပ် ချုံနွယ်ပိတ်ပေါင်း စမ်းချောင်းတွေ ပတ်နေသည့် ထိုဒေသတစ်ဝိုက် ယခုအခါ ဆရာတော် ၏ အရိပ်အာဝါသကို ခိုလှုံလျက် လူနေအိမ်ခြေ သုံးထောင်ကျော် လေးထောင်နီးပါးနှင့် ကျောင်းကန်ဘုရား ဓမ္မာရုံ တိုက်တာ အဆောက်အအုံတို့သည် ရေတွက်၍ပင် မရနိုင်တော့သလို နေ့စဉ် သာမညကျောင်း၏ ဆွမ်းကွမ်း ဝေယျာဝစ္စ၊ ဓမ္မဝိဟာရ ကျောင်း ဆောင်များ ဆောက်လုပ်ရေး၊ သာသနာရေးကိစ္စ ဖွံ့ဖြိုးရေးအတွက် သာသနာပြု ရဟန်း သံဃာများ ယောဂီများဖြင့် ပြည့်လျက် ရှိနေ ကြပေပြီ။ ပတ်ဝန်းကျင် တစ်ခုလုံးလည်း စေတီပုထိုးတော်များဖြင့် တိုးတက်ပြည့်စုံလျက် နေ့စဉ် ကားစင်းရေ ငါးဆယ်မက သယ်ယူ ပို့ဆောင်ပေးလျက် ရှိနေ၏။ သက်ကြီးရွယ်အိုများ အတွက် တောင်ထိပ် အရောက် ကားလမ်းဖောက်၍ ဆရာတော်နှင့် မြတ်စောညီနောင် ဘုရားကို နေ့စဉ် ဖူးနိုင်ပေပြီ။

မကြာသေးသော ပြီးခဲ့သည့် (၇/၉၂)လခန့် လောက်ကပင် ရန်ကုန်မှ ဓမ္မမိတ်ဆွေတစ်ဦး အထက်နည်းတူ ဆရာတော်ကိုအိပ်မက် ၍ ရန်ကုန်မှ တိုယိုတာ ကိုရိုလာ ကားလေးဖြင့် သာမညတောင်သို့ တကူးတက ရောက်သွားကြသည်။ တောင်ထိပ်အထိ ဖောက်လုပ်ထား သော ကားလမ်းအတိုင်း တက်သွားကြသည်။

http://www.dhammadownload.com



ကားထဲမှ ရှူဖွယ်ပစ္စည်းများ အားလုံးကို တင်ယူပြီး ကား တံခါးကို ပိတ်လိုက်ရာ ကားသော့နှင့် အရေးကြီးသော ငွေအိတ် ကားထဲတွင် ပိတ်မိရက်သား အတွင်းတွင် ကျန်ရစ်ခဲ့သည်။

မည်သို့မျှ ကြံ၍မရတော့။ ယာဉ်မောင်းက အစ အားလုံး ချွေးစို့လာသည်။ ကားကို တောင်အောက် ပြန်ရောက်ရှိရေး၊ ကားသော့ အပြင်ရောက်ရှိရေးတို့ အတွက် တွေး၍ မရတော့။ ဘားအံမြို့ကို ပြန်ဖုန်းဆက်ရာ ကားပြင်ဆရာနှင့် ကားသော့ပြင်ဆရာ မှာယူပြီး ထုတ်ရတော့မည်သာ ရှိတော့သည်။ မည်မျှကြာမည် အတိအကျ မပြောနိုင်တော့။

ထို့နောက် ဓမ္မမိတ်ဆွေက အကြံတစ်ခု ပေါ်လာသည်။ ဤ သာမညတောင်ထိပ် ဤဆရာတော်ထံတွင် အကူအညီအဖြစ် အဓိဋ္ဌာန် ပြုပြီး တောင်းခံကြည့်မည်။ ဆရာတော် ရှိမည်ထင်ရသော နေရာ ဘက်ဆီသို့ မျက်စိမှတ်၍ အဓိဋ္ဌာန်ပြု ဆုတောင်းလိုက်သည်။ ယာဉ် မောင်းက စိတ်မပါ့တပါ လိုက်၍ ဖွင့်ကြည့်သည်။ ဖွင့်မရ။ စိတ် ပျက်နေပြန်သည်။ အဓိဋ္ဌာန်ပြုသူ ဓမ္မမိတ်ဆွေက မယုံသင်္ကာသလို နှင့် ကားတံခါးတစ်ခုချင်းကို လိုက်လံဖွင့်ကြည့်ရာ နောက်ပေါက် တံခါးတစ်ခုမှာ "ဂလောက်"ဟူသော အသံနှင့်အတူ ကားတံခါး ပွင့်လာ၍ လိုရာပြည့်ဝခဲ့ဖူးပါ၏။

ယခင် ရန်ကုန်မှာရှိစဉ်က ကားသော့ ကားအတွင်းမှာ မေ့ ကျန်ခဲ့ဖူးသည်။ ကားသော့ရရေး ဟိုထုသည်ထု၊ ဟိုထောင်းသည် ထောင်း၊ ဟိုဖြုတ်သည်ဖြုတ်နှင့် နောက်ဆုံး ငွေခုနစ်ရာ တစ်ထောင် ကုန်ပေါင်းများခဲ့ဖူးပြီ။ ယခုတော့မူ----- ။ ။

http://www.dhammadownload.com



ဒီဆောင်းပါးထဲမှာ ဆရာတော်ကြီး ဘာတွေ ထူးခြားတယ် ဆိုတာ ကြည်ညိုနိုင်ပါတယ်။

ဒီလိုပဲ အိပ်မက်ထဲမှာ ဖူးတွေ့ရသူတွေ အများကြီး ရှိပါတယ်။ အဲသလို ဖူးရသူတိုင်းဟာ ဆရာတော်ကို အပြင်မှာ ကိုယ်တိုင်ကိုယ်ကျ ဖူးတွေ့ဖူးသူတွေ မဟုတ်ပါဘူး။ ဓာတ်ပုံထဲလောက်သာ ဖူးတွေ့ဖူးသူ တွေပါ။

အခက်အခဲ တစ်စုံတစ်ရာ ကြုံရင်၊ အလုပ်ကိစ္စ အောင်မြင်လိုရင် ဆရာတော်ကို "စောင့်ရှောက်ပါဘုရား"လို့ အာရုံပြုဖူးလိုက်ပါ၊ အိပ်မက်ထဲမှာ ကြွရောက်လာတတ်တယ်လို့ ----- ကြုံဖူးသူတွေက ဆိုပါတယ်။

ဘားအံ ပြည်ထောင်စု ရပ်ကွက်မှာ မချိုချို -- ဆိုတာ ရှိပါ တယ်၊ မချိုချိုဟာ နီးလျက်နဲ့ ဝေးနေသူပါ။ ဆရာတော်ကို ခုချိန် အထိ မဖူးဖူးသေးပါဘူးတဲ့။ ဓာတ်ပုံလောက်သာ ဖူးဖူးပါတယ်တဲ့။

## ပြေလည်သွားတယ်

မချိုချို ခင်ပွန်းက ဆက်သွယ်ရေးမှာ လုပ်ပါတယ်။ သမီးလေး နှစ်ယောက် ရှိပါတယ်။ ဒုတိယသမီး မွေးစဉ်က မချိုချိုတို့ ရောက် ခဲ့ရတဲ့ အကျဉ်းအကြပ် အခက်အခဲ ဒုက္ခနဲ့ ဆရာတော်နဲ့ ဆက်စပ် ပတ်သက်ပုံဟာ အံ့သြဖို့ ကောင်းပါတယ်။

အဖြစ်က ဒီလိုပါ။ ဒုတိယသမီးလေး မွေးပြီး တစ်လမပြည့်ခင်မှာ မချိုချို အသည်းရောင် အသားဝါ ရောဂါဖြစ်တယ်။ အိမ်မှာပဲ ဆရာ ပင့်ပြီး ကုတယ်။ မရဘူး။ တဖြည်းဖြည်း ပိုပိုဆိုးလာတယ်။ အဆိုး

http://www.dhammadownload.com



ဆုံးက မွေးကင်းစသမီးလေး၊ အမေ့နို့ မစို့ရဘူး၊ အမေ့နို့စို့ရင် ကလေးပါ ရောဂါကူးနိုင်တဲ့အတွက် ဆရာဝန်က နို့တိုက်ခွင့် မပြုဘူး။

ဒီတော့ ကလေးပါ ကျန်းမာရေး ချို့လာတယ်၊ အဖျားဝင်လာတဲ့ အတွက် ဆေးရုံတက်ရတော့ ကလေးရဲ့ အခြေအနေဟာ ပိုဆိုးပါတယ်။ အသက်ကို လုယူရတဲ့ အခြေအနေမျိုးပါ။

လူကြီးရော ကလေးပါ နှစ်ယောက်လုံး တစ်ယောက်က အိမ်မှာ၊ တစ်ယောက်က ဆေးရုံမှာ ဒီကြားထဲမှာ ဗျာများရသူက ခင်ပွန်းသည် ကိုစိုးပါ။

ဆေးရုံပြေးလိုက်၊ အိမ်မှာလိုအပ်တာ လုပ်ပေးလိုက်နဲ့။ တဖြည်း ဖြည်း ရက်ရှည်လာတယ်။ ဒီတော့ စရိတ်စကတွေကလည်း ထောင်း လာတယ်။ အသားဝါ ရောဂါသည်အတွက်ကိုက တစ်နေ့တစ်နေ့ သကြားတစ်ပိဿာလောက် ကုန်နေတယ်။ တွက်သာ ကြည့်ပေတော့။

ဒီတော့ လုံးပါးပါးပြီပေါ့။ "ပေးစရာမရှိ လျော်စရာရှိ" ဆိုတဲ့ အတိုင်း စုထား ဆောင်းထားတာလေးတွေ ကုန်သွားတော့ ရှိတာလေးတွေ ထုခွဲရောင်းချရတော့တာပေါ့။ ဒါနဲ့လည်း မလုံ လောက်ပြန်ပါဘူး။ ရောင်းစရာလည်း ကုန်ပြီ။

## ဒုက္ခကို ကယ်မပါဦးဘုရား

တစ်နေ့တော့ မချိုချို စိတ်ကူးတစ်ခု ရလိုက်တယ်။ သာမည ဆရာတော်ကို တိုင်တည်ကြည့်ရင် ပြေလည်သွားမလားဆိုတဲ့ စိတ်ကူး နဲ့ အိမ်မှာရှိတဲ့ ဓာတ်ပုံလေးကိုယူ အိပ်ရာထဲမှာပဲ နဖူးပေါ်တင်ပြီး

http://www.dhammadownload.com



"ဆရာတော်ဘုရား၊ တပည့်တော်မတို့ အခု အခက်အခဲ ကြုံနေရပါတယ်ဘုရား၊ စောင့်ရှောက်တော်မူပါဦးဘုရား"လို့ အာရုံပြုတိုင်တည်လိုက်ပါတယ်။

ဒီညမှာပဲ -- အိပ်မက်ထဲမှာ ဆရာတော်ကို ဖူးတွေ့လိုက်ရပါတယ်။ "သမီး--ဘာမှ စိတ်သောကရောက်မနေနဲ့ သမီး အခက်အခဲတွေ ပြေလည်သွားလိမ့်မယ်။ ရတနာသုံးပါးကိုသာ မမေ့နဲ့။ ကျန်းမာရေးလည်း ကောင်းသွားလိမ့်မယ်လို့ မိန့်ပြီး ပြန်ကြွသွားပါတယ်တဲ့။

## မမျှော်လင့်ဘဲ ရောက်လာသူမှာ

အမှန်တကယ်ပဲ ထူးခြားလှပါတယ်။ နောက်နေ့ နေ့လယ် (၁)နာရီလောက်မှာ မမျှော်လင့်တဲ့ ဧည့်သည်တစ်ယောက် ရောက်လာပါတယ်။ ဧည့်သည်ဆိုပေမယ့် မချိုချို့ရဲ့ မွေးစားဖခင်ကြီးပါ။ ဘယ်ကိုရောက်လို့ ရောက်နေမှန်းလည်း မသိရပါဘူး။ မတွေ့ရတာ (၁၀)နှစ် ကျော်ပါပြီ။

"ဘဘ--စစ်တွေမှာ မြေးနဲ့သွားနေတာ သမီးကို သတိရလို့ လာခဲ့တာ။ မနေ့က မော်လမြိုင်ရောက်တယ်၊ "ငါ့သမီးတွေကိုလည်း မတွေ့ရတာ ကြာပြီ၊ သွားဦးမှပဲ ဆိုပြီး ထွက်လာတာ"။

အမှန်က ဘဘဟာ သားရှိတဲ့ ကော့ကရိတ်အထိ သွားဖို့ပါ။ ဒါပေမယ့် မသွားတော့ဘဲ မချိုချို့တို့ သားအမိ ကျန်းမာတဲ့အထိနေပြီး ဆေးကုပေးပါတယ်။ ဘဘ သွားစရာရှိတာ သွားပါ။ ချိုတို့အတွက် မပူပါနဲ့လို့ ပြောလည်း မရဘူး။

http://www.dhammadownload.com



"သမီးတို့ အဆင်ပြေ မပြေ လာကြည့်တာ ဘာဘာမှာ အခက်အခဲ မရှိဘူး" ဆိုပြီး ဆေးကုပေးတယ်။ လိုအပ်တာတွေ လုပ်ပေးတယ်။

သိပ်ပြီး ဒုက္ခရောက် အခက်အခဲ ဖြစ်နေချိန်မှာ ဘာဘာ ရောက်လာခြင်းဟာ မချိုချိုတို့အတွက် ဖုသသရထား ဆိုက်တာထက် ဝမ်းသာစရာ ကောင်းလှပါတယ်။ ဆရာတော်ကြီး မိန့်တဲ့ အဆင်ပြေသွားပါလိမ့်မယ် ဆိုတာကို မချိုချို သဘောပေါက်သွားပါတယ်။ ဒါကြောင့် ဆရာတော်ကြီးကိုလည်း ကြည်ညိုမဆုံး ဖြစ်ရပါတယ်တဲ့။ မချိုချိုက သူ့အဖြစ်အပျက်ကို ပြောပြပါတယ်။

## ခပေါင်းဆောင်သို့ ကြွခဲ့သည့် ဆရာတော်

သာမည ဆရာတော်ကြီးဟာ--ဘယ်ကိုမှ ခရီးကြွလေ့ကြွထ မရှိပါဘူး။ ဒါကြောင့်မို့လည်း နိုင်ငံတော်က အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘွဲ့တံဆိပ်ကိုတောင် ဆရာတော်ကြီး သီတင်းသုံးရာ သာမညတောင်ကို လာရောက်ဆက်ကပ်ခဲ့ရပါတယ်။

ဘာကြောင့် ခရီးမကြွတာလဲ ဆိုတာတော့ ဆရာတော်ကြီးသာ ပြောနိုင်မယ့် ကိစ္စပါ။ ဆရာတော်ကြီး အဓိဋ္ဌာန်နဲ့ ဆရာတော်ကြီး ကိစ္စသာ ဖြစ်ပါတယ်။ ဒါပေမယ့်--ခုလို ခရီးမကြွဘူးဆိုတာ ဒကာ ဒကာမအားလုံး သိထားကြပြီး ဖြစ်ပါတယ်။ ဒီလိုသိထားတဲ့ အတွက် ဆရာတော်ကြီးဟာ ရန်ကုန် တက္ကသိုလ် လှိုင်နယ်မြေထဲက ခပေါင်းဆောင်ကို ကြွခဲ့တယ်ဆိုရင် -- အံ့သြသွားကြလေမလား။

အမှန်တကယ် ကြွခဲ့ခြင်း ဖြစ်ပါတယ်။ ခပေါင်းဆောင် ဆိုတာ -- စီးပွားရေးတက္ကသိုလ်တက်တဲ့ ကျောင်းသားများ နေကြတဲ့

http://www.dhammadownload.com



အဆောင်ပါ။ အဆောင်မှူးက ဆရာ–ကိုခင်မောင်ညိုပါ၊ အသားညိုညို နဲ့ မန္တလေးသား ကိုခင်မောင်ညိုဟာ ဘာသာရေးကို အလွန်ရိုသေ ကိုင်းရှိုင်းသူ ဖြစ်ပါတယ်။ အဆောင်က သူ့ရဲ့အခန်းထဲမှာ ရှေးဟောင်း ဘုရားရုပ်ပွားတော်မျိုးစုံနဲ့ ဆရာတော်ကြီးများရဲ့ ပုံတော်မျိုးစုံ ရှိပါ တယ်။ ဆွမ်းတော်ပန်းတော် ရေချမ်းတော် ဆီမီးများနဲ့ အမြဲဝေဆာ နေတဲ့ ခမ်းနားလှတဲ့ ဘုရားဆောင်ကြီးပါ။ ဘုရားဆောင်ထဲ ရောက် လာသူတိုင်းကို -- ဦးမချဘဲ မနေနိုင်အောင် ဆွဲဆောင်နိုင်စွမ်းလည်း ရှိပါတယ်။

ဆရာ ကိုခင်မောင်ညိုဟာ--အဲသလို ဘာသာရေးကို လိုက် စားတာနဲ့အမျှ--ဆရာတော် များစွာကိုလည်း အဆောင်ကိုပင့်ပြီး ဆွမ်းကပ်လှူဒါန်းခြင်း၊ ပရိတ်တရား နာကြားခြင်းများကို ပြုလုပ်လေ့ ရှိပါတယ်။ စာရေးသူကိုလည်း ဆွမ်းကပ်ရင်း -- ဒီအကြောင်းကို လျှောက်ထားခဲ့တာပါ။

"သာမညဲ- ဆရာတော်ကြီး တပည့်တော် အဆောင်ကို ကြွလာခဲ့ဖူးတယ်ဘုရား"

"ဘယ်လို--ဘယ်လို--ဆိုစမ်းပါဦး"

"ဒီလို--ကြွခဲ့တာဘုရားဆိုပြီး--ကိုခင်မောင်ညိုက--ဖြစ် ကြောင်း ကုန်စင် လျှောက်ထားပါတယ်။ တစ်နေ့မှာ--မုဒုံဆရာ တော်လေးကို ပင့်ပြီး ဆွမ်းကပ်တရားနာကြပါတယ်။ မုဒုံဆရာတော် လေးဟာ--အဲဒီနေ့က ခပေါင်းဆောင်မှာပဲ ကျိန်းပါတယ်။ အစီ အစဉ်က--မနက်စောစောပိုင်းမှာ တခြားတစ်နေရာကို ကြွဖို့ပါ။ ဒါပေမယ့်--ကောင်းကောင်း နေမကောင်းတာနဲ့ မကြွဖြစ်ခဲ့ဘူး။

http://www.dhammadownload.com



နေ့လယ် ဆွမ်းစားပြီးတဲ့အခါ--တရားထိုင်ပါတယ်။ မုဒ့် ဆရာတော်လေး တရားထိုင်တဲ့ အခါ အလွန်ကြာတတ် တယ်လို့ ဆိုပါတယ်။ ပြီးတော့ ဣရိယာပုတ်လည်း လုံးဝ မလှုပ်မဖျက်ဘူးလို့ သိရပါတယ်။

အဲဒီနေ့က ဆွမ်းစားပြီးကတည်းက ထိုင်လိုက်တာ - ညနေ (၅)နာရီလောက်မှ ပြီးပါတယ်။ ဘေးမှာ--လာဖူးတဲ့ ဒကာ ဒကာမ ဆရာ ဆရာမတွေ လာရောက်ဖူးမြော်နေကြပါတယ်။

ဆရာတော်လေးဟာ တရားထိုင်ပြီးတဲ့အခါ ဘုရားရှိခိုးပါတယ်။ ဘုရားရှိခိုးပြီးတဲ့အခါ အထက်ကို မျက်နှာ အနည်းငယ်မော့ပြီး လက်အုပ်ချီတာ တွေ့ရပါတယ်။ ရောက်နေတဲ့ ဒကာ ဒကာမတွေလည်း ဆရာတော်လေး လက်အုပ်ချီရာကို မှန်းပြီး လက်အုပ်ချီကန်တော့ကြပါတယ်။

ပြီးတော့မှ - ဆရာတော်လေးက--

"သာမညဆရာတော် ကြွလာလို့"

ဆရာတော်လေး မိန့်တဲ့စကားကို ကြားရတော့ ဒကာ ဒကာမတွေ အံ့ဩကုန်ကြပါတယ်။

"ဦးဇင်းက--ဆရာတော်ကို ဖူးချင်လိုက်တာလို့--စိတ်ထဲက တောင့်တမိတယ်။ သာမညတောင်သွားရင်--ကောင်းမလားဘဲလို့ စိတ်ဖြစ်နေခဲ့တယ်။ ဒါကြောင့် ကြွလာတာ။"

"ဘာတွေ အမိန့်ရှိခဲ့ပါသေးလဲဘုရား၊"

ဆရာတစ်ဦးက မေးပါတယ်။

http://www.dhammadownload.com



ထူးထူးထွေထွေတော့ မမိန့်ပါဘူး။ မင်းဖူးချင်တယ်ဆိုလို့ ငါလာတာ။ ကိစ္စထူးရှိလား။ ဘာတွေအခက်အခဲ ရှိလဲ။ အခက်အခဲတွေ့ရင်--ငါ့ကို ပြော၊ ကြိုးစားကြိုးစား၊ ဒါလောက်ပဲ မိန့်သွားပါတယ်တဲ့။"

"ဒါကြောင့် သာမညဆရာတော်ကြီး ခပေါင်းဆောင်ကို ကြွခဲ့ပါတယ်ဘုရားလို့ လျှောက်တာပါတဲ့။"

ကိုခင်မောင်ညိုက လျှောက်ပါတယ်။

ဒါမျိုးတွေလည်း များစွာ ရှိပါတယ်။ ဒါကြောင့် အချို့အချို့တွေဆိုရင် သာမညဆရာတော် စောင့်ရှောက်တော်မူပါဘုရားလို့ အဝေးကနေ လျှောက်ထားပြီး ဆရာတော်ကြီးရဲ့ မေတ္တာကို ခံယူတတ်ကြပါတယ်။ ဒီအတွက် အခက်အခဲတွေ အန္တရာယ်တွေက လွတ်မြောက်ခဲ့တဲ့ ပုဂ္ဂိုလ်တွေ မနည်းတော့ပါဘူး။ ဒါကြောင့်--ဒါကိုလည်း ဆရာတော်ကြီးရဲ့ဝိသေသတစ်ခုအဖြစ် ကြည်ညိုနိုင်တာပေါ့။

## ကျောက်တွင်းသမားတွေရဲ့ဆရာတော်

ဆရာတော်ကြီးဟာ ကျောက်တွင်းသမားတွေ အထူး ဦးခိုက်ရာ ဆရာတော်ကြီး ဖြစ်ပါတယ်။ ကျောက်တွင်းသမားတွေက အလွန်ကြည်ညိုကြတယ်။ ဒါကြောင့် သာမညတောင်ခြေမှာ မိုးကုတ်ကျောင်းဆိုတဲ့ တိုက်ကျောင်းတစ်ကျောင်း မိုးကုတ်က ဒကာ ဒကာမများ စုပေါင်းလှူဒါန်းထားကြခြင်း ဖြစ်ပါတယ်။

ကျောက်တွင်းသမားတွေ ဆရာတော်ကြီးကို ဘာကြောင့် ကြည်ညိုဦးခိုက်ရတာလဲ။ ကျောက်တွင်းသမားတွေနဲ့ ဘယ်လို ဆက်

http://www.dhammadownload.com



စပ်မှုတွေ ရှိသလဲ။ အဖြေရှာတော့ ရှင်းပါတယ်။ သူတို့ကို အကျိုး ပြုလို့ပဲပေါ့။

မှန်ပါတယ်။ ကျောက်ဆိုတာဟာ – မြေကြီးထဲက အရာပါ။ ထုထည်ကြီးမားတဲ့ မြေကြီးအောက်မှာ ကျောက်ရှိ – မရှိဆိုတာ ဘယ်လိုမှ ကြိုတင်တွက်ဆလို့ ရတာမဟုတ်ပါဘူး။ ကံကိုယုံ, ကံကို ပုံရတဲ့ အလုပ်မျိုးပါ။

ဒါကြောင့် ကျောက်ရတဲ့အခါ၊ ကျောက်ပွင့်တဲ့ အခါဆိုရင် "ကျောက်အောင်တယ်"လို့ ဆိုကြတယ် မဟုတ်လား။

ဒီလို ကံအလုပ်မျိုး ဖြစ်တဲ့အတွက် ကံကောင်းဖို့ လိုပါတယ်။ ဗုဒ္ဓဒေသနာတော်အရ ကံဆိုတာ ပြုလုပ်ခြင်း ဖြစ်ပါတယ်။ မကောင်း တာ ပြုလုပ်တာလဲ မကောင်းတဲ့ကံ ဖြစ်တယ်။ ကောင်းတာပြုလုပ်ရင် ကောင်းတဲ့ကံ ဖြစ်ပါတယ်။ ဒီလိုပြုလုပ်မှု ကွာခြားသလို––အကျိုး ခံစားမှုလည်း ကွဲပြားသွားပါတယ်။ ကလျာဏကာရီ ကလျာဏံ၊ ပါပကာရီ ပါပကံ–လို့ ဘုရားရှင် ဟောတော်မူ ါတယ်။

ဒီတော့ ကံကောင်းချင်ရင် ကောင်းတဲ့အလုပ်တွေကို လုပ်ဖို့ လိုပါတယ်။ ဘုရားရှင် အလိုတော်ကတော့ ရတနာသုံးပါး ဆည်းကပ် ကိုးကွယ်ခြင်း၊ မပြတ်အောက်မေ့ ပူဇော်ခြင်း၊ ဒါန၊ သီလ၊ ဘာဝနာ အမှုတို့ကို ပြုလုပ်ခြင်း စတာတွေဟာ ကောင်းတဲ့အလုပ်တွေချည်းပါပဲ။

ကျောင်းတွင်းသမားဟာ ဒါကို သဘောပေါက် နားလည်ကြ ပါတယ်။ ရတနာသုံးပါးကို မကြာခဏ ဆည်းကပ်ကြလို့ ဒါန၊ သီလ အမှုတွေကို စွမ်းနိုင်သလောက် ပြုလုပ်လေ့ ရှိပါတယ်။ လောကီ ရတနာကို လောကုတ္တရာ ရတနာနဲ့ ရှာဖွေခြင်း ပါပဲ။

http://www.dhammadownload.com



ရတနာသုံးပါးထဲက သံဃာရတနာ အနေနဲ့ သာမည ဆရာတော်ကြီးကို ပူဇော်ခြင်း ဖြစ်ပါတယ်။ ကျောက်တူးတော့မယ်ဆိုရင်--တူးမယ့်နေရာမှာ ဆရာတော်ကြီးကို ရိုရိုသေသေ ပင့်ဆောင်ပါတယ်။ ခဲဖွယ်ဘောဇဉ် လှူဖွယ်တန်းဖွယ်တွေ ဆီမီး၊ ပန်း၊ အမွှေးတိုင်တွေ ဆက်ကပ်လှူဒါန်းပြီး --

"အရှင်ဘုရား--ဤကျောက်တွင်း မအောင်မြင်ဘူးဆိုရင် ထူးခြားမှုတစ်ခုခု ပြပါဘုရား။"

အဲ သလို လျှောက်ထားပါတယ်။ လျှောက်တဲ့အတိုင်းလည်း --ဟုတ်တယ်လို့ ဆိုပါတယ်။

မအောင်မြင်နိုင်တဲ့ တွင်းဆိုရင်--စတင်တူးရုံနဲ့ မြေပြိုကျတာတို့၊ ထွန်းထားတဲ့ ဖယောင်းတိုင် ငြိမ်းသွားတာတို့၊ ထောင်ထားတဲ့ ဆရာတော်ဓာတ်ပုံ လဲကျသွားတာတို့ ဖြစ်တတ်တယ်လို့ ဆိုပါတယ်။ အဲသလို တွင်းမျိုးကို ဆက်မတူးတော့ဘဲ နောက်တစ်နေရာကို တူးကြတယ်လို့ သိရပါတယ်။

ဘာမှထူးခြားမှု မပြတဲ့ နေရာမှာ တူးရင် တကယ်လည်း ရသလို--အဲဒီကျောက်ဟာ ရောင်းတဲ့ဝယ်တဲ့ အခါမှာလည်း ဈေးမျက်နှာပန်းလှတယ်။ ပွင့်တယ်လို့ ဆိုပါတယ်။

ဒီလိုနဲ့ ဆရာတော်ကြီးဟာ ကျောက်သမားတွေရဲ့ အားထားရာ ဖြစ်နေခြင်း ဖြစ်ပါတော့တယ်။ ဒါလည်း--ဆရာတော်ကြီးရဲ့ ဝိသေသ တစ်ခု ပေပဲပေါ့။

## အရောင်းအဝယ်သမားတို့ရဲ့ ဆရာတော်

လူအမျိုးမျိုး နတ်အထွေထွေပါတဲ့။ တကယ်လည်း ဟုတ်ပါ

http://www.dhammadownload.com



တယ်။ လူတွေဟာ -- စရိုက်အထွေထွေ လိုအပ်ချက်တွေ အဖုံဖုံနဲ့ အမျိုးကို စုံနေတာပဲ။ ဒီလို--ကိုယ့်ရဲ့ လိုအပ်ချက်ကို ဦးတည်ချက်ထားတဲ့ အတွက် ဆရာတော်ကြီးကို ချဉ်းကပ်ကြည်ညိုပုံလည်း မတူဘူးဆိုတာ--ရှေ့နားမှာ ဖော်ပြခဲ့ပြီးပါပြီ။

အဲသလို--လူအမျိုးမျိုး လိုအပ်ချက် အထွေထွေကို--လိုက်ပြီး ဆရာတော်ကြီးရဲ့ ဝိသေသများလည်း ကွဲပြားသွားတော့တာပါပဲ။

အဲဒီအထဲမှာ အရောင်းအဝယ်သမားတွေ ပါပါတယ်။ အရောင်းအဝယ်သမားတွေဟာ ဆရာတော်ကြီးရဲ့ ဓာတ်ပုံဖြစ်စေ၊ အခါရွေးနည်းအတိုင်းဖြစ်စေ ပြောဆိုလုပ်ကိုင်ရင် အောင်မြင်တယ်။ အနှောင့်အယှက် အန္တရာယ်လည်း ကင်းတယ်လို့ ယုံကြည်လျက် ရှိပါတယ်။

အိမ်ရောင်းမထွက် ဖြစ်နေတဲ့ သူတွေ၊ ကားအရောင်းမထွက်ဖြစ်နေတဲ့သူတွေ၊ ပုံနှိပ်စက်ရောင်းချင်တဲ့ သူတွေ၊ ခြံရောင်းချင်တဲ့သူတွေ စသဖြင့်--အရောင်းအဝယ် မျိုးစုံမှာ ဆရာတော်ကြီးကြောင့် အဆင်ပြေ ချောမွေ့ခဲ့ကြောင်း ပြောပြသူတွေ များစွာ ရှိပါတယ်။

မအူပင် ရေလဲလေးရွာက ဦးကြည်ညွန့်ဟာ ရွာက ဘိုးဘွားပိုင် အိမ်ကြီးကို ရောင်းပြီး ရန်ကုန်ပြောင်းဖို့ အစီအစဉ်လုပ်တယ်။ ဒါပေမယ့် ဘာအခက်အခဲ ကြုံလဲဆိုတော့ အိမ်ကြီးရဲ့ဘေးမှာ ဆောက်ထားတဲ့ တဲသာသာ အဆောက်အဦးထဲမှာ နေတဲ့ ပုဂ္ဂိုလ်တွေက ဖယ်မပေးတဲ့အတွက် အရောင်းအဝယ်ကိစ္စ ရှေ့မတိုး နောက်မဆုတ်သာ ဖြစ်ရတယ်။

အမှန်က အဲဒီအိမ်လေးဟာ လူနေဖို့ မဟုတ်ဘူး။ အစက ဘတ္တရီအားသွင်းတဲ့ ရုံကလေး။ နောက် အိမ်ကြီးထဲမှာပဲ ဘတ္တရီ

http://www.dhammadownload.com



သွင်းတော့ နေစရာ မရှိဖြစ်နေတဲ့ အခုဖယ်မပေးတဲ့ လင်မယားကို တင်ထားတာ။ ယောကျ်ားက စက်မောင်း လုပတယ်။ အဲသလို သနားလို့ တင်ထားတာ ခုဖယ်ပေးဖို့ မေတ္တာရပ်ခံပေမယ့် မဖယ်ပေး နိုင်ဘူး ဖြစ်ရော။ ဖယ်ခိုင်းတာက ဒီအတိုင်း မဟုတ်ပါဘူး။ သူ့တို့ နေဖို့ မနစ်နာရအောင် ပိုက်ဆံပေးပြီး ဖယ်ခိုင်းတာပါ။

နောက်တော့ ဦးကြည်ညွန့်ဟာ ဆရာတော်ကြီးကို အာရုံပြုပြီး

"ဆရာတော်ဘုရား--တပည့်တော်မှာ အခက်အခဲ ဖြစ်နေပါ တယ်။ စောင့်ရှောက်တော်မူပါဦး ဘုရား။"

ဒီလို လျှောက်ထားတဲ့ နောက်တစ်နေ့ ထူးထူးခြားခြားပါ။ သူတို့ဖယ်မပေးလို့ အရောင်းအဝယ်ကိစ္စ မပြေမလည် ဖြစ်နေတယ် ဆိုတဲ့ အကြောင်း ကျေးရွာတာဝန်ရှိ လူကြီးတွေ သိသွားပြီး မင်းကို သနားလို့ တင်ထားတယ်ဆိုတာ ရပ်သိရွာသိ၊ ဟိုလူက သူတော် ကောင်းမို့ ဒီကိစ္စ ငါတို့ကို လုံးဝ အသိမပေးသေးဘူး။ တိုင်မယ် တောမယ်ဆိုရင် မင်းပဲ ဒုက္ခရောက်မှာ ၊ ဒါ – တို့က မင်းအတွက် လူမှုရေးအရ လာပြောတာ၊ တာဝန်အနေနဲ့ မဟုတ်ဘူး။ ပေးတာယူ၊ အဆင်ပြေတဲ့ နေရာမှာ သွားနေ၊ အကြံပေးတာပါလို့ ခေါ်ပြောတယ်။ ဒီတော့မှ ဆင်းသွားပါတယ်။ အရောင်းအဝယ်ကိစ္စ ဒီတော့မှ အဆင် ပြေသွားပါတယ်။

ကိုယ်က ဘာမှ မပြောရပါလျက် လူကြီးတွေ ကြားထဲက ဝင်ပြီး ပြောပေးတာဟာ အံ့သြစရာပါ။ သူတို့ ပြောတာဟာ သမာ သမတ်ကျသလို တရားလည်း မျှတပါတယ်။ ဒါဟာ -- ဆရာတော်

http://www.dhammadownload.com



ကြီးရဲ့ မေတ္တာ၊ သို့မဟုတ် ဝိသေသလို့ ယုံကြည်မိကြောင်း ဦးကြည်ညွန့်က ပြောပါတယ်။ ဦးကြည်ညွန့်က စမ်းချောင်းက မအူပင်လမ်းမှာ နေပါတယ်။

## လှေစရီးသည် ကိုမြမောင်

ရောဝတီတိုင်း ဝါးခယ်မမြို့နယ်၊ တြိန်းကျွန်းရွာက ကိုမြမောင်ရဲ့ အဖြစ်ကလည်း တစ်မျိုးပါပဲ။

ကိုမြမောင်ဟာ--ကိုင်းအလုပ်ကို လုပ်သူ ဖြစ်ပါတယ်။ ကိုင်းအလုပ် မရှိတဲ့ အချိန်၊ နားနေတဲ့ အချိန်မှာတော့ လှေကလေးတစ်စင်းနဲ့ ရောဝတီမြစ်ရိုးတစ်လျှောက် ထင်း၊ ရေတ်၊ ပြောင်းဖူး စတဲ့ ကုန်တွေနဲ့ အရောင်းအဝယ် လုပ်နေသူ ဖြစ်ပါတယ်။

သူ့မှာ--သာမည ဆရာတော်ကြီးရဲ့ ဓာတ်ပုံ တစ်ပုံ ရှိပါတယ်။ လူကိုယ်တိုင် ရောက်ဖူးလို့ မဟုတ်ပါဘူး။ ဆရာတော်ကြီးကို သွားဖူးခဲ့တဲ့ သူ့သူငယ်ချင်းက လက်ဆောင်ပေးလို့ ရထားတဲ့ပုံပါ။

ဒီပုံလက်ဆောင်ရတဲ့ နောက်ပိုင်း ထူးခြားလာတယ်လို့ ဆိုပါတယ်။ မူလက အချိန်ကျရင် အရက်မသောက်ရ မနေနိုင်တဲ့ ကိုမြမောင်ဟာ တဖြည်းဖြည်း အရက်သောက်ချင်တဲ့စိတ် နည်းပါးလာတာဟာ တော်တော်ထူးပါတယ်။

တစ်နေ့တော့ ညသည်တစ်ယောက် (အရင်က သောက်ဖော်စားဖက်မို့)ကို အရက်နဲ့ ဧည့်ခံနေတုန်း ဆရာတော်ဓာတ်ပုံဟာ ကိုမြမောင်အနား ကျလာတယ်။ ကိုမြမောင် ခေါင်းတော်တော်ကြီးသွားတယ်။ ဒါ ဆရာတော် သတိပေး ဆုံးမတာပဲ ဖြစ်မယ်ဆိုပြီး

http://www.dhammadownload.com



အရက်လုံး၀ ပြတ်သွားတယ်။ သောက်ချိန်တန် မသောက်ရလို့ ကတုန်ကယင် ဖြစ်တာ၊ အနေခက် အထိုင်ခက် ဖြစ်တာတို့ မရှိဘူး။ အံ့သြစရာပါပဲ။

နောက် -- အံ့သြစရာက အရောင်းအ၀ယ် ကိစ္စများပါပဲ။

ကိုမြမောင်ဟာ တစ်နေ့တော့ သကြားပြောင်းဖူး နှစ်ထောင်လောက်နဲ့ မြောင်းမြဘက်ကို အရောင်းအ၀ယ် ထွက်ပါတယ်။ ဆရာတော့် ဓာတ်ပုံလည်း လူနဲ့အတူ ပါလာခဲ့ပါတယ်တဲ့။

ရေလုည့်သင်တဲ ညနေ (၆)နာရီလောက်မှာ ရွာကထွက်တယ်။ ရွှေလောင်းမှာ ခဏနားပြီး လမ်းမှာရှိတဲ့ သုံးခွ၊ ၀ဲကြီး၊ ကုလားစု၊ လှုဂေါင်းကျွန်း စတဲ့ ရွာတွေမှာ တစ်ရွာ၀င် တစ်ရွာထွက် ရောင်းတယ်။ ရွာပေါင်း (၁၂)ရွာ ကျော်လောက် ရောင်းတာ အဖူး (၁၀၀)တောင် မကုန်ချင်ပါဘူးတဲ့။

အရင်ကဆိုရင် လမ်းမှာ (၁၀၀၀)လောက်၊ မြို့မှာ (၁၀၀၀) လောက် ကုန်တတ်ပါတယ်။ မြောင်းမြမရောက်ခင် ပုလုညောင်ပိုင်း ဆိုတဲ့ ရွာမှာ ရောင်းလည်း မစွံဘူး။ မြောင်းမြရောက်တော့-- ပိုသာဆိုး ဖြစ်သွားတော့တယ်။

မြောင်းမြမှာ ၀မ်းရောဂါတွေ ဖြစ်နေလို့ ပြောင်းဖူးတွေ အရောင်းပိတ်ထားတယ်တဲ့။ ကိုမြမောင် မြောင်းမြကို ရောက်သွားတဲ့ အချိန်က နေ့ပူညချမ်း တပေါင်းလသရမ်း ဆိုတဲ့ တပေါင်းလ အချိန်ကြီးဆိုတော့ ပိုဆိုးတယ်။ လုံး၀ မရောင်းရဘူးလို့ ဆိုလာတယ်။

ပိုဆိုးတာက လေ့ထဲမှာ ပြည့်ကျပ်နေအောင် ထည့်လာရတဲ့ အတွက် ပြောင်းဖူးတွေ ၀ါလိုက်လာခြင်း ဖြစ်ပါတယ်။ အမှန်က

http://www.dhammadownload.com



သကြားပြောင်းဆိုတာ ဝါ–မှ ပိုကောင်းတာ။ ဝယ်သူ့အမြင်ကျတော့ ––အဲသလို မဟုတ်ဘူး။ လတ်ဆတ်စိမ်းနေမှ။ ဒါနဲ့––မြောင်းမြက ပြန်ထွက်ခဲ့ရတယ်။

လမ်းက ရွာလေးတစ်ရွာမှာ––ဝင်နားပြီး ဆရာတော်ဘုရားကြီး ကို အားကိုးမှ ဖြစ်တော့မယ် ဆိုတာ ကိုမြမောင် နားလည်လိုက်တယ်။ မြောင်းမြက ထွက်တဲ့နေ့က စနေနေ့ မနက် (၇)နာရီခွဲလောက်က ထွက်ခဲ့တာ။ ၁–နာရီ ၁၃–မိနစ်ကနေ ညနေ ၃–နာရီ ၃၆– မိနစ်အထိက မုဆိုး ရွှေအိုး ရက်ကိန်းကျတယ်ဆိုတာ ဆရာတော်ကြီးရဲ့ အချိန်ဇယားမှာ တွေ့လိုက်ရပါတယ်။

နားတဲ့ရွာက နေ့တစ်နာရီသာသာလောက် သွားလိုက်ရင်–– ကန်ရွာကို––သုံးနာရီလောက် အရောက်တွက်ပြီး သွားခဲ့တာ ညနေ (၃)နာရီခွဲလောက် ကန်ရွာကို ရောက်သွားပါတယ်တဲ့။

အဲဒီမှာ ထူးခြားတော့တာပါပဲ။ ကန်ရွာရောက်တော့–– အမျိုး သမီးသုံးဦးက ပါသမျှ ပြောင်းဖူးတွေကို အကုန်ယူပါတယ်။ ကန်ရွာကို ––သုံးလေးခေါက် ရောက်ဖူးပါတယ်။ ခုလို––တစ်ခါတည်း ပါသမျှ ပြုက်ခနဲ ကုန်တာမျိုး မတွေ့ဖူးပါတဲ့။

ကန်ရွာကို ရောက်တော့––နတ်ပွဲနှစ်ပွဲနဲ့ ကြုံနေပါတယ်။ အဲဒီနတ်ပွဲတွေနဲ့ ကြုံနေလို့––ကုန်သွားခြင်း ဖြစ်ပါတယ်။ ဖြစ် တောင့်ဖြစ်ခဲ တိုက်ဆိုင်မှုပါ။

ဒီနောက်ပိုင်း––ကိုမြမောင် သဘောပေါက်သွားပါတယ်။ ခရီး သွားတိုင်း ကောင်းတဲ့ကိန်း ကျတဲ့အချိန်မှာ သွားတယ်။ အကုန် အဆင်ပြေတယ်လို့ ဆိုပါတယ်။

http://www.dhammadownload.com



ဒါဟာ ကိုမြမောင်ရဲ့ အကြောင်းပါ။ ဆရာတော်ကြီးဟာ-- ဒကာ--ဒကာမတွေရဲ့ ကျေးဇူးရှင်ကြီးပါပဲ။

## အမြဲပြည့်နေသော ဆန်အိုးကြီးများ

**ညှော်လာရင် ဆန်မကုန်စေနဲ့ ဆီမကုန်စေနဲ့လို့ ရှေးလူကြီး** သူမများ ပြောဆိုလေ့ ရှိကြပါတယ်။ ဆိုလိုတာက ညှော်သည်လာရင် ဆန်မကုန်၊ ဆီမကုန်အောင် မကျွေးရဘူး၊ ညှော်ဝတ်မပြုရဘူးလို့ ဆိုလိုတာ မဟုတ်ပါဘူး။ ညှော်သည်လာလို့ ကျွေးမွေးညှော်ဝတ်ပြုတဲ့ အခါ စေတနာမပါ သဒ္ဓါမထက်သန်ဘူးဆိုရင် ဒါနမမြောက်ဘဲ ဆန်ဆီကို အချည်းနှီး ဖြုန်းတီးရာ ကျတယ်၊ စေတနာပါပါ သဒ္ဓါ ထက်ထက်နဲ့ တကယ့် အလှူကြီးသဖွယ် သဘောထားပြီး အာဟု နေယျဒါနမြောက်အောင် ကျွေးမွေးရမယ်လို့ ဆိုလိုတာပါ။ ဒါကိုပဲ ဆန်မကုန်၊ ဆီမကုန်သော ကျွေးနည်းလို့ ဆိုခြင်း ဖြစ်ပါတယ်။

မြန်မာပြည်မှာ--ညှော်သည်လာလို့ ကျွေးစရာမရှိရင်တောင် ရှိတဲ့ပစ္စည်း၊ ယုတ်စွအဆုံး အင်္ကျီပုဆိုးအထိ ပေါင်နှံပြီး ညှော်သည်ကို တကူးတက ကျွေးမွေးတဲ့ ပုဂ္ဂိုလ်ကြီးတစ်ဦး ရှိခဲ့ဖူးပါတယ်။ ညှော် ပေါ်မလာရင် မနေတတ်အောင် ညှော်မျှော်ပြီး စေတနာပါပါ သဒ္ဓါ ထက်ထက်နဲ့ ညှော်ဝတ်ပြုခဲ့တဲ့ အဲဒီ ပုဂ္ဂိုလ်ကြီး မိသားစုဟာ-- "ပိုက်ဆံလုပ်တဲ့စက်များ ရှိလေသလားလို့ အထင်မှားခံရတဲ့အထိ ကြီးပွားချမ်းသာခဲ့ပါတယ်။ ယနေ့ထက်ထိ ဒီပုဂ္ဂိုလ်ကြီးရဲ့ မိသားစု အဆက်အနွယ်များ ထင်ရှားရှိနေပါသေးတယ်။ ဒါနအကျိုးတွေထဲက လက်တွေ့ သာဓက တစ်ခုပါ။

http://www.dhammadownload.com



သာမညတောင် ရောက်ရင်--ပထမဆုံး ကြားရမှာက ထမင်းစား ကြွပါခင်ဗျား ဆိုတဲ့ ချိုသာမွန်ရည်တဲ့ ဖိတ်ခေါ်သံပါ။ ထို့အတူ ဆရာတော်ကြီးနဲ့ တွေ့ရင်လည်း ပထမဆုံး အမေးခံရမှာက --"ထမင်းစားပြီးပြီလား" ဆိုတဲ့ စကားပါ။

သာမညတောင်ရဲ့ ပြည့်စုံကောင်းမြတ်တဲ့ အခြင်းအရာတွေထဲမှာ --ဒါလည်း တစ်ခု အပါအဝင် ဖြစ်လိမ့်မယ်လို့ ထင်ပါတယ်။ သာမညတောင် ရောက်ခဲ့စဉ်က--မွှာရုံကြီးထဲမှာ ချိတ်ဆွဲထားတဲ့ ဆန်စာရင်း စာရွက်လေးကို တွေ့ရတော့ မယုံနိုင်လောက်အောင်ကို အံ့သြသွားပါတယ်။

အဲဒီဆန်စာရင်းက ၁၆-၁၀-၉၂ ရက်ကနေ ၃၁-၁၀-၉၂ ရက်နေ့ အထိ (၁၅)ရက်အတွင်း ကျွေးမွေးခဲ့တဲ့ ဆန်စာရင်းပါ။အဲဒီ (၁၅)ရက်အတွင်းမှာ ဆန်တင်းပေါင်း (၃၆၆)တင်းနဲ့ ၁၂ ပြည်တိတိ ချက်ပြုတ် ကျွေးမွေးခဲ့ပါသတဲ့။ သံဃာတော် တစ်ပါးက--အဲဒါ အခါကြီးရက်ကြီးတွေ ရှိတဲ့လဆိုရင်--ဒီထက်မကဘူးလို့ အမိန့်ရှိပါတယ်။ ၁၅ ရက်စာမှာ တင်းပေါင်း သုံးရာငါးဆယ် ကျော်နေရင် တစ်လစာဆိုရင် ဘယ်လောက်များမလဲ ဆိုတာ ခန့်မှန်း ကြည့်ရုံနဲ့ အံ့သြလောက်စရာပါ။

ဒါလောက်အထိ ကျွေးနိုင်တာ အမှန်တကယ်ပဲ ထူးခြားလှပါတယ်။ ဆရာတော်ကြီးကတော့ "ခုလို ကျွေးနိုင်တယ်ဆိုတာ ကျွေးနေလို့၊ ကျွေးနေရင် ကျွေးနိုင်နေမှာပဲ"လို့--ဒါနရဲ့ အကျိုးပဲ ဆိုတာကို အမိန့်ရှိပါတယ်။

http://www.dhammadownload.com



ကျွေးတယ်ဆိုတာ တကယ်လဲ ဟုတ်ပါတယ်။တစ်ခါက-- ဆန်နည်းနေတဲ့ အတွက် စိမ်းသူများဟာ ကြံရာမရ ဖြစ်ပြီး ဆန်ပြုတ်နဲ့ ညှော်ခံဖို့ အစီအစဉ် လုပ်ကြတာကို ဆရာတော်ကြီး သိသွားပါတယ်။ ဆန်နည်းနေလို့ ခုလို စီမံရကြောင်း လျှောက်ထားတော့--

"စီမံဖို့က မင်းတို့ကိစ္စ၊ ထမင်းပဲ ချက်ကျွေး၊ မင်းတို့ကိစ္စ မင်းတို့ဆောင်ရွက်"လို့ အမိန့်ရှိပြီး ထမင်း ကျွေးစေ ပါတယ်။

တိုက်ဆိုင်တယ်လို့ပဲ ဆိုဆို၊ ထူးဆန်းတယ်လို့ပဲ ပြောပြော၊ နောက်တစ်နေ့မှာ ဒကာနှစ်ယောက်က ဆန်အတင်း (၃၀) လာရောက် လှူဒါန်းကြတယ်လို့ ပြောစမှတ်ရှိပါတယ်။

ခုလို -- ဆန်အခက်အခဲကြုံတိုင်း တစ်နည်းမဟုတ် တစ်နည်းအားဖြင့် အဆင်ပြေလာတာချည်းပဲလို့--အကျွေးအမွေး တာဝန်ခံများက ပြောဆိုကြပါတယ်။ ဒီတော့ သာမညတောင်က ဆန်အိုးကြီးဟာ--အမြဲပြည့်နေတဲ့ ဆန်အိုးကြီးလို့ ဆိုရမယ် ထင်ပါတယ်။

အမှန်တကယ်တော့--ထူးဆန်းတယ်လို့ မဆိုသာပါဘူး။ ဒါဟာ ဖြစ်ရိုးဖြစ်စဉ်ပါ။ ဆရာတော်ကြီး အမိန့်ရှိတာကလည်း ရှင်းနေတာပဲ မဟုတ်လား။ "ကျွေးနေလို့ ကျွေးနိုင်တာ ဆိုတာလေ။ ဒါအမှန်ပါပဲ။ သာမညတောင်မှာ လာသမျှဧည့်သည်တွေကို လိုလေသေးမရှိ ကျွေးနေတာကို ကိုယ်တိုင်လာရောက်သူတွေ သဒ္ဓါပေါက်ကြမယ်။ တစ်ဆင့်စကား ကြားရသူတွေလည်း သဒ္ဓါပေါက်ကြမယ်။ ဒီလို--ဒကာ၊ ဒကာမတွေက အဆက်မပြတ် လှူဒါန်းနေတာတွေကြောင့် သာမညတောင် ဆန်အိုးကြီးဟာ အမြဲပြည့်နေခြင်းပါ။

http://www.dhammadownload.com



ကျွေးမှန်းသိလို့ လှူရကောင်းမှန်း သိတာပါ။ လှူရကောင်းမှန်း သိသူတို့က လှူနေတော့ အမြဲ ကျွေးနိုင်ခြင်းပဲ ဖြစ်တယ်၊ ဆရာတော်ကြီးက ဒါကို မိန့်ကြားခြင်း ဖြစ်ပါတယ်။

ဒီတော့ -- သာမညတောင်က ဆန်အိုးကြီး အမြဲပြည့်နေတာ မဆန်းတော့ပါဘူး။ မည်သို့ပင် ဖြစ်စေ -- လာသမျှ ဧည့်ပရိသတ်ကို လိုလေသေးမရှိ ကျွေးမွေးနိုင်တာကိုက သာမည ဆရာတော်ကြီးရဲ့ ထူးခြားတဲ့ ဘုန်းကံ ပါရမီ တစ်ခုအဖြစ် ကြည်ညိုကြရမှာကတော့ အမှန်ပါ။

ကြည်ညိုသဒ္ဓါ ဆထက်ပွားစေရန် ဆန်စာရင်း နမူနာတစ်ခုကို ဖော်ပြလိုက်ပါတယ်။

၁၆၊ ၁၀၊ ၉၂ မှ ၃၁၊ ၁၀၊ ၉၂ အထိ
ဆန်နေ့စဉ်မှတ်တမ်း

| ရက်စွဲ | အိုးရေ | တင်းပေါင်း | |
|---|---|---|---|
| | | တင်း | ပြည် |
| ၁၆၊ ၁၀၊ ၉၂ | ၈၄ | ၃၁ | ၈ |
| ၁၇၊ ၁၀၊ ၉၂ | ၇၅ | ၂၇ | ၈ |
| ၁၈၊ ၁၀၊ ၉၂ | ၉၀ | ၃၃ | ၁၂ |
| ၁၉၊ ၁၀၊ ၉၂ | ၇၂ | ၂၇ | |
| ၂၀၊ ၁၀၊ ၉၂ | ၈၇ | ၃၂ | ၁၀ |
| ၂၁၊ ၁၀၊ ၉၂ | ၄၁ | ၁၅ | ၆ |
| ၂၂၊ ၁၀၊ ၉၂ | ၄၅ | ၁၆ | ၁၄ |

http://www.dhammadownload.com



| ရက်စွဲ | အိုးရေ | တင်းပေါင်း တင်း | ပြည် |
|---|---|---|---|
| ၂၃၊ ၁၀၊ ၉၂ | ၃၁ | ၁၁ | ၁၀ |
| ၂၄၊ ၁၀၊ ၉၂ | ၉၆ | ၃၆ | |
| ၂၅၊ ၁၀၊ ၉၂ | ၆၅ | ၂၄ | |
| ၂၆၊ ၁၀၊ ၉၂ | ၄၃ | ၁၆ | ၂ |
| ၂၇၊ ၁၀၊ ၉၂ | ၄၀ | ၁၅ | |
| ၂၈၊ ၁၀၊ ၉၂ | ၃၇ | ၁၃ | ၁၄ |
| ၂၉၊ ၁၀၊ ၉၂ | ၄၅ | ၁၆ | ၁၄ |
| ၃၀၊ ၁၀၊ ၉၂ | ၄၂ | ၁၅ | ၁၂ |
| ၃၁၊ ၁၀၊ ၉၂ | ၆၀ | ၂၂ | ၈ |

၁၆၊ ၁၀၊ ၉၂ မှ ၃၁၊ ၁၀၊ ၉၂ အထိ
ဆန်တင်းပေါင်း (၃၆၆)တင်း ၁၂-ပြည်တိတိ

[ဤစာရင်းဟာ -- ဓမ္မာရုံကြီးထဲက သံဃာများ သိတင်းသုံးရာ အခန်းပေါက်မှာ ချိတ်ထားတဲ့ စာရင်း ဖြစ်ပါတယ်]

http://www.dhammadownload.com

# လက္ခဏာပုံရဲ့ ဝိသေသများ




ဆရာတော်ခေတ်ပုံနဲ့တွဲပြီး ဆရာတော်ကြီးရဲ့ လက္ခဏာပုံကို သာမညတောင် အလှူခံဌာနများမှာ ဝယ်ယူနိုင်ပါတယ်။

http://www.dhammadownload.com



လက္ခဏာပုံတော်ကို ရေလောင်းပြီး အဲဒီရေကို သောက်ရင် ရောဂါပျောက်တယ်၊ ကျန်းမာတယ်လို့ ဆိုပါတယ်။ လက္ခဏာပုံထဲမှာ ဆရာတော်ကြီးရဲ့ မေတ္တာစာတ်တွေ စိမ့်ဝင်ပျံ့နှံ့နေပါလိမ့်မယ်။

ဒီလက္ခဏာပုံရဲ့ ဝိသေသများကို ပြောပြတဲ့ ပုဂ္ဂိုလ်တွေထဲမှာ အထက်မှာ ဖော်ပြခဲ့တဲ့ မချိုချိုတို့လဲ ပါပါတယ်။

အထက်မှာ ဖော်ပြခဲ့တဲ့အတိုင်း မချိုချိုရဲ့ သမီးလေးဟာ မွေးစကတည်းက ချူချာသူလေးပါ။ ဆေးရုံက ဆင်းပြီးလဲ မကြာမဏာ ဖျားတတ်ပါတယ်။ အိပ်နေရင်း လန့်လန့်ပြီး ငိုတာက အဆိုးဆုံးပါ။

အိမ်နီးချင်း မိတ်ဆွေက သာမညဆရာတော်ရဲ့ ပရိတ်ချည် လာပေးတဲ့အတွက် လည်ပင်းမှာ ဆွဲပေးတဲ့နေ့ကစပြီး လန့်ခြင်းမရှိ တော့တာ ဒီနေ့အထိပါ။

မချိုချိုတို့အိမ်မှာရှိတဲ့ ဆရာတော့်ဓာတ်ပုံက လက္ခဏာပုံနဲ့ တွဲထားတဲ့ပုံပါ။ ဒါကြောင့် ကလေးဖျားတိုင်း လက္ခဏာပုံကို ရေ လောင်းပြီး အဲဒီရေကို အမြဲတိုက်ပေးပါတယ်။ လက္ခဏာပုံနဲ့အထက် ကနေ အောက်ကို သပ်ချပေးပါတယ်။ တကယ်လဲ ပျောက်ပါတယ်။

တစ်နေ့တော့ မိတ်ဆွေတစ်ယောက် ဆုံးသွားတဲ့ အတွက် ခင်ပွန်းဖြစ်သူ ကိုစိုး သတင်းမေး သွားပါတယ်။ ကိုစိုး သွားတော့ နေဝင်ခါနီး ပါပြီ။ ဒါကြောင့် ပြန်လာတော့ မိုးချုပ်နေပြီ ဖြစ်ပါ တယ်။

ကိုစိုး အိမ်ရောက်တယ်ဆိုရင်ပဲ အိပ်နေတဲ့ သမီးလေးဟာ ရုတ်တရက် ထ ငိုပါတယ်။ ငိုရာကနေ ရယ်ပြန်တယ်။ မချိုချိုကို ပြုံးပြတယ်။ လျှာထုတ်ပြတယ်။ ပုံစံအမျိုးမျိုးနဲ့ ပြောင်ပြတယ်။

http://www.dhammadownload.com



ကလေးဟာ မရိုးသားတော့ဘူးဆိုတာ ထင်ရှားနေပါပြီ။ ဘာလုပ်ရမလဲ။ ဘယ်လိုလုပ်ရင် ကောင်းမလဲ ရုတ်တရက် စဉ်းစားမရကြဘူး။ နောက်မှ အကြံပေါ်လာတယ်။ ဆရာတော်ခါတ်ပုံ၊ လက္ခဏာပုံကို ရေလောင်းပြီး အဲဒီရေကို တိုက်လိုက်တယ်။ ပုံကိုလည်း လက်ထဲထည့်ပေးထားလိုက်တယ်။


မကြာပါဘူး။ သမီးလေးဟာ ငိုလည်းမငိုတော့ဘူး ရယ်ပြုံးပြုံးပြ ပြောင်ပြလည်း မလုပ်တော့ဘူး။ ပုံမှန် ဖြစ်လာတယ်။ နို့တိုက်ပြီး သိပ်လိုက်တော့ ပြန်အိပ်သွားတယ်။ နောက်--ဘာမှ မဖြစ်တော့ဘူး။

## များစွာပင်ရှိ

လက္ခဏာပုံနဲ့ ရောဂါပျောက်သူတွေ၊ ကျန်းမာသူတွေ အများကြီး ရှိပါတယ်။ အရိုးစူးတဲ့သူ၊ ဗိုက်ခွဲရမယ့်သူ၊ အိပ်မရအောင် ကျောပူဝေဒနာ ကြာမြင့်စွာ ခံစားနေရသူ၊ ဆီးကျဉ်ဝေဒနာ ခံစားနေရသူ၊ အစာအိမ်ရောဂါ ခံစားနေရသူ စသည်ဖြင့် အများကြီး ရှိပါတယ်။ သာမညတောင် ရောက်ဖူးသူတိုင်းကို မေးမြန်း ဆွေးနွေးကြည့်ရင်လည်း ဒီကိစ္စမျိုးတွေ ကြားသိရပါလိမ့်မယ်။ ဒီနေရာမှာတော့ သိရုံလောက်သာ ဖော်ပြရခြင်း ဖြစ်ပါတယ်။

http://www.dhammadownload.com

# သာမညတောင် မော်ကွန်း ကျောက်စာ



http://www.dhammadownload.com



ဆရာတော်ကြီး၏ ထေရုပ္ပတ္တိကို ၁၃၅၂–ခုနှစ်၊ (၁၉၉၀)ပြည့်နှစ်တွင် အရှင်စန္ဒိမာ (သာသနဓဇဓမ္မာစရိယ) က **'သာမညတောင်မော်ကွန်းမှတ်တမ်း'**ဟု ကမ္ပည်းထိုးပြီး ကျောက်စာအက္ခရာတင်ထားခဲ့ ပါတယ်။ အပြည့်အစုံမှာ

နမော ဗုဒ္ဓါယ

**သာမညတောင် မော်ကွန်းမှတ်တမ်း**

ဤသာမညတောင်သည် ကရင်ပြည်နယ် ဘားအံ မြို့နယ် သာယာကုန်းကျေးရွာအုပ်စု ဧရိယာနယ်မြေတွင် တည်ရှိပါသည်။

ဤတောင်နှင့် အနီးပတ်ဝန်းကျင်ရှိ တောင်များ အားလုံးကို **မြစိမ်းတောင်**ဟု ရှေးက ခေါ်ဆိုကြ၏။ ဤနယ်မြေတွင် မကြာသေးသော ၁၀–စုနှစ်လောက်က စိမ့်ကြီး ဂနိုင်ကြီး သစ်ကြီးဝါးကြီးများ ထူပြောလွန်း၍ တောလိုက်မုဆိုးများပင် မျက်စိလည် လမ်းမှားကြ၏။ သားရဲတိရစ္ဆာန်မျိုးစုံ နေကြ၏။

ဤတောင်၏ တိတ်ဆိတ်ခြင်း၊ ဘေးရန်မရှိခြင်း၊ လူသူအရောက်အပေါက်နည်းခြင်း၊ အစာရေစာ ပေါများခြင်း၊ ရာသီဥတု မျှတခြင်းတို့ကြောင့် စွန့်စား၍ တရားစစ် တရားမှန်ရှာသော ရသေ့ရဟန်း ယောဂီ သူတော်စင်တို့နှင့် ကင်းဆိတ်ခြင်း မရှိပါဟု ဆိုကြ၏။

ကြီးမားလှသော သရက်ပင်များ အုပ်မိုးထား၍ နေရောင်မသန်းသည့် တောင်ထိပ်ခင်တန်းကြားတွင် သားရဲတိရစ္ဆာန်များနှင့် ကျေးငှက်သာရကာများ နေ့ရောညပါ ပြည့်နှက်နေသော ဟူ၏။

၁၃၄၁–ခုနှစ်၊ တပေါင်းလပြည့်ကျော်၊ ၂–ရက် (၃–၃–၈၀) တနင်္ဂနွေနေ့တွင် သက်တော် ၇၆၊ သိက္ခာတော် ၄၇–ဝါရှိ၊ သိက္ခာ

http://www.dhammadownload.com



ကာမ၊ လဒ္ဓိပေသလ၊ ကေစာရီ ကျေးဇူးတော်ရှင် ဦးဝိနယ ဆရာတော် ဘုရားကြီးသည် ဘူမိနက်သံ အောင်မြေမှန်သော ဤမြစောညီနောင် စေတီရင်ပြင်သို့ ဖူးမြော်ရန်အလို့ငှာ ရောက်ရှိလာတော်မူ၏။

ဆရာတော်သည် စေတီယင်္ဂဏဝတ်ပြုပြီး၍ ်မမိုး တစ်ဦး တည်းသာနေသော ရသေ့ကြီး ဦးမာလီစိန် (၏) တစ်ခုတည်းသော တစ်ဘက်ရပ် ဖက်မိုးဝါးကျောင်းငယ်၌ အုန်းမှုတ်ခွက်နှင့် ဝါးကျည် ထောက်မှ ရေစင်ရေအေးကို ဘုဉ်းပေးတော်မူ၏။

ဤသည်ကား ရောင့်ရဲလွယ်သော ခေါင်းပါးပြင်းထန်သော ကိလေသာတို့ကို ခါထွက်သော ရှေးရှေးအခါ တောရပ်နေ ရဟန်း သံဃာတော်များ၏ မင်္ဂပေါက်ဖိုလ်ဝင် ကျင့်ဝတ်ပေတည်း။

တရံရောအခါက ရှမ်းမင်းသားညီနောင်တို့ တည်ဆားကိုးကွယ် ခဲ့သော မြစောညီနောင် လွမ်းစေတီ (၂) ဆူမှာ ယိုယွင်း ပျက်စီးနေပြီ ဖြစ်၍ ပြုပြင်သူ ဒါယကာတို့ကို ငံ့လင့်နေစဉ် ဆရာတော်ဘုရားကြီး ရောက်တော်မူလာခြင်းသည် အနာဂတ် သာသနာအတွက် ားတက် ဝမ်းသာကြောင်း လျှောက်ထားလာသော ရသေ့ကြီး၏ ပုဗ္ဗနိမိတ္တ ကထာကို ကြားသိရသော ဆရာတော်သည် 'သာသနာတော်အရေး အားရကျေနပ်စွာ မပြုရသေးသမျှ ဤတောင်ပေါ် ဌာနမှ အခြားသော အရပ်ဒေသသို့ ငါမကြွ'ဟု အဓိဋ္ဌာန်ပြုတော်မူ၏။

ထိုနေ့မှစ၍ ဆရာတော်ဘုရားကြီး၏ အဓိသီလ၊ အဓိစိတ္တ၊ အဓိပညာ သိက္ခာသုံးပါးကို အားထား ကြည်ညို သဒ္ဓါပိုကြသော ဒါယကာတို့သည် သူငါအရင် ဖူးမြင်ရောက်လာကြကုန်၏။

http://www.dhammadownload.com



များပြားစွာသော ဒါယကာတို့က တိရစ္ဆာန်အညစ်အကြေးများနှင့် ချုံနွယ်ပိတ်ပေါင်းတို့ကို ခုတ်ထွင်ရှင်းလင်းကုန်၏။

ပျက်စီးနေသော စေတီ ၂ဆူကိုလည်း မွမ်းမံပြင်ဆင်ပြီး ထီးတော်အသစ် တင်လှူတော်မူ၏။

(ဝ) လုံးကျောင်း၊ နောင်ရွှေ၊ သာယာကုန်း၊ ဝင်းစိန်၊ ခနိမ်းဒိုး၊ ကော့ကဒါ၊ ကံကြီးဝိနယမိက အလှူမှော်ရုံ ဆွမ်းစားကျောင်းတို့ကို အမြန်ဆောက်လုပ်လှူဒါန်းကြကုန်၏။

ထိုမှ နောက်ကာလ၌ ခဏ္ဍာသိမ်တော်၊ အုတ်ကျောင်း၊ တရားနာ မှော်ရုံကြီး၊ ဆွမ်းထမင်းကျွေးမှော်ရုံ ၂-ထပ်အုတ်ကျောင်း၊ ဣန္ဒက ကျောင်း၊ သုဓမ္မကျောင်း၊ ဆွမ်းချက်အုတ်ဇရပ်၊ ဓာတ်မီးစက်ရုံ၊သီရိ မင်္ဂလာအုတ်ကျောင်း၊ အာရုံခံတန်ဆောင်းနှင့် တောင်ထိပ် ရေလှောင် ကန်ကြီးများ စသော သာသနိက အဆောက်အအုံတို့သည် ဖြစ်ထွန်း လာကုန်၏။

ရေစုပ်စက် ရေတင်စက်နှင့် ရေစစ်ကန်၊ ရေလှောင်ကန်ကြီးများ၊ စောင်းတန်းလှေကားများ၊ သာမည-ကော့ကဒါလမ်း။ သာမည- သာယာကုန်းလမ်း။ ရင်ပြင်တော်တက်သော ကားလမ်းတို့သည်လည်း ပြီးမြောက်ကုန်၏။

မြို့နယ်အရပ်ရပ်မှ ဘုရားဖူးလာကြသူတို့သည် နေ့စဉ်များပြား လှ၏။ ပျမ်းမျှ တစ်နေ့လျှင် ဆန်-၁၀ တင်း ချက်ပြုတ်ကျွေးမွေးရ၏။ ဤကား ၁၃၄၁-ခုနှစ်မှ ၁၃၅၂ ခုနှစ်အထိ မှတ်တမ်းမော်ကွန်းတည်း။

ကျေးဇူးရှင် ဆရာတော် ဦးဝိနယသည် ကရင်ပြည်နယ်မြို့တော် ဘားအံမြို့၏ ဆင်ခြေဖုံးဖြစ်သော ထောင်ဝိရှာနှင့် ဆက်စပ်လျက်

http://www.dhammadownload.com



ရှိသော ပအိုဝ်ကောကျိုက်ကျေးရွာကြီးတွင် ဥစ္စာစေ ပြည့်ဝကုံလုံသော ခမည်းတော် ဦးတောင်အို မယ်တော် ဒေါ်မအုံးတို့မှ ၁၂၇၄-ခုနှစ်၊ ပထမဝါဆိုလဆန်း ၆-ရက်နေ့၊ ဗုဒ္ဓဟူးနေ့ နံနက် (၇) နာရီအချိန်တွင် မီးရှူးသန့်စင် ဖွားမြင်ခဲ့သော တတိယမြောက် သားရတနာဖြစ်၏။

ငယ်မည် မောင်ရွှေဝိုင်း (ခေါ်) ခွန်ဝိုင်းကျော် ဖြစ်၏။ မိဘ နှစ်ပါး၏ ပစ္စယာနုဂ္ဂဟကို ခံယူ၍ ၁၂၈၇-ခုနှစ်တွင် ရှင်သာမဏေ ဝတ်ခဲ့ပြီး၊ ၁၂၉၄ ခုနှစ်၊ ကဆုန်လပြည့်နေ့၌ မော်လမြိုင်မြို့ ကြံခင်း ကျောင်းဆရာတော် ဦးအာစရကို ဥပဇ္ဈာယ်ပြု၍၊ ကျိုက်သံလံဘုရား ရတနာဘုံမြင့်ကျောင်း ခဏ္ဍသိမ်တော်၌ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိတော်မူ၏။

ဆရာတော်ဘုရားကြီးသည် သနားခြင်း၊ သည်းခံခြင်း၊ ပေးကမ်း လှူဒါန်းခြင်း၊ မိမိသည်သာ အနစ်နာခံခြင်းတို့ကို ကြည်ညို၍မဆုံး ဖြစ်၏။ ပစ္စက္ခသံသရာ နှစ်ဖြာအကျိုး ဖြစ်ထွန်းသော အောက်ပါဆုံးမ သြဝါဒတော်ကို အခွင့်အခါသင့်တိုင်း လူဒါယကာတို့အား ပို့ချသင်အံ အာဂုံဆောင်စေတော်မူ၏။

"ဉုံမပျင်းနှင့်၊ ခုလည်းမပျင်းနှင့်၊ နောင်နောင်လည်းမပျင်းနှင့်၊ ဖွ--သွားဟ"

သာသနာတော်နှစ် ၂၅၃၄၊ ကောဇာသက္ကရာဇ် ၁၃၅၂ ခုနှစ်၊ ၁၉၉၀-ခုနှစ်၊ ဆရာတော် အထောက်အပံ့ခံ၊ နိုင်ငံတော်အစိုးရ သာသနဓဇ မွှော်စရိယဘွဲ့တံဆိပ်တော်ရ အရှင်စန္ဒိမာက မှတ်တမ်းပြုစု ပါသည်။ ဘားအံမြို့နယ် ခရားအတွင်းရွာနေ ဦးစံငြိမ်း၊ ဇနီးဒေါ်အေး ရင်နှင့် ဦးဘညွန့်၊ ဇနီး ဒေါ်ငွေတင်တို့ မိသားစု ကောင်းမှု။

(ကျောက်စာကူးသည့်နေ့ ၃၀-၈-၉၂)

http://www.dhammadownload.com



## ဆရာတော်ဘုရားကြီး၏ဇာတာ

လဂ်သခင်လဂ်တွင် ရပ်တည်သည့်အတွက် အကြံဉာဏ်ကောင်းခြင်း၊ ကြံ့ခိုင်ကြည်လင်သော စိတ်ဓာတ်ရှိ ဉာဏ်ပညာ ထူးချွန်တတ်ပါသည်။

စန်းမှ ၅–တန့်တွင် ကြာသပတေးဂြိုဟ်ကြီး ရပ်တည်မှုကြောင့် စန္ဒြဂုရုယုဂ်ကို ရရှိပါသည်။ ထိုယုဂ်၌ ဖွားသောသူသည် အသိဉာဏ်ထက်မြက်အံ့၊ ကောင်းမှုကုသိုလ်၌ မွေ့လျော်အံ့။ ဥစ္စာဓနေ ပေါကြွယ်အံ့၊ အခြံအရံ ပေါများကျော်စော၍ မင်းဆရာဖြစ်အံ့ဟု ဝေဒကျမ်းများ၌ ပါရှိပါသည်။

နဝင်းစက်တွင် လဂ်သခင်နှင့် လောကုတ္တရာဂြိုဟ် ၉–တန့်သခင်လည်းဖြစ်၊ ဖွဲ့သတ္တိ–ဝီရိယဂြိုဟ်လည်း ဖြစ်သော စနေဂြိုလ်ကသ်နဝင်းစီး၍ ရာဟုဂြိုဟ်နှင့် လောကုတ္တရာ ရာသီတွင် ဖူးခြင်းစွန့်လွှတ်စွန့်စားသော အင်္ဂါဂြိုဟ် ခုစ်နဝင်းစီးခြင်း၊ ထိုကြောင်းတရားထူး ရရာရကြောင်းအတွက် အလွန်ရဲရင့် စွန့်စားစွာ အားထုတ်နိုင်သော ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ် ဖြစ်ကြောင်း ဇာတာတော်က ဖော်ပြလျက် ရှိပါသည်။

ဟောသူ

ဆရာမကြီး ဒေါ်ခင်ငွေးမြင့်
မိုင်းဆတ်မြို့
ရှမ်းပြည်တောင်ပိုင်း

http://www.dhammadownload.com

# ထူးခြားမြတ်သာခေါင်–သာမညတောင် တေးသီချင်းများ

ဒီသီချင်းများဟာ သာမညတောင် သမိုင်းနဲ့ သာမညဆရာတော်ကြီးတို့ရဲ့ ထေရုပ္ပတ္တိတို့ကအစ ဆရာတော်ကြီးရဲ့ ကြည်ညိုဖွယ် ဂုဏ်ရည်များ၊ သာသနာပြုပုံများကို ဖွဲ့သီထားတဲ့ သီချင်းများ ဖြစ်ပါတယ်။

စာသားအလှ၊ သံစဉ်ပသာဒနဲ့ အလွန် သာယာနာပျော်ဖွယ်ရှိတဲ့ သီချင်းများ ဖြစ်ပါတယ်။ နားထောင်နေဆဲမှာကို ကြည်ညို သဒ္ဓါစိတ်တွေ ယိုဖိတ်နိုင်စေတဲ့ သီချင်းများ ဖြစ်ပါတယ်။

ဒီအထဲမှာ––ဆရာတော်ကြီး ကိုယ်တိုင် ရေးစပ်တဲ့ သံဝေဂ တေးကဗျာများလည်း ပါတဲ့အတွက် ကြည်ညိုသဒ္ဓါ တစ်မျိုး တိုးရသလို သမိုင်းအတွက်လည်း အလွန် အဖိုးတန်လှပါတယ်။

ဒီသီချင်းများကို စုစည်း တင်ဆက်သူက သုဝဏ္ဏဘုမ္မိ မြသိန်းပါ။ အဆိုတော်များ ဖြစ်ကြတဲ့ ကိုထွန်းရွှေ၊ တင်တင်မြ၊ ရီရီသန့်၊နှင်းရည်သန့်နဲ့ စိမ်းမိုမို၊ ခိုင်ဝါ၊ ခင်စိုးဝင်းတို့က သီဆို ပူဇော်ထားပါတယ်။

ဆရာတော်ကြီး ရေးစပ်တဲ့ တေးထပ်များကို မှတ်တမ်းတင်လိုတဲ့ အဓိက စေတနာနဲ့ ဒီသီချင်းများကို ဖော်ပြခြင်း ဖြစ်ပါတယ်။

သံစဉ် ပသာဒများကို နားထောင်ပြီး အကြည်ညို ပွားလိုသူတွေ အနေနဲ့ကတော့ ဒီသီချင်းခွေကို သာမညတောင်မှာ တစ်ခွေ (၁၂၅)ကျပ်နဲ့ ဝယ်ယူပူဇော် နားဆင်နိုင်ပါတယ် ။

http://www.dhammadownload.com



က - ၁။

(ကရင်ပြည်နယ် ဘားအံမြို့တော် တောင်ဘက်တွင် အိန္ဒုကော့ကဒါမှ အရှေ့ဘက်ပြဖွာ ရှုမျှော်ကာကြည့်လျှင်--မြစိမ်းတောင် တစ်ခွင်တွင် ထီးထီးကြီးပေါ်လွင်--ထူးမြတ်သာခေါင်--သာမည တောင်တော်ကိုပင် ရင်မှာ စိတ်အေးချမ်းမြေ့ လှမ်း၍ပင် ကြည်ညို ဖွယ်ရာမြင်)၂

သဗ္ဗဝါဟူသမျှ မြူမှုပင် အန္တရာယ်မတင် အသက်ဘေး ချမ်းသာစေရေး တွေးစမြင် ပြုကာစီစဉ်--ဘေးမဲ့နယ်မြေသတ်မှတ် သုံးမိုင်ပတ်လည် တောင်မြောက်နယ်တစ်ခွင် ရဟန်းနှင့်လူ နယ်သူ နယ်သားများနဲ့ ဖူးမြော်ရန် ရောက်ရှိလာသူတိုင်းပင် သက်သတ်လွတ် အာဟာရကိုသာ သုံးဆောင်ရသည်အစဉ် မေတ္တာကရုဏာ စေတနာ အနန္တ သာမညတောင်ထေရ်ရှင် ဆရာသခင် ကျေးဇူးကြီးမား များပြာ ဂုဏ်တော်တွင်--။

တောင်ပေါ်တွင် တောင်အောက် တစ်ခွင်--ရောက်ရှိလာသူ ရဟန်း ရှင်လူ အများ သွားလာကာ နားနေဆောင်များ ထားရှိကာပင် မှတ်ခြင်ယင် ဘေးမသန်း စိတ်ချမ်းသာရ ရှင်ပြကြည်လင်--။

သာမညတောင်ခြေတွင် ကလျာဏမိတ်သဟာစုံလင် နေ့တိုင်း နေ့စဉ် စည်ကားလှသည်ပင် စောင်းတန်းအတိုင်း ခြေကျင်သို့ပင် မော်တော်ယာဉ်များနဲ့ တောင်ပေါ် လမ်းကလေးများ တရွေ့ရွေ့ တက်ကာ ပျော်စရာ ရှင်စရာပင်---။

ဤသို့ပင် နေ့စဉ် ရောက်ရှိလာသော လူအပေါင်း ရဟန်းရှင် သက်သတ်လွတ် ထမင်းဟင်း စားသုံးရလို့ လောက်င ထာဝစဉ်

http://www.dhammadownload.com



ရဟန်းသံဃာတော် ထေရ်အရှင်တွေပင် ဆွမ်းခံခြင်း မပြုရဘဲနဲ့ ဆွမ်းကွမ်းပြည့်စုံလုံလောက် နေသည်ပင်---။

(သာမညတောင် မြတ်ဘုန်းခေါင် အရှင် သာသနာတော် အကျိုးအတွက် ရေအိုးလေးလုံး ထမ်းရွက်သလိုပင်--သည်ပိုးစွမ်းဆောင် အောင်အောင်မြင်မြင် တောင်ပေါ်တောင်အောက် ဆည်းကပ်ရောက်လာကြသူ ရဟန်းရှင်လူအများအတွက် နေရာထိုင်ခင်း အခက်အခဲ အလျှဉ်းမရှိစေရေး သောက်ရေသုံးရေ အဆင်ပြေစေရေး အကျွေးအမွေး အစားအသောက် လောက်ငလုံစေရေး သာမညတောင် အမှောင်ခွင်း အလင်းဆောင်စေရန်ပင် ညစဉ် ၆ နာရီမှ မနက် ၆နာရီ အစဉ် လျှပ်စစ်မီးထိန်ညီးတင့်ရွှန်း ညိုထွန်းပူဇော် ဆရာတော်ဘုရား၏ စေတနာ သဒ္ဓါဖြူစင် ကုသိုလ်ဒါနလေးအင် သစ္စာလေးပါး မြတ်တရားကိုသာ ဟောကြားတော်မူကာ ထာဝစဉ် သာသနာ့ရောင်ခြည်ထိန်ခ သာမညတောင် သီရိန်မြတ်ပင်)[၂]

က - ၂

သာမညတောင် မြင့်သီခေါင်မှ သာသနာ့အောင်လံ ဘလူလူ ပျံလေပြီ၊ အတိတ်ကောဇာ သက္ကရာဇ် တွက်ခါစစ်ရည်၊ တစ်ထောင့်နှစ်ရာ ခုနစ်ဆယ့်လေးခု ရတုသမယ ပထမဝါဆိုလ အမိ လဆန်းခြောက်ရက် ဗုဒ္ဓဟူးနေ့ နံနက် ခုနစ်နာရီ၊ ဘားအံမြို့နယ် ကော့ကျိုက်ကုန်းရွာဌာနီ၊ ခမည်းတော် မယ်တော် အမည် ဦးအောင်အို ဒေါ်မအုံးတို့မှ တတိယသားရတနာ ဆရာတော် အလောင်းအလျာ ဖွားမြင်တော်မူလာသည်--။

http://www.dhammadownload.com



စာပလွေ မောင်မှာပိုက်ပါလို့ မင်ဝါသရေ သာသနာအမွေ ထိုက်စေဖို့ ကျောင်းတော်ကိုတဲ့ လိုက်ခဲ့ပြီ။ တစ်ထောင့်နှစ်ရာ ရှစ်ဆယ့်ငါးခုနှစ်မှာ အတည် ရှင်သာမဏေ ဖြစ်ကာလာလေပြီ။ တစ်ထောင့်နှစ်ရာ ကိုးဆယ့်လေးခု ဥတုဂိမ္ဗာ ဗုဒ္ဓနေ့ ကဆုန်လပြည့် ပုဏ္ဏမီ၊ မော်လမြိုင်မြို့တော် ဘူမိနက်သန် အောင်မြေမဟီ၊ ကြံခင်းကျောင်း ဆရာတော် ဦးအာစရမထေရ် ဥပဇ္ဈာယ်ပြုကာ အတည်၊ ကျိုက်သံလန် စေတီ ဘုရားမြတ် အရိပ်တော် ခိုပြီ၊ ရတနာဘုံမြင့် ကျောင်းဝိဟာရ ခဏ္ဍသိမ်တော်မြတ်မှသည် ----၊ ပဗ္ဗဇ္ဇိတဘာဝေါ ဒုလ္လဘော ရတောင့်ရခဲသော မြတ်သောရဟန်းအဖြစ်ကို ခံယူတော်မူလေပြီ---၊ အရှင်ဝိနယ သာသနာ့အာဇာနည်---၊

ကရင်ပြည်နယ် ဘားအံမြို့တော် ကော့ကျိုက် မွေးဌာနီ ပြန်လည်ကြွကာလာချိ မွေးကျေးရွာ ပြုထူးဆပ်ဖို့ရည်---၊ ဇာတိကော့ကျိုက်ကျေးရွာ ကျောင်းတော် ဝိဟာရီနှင့် ဝါးဆူးကျောင်းတော် စံကာမွေ့လျော် သီတင်းသုံးခဲ့သည်---၊ ထိုမှသည်--သာမညတောင် စေတီမြတ်ဆီ အရှညဝါသီ ဖြည့်ဆည်းကျင့်၍ ပျော်မွေ့တော့ရမီ--၊ သာသနာတစ်ရပ် ပဋိပတ်ကျင့်စဉ် အကျင့်မြတ်လျှင် ကျွမ်းကျင်ကျင်လည်၊ ဗုဒ္ဓသာသနံ စိရံ တိဋ္ဌတု သာသနာပြုလို့ ကြိုးပမ်းထမ်းရွက်သည်---။

သာမညတောင် ဆရာတော်မထေရ် များပြားလေသည့် ကျေးဇူးတော် အလီလီ၊ ပူဇော်ဆက်ကပ် ဘွဲ့မြတ်ဂုဏ်ရည် နိုင်ငံတော်မှ ဒါနအဌလီ၊ တစ်ထောင့်သုံးရာ ငါးဆယ့်လေးခု ဋ္ဌေရတုအတည် လဆန်းနှစ်ရက် ကဆုန်အတွင်း ဂဠုန်မင်း တနင်္ဂနွေမည်---၊ ပရိယတ္တိ

http://www.dhammadownload.com



ပဋိပတ္တိ ပဋိဝေဓ သုံးရပ် ထေရသာသနာ ကြွယ်ဝချမ်းသာ ပြည့်စုံစွာရည်--မြင့်မြတ်ကြီးမား ခန့်ထည်----။

အောင်လံတော်တံခွန် အထူးအမွန်ထိုက်သည်၊ သာသနာပြုဘွဲ့တော်ဂုဏ်ရည် အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တ ဝိနယသာသနာ့အာဇာနည်၊ သာမညဆရာတော်သည် တလူလူ လွင့်ပျံလေချိ သာမညတောင်ကမ်းပါးယံ သာသနာ့အောင်လံ စိုက်ထူနေပါပြီ-။

က - ၃

အပေါင်းဝေနေယျာ -- သောင်းဖမ္ဗူဒီပါ -- [(မြတ်ဒေသနာ တရားတော်တို့--မပြတ်စေရာ--အများအပေါ်သို့)[၂] သာမည ဆရာ ထုံးပြရှာလို့--ညွန်ပြကာ ဆုံးမပါလို့--ဝေနေယျာ အများကိုလေး --လွှတ်လမ်း ကျွတ်တမ်းဝင်ဖို့သာ][၂]

[အပြောကျယ်စွာ--မျောဖန်ခါခါ--သံသရာမှာ လွတ်ကြ စေဖို့ တက်တုံ သက်တုံ မနစ်ကြစေဖို့--သက်တုံ တက်တုံ မနစ်ကြစေဖို့--သံသရာမှ လွတ်ကြစေဖို့--သာမညတောင် ဘုန်းဘုရား ညွှန်လို့--ရွှေမေတ္တာ ကျမ်းမြတ်နဲ့ဖော်လို့--တူယှဉ်ကာ ကမ်းမြတ် ခေမာ--တစ်ဘက်ကမ်း--တက်လှမ်းလို့တစ်ခါ--][၂]

ခ - ၁

မြစိမ်းတောင်ကြီး၊ ဖောင်ကြီးဆိုက်သော်--
လူရောနတ်ရော၊ စီးဖို့ပျော်ပျော်--
မစီးသူများ၊ ကျန်ကြမယ်နော်--

http://www.dhammadownload.com



စီးသူများ ပါကြလေသော်--
ဆရာတော်ကြီး၊ ခတ်မြတ်နဲ့ခေါ်--
လိုက်သူများ ပါကြလေသော်--
မလိုက်သူများ ကျန်ကြအပေါ်--
အောက်မကျ၊ နောက်ကျပါလိမ့်နော်--။

ခ - ၂။

သည်မြေတစ်ခွင် လူချင်းတူလည်း ဉာဏ်ချင်းမှာဖြင့် မတူညီနိုင်မယ်--၊ အတွေးအကြံ ဉာဏ်ချင်းက ညီပေမယ့်--ပါရမီချင်းတော့ မမီနိုင်သည်လေ--။

ပါရမီတွေ-- ရှင့်--၊ ထပ်တူညီသော်လည်းလေ--၊ ဝီရိယအရာမှာ--ကိုယ်နဲ့သူဟာ--ကွဲပြားလို့နေ--၊ သတိအရာမှာ နှစ်ဦးတူညီတဲ့အကြောင်းအရာတွေ--ဝီရိယလိုပဲ ကွဲပြားလို့မှုကွဲနေ--၊ သတိအရာမှာ အားလုံးတူသော်လည်းလေ--၊ သမာဓိတော့ဖြင့် လုံးဝမတူပါပေ--၊ ပုံစံမတူ ကွဲလွဲလို့နေ--၊ ထပ်တူလည်း ဖြစ်မလာပေ--၊အကြောင်းကံ အကုန်လွဲသွေ--၊ သမာဓိတော့ မူမခြားပေ--၊ ခန့်မှန်းချက်မနော်--ပဋ္ဌာန်းဆက်တော်--တူမျှဖို့ဖြင့် မလွယ်ပါဘူးလေ--။

မှန်းချင့်တော့ ကျမ်းအထွက်မတော့ ပဋ္ဌာန်းဆက်တော့ တူချင်မှ တူမလေ--ဆုတောင်းချင်း ကွာဟလို့နေ--၊ သဘောသကာ လွဲကွဲကာ သွားရပေ--၊ အခြေခံအကြောင်း ထပ်တူဖြစ်နေ တူညီမျှလို့မလွဲကောန်ပေ--၊

http://www.dhammadownload.com



တူညီနေ--ဆုတောင်းဆုရွေ၊ သဒ္ဒါကြည်လင် စိတ်ဘဝင်ဝမ်း မလေ--၊ မတူမျှတာ အမှန်ပေ၊ ပေးလှူတဲ့အခါ--သုံးရပ်စေတနာ ပြတ်စေ--၊ပြတ်ခါလှူဒါန်း တွန့်ဆုတ်တဲ့စိတ် ဆံခြည်မရှိစေ--၊ ဇမ္ဗူအဝှန်းမှာ ဥဒါန်းတွင်ရစ်စေ--၊ သဒ္ဒါအပြည့် စေတနာအပြည့် လှူဒါန်းပါ--အဆွေ--။

## ဆရာတော်ဘုရားကြီး ရေးသားသော
## သံဝေဂတေးထပ်များ

ခ - ၃။

လောကစံ မြင်လာကြ၊ သင်္ခါရရုပ်နာမ်
ထင်စွာပြထုတ်ပြန်သည်၊ အဟုတ်အမှန်ထင်ရှား၊
သိမြင်ကြ၊ မှောင်မှောင်ရွှေ
ထောင်ရောင်တွေ၊ တိုးပေလို့--များ၊
မည်းမှောင်သည့်၊ ပိတုန်းကေသာ
ထုံးမြေပမာ၊ ဖြူကာဖွေး
သုံးနေတာ၊ ရှုပါလေး
မတူပါရေး၊ ရှေးလို
ရှုစရာ၊ ဘယ်လိုထောက်ဆိုပြ
မျောက်အိုမ၊ ပုံပမာလို
ပေါက်ယိုကျတဲ့ လှဖွေ့ရှာ
မပြနိုင်ရာ၊ ယူမှား
မတူခြား၊ စက်ဆုပ်ဖွယ်ရာ
ဗွက်ပုတ်နှယ်သာ--၊

http://www.dhammadownload.com



ဇရာကပ်တဲ့ ညစ်ညူးစရာကို
ကျင်ကြီးပမာ
မြင်အောင်ရှုပါလေး----။

(ရွတ်ဖတ်ပူဇော်သူ--စိမ်းမို့မို့)

ခ - ၄။

နှောင်းတဝေ့ဝေ့ မြူတငွေ့ငွေ့
တမြေ့မြေ့ ယွင်းရော်
ယနေ့တွေ့ အဆင်းမျှော်အောင်
မယွင်းသော် ပျက်မြဲ--၊
သွားကျိုးလို့ ဆံဖြူလေတယ်
ဟန်မူတွေ ဖောက်ပြန်လို့လွဲ။
မေးချွန်လို့ ပါးပိန်တယ်
ခါးသိန်ဝယ် နံတွဲ
အများကြိမ်မယ်၊ ဖောက်လွဲလို့
ရောက်လည်းကွဲ့၊ သံသရာ--၊
ခန္ဓာကိုယ် ပျက်ယွင်းတော့
ယမမင်းသို့ဖြင့်၊ တဏှာကွင်းပေးဆက်ရှာ။
ဇရာမင်း သူကိုယ်မယ်
မခံနိုင် အိုကွဲ
ကံမခိုင် ပြိုလဲသမို့
ကိုယ်လဲ မြင်စေ

http://www.dhammadownload.com



မအိုနိုင်တဲ့ နိဗ္ဗူမြေကို
ဘိက္ခူတွေ ရှာလေအုံးကွဲ့လေး--။
(ရွှတ်ဖတ်ပူဇော်သူ--နိုင်ဝါ)

ခ-၅။
မင်းကိုယ်ကိုပင် မင်းညာသမျှ
တင်းကာပ မာန်ထောင်
ဆင်းကာယ ဟန်ဆောင်ပုံ
မှန်မယောင် ထင်မှား--၊
သေမင်းတော့ မညာနိုင်သည်
ခန္ဓာပိုင် ယွင်းယိုလို့သွား--။
ဘုံသုံးတစ် ကပ်ကမ္ဘာမှာ
မပြတ်ကာ ရဟတ်ခြား
သတ္တဝါတွေ မှတ်မထားသမို့
မြတ်ဘုရားမှ မသွေလှန်
ဆင့်ရကေန်---
နိဗ္ဗူဟာ အောင်ကြငှန်းကိုဖြင့်
ဖောင်နန်းဖြင့် ကြွတော်မူပြန်
မှောင်သမ်းတဲ့ မင်းသန္တာန်မှာ
အတွင်းမာန် ဖယ်ရှား
တကယ်များ မမှားစေ့ဖွယ်
တရားမွေ့မယ်---

http://www.dhammadownload.com



ဒီလောက်ပြောလို့ သဘောငယ်လျှင်
အပြောကျယ်ကူးရလိမ့်လေး---။
(ရွတ်ဖတ်ပူဇော်သူ--တင်တင်မြ)

ခ - ၆။

ကိုယ့်ကိုယ်ကို ကိုယ်ချုပ်လို့
ကိုယ်အုပ်မှ နိုင်တယ်
အပိုဒုက္ခ မြစ်ပြင်ကျယ်မှာ
ကယ်ဆယ်သူ လွန်ဝေး--၊
ဇာတိနှင့် ဇရာကံမှာ
မရဏာလိမ်ရှုပ်လို့ထွေး---။
တစ်ထောင့်နှင့်ငါးရာမှာ
ကိလေသာဘောင်တွင်း
သံယောဇဉ်ပျက်ယွင်းလို့
ရတက်မအေးနိုင်ရှာ--၊
စက်သံသရာ ဝဋ်အတွင်းက
လွတ်ကင်းအောင် ရှောင်ကွင်းကြပါ၊
ဘဒ္ဒကပ် ဤကမ္ဘာမှာ
ဖောင်စကြာယာဉ်မှူး
မြင်ပြီးမှ မကြုံရာ--၊
နံ့လှသည့်ကံ
အရိမေတ္တယျ ဖောင်ပြန်ဝယ်
မောင်ပါရန် ကြိုးပမ်းကွဲ့လေး---
(ရွတ်ဖတ်ပူဇော်သူ-ခင်စိုးဝင်း)

http://www.dhammadownload.com



ခ - ၇။

ကောင်းတာကို ကောင်းအောင်ပြုမှ
ကောင်းမှုကိုရမယ်၊
ကောင်းဆုနဲ့ ကောင်းစေကြဲရှယ်
ကောင်းစေမယ် သဘော၊
ကောင်းသူတို့ ကောင်းဟန်ကို
ကောင်းအောင်ကြံ တွေးကြမနော--။
ကောင်းသထက် ကောင်းရန်ကို
ကောင်းစေရန် ယှက်ရော
ကောင်းတာကို ဖတ်ပြောမှ
ကောင်းသဘော မှတ်နှာ၊
ကောင်းတာကို ကောင်းအောင်ပြုမှ
ကောင်းဆုနဲ့ပြည့်မယ်
ကောင်းတရား နည်းနာကို
ကောင်းအောင်ရှာ မှတ်သားပါလို့
ကောင်းတရားနည်းကို
ကောင်းအောင်ကျင့်နော်---
ကောင်းရာပြုမှ ကောင်းဆုတွေပျော်မည်
ကောင်းမှုတော်ပြုကြစို့လေး----။
ကောင်းရာကောင်းကြောင်း ကောင်းကျိုးမျှော်သည်
ကောင်းမှုတော် ထက်ဦးကျော်လို့
ကောင်းစေကြောင်းနဲ့ ကောင်းရာညွှန်သည်
ကောင်းသဒ္ဒါမွန် မြောက်ကြဖို့လေး---။

(ရွတ်ဖတ်ပူဇော်သူ--ကိုထွန်းရွှေ)

http://www.dhammadownload.com



၁-၈။

## သံဝေဂ ကေပိုဒ်ရတု

မှတ်ခါစွဲယှူ၊ များဗိုလ်လူတို့၊ ကြည်ဖြူမရ၊ ဆင်းရဲကြလိမ့်၊ လောကလုံးခွင်၊ ဘုံအပြင်ဝယ်၊ ဖြစ်လျှင်ပျက်မြဲ၊ မှန်မလွဲတည်း၊ သုံးစွဲပို့ရာ၊ မြတ်ဥစ္စာကို၊ ကံကြမ္မာပေး၊ ရလေသေးက၊ ပျက်ရေးဖန်ဖန်၊ တွေ့ကြုံပြန်သော်၊ ချစ်လျှံဝေဝေ၊ ချစ်ထွေထွေလည်း၊ ချစ်လေသမျှ၊ ပေါင်းဆုံကြလည်း၊ ကွဲရမည်မှာ၊ မလွဲသာတည့်၊ ရှည်စွာအသက်၊ တည်ရှိချက်လည်း၊ ပုခက်နှင့်ပေ၊ ဝေးလေလေ၍၊ နီးလေပျဉ်ခေါင်း၊ အမှန်အောင်းလိမ့်၊ အကြောင်းမလော့်၊ သုံးရက်ကျော်က၊ ပုပ်စော်ညီနံ့၊ ရန်တွေ့ပြန်သို့၊ အမှန်ချစ်သူ၊ မကယ်မူဘဲ၊ လျစ်လျူရှုသုံး၊ တကယ်မုန်း၏၊ နောက်ဆုံးရောက်ခါ၊ မြို့ပြည်ရွာနှင့်၊ ဆွေညာအများ၊ စွန့်ပယ်ရှား၍၊ သွားရအပြီး၊ လူမနီးသည့်၊ တောကြီးမြိုင်ယံ၊ မြေသုသာန်၌၊ ရောက်ပြန်မရှိ၊ မြှုပ်နှံဘိခြင်း၊ ခြောက်ပေတွင်းရိပ်၊ စင်းစင်းအိပ်ကာ၊ မလွဲပါဘဲ၊ နေရန်ကို၊ စွဲမြဲမှတ်ကာ၊ ဆင်ခြင်ပါလော့၊ သခါရဖြို၊ လောကီဘုံ၌၊ ခိုလှုံဝင်စံ၊ ပုထုဇန်တို့၊ လောကစံလွတ်ကြောင်း၊ဆုမွန်တောင်း၍၊ လမ်းကောင်းမဂ္ဂင်၊ ရှစ်အင်ခမ္ဘ၊ အဝဝကို၊ နေ့ညမကွာ၊ ကြိုးစားရာသည်၊ ခေမာရောက်မှ အေးမည်တည်း။

http://www.dhammadownload.com

# ကြိုဆိုလျက်ပါ

သာမညတောင်ဟာ ဘားအံမြို့နယ်ထဲမှာ ပါတဲ့ အတွက် သာမညကိုသွားရင် ဘားအံမြို့ကို ဖြတ်သွားရပါတယ်။ ဒါကြောင့် ဘားအံမြို့က လေ့လာစရာများကိုလည်း ခရီးသွားဟန်လွှဲ လေ့လာနိုင်အောင် ဖော်ပြလိုက်ပါတယ်။

## မြို့ဘားအံ

ဘားအံဆိုတာ ကျောက် (သို့မဟုတ်) တောင်အငူအစွန်းပေါ်မှာ တည်ထားတဲ့ မြို့ရွာလို့ အဓိပ္ပာယ်ရပါတယ်။ ရှမ်းဘာသာဖြင့် ဖား–ဆိုတာ ကျောက် (သို့မဟုတ်) တောင်၊ အံ(အန်း) ဆိုတာက အငူအစွန်းလို့ အဓိပ္ပာယ်ရပါတယ်။ ကရင်တိုင်းသားတွေကတော့ 'ဖျအံ' ဆိုတဲ့ ဝေါဟာရဟာ အင်တောကျောင်းလို့ ခေါ်ကြပါတယ်။

မွန်များကတော့ ဖယ်အန်းဆိုတဲ့ မွန်ဝေါဟာရက ဆင်းသက်လာတယ်လို့ ဆိုကြပါတယ်။ ဖယ်–က ကျောင်း၊ အန်းက အင်ပင်၊ အင်ပင်ကျောင်းလို့ ခေါ်ပါတယ်။ ရှေးကာလက––ဒီအရပ်မှာ အင်ပင်များ ပေါက်ခဲ့ပြီး အင်သားများနဲ့ ဆောက်လုပ်တဲ့ ဘုန်းတော်ကြီး

http://www.dhammadownload.com



ကျောင်းများရှိတဲ့ အရပ်လို့ ဆိုလိုပါတယ်။ အဲဒီ ဖယ်အန်းကနေ ဘားအံဖြစ်လာကြောင်း မွန်များက ဆိုပါတယ်။

ဒဏ္ဍာရီ အဆိုကတော့ တစ်မျိုးပါ။ ဒီအရပ်မှာ ကျက်စားသွားလာနေတဲ့ နဂါးကြီးတစ်ကောင်ရဲ့ ရန်ကို ပြေးလွှားပုန်းရှောင်နေရတဲ့ ဖားမကြီး တစ်ကောင်ဟာ တစ်နေ့တော့ နဂါးကြီးရဲ့ စားမျိုခြင်းခံရပြီး ဒီအရပ်မှာ ပြန်အန်ချလို့ ဖားအံလို့ခေါ်ကြောင်း ဆိုပါတယ်။

အင်္ဂလိပ်မြန်မာ စစ်ပွဲကြီးအပြီး ၁၈၃၂–ခုနှစ်လောက်တုန်းက လက်ထောက်မြို့ပိုင် အုပ်ချုပ်တဲ့ ဘားဂတ်မြို့ရဲ့ လက်အောက်ခံ ရွာကလေး အဖြစ် သတ်မှတ်ခဲ့ပါတယ်။ ၁၉၅၅–ခုနှစ်မှာတော့ကရင်ပြည်နယ်ရဲ့ မြို့တော်အဖြစ် သတ်မှတ်ခဲ့ပါတယ်။

## လှမျိုးကွယ် ဘားအံ

ဘားအံဟာ ရောက်လာသူတိုင်းကို သူ့ရဲ့အလှများအောက်မှာ မျောနစ်သွားအောင် ဖမ်းစားနိုင်တဲ့အထိ လှမျိုးကွယ်တဲ့ မြို့တော်ပါ။ ညီညာခြင်းမရှိလှဘဲ ကုန်းငယ်လေးတွေနဲ့ နိမ့်လိုက်မြင့်လိုက် ဖြစ်နေတဲ့ မြို့ရဲ့ မြေမျက်နှာပြင်ကိုက တစ်မျိုးလှနေပါတယ်။

တိမ်ညွန့်တွေစားနေတယ်လို့ ဆိုရမလောက် မို့မောက်ပြီး ထီးထီးကြီးနဲ့ ခန့်ထည်ပေါ်လွင်လှတဲ့ ဇွဲကပင်တောင်ကြီး အပါအဝင်တောင်တန်းကြီးများ ခြံရံထားပြီး စိတ်ကူးယဉ်အလှထက် ပိုလှတယ်လို့ အနောက်တိုင်း စာရေးဆရာကြီးတစ်ဦး အံ့သြဖွယ်သော မြစ်မင်းသံလွင်နဲ့ အနားသတ်ထားတဲ့ မြို့ဘားအံဟာ လှချင်တိုင်း လှနေပါတယ်။

http://www.dhammadownload.com



## လှေလာစရာများ

ဒီဘားအံမြို့မှာရှိတဲ့ လှေလာစရာများကို ဖော်ပြရရင်--

(၁) ရွှေရင်မျှော်စေတီ
(၂) သေဋ္ဌမာရ်အောင်စေတီ
(၃) ကန်သာယာဘုရား
(၄) ဘားမဲတောင်စေတီ
(၅) တောင်ကလေးတောင်မြရတနာစေတီ
(၆) ကရင်ပြည်နယ်ယဉ်ကျေးမှု ပြတိုက် စသည်တို့ဖြစ်ပါတယ်။

## ရွှေရင်မျှော်စေတီ

ဘားအံဆိပ်ကမ်းကို ရောက်တာနဲ့ ပထမဦးဆုံး ဖူးတွေ့ရတဲ့ စေတီပါ။ သံလွင်မြစ်ကမ်းနဖူး ဘားအံသင်္ဘောဆိပ်ကမ်း အနီးမှာ ရှိပါတယ်။ မောပန်းလာသမျှ၊ အပူတွေမှန်သမျှ စေတီတော်ကို ဖူးလိုက်ရတာနဲ့ ရင်အေးငြိမ်းသွားစေတဲ့ အထိ သန္တိသုခကို ပေးတဲ့ စေတီတော်ပါ။

နဂါးမနဲ့ လူသား ဝိဇ္ဇာခိုရ် တစ်ဦးတို့ မေတ္တာနှယ်မိရာကနေ စခဲ့တဲ့ ကြေကွဲဖွယ် အဖြစ်များဟာ သားသမီးမြေးတို့အထိ ကြုံခဲ့ရပြီး မိသားစုများ ပြန်လည်ပေါင်းစုံမိကြတဲ့အခါ တည်ထားတဲ့ စေတီလို့ သမိုင်းအဆို ရှိပါတယ်။

ဘုရားမှာ ဌာပနာဖို့ ဓာတ်တော်များ သွားပင့်တဲ့ ကျေးဖူးရှင် ဖခင်ကြီး ပင့်လာမယ့် ဓာတ်တော်များကို ဖူးလိုစိတ်နဲ့ တမျှော်မျှော် နေရတဲ့အတွက် "မြော်တော်မူဘုရား"လို့ ဘွဲ့မည်တွင်ခဲ့ပါတယ်။ ဒီနောက်မှာ ပေါ်တော်မူလို့ တွင်ခဲ့ပါသေးတယ်။

http://www.dhammadownload.com



## သေဠမာရ်အောင်စေတီတော်

ဘားအံမြို့ရဲ့ မြို့လယ်မှာ တည်ရှိတဲ့ ကျက်သရေဆောင်စေတီကြီးပါ။ တန်ခိုးကြီးပြီး ဆုတောင်းပြည့်ဘုရား အဖြစ် ကြည်ညိုကြပါတယ်။

ဂန္ဓကုဋိတိုက်ကြီးထဲမှာ ကြေးပိဿာချိန် (၄၆၀၀)၊ ဉာဏ်တော် (၉)တောင် (၂)မိုက်ရှိတဲ့ သေဠမာရ်အောင် ရုပ်ပွားတော်ကြီးဟာ ကြီးမားသလောက် ကြည်ညိုဖွယ်ကောင်းပါတယ်။ သက္ကရာဇ် ၁၂၈၄-ခုနှစ်၊ ကဆုန်လပြည့်၊ ဗုဒ္ဓဟူးနေ့ အရုဏ်တက်ချိန်မှာ သွန်းလောင်းခဲ့ပါတယ်။

ဘုရားကြီးရဲ့ ပရိဝုဏ်ထဲမှာ ပိဋကတိုက်နဲ့ သာလွန်မင်းကြီးရဲ့ ကောင်းမှုဖြစ်တဲ့ စစ်ကိုင်းကောင်းမှုတော် စေတီ ပုံစံတူ ကောင်းမှုတော် စေတီတစ်ဆူလည်း ရှိပါတယ်။

## ဖားမဲတောင်စေတီ

ကမ်းနားက မြို့ပတ်လမ်းပေါ်မှာ တည်ရှိပါတယ်။ နဂါးနဲ့ ဖားဒဏ္ဍာရီထဲက မဏ္ဍူက ဖားမဲကြီး နေခဲ့တဲ့ တောင်ဖြစ်လို့ ဖားမဲတောင်လို့ ခေါ်ပါတယ်။

ဒီဖားမဲတောင်ပေါ်ကနေ ကြည့်ရင် ဘားအံမြို့ရဲ့ အသက်ပါလွန်းလှတဲ့ အလှကို တွေ့ရပါလိမ့်မယ်။ တသွင်သွင် စီးဆင်းနေတဲ့ သံလွင်မြစ်ကို မမှုလေဟန် ဣန္ဒြေအပြည့်နဲ့ ခန့်ထည်လှတဲ့ မြစ်လယ်က ထမင်းဆုပ်တောင်ကို မြင်ရသူတိုင်း အားမာန်တွေ အလိုလိုဖြစ်ရတဲ့အထိပါ။ ကျောက်ခက်ကျောက်ပန်းတွေ ဖြာထွက်နေတဲ့ ဘား

http://www.dhammadownload.com



ကပ်တောင်ကြီးရဲ့ မြင်ကွင်းဟာလည်း တရှုမောမော ငေးစရာ ကောင်းလှပါတယ်။

## ဗောဓိမဏ္ဍိုင်မြကန်သာဘုရား

အမိတာရာမရဲ့ကျောင်းတိုက်ကြီး အတွင်းမှာ တည်ရှိပါတယ်။ ဉာဏ်တော် (၁၀၈)ပေ ရှိတဲ့ စေတီကြီး ဖြစ်ပါတယ်။

စေတီတည်ထားတဲ့ နေရာမှာ လွန်ခဲ့တဲ့ နှစ်ပေါင်း (၁၀၀)ကျော် ခန့်က ဖားများ နေခဲ့တဲ့ ရေကန်ကြီး ဖြစ်ပြီး ပြဒါးရှင်ကို ပိုင်တဲ့ ရွှေဖားတစ်ကောင် ရှိကြောင်း၊ စတင်တွေ့တဲ့ ရွှေဘာဘူကုလား မာမက်ဆင်ကစပြီး လူအချို့ဟာ ပြဒါးရှင်လုံးကို ရအောင် အဲဒီဖားကို နည်းမျိုးစုံနဲ့ ဖမ်းရန် ကြိုးစားဖူးကြောင်း သိရပါတယ်။

စေတီတော်ကြီးကို စောင့်ရှောက်နေတာကတော့ အမိတာရာမ ရဲ့ကျောင်းဆရာတော်ကြီး ဘဒ္ဒန္တအမိတာဝရ မထေရ်မြတ် ဖြစ်ပါတယ်။

## ဖွဲကပင်ဆံတော်ရှင်စေတီတော်

ပြည်နယ်ရဲ့ အသက်၊ ပြည်နယ်ရဲ့ နိမိတ်ဖြစ်တဲ့ ဖွဲကပင် တောင်ကြီးပေါ်မှာ တည်ရှိတဲ့ သမိုင်းဝင် တန်ခိုးကြီး စေတီကြီးပါ။ ဖွဲကပင် လမ်းကနေ သွားရပါတယ်။

## သစ္စာတိုင်စုဝေစေတီ

ဖွဲကပင်တောင်ရဲ့ အနောက်တောင်ဘက် တောင်ခြေရင်းနဲ့ မနီးမဝေးမှာ တည်ရှိပါတယ်။ ဉာဏ်တော် ပေ(၃၀)ခန့် ရှိပြီး ထုံးဖွေးဖွေးနဲ့ သပ္ပာယ်လှပါတယ်။

http://www.dhammadownload.com



အိမ်ထောင်ပြုစ ဇနီးမောင်နှံများ အိမ်ထောင်ရေး တည်တံ့ခိုင်မြဲအောင် သစ္စာပြု ဆုတောင်းကြလေ့ ရှိတဲ့အတွက် "သစ္စာတိုင်ရှုဝေစေတီ"လို့ ခေါ်ဆိုကြပါတယ်။

## တောင်ကလေးတောင်
## မြရတနာစေတီ

သာမညခရီးသည်များ ဝင်ရောက်လေ့လာသင့်တဲ့နေရာ တစ်ခုကတော့ တောင်ကလေးတောင်ပါ။ တောင်ကလေးတောင်ဟာ-- ဘားအံမြို့နဲ့ ၅-မိုင် ၄-ဖာလုံခန့်သာ ဝေးပါတယ်။ ညှိုင်းဘွဲ့လမ်းမှာရှိပြီး ဘားအံလေယာဉ်ကွင်းနဲ့ သိပ်မဝေးလှပါဘူး။

သာမည ခရီးသည်များအတွက်-- သာမညကိုသွားတဲ့ လမ်းကနေ ခွဲသွားရတာ ဖြစ်တဲ့အတွက် သွားရလာရတာအဆင်ပြေပါတယ်။

တောင်ကလေး ဆရာတော်လေး ဦးပညာသာမိဟာ ခုမှသက်တော် (၃၃)နှစ်မျှသာ ရှိပါသေးတယ်၊ ဆရာတော်လေးရဲ့ အကျင့်ပဋိပတ်တော်များကို ဘားအံ၊ မော်လမြိုင်၊ ကော့ကရိတ်၊ မြဝတီတို့က အစ ရန်ကုန်မြို့က ဒကာ ဒကာမများ အထူးကြည်ညိုဆည်းကပ်ကြပါတယ်။

ဆရာတော်လေးဟာ ဖွဲကပင်၊ ပေပုလ္လ၊ ဇင်းကျိုက်၊ တောင်ဝိုင်.တောင် စတဲ့ တောတောင်တွေမှာ သူ အဓိဋ္ဌာန် ကျင့်ခဲ့တဲ့ ကျင့်စဉ်များနဲ့ ကိုယ်တွေ့ကြုံရမှုများကို "တောမိုရဟန်း အမည်နဲ့" "ဗုဒ္ဓဂုဏ်တော်နှင့် ကိုယ်တွေ့ဖြစ်ရပ်များ" စာအုပ်မှာ ရေးသားထားပါတယ်။ အကျင့်ပဋိပတ်များကို ကြည်ညိုသိရှိလိုရင်--အဲဒီစာအုပ်မှာ ကြည့်ရှုနိုင်ပါတယ်။

http://www.dhammadownload.com



ဒီစာအုပ်အပြင် မယ်နုအုတ်ကျောင်း ဆရာတော်၊ အရိယသဒ္ဓ ဒဿန၊ တောလေးဆယ်၊ ဇယစက္ကအောင်မြေ (၁၀၀၀) သမိုင်းပြ စာတမ်း စတဲ့ စာအုပ်တွေကိုပါ ပြုစုရေးသား ထုတ်ဝေထားပါတယ်။

## မြရတနာစေတီတော်

ဒီတောင်ပေါ်မှာ မြရတနာ စေတီတော် ရှိပါတယ်။ စေတီတော် ထူးခြားတဲ့ တန်ခိုးများကို "ဗုဒ္ဓဂုဏ်တော်" စာအုပ်မှာ ရေးသားထား တာကို ဖတ်ကြည့်နိုင်ပါတယ်။ ရောင်ခြည်တော် လွှတ်တာတွေ၊စဥ့်အိုး ကြီးထဲက ထူးခြားတဲ့ရေတွေ တွေ့တာတွေပါ။

## ကရင်ယဉ်ကျေးမှုပြတိုက်

ဖွဲကပင် ခန်းမကြီးနဲ့ မနီးမဝေးမှာ ရှိပါတယ်။ ၁၉၉၂–ခုနှစ် နိုဝင်ဘာလ (၇)ရက်နေ့မှာ ကျရောက်တဲ့ ပြည်နယ်နေ့မှာ ဖွင့်လှစ်ခဲ့ ပါတယ်။

ဝါကီနစ်ပြခန်း ရိုးရာခလေ့ပြခန်း (၁) (၂) တို့နဲ့ ရှေးဟောင်း ဆင်းတုများ ကိုးကွယ်မှုဆိုင်ရာများ၊ ပြည်နယ် အထိမ်းအမှတ် ရွှေ ဖားစည်၊ ကရင်လူမျိုးစု (၁၂)စုတို့၏ ပုံတူ ပလာစတာရုပ်ထုများ၊ ပဟားဆင်ယင်မှုများ စတဲ့ ကရင်ယဉ်ကျေးမှုနဲ့ စာပေဆိုင်ရာတွေကို လေ့လာနိုင်ပါတယ်။

## ဂူများ

ဘားအံဝန်းကျင်မှာ အခြား လေ့လာစရာများကတော့ ဂူများ ဖြစ်ပါတယ်။ အကျဉ်းချုပ် သိသာရုံလောက် ဖော်ပြရရင် အတ္တရံမြစ် ကြောင်း တစ်လျှောက်မှာ နီဒုံဂူ၊ ဘားဘောင်ဂူ၊ ရေပူဂူ၊ ဂျိုင်း သံလွင်ဒေသမှာ ခရုံဂူ၊ ဓမ္မသဂူ၊ ဆဒ္ဒန်ဂူတို့ ရှိပါတယ်။

http://www.dhammadownload.com



လှိုင်းဘွဲ့ဒေသမှာတော့ ဝဲပုံဂူ၊ တောင်ကလေးဂူ၊ ကော့ကသောင်ဂူတို့ရှိသလို ခပ်လှမ်းလှမ်းက ကော့ကရိတ် ဝန်းကျင်မှာတော့ ဖားဘောက်ဂူ၊ ဖားပုံဂူ၊ တောင်ဘလွဲဂူ၊ ရသေ့ဂူနဲ့ မောင်ဒီဂူတို့ရှိပါတယ်။

သံလွင် ဒုံသမိ ဒေသမှာ မင်းလွင်ဂူ၊ ဝင်းဆုံဂူ၊ ဘုရင့်ညီနောင်ဂူ၊ ဖားကပ်ဂူ၊ ကော့ဂွန်းဂူနဲ့ ရသေ့ပုံဂူတို့ ရှိပါတယ်။ ဒီဂူတွေမှာ ရှေးဟောင်းရုပ်ထုများ၊ ယဉ်ကျေးမှု အမွေအနှစ်များရှိတဲ့ အတွက် တန်ဖိုး မဖြတ်နိုင်တဲ့ ဂူများ ဖြစ်ပါတယ်။ ဒီအထဲမှာ အထင်အရှားဆုံးက ကော့ဂွန်းဂူ ဖြစ်ပါတယ်။ ကော့ဂွန်းဂူဟာ သာမညတောင်မှာ မြစောညီနောင် စေတီနှစ်ဆူရဲ့ ကောင်းမှုရှင် ဘုရားအစ်မ မုတ္တမမိဖုရားကြီး သထုံ ပျက်စဉ်မှာ ခိုလှုံခဲ့ဖူးတဲ့ဂူပါ။ အဲဒီကမှ ခု သာမညတောင်လို့ ခေါ်တဲ့ ဒေးမဲ့စော့တောင်ကို ပြောင်းတယ်လို့ သမိုင်းအရ သိရပါတယ်။ ဒါတွေဟာ ဘားအံနဲ့ ပတ်ဝန်းကျင်က လေ့လာစရာများ ဖြစ်ပါတယ်။

## ကြိုဆိုလျက်ပါ

သာမည ခရီးသည်တို့ဟာ ဘားအံ၊ သာမည ဒေသရဲ့ သာယာမှု၊ လှပငြိမ်းချမ်းမှုတို့က အစ ဒေသရှိ တိုင်းရင်းသားများရဲ့ ပွင့်လင်းရိုးသားမှု၊ ဖော်ရွေမှု စတာတွေကို မျက်မြင်ကိုယ်တွေ့ သိရပြီး ဖြစ်ပါလိမ့်မယ်။

ဒါတွေဟာ--တစ်ခဏတွေ့ မဟုတ်ဘဲ အမြဲတစေရှင်သန်နေတဲ့ သူတို့ရဲ့ ချစ်စရာ အခြင်းအရာများ ဖြစ်ပါတယ်။ ဘယ်အချိန် ဘယ်ကာလမှာ လာလာ ဒီဖြူစင်ရိုးသားမှု၊ သာယာလှပမှုတွေနဲ့ နွေးထွေးစွာ ကြိုဆိုလျက် ရှိတယ် ဆိုတာ တကယ်သိရအောင် လာခဲ့ပါလို့ ဖိတ်ခေါ် ကြိုဆိုလျက် ရှိပါတယ်။

http://www.dhammadownload.com

# အခွင့်ထူး ဆွတ်ခူးနိုင်ကြပါစေ

'ငါးရပ်ကယ်စုံညီ၊ ဒုလ္လဘိငယ်၊ ကြုံမိခုခေတ်' လို့ ကျေးဇူးရှင် လယ်တီဆရာတော်ဘုရားကြီး မိန့်တော်မူခဲ့တဲ့အတိုင်း ခုခေတ် ခုခါဟာ 'ဒုလ္လဘ' အခွင့်ထူး အချိန်ကောင်းကြီး ဖြစ်ပါတယ်။ ဆရာတော် ဘုရားကြီးရဲ့ အဆိုအတိုင်း ပြောရရင် 'လူ့ထက်လူ' လို့ 'ဘဝတန်ဖိုး' တံခွန်ထူရတဲ့ အချိန်အခါမျိုးပါ။

သက်ရှိထင်ရှား ဘုရားရှင် မရှိသော်ငြားလည်း ဘုရားရှင် ထားတော်မူခဲ့တဲ့ အဆုံးအမဆိုတဲ့ သာသနာကြီးလည်း ထွန်းလင်း တောက်ပနေဆဲ ဖြစ်တဲ့အတွက် ဘုရားရှင် ရှိနေသေးတာပါပဲ။ ဒီသာသနာတော်ကြီး ခုလို ရှင်သန်နေအောင်လည်း ဘုရားရှင်ရဲ့ တပည့်သား၊ သံဃာတော်များက ပရိယတ်+ပဋိပတ် နှစ်ဖြာလုံးမှာ တာဝန်ကျေကျေ ထမ်းရွက်နေကြပါတယ်။

အဲသလို စွမ်းစွမ်းတမံ ထမ်းဆောင်တော်မူကြ သလောက် ပရိယတ် ပုဂ္ဂိုလ်ထူး ပဋိပတ် ပုဂ္ဂိုလ်ထူးတွေလည်း အံ့သြလောက်အောင် ပေါ်ပေါက်ပြီး ကြည်ညိုခွင့် ရတာလည်း ဗုဒ္ဓဘာသာဝင်တို့အတွက် 'လူ့ထက်လူ' အဖြစ်ထူး အခွင့်ထူးကြီးပါ။'လာဘာ ဝတ – ငါအရ တော်လေစွ၊ သုလဒ္ဓံဝတ – အခွင့်ကောင်းကြီး ရနေပါလား' လို့

http://www.dhammadownload.com



အုံ့ညြဘနန်း လက်ပန်းပေါင်း ခတ်ရမယ့် အဖြစ်တွေကို အမြဲတစေ ရနေ ကြုံနေတာဟာ အလွန် ကျေနပ်စရာပါ။

ဘုရားရှင်ရဲ့ ဒီတပည့်သား သံဃာတော်များဟာ '**အနုတ္တရံ ပုညက္ခေတ္တံ လောကဿ**' ဆိုတဲ့ သံဃာ့ဂုဏ်တော်မှာ ပါတဲ့အတိုင်း လောကသားတို့ရဲ့ ကုသိုလ်မျိုးစေ့ကို စိုက်ပျိုး ကြဲချရာ လယ်ယာမြေ ကောင်းများ ဖြစ်ပါတယ်။

'လယ်ယာမြေကောင်း' ဆိုတာ သူ့ချည်းသက်သက် ကောက်ပဲ သီးနှံကို ဖြစ်စေတာ မဟုတ်ဘူး ဆိုတာတော့ သတိပြုရပါမယ်။ မိုးရေလည်း ပြည့်စုံမှ၊ ထွန်ယက် စိုက်ပျိုးမှုလည်း ရှိမှ၊ မျိုးစေ့လည်း မှန်မှ စတဲ့ အခြင်းအရာတွေနဲ့ ပြည့်စုံညီညွတ်မှ အသီးအနှံ ရှင်သန် ဖွံ့ဖြိုး တိုးတက်ရတာပါ။ မိုးမရွာ၊ မျိုးမပါဘဲ 'မြေကြီးက ရွှေသီး' ကိန်းမျိုးကတော့ မဖြစ်ကောင်းတဲ့ သဘာဝ၊ မတောင်းကောင်းတဲ့ ဆုလာဘ်ပါ။

စစ်မှန်တဲ့ ဗုဒ္ဓဘာသာဝင် တစ်ယောက်ဖြစ်ဖို့ အတွက် အခိုင်အမာ ယုံကြည် ခံယူရမည့် သဘောတရားကတော့-

ကံရှိမှ ကံရဲ့အကျိုး ဖြစ်မယ်

ကံမပါဘဲ ကံရဲ့အကျိုး ဆိုတာ ဘယ်နည်းနှင့်မျှ မဖြစ်နိုင်ဘူး ဆိုတဲ့ ခိုင်မာတဲ့ "ကမ္မဿကတာ သမ္မာဒိဋ္ဌိ" အမြင်ပဲ ဖြစ်ပါတယ်။

ဘုန်းတော်အနန္တ ကံတော်အနန္တ ဉာဏ်တော်အနန္တ စကြဝဠာ ကမ္ဘာမြေမိုး ဖြန်းဖြန်းကျိုးမျှ တန်ခိုးတော် အနန္တနှင့် ပြည့်စုံတော်မူတဲ့ သက်တော်ထင်ရှား ဘုရားရှင်နဲ့ တွေ့ကြုံကြရသူတွေထဲမှာပင် သဒ္ဓါ မိုးမရွာ ကံမျိုး မပါသူတွေဟာ ဘာအကျိုးမှ မရခဲ့ကြတာကို အထူး ဆင်ခြင် သံဝေဂ ယူတတ်ကြပါ။

http://www.dhammadownload.com



ထူးမြတ်တဲ့ ဘုရားရှင် တပည့်သား သံဃာတော်တွေနဲ့ တွေ့ကြုံကြသူတွေ အများအပြားထဲမှာလည်း တချို့ ထူးထူးခြားခြား ကောင်းကျိုးတွေ ဖြစ်ထွန်းကြပြီး၊ တချို့မှာ ဘာမှ ထူးထူးခြားခြား ဖြစ်ပေါ်မလာကြတာဟာဖြင့် မိမိတို့ရဲ့ မျက်စိတစ်လှမ်း၊ နားတစ်ကမ်း အတွင်းမှာပဲ ထင်ထင်ရှားရှား ကြားဖူးမြင်ဖူး ကြပါလိမ့်မယ်။

ဒီလိုကွဲပြားရတာဟာ ဘာကြောင့်လဲ။ မြေကောင်းက မျက်နှာလိုက်လို့လား? မဟုတ်ပါဘူး။ မြေဆိုတာ မျက်နှာလိုက်ရိုး ထုံးစံ မရှိပါဘူး။ ပကတိ မြေလွှာဟာ ရွှေငွေ ကျောက်သံပတ္တမြား စတဲ့ ရတနာတွေကိုပဲ ဖြစ်ဖြစ်၊ မစင်အညစ်အကြေးတွေကိုပဲ ဖြစ်ဖြစ် မညည်းမညူ အညီအမျှ ထမ်းရွက်ထားသလို လယ်ယာမြေကောင်း သဖွယ် ဖြစ်တဲ့ တပည့်သား သံဃာတော်တို့ဟာလည်း ဘယ်သူ့ကိုမှ မျက်နှာမလိုက်၊ သတ္တဝါအားလုံးအပေါ်မှာ မေတ္တာ ကရုဏာ အညီ အမျှပဲ ထားရှိ ပါတယ်။ အကျိုးပေး ကွဲပြားခြားနားရတာကတော့ အထက်မှာ ပြောခဲ့တဲ့အတိုင်း မိုးနဲ့မျိုး ကွာခြားကြလို့သာ ဖြစ်ပါတယ်။

ကဲ–အခု အမျိုးကောင်းသား အမျိုးကောင်းသမီးတို့မှာ ရခဲတဲ့ လူ့ဘဝ၊ ကြုံခဲတဲ့ သာသနာတော်ကြီးနဲ့ ကြုံတွေ့နေရပြီဖြစ်လို့ မိမိတို့မှာ ကံပါရမီ မျိုးစေ့ကောင်းများ ရှိပြီလို့လည်း သေချာပေါက် ဆိုနိုင်ပါပြီ။

ဂုဏ်ကျေးဇူး အထူးထင်ရှားတဲ့ ဘုရားတပည့်သား သံဃာတော် တွေကို တွေ့ဆုံဖူးမြော်ခွင့် ကြုံကြရပြီး သံဃာတော်တို့ရဲ့ ထူးမြတ်တဲ့ သီလ သမာဓိ ပညာဂုဏ်တွေ ကိုယ်ကြုံကိုယ်တွေ့ သိရှိရပြီ ဖြစ်လို့ လယ်ယာမြေကောင်းတွေ ဖြစ်တယ် ဆိုတာလည်း သံသယ ရှိစရာ မလိုတော့ပါဘူး။

http://www.dhammadownload.com



ဒါဖြင့် ဘာလုပ်ကြမလဲ ဘာလိုသေးသလဲ လုပ်အားမှထူ မိုးမကူဘဲ မြေလွှာက ပဒေသာပင် အပေါက်ကို စောင့်မျှော်နေကြတော့ မလား? စဉ်းစားကြပါ။

"ယံ ပိစ္ဆံ န လဘတိ တံ ပိ ဒုက္ခံ"

လုပ်သင့်တာ မလုပ်ဘဲ မရနိုင်တာကို တောင့်တနေတဲ့အတွက် အလိုမပြည့်ရတာဟာ ဒုက္ခသစ္စာ အမှန်ပဲလို့ ဘုရားရှင်က တရားဦး ဖြစ်တဲ့ ဓမ္မစကြာမှာ ဟောညွှန်ထားတာကို သတိပြုစေချင်ပါတယ်။

မိမိတို့ဘက်က သဒ္ဓါမိုး မှန်မှန်ကန်ကန် ရွာသွန်းပေးဖို့နဲ့ ဒါန, သီလ, ဘာဝနာ ဆိုတဲ့ ကုသိုလ်ကံသစ်တွေကို ကြိုးစား အားထုတ်တဲ့ ထွန်ယက် စိုက်ပျိုးဖို့ တာဝန်တွေ မကျေပွန်ခဲ့ရင်တော့ မျိုးစေ့ကောင်းရှံ မြေကောင်းရှံနဲ့ ဘာမှ အကျိုးတရား ထူးထူးခြားခြား ရလိုက်ကြမယ် မဟုတ်ပါဘူး။

ဒါကြောင့် သာသနာတော်ဘက်က ရရှိနိုင်တဲ့ အခွင့်ထူးဖြစ်တဲ့ လယ်ယာမြေကောင်းမှာ မိမိတို့ရဲ့ မျိုးစေ့ကောင်းများ ထူးထူးခြားခြား အောင်အောင်မြင်မြင် သီးပွင့်ပြီး လောကကျိုးရော သာသနာကျိုးပါ အပြည့်အဝ ရရှိနိုင်ကြဖို့အတွက် မိမိတို့ရဲ့ ပစ္စုပ္ပန်တာဝန်များဖြစ်တဲ့

သဒ္ဓါမိုး သွန်းဖြိုးနိုင်ကြပါစေ။

ကုသိုလ်ကံသစ်များနဲ့ အားသစ်လောင်း ထွန်ယက် စိုက်ပျိုး နိုင်ကြပါစေ။

အဲဒီလို ကံဟောင်းနဲ့ ကံသစ်တို့ ပဋ္ဌာန်းပစ္စည်း ဆက်သွယ်နည်း နဲ့ ဆက်စပ်မိပြီး အကျိုးထူး အခွင့်ထူးများ လက်မလွှတ်တန်း ဆွတ်ခူးနိုင်ကြပါစေ။

လုံ့လရှင်(တောင်စွန်း)
မောင်ဒီပ(သိပ္ပံ/ချည်မြေ)

http://www.dhammadownload.com



## ဗုဒ္ဓဂုဏ်တော်နှင့်ကိုယ်တွေ့ဖြစ်ရပ်ဆန်းများ

### တောသမိုရပာန်း

(တောင်ကလေး အရှင်ပညာသာမိ)

ခွဲကပင်၊ ဝေပုလ္လ၊ ရွှေဆံတော်၊ ဇင်းကျိုက်၊ တောင်ဝိုင်းတောင်၊ ဓမ္မသတောင်၊ မရမ်းတောင် အစရှိသည့် တောင်များ၌ အဓိဋ္ဌာန် တရားစခန်း လှည့်လည်ဝင်ရင်း ကိုယ်တိုင်ကြုံတွေ့ခဲ့ရသည့် ဖြစ်ရပ်ဆန်း များကို ရေးသားထားသည်။

တန်ဖိုး ၃၅-ကျပ်

---

## အရိယသစ္စဒဿန

### အရှင်ပညာသာမိ (တောင်ကလေး)

ဘဝအကျဉ်းအကြပ်၊ ဘဝဒုက္ခ၊ ဘဝအခက်အခဲစသည်တို့မှ လွတ်မြောက်အောင် ကြိုးစားနေသူများအတွက် ဘဝဒုက္ခစသည် လွတ်မြောက်ပြီးသော အရိယာပုဂ္ဂိုလ်တို့ရရှိပိုင်ဆိုင်သောတရား လေးပါးပွါးများ အားထုတ်နည်းများကို ကျမ်းကိုးများစွာဖြင့် ရေးသားထားသည့် စာအုပ်ကောင်းဖြစ်သည်။

တန်ဖိုး ၃၅-ကျပ်၊ ထွက်ပြီ။

ဖြန့်ချိရေး - မဏိဇောတစာပေ

၄၂၊ ဝတ်ကျောင်းလမ်း၊ ရန်ကုန်

http://www.dhammadownload.com

မဏိဇောတစာပေမှ

မကြာမီ ထွက်တော့မည့် စာအုပ်များ

---

# ဦးဆန်းထွန်း(မန်းတက္ကသိုလ်)၏
# အဖိုးမဖြတ်နိုင်သော
# လိုရာသုံး ဂါထာမန္တန်များ

မောင်ဒီပ(သိပ္ပံ/ချည်မြေ)

စုစည်း စီစဉ်သည်။

'လူ့အလို နတ်မလိုက်နိုင်,ဟုဆိုရသည့်အထိ တစ်ခုမဟုတ် တစ်ခု အမြဲလိုနေတတ်သော လူသားများအတွက် လိုလေသေးမရှိအောင်၊ လိုသည့်နေရာ လိုသလို သုံးနိုင်အောင် ဆရာကြီး၏ မူအတိုင်း အကွက်မိမိ၊ အချက်ထိထိ ရေးသားထားသည်။

မကြာမီ ထွက်တော့မည်။

---

# တောလေးဆယ်

## အရှင်ပညာသာမိ (တောင်ကလေး)

ဘာဝနာလေးဆယ် ပွားများနည်းများကို အရှင်းဆုံး ရေးသားထားသည်။

မကြာမီထွက်မည်။

http://www.dhammadownload.com

# ပညာရည်ချွန်သူတို့ကိုယ်တွေ့ အောင်ပွဲရဂါထာများနှင့် အောင်ပွဲရနည်းစနစ်များ

## မောင်ဒီပ(သိပ္ပံ/ချည်မြေ)

ပညာရည်ချွန်သူတို့ကို အောင်ပွဲရစေခဲ့သော အစွမ်းထက် ဂါထာများ၊ ခြောက်ဘာသာ ဂုဏ်ထူးရှင်တို့၏ အောင်ပွဲရ စာကျက်နည်း၊ စာကြည့်နည်း၊ စာဖြေနည်း အချိန်အသုံးချနည်းစသည်နှင့် ပြည်ပတက္ကသိုလ်ကြီးတစ်ခုမှ ပါမောက္ခကြီးလက်ဖျားခါသွားရသော မြန်မာပညာတော်သင်တစ်ဦး၏ အောင်ပွဲရလေ့လာနည်းများ ပါဝင်သည်။

ထွက်တော့မည်။

---

# ခရီးသွားတို့အတွက် ဘေးကင်းရန်ကွာ ကိုယ်တွေ့ဂါထာများ

## မောင်ဒီပ(သိပ္ပံ/ချည်မြေ)

ကား၊ ရထား၊ လေယာဉ်၊ သင်္ဘောစသည်စီးရာ၌ ယာဉ်အလိုက် ရွတ်ဆိုရမည့် အန္တရာယ်ကင်းဂါထာ၊ အရှေ့အရပ်–အနောက်အရပ်စသည် ခရီးသွားရာ၌ အရပ်မျက်နှာအလိုက် ရွတ်ဆိုရမည့်ဂါထာ၊ ရှေးဆရာတော်ကြီးများ ခရီးသွားတိုင်း ရွတ်ပွားသောဂါထာများစသည်ကို ကိုယ်တွေ့ဖြစ်ရပ်များဖြင့် ရေးသားထားသည်။

၁၇၂